www.burmeseclassic.com



တက္ကသိုလ်

# နေလင်းအောင်

သိုင်းကုံပွင့်လျှံ ပလွေသံ

နေဝန်းသစ်စာပေ

စာစဉ် – ၄

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၄/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၆/၂၀၀၂ (၁)

၂၀၀၂-ခုနှစ်၊
အုပ်ရေ-၄၀၀

ထုတ်ဝေသူ
ဦးညွန့်ဌေး၊ စိန်ပန်းမြိုင်စာပေ
၂၃(အေ) ဦးခကောင်းလမ်း၊ ကြည့်မြင်တိုင်
ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်
အမှတ်-၁၂၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်
ရန်ကုန်မြို့။

# ဟက္ကသိုလ်နေလင်းအောင်

## သိုင်းတုံ့ပွင့်လျှံပလွေသံ

စာစဉ် ( ၄ )

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေ ါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်

---

## ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

အခန်း (၅၃)

### အတိတ်မေ့ဆေးဒဏ်

သူမက ချက်ချင်းပြန်လှန်အော်ဟစ်၏။

'အမေထောက်အထား'

ဘက်မှုဆရာတော်က အေးအေးဆေးဆေး မေးမြန်းလေ၏။

'ဘာအထောက်အထားလဲ'

'ဆရာတော်တို့ပြောတိုင်း ကျွန်မက ယုံရမှာတဲ့လား၊ ပါးစပ်ကပြောတိုင်း လက်ခံရမှာတဲ့လား၊ ဘာကိုမှမယုံဘူး၊ ကျွန်မတို့ကိစ္စ ကျွန်မတို့ပဲသိတယ်'

ဘက်မှုဆရာတော်က ဖြည်းညင်းစွာ ရယ်မောမှုလေ၏။

'ဘကယ်လို ဒကာကြီးဝမ်ကျုံးထန်ရဲ့ ကျုပ်တို့ဆီ အကူအညီတောင်းတဲ့စာကို ထုတ်ပြရင်တော့ ဒကာမလေးယုံကြည်လက်ခံမယ်လို့ ကျုပ်ထင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဘာစာလဲ၊ အလကား အတုအယောင်'

ဆရာတော်က ရယ်ရင်း....

'ဒီလိုပြောချင်တိုင်းပြောလို့ ကျုပ်တို့ လက်ခံမှာ မဟုတ်ပါဘူး'

မိန်းကလေးသည် ရှတ်တရက် တွေဝေစဉ်းစား၏။

BURMESE CLASSIC

ပြီးမှ....

'ဘာစာလဲ၊ ကျွန်မကို အရင်ထုတ်ပြ၊ ကျွန်မဖခင်ကြီးရဲ့စာ ဟုတ်မဟုတ် ကျွန်မစစ်ဆေးမယ်'

တက်မုဆရာတော်သည် သူ၏ သင်္ကန်းအတွင်းအိတ်ထဲမှ စာချွန်ဘူးကလေးကို ဆွဲထုတ်လိုက်သည်။

စာချွန်ဘူးထဲမှ စာရွက်တစ်ရွက်ကိုလည်း ဆွဲထုတ်ပြန်သည်။

'ကျွန်မကြည့်မယ်'

မိန်းကလေးသည် လျှပ်တစ်ပြက် ခုန်ထွက်လာပြီး စာရွက်ကို ဆွဲလုသည်။

'ဝုန်း'

တက်မုဆရာတော်က လက်ဝါးဖြင့် ရှတ်တရက် တွန်းထုတ်လိုက်ရာ မိန်းကလေးမှာ နောက်သို့ပြန်ဆုတ်သွားရ၏။

ဤအချက်က ဆရာတော်ကြီး၏ သိုင်းပညာအဆင့်မြင့်မှုနှင့် သတိကြီးမားမှုကို ဖော်ပြနေခြင်းပင် ဖြစ်တော့၏။

တက်မုဆရာတော်က ခပ်အေးအေး လှမ်းပြောသည်။

'ဒကာမလေး သိပ်ပြီး စိတ်မစောပါနဲ့၊ ဒီစာက ဒကာမလေးကို ပြမယ့်စာပါ၊ ဒီစာကိုပြပါမှ ဒကာမလေးက ကျုပ်တို့ ဘာကြောင့် ပါဝင်ပတ်သက်ကြရတယ်ဆိုတာ သဘောပေါက်မယ်၊ ဒါပေမယ့် အခုလေးလောဆယ်တော့ ဒကာမလေး မဖတ်ပါနဲ့ဦး၊ သိုင်းလောကမှာ ဝါရင့်သဘာရင့်နေတဲ့ ဆရာကြီး နှယ်ငါးယောက်ကို အရင်ဦးဆုံး ပေးဖတ်ပါမယ်'

မိန်းကလေးသည် မခံမရပ်နိုင်အောင် အော်ဟစ်နေကာ....

'လူလိမ်တွေ၊ လူညာတွေ၊ ဒီစာကို ရှင်တို့ လိမ်ညာလုပ်ကြံရေးထားတာ မဖြစ်နိုင်ဘူးလား'

တက်မုဆရာတော်က အေးဆေးတည်ငြိမ်စွာပင် ပြောသည်။

'စိတ်ချ ဒကာမလေး၊ ဒကာမလေးကိုယ်တိုင် ဒီစာဖတ်ပြီးရင် ဒီစာကို ကျုပ်တို့လိမ်ညာ ရေးထားမထား ဒကာမလေးကိုယ်တိုင် သဘောပေါက် လက်ခံလာပါလိမ့်မယ်'

ဆရာတော်သည် စာရွက်ကလေးကို ချင်းချန် အဘိုးအိုနှစ်ယောက်အနက် တစ်ယောက်ထံသို့ လှမ်းပေးလိုက်သည်။

'ဒကာကြီးတို့ ဖတ်ကြည့်ကြပါ'

ချင်းချန်အဘိုးအို နှစ်ယောက်သည် ခေါင်းချင်းဆိုင် ဖတ်ကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်သည် မိန်းကလေး စာကို ဝင်မလှနိုင်အောင် ကြားထဲမှ စောင့်ကြပ်နေသည်၊

ချင်းချန် အဘိုးအိုနှစ်ယောက်၏လက်ထဲမှစာကား....

ဆရာတော်တက်မု...

တပည့်တော်တော့ ခြေလှမ်း မှားသွားခဲ့ပါပြီ၊ နောက်ထပ်နှစ်သုံးဆယ် ကြိုးစားသော်သည်း ရှင်းစားပြန်မရနိုင်အောင် နစ်နာခဲ့ရပါပြီ၊ တပည့်တော် တစ်ခု တောင်းပန်လိုပါသည်၊ ဆရာတော် အနေဖြင့် တပည့်တော်အား ယခင်ကကဲ့သို့ ခင်မင်ကြင်နာစိတ် ထားနိုင်သည်ဆိုပါက တပည့်တော်အား...,

အောက်ပိုင်းတွင် မည်သည့်စာလုံးမှ ရေးမထားတော့ပါ၊

အကြောင်း တစ်စုံတစ်ရာကြောင့် စာကို ဆက်မရေးနိုင်ကြောင်း သိသာထင်ရှားနေသည်၊

ထိုအကြောင်း တစ်စုံတစ်ရာဆိုသည်မှာ သူ့ အား ရန်သူများ ပတ်လည်ဝိုင်းထားသောကြောင့်သည်၊ ဖြစ်နိုင်ပါသည်၊

ချင်းချန်အဘိုးအိုနှစ်ယောက်သည် သူတို့လက်ထဲမှစာကို ဖင်ပြန်ခေါင်းပြန် စိတ်ကျေနပ်အောင် ဖတ်ကြည့်ပြီးနောက် တက်မုဆရာတော်အား မေးလိုက်၏၊

'ဆရာတော် ဘယ်သူ့ကို လက်ဆင့်ကမ်းရမလဲ'



တက်မုဆရာတော်၏ မျက်လုံးများက ကျန်လုဂိုဏ်း၏ ဝါစဉ်ကြီးဆရာကြီး ကွမ်းစန့်စင်ထံသို့ ရောက်ရှိသွား၏၊

ချင်းချန်အဘိုးအိုနှင့် ယောက်သည် သိနားလည်စွာဖြင့် ကွမ်းစန့်စင်၏လက်ထဲသို့ ပေးအပ်လိုက်ကြသည်၊

'နောင်ကြီးကွမ်း၊ စာကိုဖတ်ကြည့်ပါဦး'

ကွမ်းစန့်စင်သည် စာကိုလက်ခံယူပြီး ဂရုတစိုက်ဖတ်လေ၏၊ ဖတ်ရင်းဖတ်ရင်း မျက်မှောင်ကြုတ်သွားလေတော့သည်။

www.burmeseclassic.com

## အခန်း (၃၄)

### သေစာရင်းမှတ်တမ်း

မိန်းကလေးသည် ဝါရင့်သဘာရင့် သိုင်းဆရာကြီးများ၏ လှုပ်ရှားမှုများကို သတိကြီးစွာဖြင့် စောင့်ကြည့်နေ၏။

သူမ၏ မျက်လုံးများက မီးဝင်းဝင်းတောက်လျက် ရှိနေသည်။

သူမ ဒေါသဖြစ်နေသည်။

ရှောင်လင် တရုတ်ဘုန်းတော်ကြီးများကိုလည်း ဒေါသဖြစ်၏။

ချင်းချန်အတိုးအိုနှစ်ယောက်ကိုလည်း ဒေါသဖြစ်၏။

ကွမ်းစန်စင်ကိုလည်း ဒေါသဖြစ်၏။

သို့သော် သူမ၏ဒေါသသည် ပေါက်ကွဲမှု မဖြစ်သေး။



ကွမ်းစန်စင်သည် စာကို သေချာစွာဖတ်ပြီး တက်မုံဆရာတော်လက်သို့ ရိုသေစွာပြန်အပ်လိုက်၏။

'ကဲ....ရှင်တို့ ဖတ်လို့မပြီးကြသေးဘူးလား'

မိန်းကလေးသည် တက်မုံဆရာတော်၏လက်မှ စာကိုကြည့်ပြီး အံ့ကြိတ်၍ပြောလေ၏။

'ဒကာမလေးရဲ့ဖခင် တကယ်သေမသေဆိုတာ သိုင်းလောကသားတွေအတွက် ပဟေဠိဖြစ်နေတယ်၊ သေတယ်ဆိုရင်လဲ ဘာကြောင့် သေရသလဲဆိုတဲ့အချက်ဟာ သိုင်းလောကသားတွေအတွက် အင်မတန် စိတ်ဝင်စားစရာ ဖြစ်နေတယ်၊ ဒီစာက သိုင်းလောကသားတွေကို ဘယ်လို စိတ်ဝင်စားစေတယ်ဆိုတာ ဒကာမလေး မကြာခင်သိရမှာပဲ'

တက်မုံဆရာတော်သည် စာရွက်ခေါက်ကလေးကို ပစ်ပေးလိုက်၏။

စာရွက်သည် မိန်းကလေးရှိရာသို့ ပျံသန်းသွားရာ မိန်းကလေးက ဖမ်းယူလိုက်၏။

သူမသည် စာဖတ်လိုသည့် အပြုအမူပြသော်လည်း တကယ်တမ်း စာရသောအခါတွင်မူ စာကိုမဖတ်ပေ။

စာကိုသူမ၏အတွင်းအိတ်ထဲသို့ ထိုးသွင်း သိမ်းဆည်းလိုက်သည်။

သူမအား အကဲခတ်နေသူအားလုံးကို တစ်ချက်ကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'အမေ့ စာကို ပြန်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်၊ အဖေ့ မစ္စည်းဟာ သားသမီးရဲ့အမွေပါပဲရှင်'

တက်မုဆရာတော်သည် မိန်းကလေးက ပြန်မပေးတဲ့ ယူအားလိုက်ခြင်းအတွက် စိတ်ဆိုးဟန်မရှိပေ။

ဆရာတော်က အေးအေးဆေးဆေးပင် ပြောသည်။

'ဒကာမလေး ဒီလို လုပ်လိမ့်မယ်ဆိုတာ ကျုပ် ကြိုတင် သိထားခဲ့တယ်၊ ဒါကြောင့်လဲ ဒီစာရွက်ကို အရေးကြီးတဲ့လူတွေ အားလုံးကိုဖတ်စေခဲ့တာပဲ၊ ချင်းချန်ဒေး ဆရာကြီးနှစ်ယောက်နဲ့ ကျန်လုဂိုဏ်းကလေ ကျင့်ရေးမှူးကြီး ကွမ်းစန်စင်တို့ဟာ သိုင်းလောကရဲ့ အကြီးအကဲ သုံးယောက်ဖြစ်ပါတယ်၊ သူတို့ သုံးယောက် သက်သေအဖြစ် တည့်ရှိသွားခဲ့ပြီဖြစ်လို့ ဒီစာကို ဒကာမလေးကပြန်ပေးပေး၊ မပေးပေး ကျုပ်တို့အတွက် မလိုအပ်တော့ပါဘူး'

တက်မုဆရာတော်သည် သူ၏ရောင်းရင်းများဖြစ်သော သိုင်းဆရာကြီးများကို တစ်ချက်ဝေ့ကြည့်ပြီးမှ မိန်းကလေးအား ထပ်မံ မေးခွန်းထုတ်လေ၏။

'ဒကာကြီး စမ်ကျိုးထန် ဘယ်ဖိုးသွားသလဲ၊ ဒါမှမဟုတ် ဘယ်လိုရှင်သလဲဆိုတဲ့ ပဟေဠိကို ပြောပြပါ၊ အားလုံးရှင်းသွားအောင်ပေါ့'

မိန်းကလေးက ဟက်ဟက်ပက်ပက် ရယ်တော့၏။



မထူးတော့ပြီဆိုသည့် သဘောမျိုးပင် ဖြစ်ပါသည်။

'အသေးစိတ် သိချင်ရင်တော့ နောက်သုံးရက်ကြာမှ ပြန်လာခဲ့ကြပါ'

'ကျုပ်တို့ သုံးရက်ကြာပြီးမှပြန်လာရင် ဒကာမလေး ဒီမှာ ဘယ်ရှိတော့မလဲ၊ တခြားနေရာကို ရောက်နေရောပေါ့၊ နောက်တစ်ခုက ကျုပ်တို့ရဲ့ဌာနေဟာ ဒကာမလေးတို့ရဲ့ ဝမ်ဂေဟာနဲ့ သိပ်ဝေးတယ်၊ သုံးရက်အတွင်းရောက်လာဖို့ဆိုတာ မလွယ်ဘူး'

'ကျွန်မကတော့ နောက်သုံးရက်ကြာမှပဲ တွေ့ဆုံရှင်းပြနိုင်မယ်၊ ခုတော့ ဘာမှမရှင်းနိုင်ဘူး'

သူမသည် ဝမ်ကျင့်လန်အား ထွက်သွားရန် မျက်ရိပ်ပြလိုက်၏။

ဝမ်ကျင့်လန်သည် မိန်းကလေး၏ ဩဇာကို မလွန်ဆန်နိုင်ရှာပါ။

သိုင်းဆရာကြီးများ အားလုံးကို လက်သီးနှစ်ဖက် ဆုပ်၍ ဂါရဝပြုတော့သည်။

'ကျွန်တော့်မှာ ဆောင်ရွက်စရာတွေရှိသေးလို့ ခွင့်ပြုကြပါဦးခင်ဗျာ'

မိန်းကလေးသည် ဆန်ကွမ်းချီ၏ ပခုံးကိုပုတ်၍ ဒေါ်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျင့်လန်က နောက်မှကပ်သွားသည်။

တက်မုဆရာတော်အပါအဝင် သိုင်းဆရာကြီးအားလုံးသည် မည်သို့မျှ မတားမြစ်နိုင်ဘဲ ဖုံအားကြီးသင့်လျက် ငေးကြောင်ကြည့်နေမိကြတော့၏။

အခန်းထဲရှိ သာမန် သိုင်းသမားများသည်လည်း အလျှိုအလျှို ခွဲထွက်သွားကြသည်။

မျက်နှာနီညိုညိုသိုင်းသမားတစ်ယောက်သာ အခန်းထောင့်တစ်နေရာ၌ ကျန်ရစ်ခဲ့၏။

ထိုသူကား တုထန်ဟိုပေတည်း။

သူသည် ဆန်ကွမ်းချီ ရုတ်တရက် သဘောထားပြောင်းသွားပုံကို စဉ်းစားနေသည်။

ထိုစဉ် ယွမ်ရှောက်နှင့် ချိန်းချက်ထားသည်ကို သတိရလာမိ၏။

ချိန်းထားသည့် အချိန်မှာ ညသုံးနာရီ ဖြစ်သော်လည်း အချိန်စောနေခြင်းအတွက် မည်သို့မျှပြဿနာမရှိနိုင်ပါ။

ပြဿနာမှာ ဆန်ကွမ်းချီ သဘောထားပြောင်းနေခြင်းသာ ဖြစ်သည်။

တုထန်ဟိုတစ်ယောက် ချိန်းထားသည့် သစ်ပင်ကြီးအောက်သို့ ရောက်သောအခါ ယွမ်ရှောက်သည် သစ်ပင်ပေါ်မှအံ့ဩဖွယ်ကောင်းလောက်အောင် လျှင်မြန်စွာဆင်းသက်လာလေ၏။



'ကျုပ်အစ်ကိုကြီးကော မပါပါလား'

ယွမ်ရှောက်၏လေသံ၌ ဒေါသသံ ပါနေသည်။

တုထန်ဟိုမှာ ထိပ်သီးသိုင်းသမား ဖြစ်သော်လည်း ယွမ်ရှောက်၏စွမ်းရည်ကို တစ်စွန်းတစ်စသိရှိထားသဖြင့် ရေခဲရေဖြင့် အလောင်းခံလိုက်ရသလို အေးစက် ထိတ်လန့်သွားမိသည်။

'ကျုပ် အစ်ကိုကြီးဟာ စကားတစ်ခွန်းပြောပြီးရင် ဘယ်တော့မှ မဖျက်ဘူး၊ အခု သူမလာဘူး၊ သူ့ကို ခင်ဗျားဘယ်ခေါ်သွားသလဲ'

ယွမ်ရှောက်၏ စကားလုံးများ သိပ် မပီသချင်တော့ပေ။ ဒေါသဖြစ်နေသူများသည် စကားပြောမြန်သဖြင့် ဤသို့ပင် မပီမသ ဖြစ်တတ်သည်မဟုတ်ပါလား။

တုထန်ဟိုသည် ယွမ်ရှောက်အား မည်သို့ ကိုင်တွယ်ရမည်ကို ခေတ္တစဉ်းစားနေ၏။

'ညီမလေးယွမ်ရှောက် ဒေါသမဖြစ်နဲ့၊ ငါရှင်းပြမယ်'

'ဘာဖြစ်လို့ဒေါသ မဖြစ်ရမှာလဲ၊ ကျုပ်ရဲအစ်ကြီးကို ပြန်ခေါ်မပေးရင် ခင်ဗျားနဲ့ အသက်ချင်းလဲပြီး တိုက်ရမှာပဲ'

တုထန်ဟိုက လွန်စွာတည်ကြည်လေးနက်သော အသံဖြင့် စတင်ပြောကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးယွမ်ရှောက် စိတ်ကိုငြိမ်ငြိမ်ထားပြီး ငါ့စကားကို နားထောင်၊ ငါ့စကားဆုံးသွားလို့ မင်းတိုက်ချင်သပဆိုရင်လဲ တိုက်နိုင်တယ်'

ယွမ်ရှောက် ရုတ်တရက် ငြိမ်ကျသွားသည်။

'ကျုပ်အစ်ကိုကြီး အသက်ရှင်လျက်ရှိသေးလား'

'ရှိသေးတယ်၊ ဝမ်ဂေဟာထဲမှာ အသက်ရှင်လျက် ရှိသေးတယ်'

'တကယ်နော်'

'ငါကလိမ်ပြောမှာလား၊ ဆန်ကွမ်းချီကို မင်းချစ်ခင်သလို ငါလဲချစ်ခင်တာပဲ၊ အဲဒီလိုစိတ်မျိုး မရှိရင် ငါဟာ မင်းတို့ညီအစ်ကိုနဲ့ အခုထိ တွဲနေစရာ မလိုဘူး'

ယွမ်ရှောက် ငြိမ်သွားပြန်ပြီ။

သို့သော်....

'အစ်ကိုကြီးဟာ ပြောတဲ့အတိုင်း လုပ်မလဲ ရှိတယ်၊ ကျွန်တော့်ကို ဒီနေရာကစောင့်လို့ ဆိုခဲ့တယ်၊ သူ ဘာဖြစ်လို့ မလာတာလဲ'

တုထန်ဟိုက သေချာစွာ ရှင်းပြ၏။

'သူ ဆေးမိထားတယ်'



တုထန်ဟို၏စကားကို ယွမ်ရှောက် နားမလည်ချေ။

တုထန်ဟိုက ဆေးအမျိုးမျိုးတို့၏သဘောသဘာဝတို့ကို ပြောပြပြီးနောက် ဆန်ကွမ်းချီမည်သို့ ဆေးမျိုး အမိခံထားရကြောင်း ရှင်းပြသည်။

ထိုအခါကျမှ ယွမ်ရှောက် နားလည်တော့၏။

'ဒီလို ကြောက်စရာကောင်းတဲ့ဆေးမျိုး ရှိတာပဲလား'

'လူ့လောကတဟာ အင်မတန် ရှုပ်ထွေးပွေလီတယ်၊ သိုင်းလောကကျတော့ ပိုဆိုးတယ်၊ အတတ်ပညာမာနကြီးတဲ့လူတွေ ည်း လာစုတော့ ပိုဆိုးတာပေါ့၊ မနိုင်နိုင်ရာ ကိုင်ရင်းနဲ့ နောက်ဆုံး အဆိပ်သုံးတဲ့လူတွေ ပေါ်လာတာပဲ'

'အစ်ကိုကြီးကို ကျွန်တော်တို့သွားကယ်ကြမယ်၊ ခင်ဗျားပါ လိုက်မယ်မဟုတ်လား'

တုထန်ဟိုက သက်ပြင်းချရင်း....

'ညီလေးယွမ်ရှောက်၊ ဒီလို လွယ်လွယ်ကလေးလုပ်လို့ မရဘူး၊ ဒီနေရာက သိပ်ပြီးစကားပြောလို့ မကောင်းဘူး၊ ဝမ်ဂေဟာနဲ့လဲ နီးနေတယ်၊ တစ်နေရာရာမှာ တိုင်ပင်ကြမယ်'

ယွမ်ရှောက်သည် ခေတ္တမျှ စဉ်းစားပြီးနောက် သူတို့အထက် သစ်ပင်ကြီးကို လက်ညှိုးထိုးပြ၏။

'ဟောဒီ သစ်ပင်ကြီးပေါ် တက်ပြီး တိုင်ပင်ရင် မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟို မော့ကြည့်သည်၊

သစ်ပင်ကြီးသည် အမြင့်ပေသုံးဆယ်လောက်ရှိပြီး အခက်အလက် အရွက်များ စိမ်းညို့ ပိန်းပိတ်နေသည်၊

ဤသစ်ပင်ပေါ်တက်၍ စကားပြောပါက မည်သူမျှ ချောင်းမြောင်း နားထောင်နိုင်မည် မဟုတ်သည့်အပြင် သူတို့က ရန်သူကိုလည်း အထက်စီးမှ စောင့်ကြည့်နိုင်ပေသည်၊

ထို့ကြောင့် တုထန်ဟိုက ခေါင်းညိတ်လိုက်၏၊

'ကောင်းတယ်၊ ဒီထက်ကောင်းတဲ့နေရာကို ငါလဲ မရှာနိုင်ဘူး'

တုထန်ဟို သဘောတူသည်နှင့် ယွမ်ရှောက်သည် မျောက်တစ်ကောင်လို သစ်ပင်ပေါ်သို့ လွှားခနဲ လွှားခနဲ ခုန်တက်သွားသည်၊

တုထန်ဟိုလည်း လိုက်တက်သည်၊

သူလည်း နဂါးပျံကျွမ်းပစ်ကွက်ဘွဲ့ခံ ထိပ်တန်းသိုင်းသမားကြီးတစ်ဦးပေပဲ၊

သူတို့သည် ထိုင်၍ကောင်းသော သစ်ကိုင်းခွဆုံတစ်ခု၌ ကျနစွာ ဝင်ထိုင်ပြီး စကားပြောကြသည်၊

တုထန်ဟိုက....

'ညီလေး ယွမ်ရှောက်၊ ငါ အားလုံးရှင်းပြမယ်၊ ညီလေးက စိတ်ရှည်လက်ရှည် နားထောင်ပါ၊ ငါရှင်းပြနေတုန်း ဒေါသ



တကြီး ဝင်မပြောပါနဲ့၊ မင်း ဒေါသကြီးပြီး စင်ရှုပ်ရင် ငါလဲ ဆက်ပြီး ရှင်းမပြနိုင်ဘူး၊ ငါပြောတာ သဘောပေါက်ရဲ့လား'

ယွမ်ရှောက်က ခေါင်းညိတ်ပြလိုက်၏၊

တုထန်ဟိုသည် ဝမ်ဂေဟာထဲသို့ သူတို့နှစ်ယောက် လူခွဲဝင်ကြပုံ၊ ဆန်ကွမ်းချီအား ပထမတစ်ကြိမ်တွေ့သဖြင့် မည်သည့်အဆောင်သို့သွားရန် လမ်းညွှန်လိုက်ပုံ၊ ဒုတိယအကြိမ်တွေ့သောအခါ ပထမအကြိမ်ကလိုမဟုတ်ဘဲ မျက်လုံးများ ကြောင်နေပုံ၊ ကျန်လုဂိုဏ်းသားနှစ်ယောက်အား တိုက်ခိုက်ပုံနှင့် သခင်ကြီးဝမ်၏ သမီးက ခေါ်ထုတ်သွားပုံတို့ကို တပြည်းပြည်း ရှင်းပြလေ၏၊

ယွမ်ရှောက် သက်ပြင်းချသည်၊

'ကောင်းပါပြီ၊ ကျွန်တော် နားလည်ပါပြီ၊ ခင်ဗျားကလဲ ကျွန်တော့်ကို ကတိနှစ်ခုပေးနိုင်မလား'

'ဘာကတိလဲ'

'ကျွန်တော့် အစ်ကိုကြီးနဲ့ ပြန်မတွေ့မချင်း ခင်ဗျား ကျွန်တော့်နားမှာ အမြဲရှိနေရမယ်'

တုထန်ဟိုသည် ယွမ်ရှောက်၏ တောင်းဆိုချက်ကို နားလည်သဘောပေါက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုကြီးအား သူနှင့် ပြန်တွေ့အောင် လုပ်ပေးနိုင်သူဆို၍ မိမိသာဖြစ်ကြောင်း ယွမ်ရှောက် နားလည်ထားခြင်းအတွက် တုထန်ဟို ကျေနပ်သည်။

'ကောင်းပြီ၊ ကတိပေးတယ်၊ နောက် ကတိတစ်ခုကဘာလဲ'

'နောက်ကတိတစ်ခုကတော့ ကျွန်တော့် အစ်ကိုကြီးသေရင် ခင်ဗျားကော ကျွန်တော်ကော လိုက်သေကြမယ်'

တုထန်ဟို ရယ်လိုက်၏။

သူသည် သေခြင်းရှင်ခြင်းကို အရေးမထားသည့် ဝါရင့် သိုင်းသမားကြီးတစ်ဦး ဖြစ်ပေသည်။

ထို့ပြင် သစ္စာဘက်တော်သား သိုင်းသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆန်ကွမ်းချီ၏ လွတ်မြောက်ရေးကို သူ့အသက်ပုံ၍ ကြိုးစားမည် ဆုံးဖြတ်ချက်ရှိပြီး ဖြစ်နေသည်။

ယွမ်ရှောက်၏ တောင်းဆိုချက်များမှာ သူ့အတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးများ မဟုတ်ပါချေ။

'ကောင်းပြီ၊ ငါသဘောတူတယ်၊ ဒါပေမယ့်....'

တုထန်ဟို၏ စကားကို ယွမ်ရှောက်က စိတ်ပါဝင်စားစွာ နားထောင်နေသည်။

'ဗီသခင်ကြီး ဝမ်ကျုံးထန်သေတဲ့ကိစ္စမှာ တရုတ် မြေပြန့် သိုင်းလောကသားတွေ အများကြီး ပါဝင်ပတ်သက်နေတယ်၊



အဲဒီသိုင်းသမားတွေဟာ အခုတော့ အဆင့်မြင့်ကြတယ်၊ ဒါကြောင့် ငါတို့ အရမ်းဝင်စွက်လို့ မရတော့ဘူး၊ အခြေအနေကို စောင့်ကြည့်ပြီးမှ စွက်ဖက်လို့ရမယ်'

ယွမ်ရှောက် စဉ်းစား၍ မေးသည်။

'ကျွန်တော်တို့ ဘယ်လောက်ကြာအောင် စောင့်ရမှာလဲ၊ ဒီအတိုင်း စောင့်ကြည့်ရမှာလား'

'စောင့်ကြည့်နေရမှာပဲ၊ ဘယ်အချိန်မှာ ငါတို့ဝင်ရမယ်ဆိုတာ ငါပြောမယ်'

'ဒီအချိန်အတွင်းမှာ အစ်ကိုကြီး ဆန်ကွမ်းချီ အသတ်ခံရရင် ဘယ်လိုလုပ်မလဲ'

တုထန်ဟိုက ခေါင်းခါပြ၏။

'ညီလေးဆန်ကွမ်းချီကို ဖမ်းခတ်ထားတဲ့ မိန်းကလေးဟာ ညီလေးဆန်ကွမ်းချီရဲ့ သိုင်းပညာထူးချွန်မှုကို လိုအပ်နေမှာသေးတော့ ချက်ချင်းမသတ်နိုင်သေးဘူး'

ယွမ်ရှောက်က....

'ကျွန်တော်တို့လဲ ဝမ်ဂေဟာကို သွားပြီး စောင့်ကြည့်ရင် မကောင်းဘူးလား'

တုထန်ဟိုက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

'သွားစောင့်ကြည့်ရင်တော့ ကောင်းတယ်၊ ဒါပေမယ့်.... မင်းက စိတ်မထိန်းနိုင်အဲ တိုက်တာခိုက်တာမျိုး လုပ်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အစ်ကိုကြီး ဆန်ကွမ်းချီအတွက် အသက်အန္တရာယ် စိုးရိမ်ရတယ်'

'ကျွန်တော့်အစ်ကိုကြီး သေမှာကိုတော့ ကျွန်တော် ဘယ်လုပ်မလဲ'

'အေး... ငါ့စကားကိုနားထောင်ပါ၊ ငါကလဲ ဆန်ကွမ်းချီကို ငါ့ညီလိုချစ်တာပါပဲ၊ ဘယ်သူမှ အန္တရာယ် မဖြစ်စေချင်ပါဘူး'

'ဟုတ်ကဲ့...ကျွန်တော် နားထောင်ပါမယ်'

'ကဲ...သွားကြစို့'

တုထန်ဟိုသည် သစ်ပင်ပေါ်မှ တစ်ကိုင်းချင်း ခိုဆင်းသည်။

ယွမ်ရှောက်က သူ့ထက် အလျင်ဦးစွာ ရောက်နေသည်။

တောတွင်းသားလေး သဘာဝက သူ့အား သာမန်လူထက် တစ်ပန်းသာစေခဲ့သည်။

ဝမ်ဂေဟာရှေ့သို့ ရောက်သောအခါ သိုင်းသမားအချို့ အတားအဆီးမရှိ ဝင်ထွက်နေသည်ကို တွေ့ရသည်။

ယွမ်ရှောက်က ဝင်လိုသည်။



တုထန်ဟိုက တားဆီးသည်။

ယခုဝင်ရမည့်အချိန် မဟုတ်သေးကြောင်း ရှင်းပြသည်။

ယခု အခြေအနေကြည့်ရုံသာ ကြည့်သင့်ကြောင်း၊ ဝင်ရ ထွက်ရလွယ်မှန်းသိလျှင် တော်ပြီဖြစ်ကြောင်း၊ တစ်နေရာရာသို့ သွားရောက် အနားယူသင့်ကြောင်း ပြောပြသောအခါ ယွမ်ရှောက် သဘောမတူချင်တူချင်ဖြင့် သဘောတူရလေတော့သည်။

တုထန်ဟိုသည် ယွမ်ရှောက်အား စားသောက်ဆိုင် တစ်ခုအတွင်းသို့ ခေါ်ဆောင်သွားပြီး အစားအသောက်များ ကျွေးမွေးသည်။

တုထန်ဟိုသည် အစဉ်းစားဉာဏ် အမြော်အမြင်ရှိသူဖြစ်၏။

မည်မျှ သိုင်းပညာကောင်းသူဖြစ်စေ၊ မည်မျှ သမထအတွင်းအား ကောင်းသူဖြစ်စေ၊ အတိုင်းအတာ တစ်ခုအတွင်းမှာသာ အစွမ်းကောင်းနိုင်သည်။

ထို့ကြောင့် အစား လုံးဝစားရဟန်မရှိသေးသော ယွမ်ရှောက်အား စားစရာများ ကျွေးမွေးခြင်း ဖြစ်ပေသည်။

ထို့နောက် မြို့နှင့်မနီးမဝေး သစ်တော တစ်ခုအတွင်းသို့ သွား၍ နှစ်ဦးစလုံး အတွင်းအားကျင့်စဉ်များ လေ့ကျင့်ကြ၏။

ယွမ်ရှောက်မှာမူ အတွင်းအား ကျင့်စဉ်ကို တုထန်ဟိုကဲ့သို့ မလေ့ကျင့်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုကြီး ဆန်တွမ်းချီအတွက်သာ စိတ်ပူနေသည်။

တုထန်ဟိုသည် သုံးရက်တိတိ ထိုတောအုပ်ကလေးအတွင်း၌ ခိုနေသည်။

ယွမ်ရှောက်ကိုလည်း ဖျောင်းဖျရှင်းပြသည်။

တတိယမြောက်ညတွင်မူ တုထန်ဟိုက ဝမ်ဂေဟာသို့ သွားမည် ပြောသဖြင့် ယွမ်ရှောက် ဝမ်းသာသွား၏။

တုထန်ဟိုသည် သူ၏ နဂါးပျံကျာပွတ်ကို ခါးတွင် ပတ်သည်။

ဓားမြှောင်တစ်ချောင်းစီကိုလည်း လျှို့ဝှက် သိမ်းဆည်းထား၏။

'သွားကြစို့'

ယွမ်ရှောက်က လောဆော်သည်။

တုထန်ဟိုက ခေါင်းညိတ်ပြပြီး ရှေ့မှ ပြေးထွက်သွား၏။

လရောင်ရှိနေသဖြင့် ဝမ်ဂေဟာခြံဝင်းကြီးကို ထင်ရှားစွာ တွေ့မြင်နေရ၏။

ခြံဝင်းကြီး၏ တံခါးမကြီး ဖွင့်ထားသည်ကိုလည်း မြင်နေရ၏။

သို့သော်....



ဝမ်ဂေဟာအဆောင်ဆောင်တွင်မူ မီးရောင်များမတွေ့ရဘဲ ငြိမ်နေ၏။

ယွမ်ရှောက်က....

'မီးရောင်လဲ မမြင်ရပါလား၊ လူတွေမှရှိပါ့မလား'

တုထန်ဟိုက....

'ရှိတာပေါ့၊ အဲဒီလိုမှောင်ကျနေတာ ကြိုက ဝမ်ဂေဟာမှာ ထူးထူးခြားခြားဖြစ်မယ်ဆိုတာ ဖော်ပြနေတယ်၊ ညီလေးသာ ဆူဆူညံညံမလုပ်နဲ့၊ ငါ့နောက်ကလိုက်ခဲ့ပါ၊ မင်းအစ်ကိုကြီးကို ငါတို့ မုချတွေ့မြင်ရမှာပါ'

တုထန်ဟိုသည် ခြံဝင်းကြီးထဲသို့ တံခါးပေါက်မှမဝင်ချေ။ နံရံဘေးမှာပေါက်နေသည့် သစ်ပင်ကြီးများပေါ်မှ ခိုတွယ်၍ ဝင်သည်။

တတ်နိုင်သမျှ မှောင်ရိပ်ခိုသည်။

ခြေသံကို လုံအောင်နင်းသည်။

ယွမ်ရှောက်က တီးတိုးမေး၏။

'ကျွန်တော်တို့ ဘယ်အဆောင်ထဲ ဝင်ကြမှာလဲ'

တုထန်ဟိုကလည်း တီးတိုးပင် ဖြေသည်။

'အနောက်ဘက်ဆောင်'

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ဆောင်၏ ကျောက်လှေကားထစ်အထိ မည်သည့် အတားအဆီးမှမတွေ့ရသဖြင့် တုထန်ဟို အံ့ဩနေ၏။

မုန်တိုင်းမကျမီ ငြိမ်သက်နေသည့် ပင်လယ်ပြင်ကဲ့သို့ဖြစ်နေသလော။

အနောက်ဘက်ဆောင်၏ တံခါးကြီးလည်း ပွင့်နေသည်။

တုထန်ဟိုနှင့် ယွမ်ရှောက်တို့သည် တံခါးမကြီးကိုလွယ်ကူစွာ ကျော်ဖြတ်ပြီး ခန်းမကြီးအဝင်အဝ ပုဏ္ဏားကွယ်ဒေါ်း၌ ရပ်လိုက်ကြ၏။

ထိုအခါကျမှ ထိုဂေဟာအတွင်းရှိအဆောင်များ အဘယ်ကြောင့် မီးရောင်မရှိဘဲဖြစ်နေသည်ကို တွေ့ရလေ၏။

ပြတင်းပေါက်များကို အနက်ရောင် ဖျင်စများဖြင့် ကာရံထားသဖြင့် မီးရောင် အပြင်သို့မထွက်ခြင်းသာဖြစ်သည်။

ခန်းမကြီးအတွင်း၌မူ....

အရောင်မျိုးစုံ ဝတ်ဆင်ထားသော သိုင်းသမားများသည် ငြိမ်သက်စွာထိုင်နေကြ၏။

ရှေ့ဆုံးအတန်းတွင် ရှောင်လင်ဆရာတော်များ ဖြစ်သည့် တာက်မုနှင့် ဖန်မု၊ ချင်းချန်အဘိုးအိုနှစ်ယောက်၊ ကွမ်းစန့်စင် အစရှိသည့် ဝါစဉ်ကြီး သိုင်းဆရာကြီးများကို တွေ့ရသည်။

ထူးဆန်းသည့်အချက်မှာ သိုင်းသမားများ အားလုံးလိုလို စကားလုံးဝမပြောဘဲ ငြိမ်သက်နေကြခြင်း ဖြစ်ပေသည်။



ထို့ကြောင့် လူအတော်များများထိုင်နေသော်လည်း ခန်းမကြီးထဲ၌ လူတစ်ယောက်မျှ ရှိမနေသည့်အလား ငြိမ်သက်နေခြင်းဖြစ်တော့သည်။

တုထန်ဟိုသည် အင်္ကျီဖြူဝတ်မိန်းကလေး ဆန့်ကွမ်းချီနှင့် ဝမ်ကျင့်လန်တို့ကို ဂရုစိုက်၍ရှာဖွေကြည့်သည်။

မည်သည့်နေရာတွင်မျှ ရှာဖွေ၍ မတွေ့ဘဲရှိခလေ၏။

'အင်း....ဒါကြောင့် ခန်းမကြီးထဲကို တံခါးမရှိ စောင့်မရှိ ဝင်ထွက်နိုင်နေကြတာကိုး'

တုထန်ဟိုသည် ယွမ်ရှောက်၏လက်ကိုဆွဲ၍ ခန်းမကြီးထဲသို့ ဝင်လိုက်၏။

သိုင်းသမားများ၏နောက်၌ အသာအယာဝင်ထိုင်သည်။

မည်သည့်သိုင်းသမားမျှ သူတို့အား လှည့်မကြည့်ကြပေ။

'ဂစ်....ဂစ်....ဂစ်....ဂစ်'

ငှက်ဆိုးတစ်ကောင်သည် အော်ဟစ်ပြီး အနောက်ဘက်အဆောင်ပေါ်မှ ဖြတ်ကျော် ပျံသန်းသွားသည်။

ည သုံးချက်တီးခန့် ရှိနေသည့်တိုင် ဝမ်ဂေဟာ၏ အနောက်ဘက်အဆောင်ကြီးသည် ဇရပ်ကြီးတစ်ဆောင်ကဲ့သို့ ငြိမ်သက် တိတ်ဆိတ်မြဲ ရှိနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြာမီပင် ထို ငြိမ်သက်တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည့် အသံတစ်သံ ထွက်ပေါ်လာသည်။

'တက်မုဆရာတော်၊ တပည့်တော်တော့ ဟိုမိန်းကလေး ပြန်လာမယ်လို့ မထင်ဘူး'

ပြောလိုက်သူကား ချင်းချွန်အဘိုးအို နှစ်ဦးထံမှ တစ်ဦး ဖြစ်သည်။

ထိုစဉ် စူးစူးရှရှ ရယ်လိုက်သည့် မိန်းကလေး အသံတစ်သံ ပေါ်လာသည်။

'ကျွန်မမသေဘူး၊ ဒီတော့ မလာဘဲ ဘယ်ရှိပါမလဲ'

ခန်းမကြီး၏ဖနောက်ဘက် ဝင်ပေါက် တံခါးမကြီးသည် ကျွီခနဲ ပွင့်သွားပြီးနောက် အဖြူရောင်အင်္ကျီ ဝတ်ထားသည့် မိန်းကလေးသည် ခန်းမကြီးထဲသို့ ဝင်လာလေ၏။

သူမ၏အင်္ကျီပေါ်တွင် အနီရောင်သွေးစက်များ စွန်းထင်းနေပြီး ဆံပင်ကိုလည်း ဖားလျားချထား၏။

သူမ၏နောက်၌ ဝမ်ကျင့်လန်၊ ဆန်ကွမ်းချီနှင့် ကျင်းရှော ဟိုတို့ တန်းစီ လိုက်လာကြသည်။

ကျင်းရှောင်ဟိုသည် အလွန်တရာကြီးမားသော ဖခယောင်တိုင်ကြီးနှစ်တိုင်ကို မီးထွန်းညှိပြီး ကိုင်ဆောင်လာသည်။



ကြောက်မက်ဖွယ် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသူမှာ သူမ တစ်ယောက်တည်းသာ ဖြစ်သည်။

ကျန်လူများသည် အကောင်းပကတိ ရှိနေကြ၏။

မည်သို့ဖြစ်ခဲ့သည်ကို ထိုလေးယောက်မှတစ်ပါး မည်သူမျှ သိနိုင်ကြမည်မဟုတ်ပေ။

တက်မုဆရာတော်သည် စဉ်းစားမရဟန်ဖြင့် မျက်မှောင် ကြုတ်သွားသည်။

'ဘယ်လိုဖြစ်လာကြတာလဲ မိန်းကလေး'

'ဘာပဲဖြစ်ဖြစ် ဆရာတော်နဲ့ ဘာဆိုင်သလဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မမေးစမ်းပါနဲ့'

အလွန်တရာ ရိုင်းပျသော အဖြေမင်ဘည်း။

တက်မုဆရာတော်သည် အတွေ့အကြုံ လွန်စွာ ရင့်ကျက်ပြီး နှုတ်တရားနှင့် ပြည့်စုံသော ရှောင်လင် တရုတ်ဘုန်းတော်ကြီး တစ်ဦး ဖြစ်ပေသည်။

မိန်းကလေး၏ ရိုင်းပျသောစကားများကို အပြစ်မယူချေ။ 'ဒကာမလေး ခဏလောက် အနားယူပါ၊ ပြီးတော့မှ အကြောင်း ဝမ်ကျုံးထန်အကြောင်း ဆွေးနွေးကြတာပေါ့'

ပုံပန်းပျက်လာသော မိန်းကလေးသည် တက်မုဆရာတော်၏ စကားမဆုံးမီကတည်းက ခန်းမကြီး၏ ရှေ့ဆုံးခုံ၌ ထိုင်ကာ ဆတ်င်းအားကျင့်စဉ် လေ့ကျင့်နေပြီ ဖြစ်သည်။

www.burmeseclassic.com



ယွမ်ရှောက်မှ သူ၏အစ်ကိုကြီး ဆန်ကွမ်းချီကိုသာ ပြူး ကြောင်ဝိုင်းစက်သော မျက်လုံးကြီးများဖြင့် ကြည့်ရှုနေသည်။

သူသည် ဆန်ကွမ်းချီနှင့် လေးနှစ်မျှ အတူတကွ နေခဲ့ဖူးသူ ဖြစ်ရာ ဆန်ကွမ်းချီ၏ ခန္ဓာကိုယ်နှင့် ဟန်အမူအရာကို မျက်စိထဲ စွဲနေပြီဖြစ်၏။

ဆန်ကွမ်းချီ၏ ရုပ်လက္ခဏာ ပြောင်းလဲနေသော်လည်း သူ့ အစ်ကိုကြီးဆန်ကွမ်းချီကို ကောင်းစွာ မှတ်မိနေသည်။

သူသည် 'အစ်ကိုကြီးဆန်ကွမ်းချီ'ဟု အော်ခေါ်တော့မည် ကဲ့သို့ အကြိမ်ကြိမ်ဖြစ်ခဲ့၏။

သို့သော် တုထန်ဟိုက သူ့ လက်မောင်းကို ခပ်တင်းတင်းဆွဲ၍ အကြိမ်ကြိမ် သတိပေးခဲ့သဖြင့် သူ မအော်ဖြစ်တော့ပေ။

ဆန်ကွမ်းချီသည် ပထမတစ်ကြိမ် တွေ့စဉ်တုန်းကလို ငေး ကြောင်ကြောင်ကြီး မဟုတ်ဘဲ ပတ်ဝန်းကျင် တစ်ခုလုံးကို လျှောက်ကြည့်နေကြောင်း တုထန်ဟို တွေ့ရှိရသည်။

တုထန်ဟိုသည် တက်မုဆရာတော် မညီသို့ ဆက်လက်ဆောင် ရွက်မည်ကို အာရုံရောက်သွားသဖြင့် ယွမ်ရှောက်၏လက်ကိုဆွဲ၍ မထားမိတော့ပေ။

ထိုအခိုက်မှာပင် ယွမ်ရှောက်သည် သိုင်းသမားများ ရှေ့သို့ အစ်ဟုန်ထိုး ခုန်ထွက်သွားလေတော့သည်။



'အစ်ကိုကြီး ဆန်ကွမ်းချီ'

ယွမ်ရှောက်၏ တုန်တုန်ယင်ယင် ခေါ်လိုက်သည့်အသံသည် ခန်းမကြီးထဲ၌ ပဲ့တင်သံကဲ့သို့ ထွက်ပေါ်လာ၏။

ငြိမ်သက်နေသည့် သိုင်းသမားများအားလုံး ခေါင်းထောင် ကြည့်ကြ၏။

တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့သည် မျက်လုံးလှန် ကြည့်၏။

ချင်းချန်အဘိုးအိုနှစ်ယောက်နှင့် ကွမ်းစန်စင်တို့က စူးစမ်း သောအကြည့်ဖြင့် ကြည့်၏။

ဆန်ကွမ်းချီသည် ယွမ်ရှောက်အား လူစိမ်းတစ်ယောက်ကို ကြည့်သကဲ့သို့ ကြည့်၏။

မှတ်မိဟန် လုံးဝမရှိပေ။

ယွမ်ရှောက်မှာ အသည်းနှလုံးများ ကွဲကြေသွားမည့်ကဲ့သို့ ခံကျင်စွာ ခံစားလိုက်ရသည်။

'အစ်ကိုကြီး ကျွန်တော့်ကို မမှတ်မိတော့ဘူးလား'

ဆန်ကွမ်းချီသည် ယွမ်ရှောက်အား မကြည့်တော့ပေ။

မျက်စိများမှိတ်၍ အနားယူနေသော မိန်းကလေးကိုသာ ကြည့်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ကမျာကယာ ခုန်တက်လာပြီး ယွမ်ရှောက်၏လက်မောင်းကို ဆွဲသည်။

သူတို့ထိုင်နေသည့် ခုံများဆီသို့ ဆွဲခေါ်လာ၏။

ယွမ်ရှောက်မှာ မလိုက်ချင်ဘဲ လိုက်လာရသည်။

'ညီလေးယွမ်ရှောက်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ညီလေးရဲ့ အစ်ကိုကြီး ဆန်ကွမ်းချီဟာ လုံး၀ သတိမကောင်းသေးဘူး၊ ခဏစောင့်ပါဦး၊ ငါ အတန်တန် ပြောထားလျက်သားနဲ့ကွာ'

ယွမ်ရှောက်သည် သက်ပြင်းချလျက် ထိုင်ခုံတွင် ၀င်ထိုင်သည်။

'ဘယ်လိုလဲဗျာ...ကျွန်တော့် အစ်ကိုကြီး သတိမှပြန်ကောင်းပါဦးမလားခင်ဗျာ၊ အခု ကျွန်တော့်ကို လုံး၀မမှတ်မိဘူး'

ယွမ်ရှောက်၏ ဆို့နစ်စွာပြောလိုက်သော စကားသံကြောင့် တုထန်ဟို စိတ်မချမ်းမသာဖြစ်သွားသည်။

'ညီလေးယွမ်ရှောက်၊ သိုင်းလောကဆိုတာ အင်မတန်ရှုပ်ထွေးပါတယ်၊ အခု အဆိုးနဲ့တွေ့ပေမယ့် တော်ကြာ အကောင်းနဲ့တွေ့ချင်တွေ့တတ်ပါတယ်၊ ဒါပေမယ့် အချိန်ကိုတော့ သည်းခံပြီး စောင့်ဆိုင်းရအံ့ယ်'

ယွမ်ရှောက်သည် သူ့အစ်ကိုကြီး ဆန်ကွမ်းချီကိုသာ ရိုင်သော မျက်လုံးများဖြင့် ကြည့်နေလေ၏။



တုထန်ဟိုက ဆက်ပြော၏။

'တကယ်လို့ ညီလေးကသာ သည်းမခံနိုင်ဘူး ဆိုရင်တော့ ညီလေးရဲ့အစ်ကိုကြီး ဆန်ကွမ်းချီအတွက် အန္တရာယ်ကြီး ကြုံလာလိမ့်မယ်'

ယွမ်ရှောက် ငြိမ်သွားတော့၏။

တုထန်ဟိုလည်း ကျိတ်၍ သက်ပြင်းချမိ၏။

အခန်းထဲ၌ရှိနေသော သိုင်းသမားများသည် ယခင်ကလို ငြိမ်သက်မှု မရှိကြတော့ပေ။

ယွမ်ရှောက်နှင့် တုတန်ဟိုတို့ကို ကွက်ကြည့်ကွက်ကြည့် လုပ်လာကြတော့သည်။

ရှေ့ဆုံးတန်း၌ ရှိနေသည့် ၀ါစဉ်ကြီး သိုင်းဆရာကြီးများက အတွင်းအားကျင့်စဉ် လေ့ကျင့်နေသည့် မိန်းကလေးကိုသာ ငေးစူးစိုက်စိုက် ကြည့်နေကြသည်။

အိမ်ရှင်များမရှိဘဲ ဧည့်သည်သိုင်းသမားများ ထိုင်နေစဉ် အခါက မီးရောင်သည့် သိပ်မလင်းလှပေ။

အိမ်ရှင်များ ၀င်လာသောအခါ ကျွင်းရှောင်ဟို၏လက်ထဲ၌ ကြီးမားသော အနီရောင်ဖယောင်းတိုင်ကြီးနှစ်တိုင် ပါလာ

www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုဖယောင်းတိုင်ကြီးနှစ်တိုင်၏ အလင်းရောင်က ခန်းမကြီးကို အတော်လေး လင်းထိန်စေပေသည်။

အဖြူရောင်အင်္ကျီ ဝတ်ဆင်သည့် မိန်းကလေးကမူ မျက်လုံးများမှိတ်၍ အနားယူဆဲ ရှိသေးသည်။

သူမ၏ အဖြူရောင်အင်္ကျီမှာ အဖြူတစ်ကွက် အနီတစ်ကွက် ဖြစ်နေသည်။

သူမ၏ ဒဏ်ရာများ အတော်ကလေး ပြင်းထန်မည် ဖြစ်ကြောင်း တုထန်ဟို ရိပ်မိသည်။

ဤ မာကျောကျော မိန်းကလေးသည် ပြင်းထန်သော ဒဏ်ရာမရဘဲနှင့် ဤသို့ အတွင်းအားကျင့်စဉ် ကျင့်၍ အနားယူလိမ့်မည်မဟုတ်ချေ။

ဆန်ကွမ်းချီသည် ခံစားမှုမရှိသော မျက်လုံးများဖြင့် မိန်းကလေးကို စိုက်ကြည့်နေ၏။

သူ အခတ်ခံထားခဲ့ရသော ဆေးများ လုံးဝ မပြယ်သေးကြောင်း တုထန်ဟို ကောင်းစွာသိ၏။

ထို့ကြောင့် ယွမ်ချောက်အား ဆန္ဒစောပြီး လုပ်ချင်တိုင်း မလုပ်ရန် ကျိတ်၍ရှင်းပြနေရ၏။

ဝမ်ကျင့်လန်မှာမူ ပူဆွေးသောက ရောက်သော မျက်လုံးများဖြင့် ဝါစဉ်ကြီးဆရာကြီးများကိုသာ ကြည့်နေသည်။



သူ့မျက်လုံးများက ဆရာကြီးများ ဝင်ရောက်ကူညီကြပါရန် တောင်းပန်ခယနေသယောင် ရှိသည်။

ချာပနန်း ကြိုဆိုညှော်ခံသူ ကျင်းရှောင်ဟို တစ်ယောက်သာ မိန်းကလေး၏အရိပ်အကဲကို စိုးရိမ်စွာ စောင့်ကြည့်နေကြောင်း တုထန်ဟို အကဲခတ်မိလေ၏။

ဤသို့ဖြင့်ထမင်းအိုးတစ်လုံးကျက်ခန့်အထိ အချိန်ကြာမြင့်ခဲ့လေ၏။

ဘက်မုဆရာတော်သည် ရုတ်တရက် မျက်တတ် ထလာပြီး ခန်းမကြီး၏ တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းပစ်သိုက်ပြန်သည်။

'ဒကာမလေး ဒဏ်ရာဘယ့်နှယ် နေသေးသလဲ'

မိန်းကလေး၏မျက်လုံးများ ပွင့်လာသည်။

ဘက်မုဆရာတော်သည် ကြာသင့်သည့် အချိန်ထက် ပိုမိုကြာမြင့်လာပြီကို သိရှိသဖြင့် ဤသို့ထမေးလိုက်ခြင်းဖြစ်သည်။

'ကျွန်မ မသေနိုင်သေးဘူးရှင့်'

မိန်းကလေးက အေးစက်စက် ဖြေလေ၏။

'ဒကာမလေးရဲ့စကားတွေဟာ ချိုသာမှုမရှိဘာ ဆန့်ပဲ၊ ဒါပ်တို့ရှောင်လင်ဘုန်းတော်ကြီးတွေဟာ သတ္တဝါအားလုံး

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ မေတ္တာထားကြတဲ့လူတွေဆိုတော့ ဒကာမလေး
ကြွမ်းတမ်းတဲ့စကားတွေကို သည်းခံ ခွင့်လွှတ်နိုင်ကြပါတယ်
ကျုပ်တို့ဆီမှာ အင်မတန်အဖိုးတန်တဲ့ ရွှေဝါရောင် လိမ်းဆေ
ပါလာပါတယ်၊ မိန်းကလေးရဲ့ဒဏ်ရာတွေကို ဒီဆေးနဲ့ လိမ်
လိုက်ရင် ဒဏ်ရာဟာ မကြာခင်ပျောက်ကင်းသွားနိုင်ပါတယ်
ကျုပ်တို့ရဲ့ကုသမှုကို ခံယူမလား'

သူမက ခါးသီးစွာပြောလေ၏။

'မလိုပါဘူး၊ ကျွန်မက သိပ်ပြီး အသက်ရှင်ချင်တဲ့ မိန်း
ကလေးမဟုတ်ဘူး၊ နောက်ထပ်လေးဝါးရက်လောက် အသ
ရှင်ခွင့်ရရင် ကျေနပ်တဲ့မိန်းကလေးပါ'

'ကျုပ်တို့ရဲ့ဆေးဝါးကို အယုံအကြည်မရှိလို့လား၊ ဒီ
ဝါရောင် လိမ်းဆေးဟာ ရွှေဝင်သင်ကျောင်းတော်ရဲ့ အဂ
အဆက် လိမ်းဆေးကြီး ဖြစ်တယ်'

'ဆရာတော်ရဲ့ဆေးကို အယုံအကြည်မရှိလို့ မဟုတ်ဘူးရှင်
ကျွန်မဆီမှာပါတဲ့ဆေးဟာ ဆရာတော်တို့ရဲ့ဆေးထက် အစွ
မညံ့ပါဘူး'

တန္တတ်ဘုန်းတော်ကြီး တက်မုဆည် အတွေ့အကြုံ များ
သည့် ဘုန်းတော်ကြီးဖြစ်သည်။

သို့သော် သူမ၏စကားကိုမူ မည်သို့မျှမတုံ့ပြန်နိုင်ဘဲ ရှိ
နေသည်။



ဆရာတော်သည် တိတ်ဆိတ်ငြိမ်သက်၍သာ နေပါ၏။

သူ့စိတ်ထဲ၌ သံသယရှိသည့်အချက်ကိုတော့ မေးလိုက်ပါ
သေးသည်။

'ဒကာမလေး၊ မင်းဆီမှာ သိပ်ကောင်းတဲ့ဆေး ပါလာလို့
သာဖြစ်လို့ ကိုယ့်ဒဏ်ရာကို ကိုယ် မလိမ်းရတာလဲ'

'ကျွန်မတာသာ မလိမ်းချင်လို့မလိမ်းတာပဲ၊ ဘယ်သူ့ကို ဒီ
အကြောင်း တင်ပြ ရှင်းလင်းနေရဦးမှာလဲ၊ မဆိုင်တာတွေကို
လျှောက်မေးမနေပါနဲ့'

'ကောင်းပြီ၊ ဆိုင်တာကိုပဲမေးမယ်၊ ဒကာမလေးရဲ့ ဖခင်
ကြီးဟာ အသက်ထင်ရှား ရှိပါသေးရဲ့လား'

'သေပြီရှင့်'

'ဒါဖြင့် ဟိုဟာက'

'ဟိုဟာက အတုအယောင်ပဲ'

'တော်တော်ကလေး တူတာပဲ'

'ရုပ်ဖျက်ပညာတစ်ခုလုံး ရှိနေတာပဲဥစ္စာ'

'ကျုပ်က ဟန်အမူအရာကိုပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါလဲ သေသေချာချာ လေ့ကျင့်ထားတာပဲ'

ထိုစကားများကိုကြားလိုက်ရသောအခါ လူအားလုံး ငြိမ်သက် တိတ်ဆိတ်သွား၏။

ကောင်းသောငြိမ်သက်ခြင်းမဟုတ်ပေ။ ထိတ်လန့်ပြီး ငြိမ်သက်တိတ်ဆိတ်သွားခြင်း ဖြစ်လေတော့သည်။

ချမ်းချန်အဘိုးကြီးနှစ်ဦးအနက် တစ်ဦးက ဝင်ခမ်း၏။

'အသုဘ ခေါင်းထဲက အလောင်းကတော့ မိန်းကလေး ဖခင်ရဲ့အလောင်း အမှန်ပဲလား'

'မှန်တယ်'

ဆရာတော်တက်မှုက....

'ဒကာမလေးရဲ့ဖခင် သေပြီးမှပဲ ဘာကြောင့် လျှို့ဝှက်ထားရတာလဲ၊ သိုင်းလောကကို ကြေညာသင့်တယ်'

'သိုင်းလောကကို ကြေညာပြီး နေပြီလေ၊ ဆရာတော်တို့ ရောက်လာတာ ဘာကြောင့်လဲ၊ ကျွန်မဖခင်သေတဲ့အကြောင်း သတင်းကြားလို့ ရောက်လာတာပဲမဟုတ်လား'



'ဒကာမလေး၊ ကျုပ်တို့က အသက်လွဲကြီးနေပြီ၊ အတွေ့အကြုံလဲ များနေပါပြီ၊ ဖခင် သေဆုံးတဲ့အကြောင်း သိုင်းလောကကိုလဲ ကြေညာတယ်၊ တစ်ဖက်ကလဲအသက်ရှင်နေသေးသယောင် ဟန်ဆောင်နိုင်းထားတယ်၊ ဒီသဘောဘာ မရိုးသားဘူးဆိုတာ ဘယ်သူမဆို သိတာပဲ'

'မေးစရာရှိတာတွေ ခပ်သွက်သွက်သာ မေးပါ၊ ကျွန်မ သွေးထွက်လွန်နေပြီရှင့်'

တုထန်ဟိုက ရှေ့တရက်ဝင်မေးလေ၏'

'အသုဘခေါင်းကို လှေနဲ့တင်တုန်းက ကမ်းစပ်မှာ သတ်ဖြတ်ပွဲတွေ ဖြစ်ပေါ်ခဲ့တယ်၊ အဲဒါက ဘာသဘောလဲ'

သူမသည် တုထန်ဟိုကို သေချာစွာကြည့်ပြီး....

'ရှင် သေသေချာချာ မြင်လို့လား

ဟု မေးလေ၏။

တုထန်ဟိုက အသံကို နှိမ့်ချလိုက်ပြီး....

'ကျုပ်တစ်ယောက်တည်း မြင်တာမဟုတ်ဘဲ၊ ဒီအချက်ကို ငြင်းချက်ထုတ်ဖို့တော့ မစဉ်းစားပါနဲ့'

'ဘယ်သူတွေကော မြင်သေးလို့လဲရှင့်'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုး၏ လေသံက ပို၍နိမ့်ကျသွားသည်။

'ယင်ယန်စန်းကြွယ်ညီနောင်နဲ့ လေ့မင်ယွမ်တို့ဇနီးမောင်နှံ တွေလေ'

တုထန်ဟိုး၏လေသံ မည်မျှတိုးညင်းသည်ဖြစ်စေ အခန်းထဲရှိ လူအားလုံးမှာ ထိပ်တန်းသိုင်းသမားချည်းသာဖြစ်၍ စကားလုံးကို ပီပီသသကြားလိုက်ကြရသည်။

ထို့ကြောင့်ပင် သိုင်းသမား အားလုံး၏ ဦးခေါင်းများ သမင်လည်ပြန်လှည့်ပြီး တုထန်ဟိုးပြောလိုက်သည့် လူလေးဦးကို လိုက်ရှာကြသည်။

မတွေ့ပါ။

လုံးဝမတွေ့တော့ပါ။

လူလေးဦး စုပ်စမြုပ်ခ ပျောက်လျက် ရှိနေပါပြီ။

မိန်းကလေးသည် ကပိုကရိုဖြစ်နေသည့်သူမ၏ ဆံပင်များကို ပြန်လည်သပ်တင်လိုက်၏။

ထို့နောက် တုထန်ဟိုးကို အေးစက်စွာကြည့်လိုက်သည်။

'ရှင့်နာမည် ဘယ်သူလဲ'

'တုထန်ဟိုး'



လူအားလုံး ဦးခေါင်းထောင်သွားသည်။

အဘယ်ကြောင့်ဆိုသော်....

တိဗက်ပြည်၌ အသွန့်တရာ ကျော်ကြားသည့် ထိပ်တန်းကျော်ပွတ် သိုင်းပညာရှင်မှန်း လူအားလုံးက သိထားကြသောကြောင့်ပေတည်း။

မိန်းကလေးက အေးစက်စက်ပြောသည်၊

'ကောင်းပြီ၊ ရှင့်နာမည်လဲ့ ယမမင်းရဲ့ သေမင်းမှတ်ဘမ်းထဲ ပါသွားပြီလို့သာ အောက်မေ့လိုက်ပေတော့'

တုထန်ဟိုး ရင်ထိတ်သွား၏။

သို့သော် ဟန်မပျက် ပြန်မေးလိုက်လေ၏။

'ဘာဖြစ်လို့ သေမင်းမှတ်ဘမ်းထဲ ပါရမှာလဲ'

'အာကြောင့်လဲ့ဆိုတော့ ရှင်လဲ မကြာခင် သေရတော့မှာမို့လို့ပဲ'

တုထန်ဟိုးသည် ခါး၌စည်းထားသည့် ပဝါကို ဆွဲဖြုတ်ပြီး မျက်နှာကို ပွတ်သပ်ချဖျက်လိုက်၏။

မူလရုပ်ရည် ပြန်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

သိုင်းသမားများသည် တုထန်ဟို၏ မူလဥပဓိရုပ် အမှန်ကို မြင်လိုက်ကြရလေပြီ။

'မိန်းကလေး၊ ကျုပ်မျက်နှာကို သေသေချာချာကြည့်ပါဦး၊ တုထန်ဟိုဆိုတာ ကျုပ်ပဲ'

'တုထန်ဟိုမကလို့ တုထန်ဟိုရဲ့အဘလဲ သေမင်းမှတ်တမ်းထဲ ပါသွားပြီးရင် ဘယ်သူမှ လွတ်မပြေးနိုင်တော့ဘူး'

တုထန်ဟိုက လှောင်ရယ်ရယ်၏။

'ဟား....ဟား....ဟား၊ ဟုတ်ရဲ့လား၊ သေချာရဲ့လား'

'သေချာတယ်၊ ရှင် မိုးကုပ်စက်ဝိုင်း အပြင်ရောက်အောင် ပြေးကြည့်ပါ၊ လွတ်သလား၊ မလွတ်သလား မကြာခင် သိရမှာပဲ၊ မကြာခင်ဆိုတာ ဆယ်ရက်အတွင်း သေစေရမယ်လို့ ဆိုတာပဲ'

တရုတ်ဘုန်းတော်ကြီး တက်မုက ရုတ်တရက် ဝင်မေးလေ၏။

'နေစမ်းပါဦး၊ ကျုပ် တစ်ခုလောက် မေးစမ်းပါရစေဦး၊ စောစောက တုထန်ဟိုရဲ့စကားကို ဆက်မေးစမ်းပါရစေဦး၊ ယင်ယန်စိန်းကြွယ်ညီနောင်နဲ့ လွှမင်းယွမ်တို့ ဇနီးမောင်နှံကို ဒကာမလေး သတ်ပစ်လိုက်သလား'



ထိုအခါ မိန်းကလေးသည် အိမ်ခေါင်မိုးပေါ်သို့ မော့ကြည့်၍ အော်ပြောလိုက်သည်။

'တရုတ်ဘုန်းတော်ကြီးတက်မုနဲ့ ဖန်မုကိုလဲ ရေးမှတ်လိုက်'

သူမ၏လေသံကို နားထောင်ကြည့်ပါက ခေါင်မိုးထက်၌ တစ်စုံတစ်ယောက်က ရေးမှတ်နေသယောင်ယောင် ထင်မှတ်ရပေသည်။

သို့သော် ထိုအချက်ကို သိုင်းသမား အရင့်အမာကြီးများ ဂရုမစိုက်ကြပါ။

ဆရာတော်ဖန်မုက ရယ်၍မေးလေ၏။

'ဘယ့်နှယ် ကျုပ်တို့ကိုပါ ဆွဲထည့်နေရတာလဲ၊ ဘာကြောင့် ကျုပ်တို့နာမည်တွေကိုပါ မှတ်ခိုင်းနေရတာလဲ'

'မှတ်ခိုင်းထားသူတွေက ဆယ်ရက် အသက် ပိုရှင်ခွင့် ရမယ်'

ချင်းချန်ဓားနှစ်လက်ဟု အမည်တွင်သောအဘိုးကြီး နှစ်ဦးမှာ မရယ်ချင်ဘဲ မနေနိုင်တော့ပေ။

သူတို့က ရယ်သံ ဗလုံးဗထွေးဖြင့် မေးလေ၏။

'တကယ်ပဲသေမှာလား မိန်းကလေးရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မယုံရင် စောင့်ကြည့်ပေါ့'

သူမသည် ခေါင်မိုးပေါ်သို့မော့ကြည့်ကာ ထပ်မံအော်ဟစ်ပြန်လေ၏။

'ချင်းချန် အဘိုးကြီးနှစ်ယောက်ရှိနေမည်ကိုပါ မှတ်ထားလိုက်တော့'

သိုင်းလောကအတွေ့အကြုံ ရင့်ကျက်လှသော သိုင်းသမားများသည် မိန်းကလေး၏စကားကို မယုံကြည်ကြသော်လည်း ဖြစ်ပျက်နေသည့်အခြေအနေများအရ ပြက်ရယ်ပြုရန်မသင့် တ…သည့်အချက်ကိုမူ အားလုံးသတိပြုမိသည်။

ထိန်းချုပ်သွားကြသည်။

ဆရာတော်ဘက်မှက....

'ကောင်းပြီ၊ ဒကာ္မလေးက ကျုပ်ကိုခုတော့ သေချာ သတိမှတ်ခဲ့ပြီ၊ အဲဒီတော့ ကျုပ်မသေမီဗဟုသုတ ပွားများရအောင် ဒကာမလေးရဲ့ လျှို့ဝှက်ချက်တွေကို ပြောပြခဲ့ပါလား'

ထိုစကားကို ကြားလိုက်ရသောအခါ မိန်းကလေးသည် သက်ပြင်းရှည်ကြီး ချလိုက်၏။

'ကောင်းပြီ၊ ပြောပြမယ်၊ ဒီကိစ္စတွေကို တကယ်ကြားပြီးရင်တော့ ရာခိုင်နှုန်းပြည့်သေဖို့သေချာသွားပြီ၊ သေမှာကြောက်



တဲ့လူတွေ ရှောင်ထွက်သွားကြပေတော့၊ သေမှာမကြောက်ရင် နေခဲ့ကြပေါ့ရှင်'

သိုင်းသမား ခုနစ်ယောက်ခန့် အပြင်ထွက်သွားကြသည်။

ကျန်လူများကား တုတ်တုတ်မျှ မလှုပ်ကြတော့ပေ။

www.burmeseclassic.com

## အခန်း (၅၅)

## လှည့်စားသော မိန်းကလေး

ဆရာတော်ဘက်မုက သက်ပြင်းချ၍ မှတ်ချက်ပြုလေ၏။

'အင်း...သိုင်းလောကထဲမှာ လျို့ဝှက်ချက်တွေ အများကြီးရှိပါတယ်၊ ဒီအများကြီးထဲက တစ်ခုတလေသိရုံကလေးအတွက် ကိုယ့်အသက်နဲ့စတေးရမယ်ဆိုတဲ့ အချက်ကတော့ တန်ဖိုးချင်း မညီမျှဘူးလို့ဆိုရမယ်၊အကယ်၍ဒီကိစ္စကြီးမှာ လုံးဝမပတ်သက်ရင်တော့ အန္တရာယ်စက်ကွင်းကြီးထဲမဝင်တာ အကောင်းဆုံးပါပဲ'

ဆရာတော်ဘက်မုသည် သိုင်းလောက၌ လူတကာ၏ လေးစားခံယူမှုကိုရရှိသူဖြစ်၍ နောက်ထပ်သိုင်းသမားဆယ်ယောက်ခန့် အခန်းပြင်သို့ ထွက်သွားကြပြန်၏။



ဆရာတော်သည် အခန်းထဲသို့ကြည့်လိုက်ရာဒေါင်ဒေါင်မြည် သိုင်းသမားများဟု ဆိုနိုင်သည့် သိုင်းသမား လေးငါး ဆယ်ယောက်ခန့်ကိုသာ တွေ့ရှိရတော့သည်။

ဆရာတော် တက်မုက...

'ဒကာမလေး၊ မဆိုင်သူတွေမပါရအောင် ကျုပ်ဖျောင်းဖျပြီး၊ ဒကာမလေးအနေနဲ့ အခြေအနေ အရိပ်အမြွက်ပြော ကျန်တဲ့လူတွေထဲက တချို့လူတွေ အပြင်ရောက်သွားအောင် စတ္တာရပ်ခံပေးပါဦး'

မိန်းကလေးသည် သည်တစ်ကြိမ်တွင်မူ ဆရာတော်တက်မု၏ စကားကို လွယ်လွယ်ကူကူ လက်ခံသည်။

သူသည် ကျန်ရစ်သော သိုင်းသမားတချို့ဘက်သို့ လှည့်၍ ပြော၏။

'ဟုတ်ပါတယ်၊ ကျွန်မဖခင်သေတဲ့ကိစ္စဟာ သိုင်းလောကကြီးတစ်ခုလုံးနဲ့ သက်ဆိုင်နေတာမဟုတ်ပါဘူး၊ ဟောဒီအခန်းထဲမှာရှိနေတဲ့ ပုဂ္ဂိုလ်လေးငါးယောက်နဲ့ ရှောင်လင်ဂိုဏ်း၊ ချင်းဂိုဏ်းတွေကတော့ ကျွန်မဖခင်နဲ့ နည်းနည်းပတ်သက်မှုရှိပါတယ်၊ သူတို့ကတော့ သေလဲဂရုမစိုက်ဘူးဆိုတဲ့ လူတွေပဲ ဖြစ်တယ်၊ ကျွန်မဖခင်နဲ့ လုံးဝ မသက်ဆိုင်ရင်တော့ သက်သက်ရင်းအရှုပ်မခံပါနဲ့တော့ရှင်၊ ဒီမှာသေလို့ ဘယ်သူမှန်းမသိ ကောင်းတာ မဟုတ်ပါဘူး'

www.burmeseclassic.com



မိန်းကလေးက သေချာစွာ ပြော၏။

နားထောင်သူများကလည်း သေချာနားထောင်၏။

သို့သော် မည်သူမျှ ထွက်မသွားတော့ပေ။

သူမသည် ဆက်၍စကားမပြောဘဲ နာရီဝက်ခန့်အနားယူသည်။

ထိုသို့အနားယူလိုက်ခြင်းကြောင့် သူမ၏မျက်နှာ၌ သွေးရောင် ပြန်ဟပ်လာသည်။

ဖက်ရာအတော်ကြီးသက်သာလာ၍လားမသိ၊ သူမ၏ မခိုး မခန့်အမူအရာလည်း ထင်ထင်ရှားရှား ပြန်ပေါ်လာသည်။

'ကဲ...ကျွန်မလဲပြောပြီးပြီ၊ ဆရာတော်အကြားပဲ၊ ကျွန်တော့် လူတွေကတော့ သူ့ထိုက်နဲ့သူ့ကံပဲ'

သူမသည် ဝမ်ကျင့်လန်ကို လှမ်းပြော၏။

'အစ်ကို အခန်းထဲမှာကျန်နေပြီး နာမည်မှတ်မထားရသေး တဲ့လူတွေအားလုံးကို နာမည်မှတ်ထားလိုက်ပါ၊ သူတို့ကတော့ စိတ်ရောကိုယ်ရော တုံးတုံးချထားတဲ့လူတွေပဲ'

ဝမ်ကျင့်လန်သည် မိန်းကလေး၏စကားကို လုံးဝငြင်းပယ် နိုင်စွမ်းမရှိပေ။



သူသည် ရုတ်တရက် မတ်တတ်ထပြီး စိတ်ပျက်စွာပြောလေ ၏။

'ဆရာကြီးတို့ ကိုယ်တိုင်က လာမယ့်အေး ပြေးတွေချင်ကြ ယ်ဆိုတော့လဲ ဘာတတ်နိုင်တော့မှာလဲဗျာ'

သူသည် စားပွဲခုံကို လက်ဖြင့်ပုတ်၍အော်လိုက်၏။

'သေစာရင်း မှတ်တမ်းစာအုပ်ယူခဲ့ကြ'

ချက်ချင်းဆိုသလိုပင် အင်္ကျီစိမ်း ဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ဦးသည် စာအုပ်ထူကြီးတစ်အုပ်ကို တစ်ဖက်တစ် ဖက်မှ ယူလာကြ၏။

မိန်းကလေးနှစ်ယောက်၏ ရုပ်ရည်မှာ ချောမောလှပခြင်း ရှိပါ၏။

သို့သော် သူမတို့ကိုင်ဆောင်ထားသည့် စာအုပ်ထူကြီးမှာမူ က်မိစုံးစရာကောင်းနေသည်။

မိန်းကလေးနှစ်ယောက်သည် စာအုပ်ထူကြီးကို စားပွဲမပေါ် တင်ပေးလိုက်၏။

စာအုပ်မျက်နှာဖုံးတွင် 'သေစာရင်းမှတ်တမ်း'ဟု ရွှေစာလုံး ကြီးများဖြင့် ရေးထိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းစာအုပ် လာပို့သည့် မိန်းကလေး နှစ်ယောက်၏နောက်မှ မင်းအိုးနှင့်စုတ်တံကိုင်သည့်မိန်းကလေး ပါလာသည်။

သူမကလည်း မင်အိုးနှင့်စုတ်တံကို စားပွဲပေါ်တင်ပေးပြီး ပြန်ထွက်သွားသည်။

အကျီဖြူဝတ်ဆင်သည့် မိန်းကလေးသည် ကျန်ရစ်ခဲ့သည့် သိုင်းသမားများကိုကြည့်ပြီး အသံမြှင့်၍ပြောလိုက်၏။

'ဟောဒီအခန်းထဲမှာ ကျန်တဲ့လူတွေကတော့ သူရဲကောင်းတွေချည်းပဲ၊ လူသေတာတောင် နာမည် ကျန်ခဲ့သင့်တဲ့ လူတွေမဟုတ်လား၊ ကဲ...ကဲ...အချိန် ဆွဲမနေကြပါနဲ့တော့၊ တစ်ယောက်ပြီးတစ်ယောက် လာပြီး နာမည်ရေးထိုးကြပါ'

မိန်းကလေးက ဖိတ်ခေါ်သော်လည်း မည်သည့်သိုင်းသမားကမျှ သေစာချင်းမှတ်တမ်း၌ လက်မှတ်ရေးထိုးရန် ထမလာကြပေ။

သူမက ဆရာတော်ဘက်မုကို ကြည့်ပြီး...

'ဆရာတော် ကျွန်မဖခင်ကြီး ဘယ်လို သေဆုံးရသလဲဆိုတာကို မြန်မြန်သိချင်ရင် ဟောဒီစာအုပ်ထဲမှာ မြန်မြန် လက်မှတ်ရေးထိုးဖို့လိုတယ်၊ ဘာဖြစ်လို့ ဖင်နှဲ့နေကြတာလဲ'

ဆရာတော်က ပြုံး၍ပြော၏။



'ဒကာမလေးပဲ ဘယ်သူ့ စာရင်းမှတ်လိုက်၊ ဘယ်ဝါ့စာရင်း မှတ်လိုက်နဲ့ ရေးမှတ်ခိုင်းနေတာပဲ၊ အခု ထပ်ပြီး လက်မှတ်ထိုး လိုသေးသလား'

'လိုတယ်၊ လျှို့ဝှက်ချက်ကို မြန်မြန်သိချင်ရင် မြန်မြန်လက်မှတ်ထိုးကြဖို့ ဆရာတော်ကပဲ တိုက်တွန်းပေးပါ၊ ဘာလို့ အခုမှ ...ယ်ကြောက်နေကြသလား'

သိုင်းသမားကြီးများသည် တုံ့ပြန်ပြောဆိုခြင်းလည်းမရှိ၊ လာရောက် လက်မှတ်ရေးထိုးခြင်းလည်းမရှိဘဲ ငြိမ်သက်စွာ ...ိုင်နေကြသည်။

'ဟင်း...ဟင်း...ဟင်း၊ စောစောက သေမှာကြောက်တဲ့ လူ...ာ ထွက်ကြပါဆိုတော့ ခပ်တည်တည်နဲ့ ထိုင်နေကြတယ်၊ အခု ...ဘာလို့ ကြောက်နေကြပြန်ပြီ၊ လူတစ်ယောက်မှာ အသက်တစ် ...ချောင်းပဲရှိတယ်၊ ဆယ်ကြိမ် ဆယ့်ငါးကြိမ် လက်မှတ်ရေးထိုး ...တစ်ခါပဲသေရမယ်၊ ဘာမှ ကြောက်မနေကြပါနဲ့တော့ရှင်'

ဆရာတော်ဘက်မုသည် မိန်းကလေး၏စကားများကို နား...ိုင်ဘော့သည့်အလား ထိုင်ရာမှထ၍ သေစာရင်းမှတ်တမ်း ...အုပ်ရှိရာသို့ သွားသည်။

ဆရာတော်သည် စုတ်တံကိုကောက်ကိုင်ပြီး လျင်မြန်သွက်...စွာ ရေးထိုးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'တက်မုဆရာတော်၊ ရွှောင်လင်ကျောင်းတော်'

တက်မုဆရာတော်သည် သူ၏ညီတော်ဖြစ်သည့် ဖန်မုဆ... တော်အား လှမ်းကြည့်လိုက်၏။

ဖန်မုဆရာတော်လည်း အလိုက်သိစွာ ထလာ၏။

ထို့နောက် သေစာရင်း မှတ်တမ်းစာအုပ်ထဲ၌ ဖန်မု ဆ... တော်၊ ရှောင်လင်ကျောင်းတော်ဟု နာမည်ရေးထိုးလိုက်သ...

အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးက လက်... လက်ဝါးတီး၍ ကောင်းချီးဩဘာပေးသည်။

'သိပ်ကောင်းတယ်၊ ဆရာတော်နှစ်ပါးကတော့ အပြေ... အဟောနဲ့ညီပါပေတယ်၊ ဒါမှလဲ သိစရာရှိတာကို မြန်မြန်... မှာပေါ့'

ဆရာတော်နှစ်ပါးက ဤသို့ စတင်ရေးထိုးလိုက်သဖြင့် ... သိုင်းသမားကြီးများမှာ ထိုင်မနေသာတော့ပေ။

ချင်းချန်ခားနှစ်ဖော်ဟု အမည်တွင်သည့် အဘိုးကြီး... ယောက် မတ်တတ်ထရပ်လာကြ၏။

မိန်းကလေးက...

'လက်မှတ်ရေးထိုးတဲ့အခါမှာလဲ သတ္တိရှိရှိ လုပ်ကြပါ... ကိုယ့်နာမည်အစား သူတစ်ပါးနာမည် ရေးသွင်းခဲ့ရင်... အဲဒီလူတာ သေတဲ့အပြင် အရှက်ပါကွဲမှာ သေချာတယ်'



ချင်းချန်အဘိုးကြီးနှစ်ဦးသည် သေစာရင်းမှတ်တမ်းစာအုပ် အနီးသို့ ချဉ်းကပ်သွားပြီး သူတို့၏အမည် လက်မှတ်များကို ရေးထိုးကြသည်။

လက်မှတ်ရေးထိုးရန် ထလာသူတစ်ယောက်မှာ မျက်နှာသိမ်း သိုင်းသမားကြီးတစ်ယောက် ဖြစ်၏။

သူ့ကို မည်သူမှ မသိကြပေ။

အထက်အောင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူသည် စုတ်တံကို ကောက်ကိုင်ပြီး မိန်းကလေးအား လှမ်း စကားပြော၏။

'သိုင်းလောကမှာ လျှို့ဝှက်မှုတွေ၊ ရက်စက်မှုတွေ ဒုနဲ့ဒေး ဖြစ်ပေါ်ခဲ့တယ်၊ ဒါပေမယ့် မင်းလုပ်တဲ့ အပြုအမူကိုတော့ မီ ယ်မထင်ဘူး'

သူသည် စူ့နာမည်ကို ရေးထိုးလိုက်၏။

'ကျုပ်က တစ်ကောင်ကြွက်ပဲ သေလဲ ဂရုစိုက်စရာမရှိဘူး၊ နောက်ဆံငင်စရာ မိသားစုလဲမရှိဘူး၊ မင်းရဲ့ လျှို့ဝှက်ချက်တွေ ဘယ်လောက် ထူးခြားဆန်းကြယ်သလဲဆိုတာကို ငါအသက်နဲ့ ဆက်ပြီး အေးအေးဆေးဆေး နားထောင်နိုင်ပါတယ်'

'ကြားရမှာပေါ့ရှင်၊ ကဲ....နောက်တစ်ယောက်'

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများသည် တစ်ယောက်ပြီးတစ်ယောက် ရှေ့သို့တိုးလာပြီး လက်မှတ်ရေးထိုးကြသည်။

နောက်ဆုံး ယွှမ်ရှောက် ရောက်ရှိလာသည်။

သူသည် စာအုပ်ကိုကြည့်၏။

မင်အိုးကို ကြည့်၏။

စုတ်တံကို ကြည့်၏။

သို့သော် မည်သည့်အရာကိုမျှ မထိကိုင်ပေ။

ယွှမ်ရှောက်သည် ဘောထဲ၌ ကြီးပြင်းခဲ့သူဖြစ်၏။

အဘယ်မှာလျှင် စုတ်တံ၊ ကလောင်တံဖြင့် စာရေးတတ်ပါမည်နည်း။

သူသည် စုတ်တံကို ကောက်ကိုင်ပြီး တစ်စုံတစ်ခု ရေးခြစ်ရကောင်းနိုးနိုး ချီတုံချတုံ စဉ်းစားနေ၏။

မိန်းကလေးသည် စုတ်တံကို ကိုင်၍ ကြာမြင့်စွာရပ်နေသည့် ယွှမ်ရှောက်ကို စူးစူးစိုက်စိုက်ကြည့်သည်။

'ဘာဖြစ်လို့လဲ၊ ရှင်က စာအုပ်ထဲမှာ ရေးထားတဲ့နာမည်တွေကို အလွတ်ကျက်နေတာလား၊ ဘာဖြစ်လို့ စာမရေးဘဲ ကြာနေတာလဲ'



ယွှမ်ရှောက်လန့်သွားသည်။

လူကိုကြောက်၍ လန့်ခြင်းမဟုတ်ပါ။

သူမကျွမ်းကျင်သည့် စာရေးခြင်းကိစ္စကို ရုတ်တရက် မေးလိုက်ခြင်းကြောင့် လန့်သွားခြင်း ဖြစ်ပါသည်။

သူ ခေါင်းယမ်းပြီး....

'ကျုပ် စာမရေးတတ်ဘူးဗျ'

မိန်းကလေးက အထင်သေးစွာ ရယ်၏။

'ဒီမှာရှိတဲ့လူအားလုံး စာရေးတတ်တယ်၊ မရေးတတ်ရင် ဒီထဲမှာရှိမနေနဲ့ အပြင်ထွက်သွား၊ ကျုပ် စာမရေးတတ်လို့ မရေးဘဲနဲ့နေပါရစေလို့ ပြောလို့မရဘူးရှင့်'

ယွှမ်ရှောက်သည် သက်ပြင်းချကာ တွေးတောသည်။

'ဟုတ်တယ်၊ သူများတွေ နာမည်တွေ ရေးထိုးပြီး နေနေတဲ့ အချိန်မှာ ငါနာမည်မထိုးဘဲ နေနေဖို့ မသင့်ဘူး'

သူသည် မိန်းကလေးကို ပြန်ကြည့်၏။

'ကျုပ် စာမရေးတတ်ဘူး၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ် အပြင်ထွက်သွားမယ်၊ အပြင်ကစောင့်နေမယ်၊ ခင်ဗျား စကားပြီးတဲ့အခါမှာတော့ ကျုပ်ပြန်ဝင်ခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ယှိမ်ရှောက် ထွက်သွားတော့၏။

တုထန်ဟိုသည် တားမြစ်ရန် ကြံသေး၏။

ယှိုသော် အပြင်ကစောင့်၍ အခြေအနေ စောင့်ကြည့်နေခြင်းသည်လည်း မဆိုးဟု တွေးတောမိသဖြင့် မတားမြစ်တော့ဘဲ လွှတ်ပေးလိုက်သည်။

ထို့နောက် တုထန်ဟို လက်မှတ်ရေးထိုးသည်။

တက်မုဆရာတော်က မတ်တတ်ရပ်၍ သတိပေးသည်။

'ဒီမှာရောက်နေတဲ့ လူအားလုံးဟာ အသက်တန်ဖိုးပေးပြီး လျှို့ဝှက်ကိစ္စကို နားထောင်ချင်ကြတယ်၊ အခု ဒကာမလေး ပြောတဲ့အတိုင်း လက်မှတ်လဲ ရေးထိုးပြီးပြီ၊ ပြောစရာရှိတာ ပြောပေတော့'

သူမသည် ထိုင်ခုံတစ်လုံး၌ ငူငူကြီးထိုင်နေသည့် သူမ၏အစ်ကိုကို အမိန့်ပေးလိုက်၏။

'အစ်ကို တံခါးမကြီးကို ပိတ်လိုက်တော့'

ဝမ်ကျင့်လန်သည် တံခါးမကြီးကို သွားပိတ်လိုက်သည်။

ဒဏ်ရာရနေသည့် သူမသည် လူကောင်းပမာ ထရပ်လိုက်၏။



'ကျွန်မ ဖယောင်းတိုင်မီးတွေ ငြိမ်းပစ်မယ်'

သူမ၏ လှုပ်ရှားမှုကြောင့် ဖယောင်းတိုင်မီးများ ငြိမ်းသွားသော တစ်ခန်းလုံး မှောင်ကျသွား၏။

'ဒကာမလေး ထွက်ပြေးဖို့ကြံရင်တော့ ကျုပ်တို့က အလွှတ်ပေးမှာ မဟုတ်ဘူး၊ ဒုက္ခရောက်ရင် ကျုပ်တို့ကို အပြစ်မဆိုနဲ့'

တက်မုဆရာတော်သည် ကိုယ့်လက်ချောင်း ကလေးများကိုပင် ကိုယ်မမြင်ရသဖြင့် လိုဏ်ခေါင်းထဲ ရောက်ရှိသွားခဲ့သည့် အဖြစ်များကို သတိရလာ၏။

ထို့ကြောင့် ကြိုတင်သတိပေးခြင်း ဖြစ်၏။

'ကျွန်မ ထွက်မပြေးပါဘူး၊ စိတ်ချစမ်းပါ'

ကွမ်းစန့်စင်၏အသံက ပီသစွာ ထွက်ပေါ်လာသည်။

'ဘာပဲဖြစ်ဖြစ် ငါတို့အားလုံးကတော့ သတိရှိနေရမှာပဲ'

သိုင်းသမားကြီးများသည် အသိုလိုနေရာရွှေ့သွားကြ၏။

မိန်းကလေးအား ဝိုင်းရန် ကြိုးစားကြခြင်းဖြစ်ပါသည်။

ကိုယ်စီကိုယ်စီ အသိဖြင့် နေရာရွှေ့သွားခြင်း ဖြစ်သည်။

အရင့်အမာ သိုင်းသမားကြီးများသည် အတွေ့အကြုံ ရင့်ကျက်နေကြသဖြင့် တစ်ဦးနှင့်တစ်ဦး လက်တို့ရန် မလိုအပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက တခစ်ခစ်ရယ်သည်။

'ရှင်တို့ ကိုယ့်နေရာကို ကိုယ်နေကြပါ၊ ရှင်တို့သိချင်တဲ့အဖြေမှန်ကို ပြောပြပါတော့မယ်'

မည်သူ တစ်ဦးတစ်ယောက်မှ သူမကို ပြန်မပြောပါ။

တိတ်ဆိတ်ငြိမ်သက်နေသည်၊

မိန်းကလေးသည် မည်သူ့ ထံ့ပြန်မှုကိုမျှ မရတော့သဖြင့် ဆက်ပြောလာရ၏။

'ကျွန်မဖေဖေသေရတာ အမှန်မဟုတ်ဘူး၊ လိမ်ညာထဲ့ကိစ္စကြီးပါ၊ သိုင်းသမားတွေကို ဖြားယောင်းပြီး ခေါ်လိုက်တာ'

သူမ၏စကားကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

အသံတစ်သံက....

'မင်းရဲ့စကားကို ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားလို့ ရွေးထုတ်ဖို့ခက်နေတော့တာပဲ၊မင်းက စကားကိုအတည်မှန်ပြောဘဲ ခုတစ်မျိုး တော်ကြာတစ်မျိုးကိုး'

'ရှင်တို့ ယုံချင်ယုံ မယုံချင်နေ၊ သေစာရင်း မှတ်တမ်းစာရင်းထဲမှာ ပါသွားတဲ့လူတွေကတော့ ဆယ်ရက်အတွင်း မုချသေဆုံးစေရမယ်'



တက်မုဆရာတော်၏အသံ ထွက်ပေါ်လာ၏။

'ဒါကိုချည်း ခဏခဏပြောမနေနဲ့ မိန်းကလေး၊ ကျုပ်တို့နားငြီးလာပြီ၊ လျှို့ဝှက်ကိစ္စကို ပြည့်ပြည့်စုံစုံပြောပြဖို့ လိုတယ်'

'ဘာလဲ ဆရာတော်က လူသတ်ကောင်ကို ဖော်ထုတ်ချင်လို့လား'

သူမ၏စကားအရဆိုလျှင် ဘခင်ကြီးဝမ်သည် လူသတ်ခံ၊ လုပ်ကြံခံရသည်ဟု အဓိပ္ပာယ်သက်ရောက်နေ၏။

တက်မုဆရာတော်က....

'ကျုပ်ဆီပေးတဲ့စာအရ ဒကာကြီးဝမ်ဟာ လုပ်ကြံခံရတဲ့သဘောမျိုးသက်ရောက်နေတယ်၊ တကယ်လုပ်ကြံခံရတာ ဟုတ်မဟုတ်တော့ ကျုပ်လဲမသိဘူးပေါ့လေ၊ တစ်ချက် စဉ်းစားရတာက သူ့ကိုလုပ်ကြံသူဟာ သူ့အနီးမှာ ရှိနေပုံရနေတယ်'

'ဘာလဲ ဆရာတော်က ကျွန်မ လုပ်ကြံလိုက်တယ် ထင်လို့လား'

'ဒီလို မထင်ကောင်းပါဘူးလေ၊ ဒကာကြီးဝမ်ဟာ မိန်းကလေးတို့ရဲ့ဖခင်ကြီးပဲမဟုတ်လား။ ဒါပေမယ့် တကယ့်အဖြစ်မှန်တာ ဘာလဲဆိုတာ ကျုပ်တို့မသိနိုင်ခဲ့ဘူး၊ ဒီအချက်ကိုသိချင်လို့လဲ သေစာရင်းမှတ်တမ်းစာအုပ်ထဲမှာ ကျုပ်တို့နာမည်တွေ ရေးသွင်းခဲ့တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးထံမှ မည်သည့် စကားသံမျှ ထွက်မလာတော့ချေ။

ထိုအချိန်မှာပင် အဝေးမှ တစ်ချက်ချင်းထုလိုက်သည့်မောင်းသံကို ကြားလိုက်ကြရတော့သည်။

ကွမ်းစန်စင်က....

'ဒီမောင်းသံကို ကျုပ်ကြားဖူးသလိုပဲ'

ထိုအခါကျမှ မိန်းကလေး၏အသံ ထွက်ပေါ်လာသည်။

'ဒါက မရဏမောင်းသံပဲ၊ သေခြင်းတရားရဲ့ အတိတ်နိမိတ်မောင်းသံပဲ'

ကွမ်းစန်စင်က....

'မရဏမောင်းသံကို ကျုပ်တို့ စိတ်မဝင်စားဘူး၊ ဂေဟာသခင်ကြီး ဝမ်ကျုံးထန် ဘယ်သို့သေရသလဲဆိုတာပဲ ကျုပ်တို့စိတ်ဝင်စားတယ်၊ အဲဒီအချက်ကိုရှင်းပြပါ'

မိန်းကလေးက ခပ်မာမာပြော၏။

'ရှင်းမပြရင် ရှင်တို့ဘာလုပ်ချင်ကြသလဲ၊ ကျွန်မက ရှင်တို့ထဲက ဘယ်သူ့ကိုမှကြောက်နေတာမဟုတ်ဘူး'

ကွမ်းစန်စင်က ဘာမပြောညာမပြောနှင့် လက်ဝါးဖြင့်ရိုက်ချလိုက်သည်။



အတွင်းအားကြီးမားသူဖြစ်၍ အခန်းထဲရှိလူအားလုံး လေသိုင်းဟပ်မှုကို ခံစားလိုက်ကြရ၏။

'ဝုန်း....'

လက်ဝါးချင်းနှစ်ခု ရိုက်မိကြသည်။

မိန်းကလေးသည် အာဂမိန်းကလေးတည်း။

ကွမ်းစန်စင်၏ လက်ဝါးကို မရှောင်ဘဲ ပြန်လှန် ခုခံသည်။

သူမ၏ခုခံမှုအတွင်းအား အလွန်တရာပြင်းထန်သဖြင့် ကွမ်းစန်စင် နောက်သို့ တစ်လှမ်းဆုတ်ပေးလိုက်ရသည်။

အနောတော်တက်မုက မေတ္တာရပ်ခံလေ၏။

'နောင်ကြီးကွမ်းစန်စင်၊ သည်းခံပါဦး၊ တိုက်ပွဲကိုရပ်ဆိုင်းလိုက်ပါ'

ကွမ်းစန်ကော မိန်းကလေးပါ ထပ်မံ မတိုက်ခိုက်တော့သဖြင့် တိုက်ပွဲသည် ထိုမျှနှင့်ပင် ပြီးစီးသွားသည်။

သိုင်းသမားများသည် အမှောင်ထဲ၌ အနေကြာလာသောကြောင့် အမှောင်ထဲမှ လူများကို သူ့သူ့ကိုယ်ကိုယ် မြင်တွေ့လာကြသည်။

မြင်နိုင်စွမ်း ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ တုထန်ဟိုသည် အဖြစ်မှန်ကို သိရှိလာ၏။

ကွမ်းစန်စင် လက်ဝါးကို ခုခံသူမှာ မိန်းကလေး မဟုတ်ချေ။

အခြားလူငယ်တစ်ဦး ဖြစ်၏။

ထိုသူကား ဆန်ကွမ်းချိပင်တည်း။

တုထန်ဟိုသည် ဆန်ကွမ်းချိ၏အစွမ်းကို အလွန့်တရာ အံ့သြသွား၏။

အဘယ်ကြောင့်ဆိုသော် ကွမ်းစန်စင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ခြေဟစ်လှမ်းနောက်ဆုတ်အောင် ခုခံနိုင်သောကြောင့် ဖြစ်ပေသည်။

တက်မုဆရာတော်က....

'အခုလိုမရှိုးမသားလုပ်တာကတော့ တကယ့်ကို ကိုယ့်ဂိုဏ်းသိက္ခာကို နိမ့်ကျစေတာပဲ၊ ဘာတီးပြီးမှတော့ အပြည့်အစုံရှင်းပြသင့်တယ်'

လူအားလုံးသည် မှောင်ထဲ၌ဖြစ်သော်လည်း လူရိပ်များ၏ အခြေအနေကို ကောင်းစွာ မြင်တွေ့နေရ၏။

သေစာရင်း မှတ်တမ်းစာအုပ်သည် တက်မုဆရာတော်၏ လက်ထဲသို့ ရောက်နေပေပြီ။

ဆရာတော်၏ အင်အား အနည်းငယ် ဖျစ်ညှစ်လိုက်ရုံမျှဖြင့် စာအုပ်ကြီးတစ်အုပ်လုံး မွမွကြေသွားပေလိမ့်မည်။

မိန်းကလေးသည် ထိုအဖြစ်ကိုမြင်သောအခါ အလွန်တရာ စိုးရိမ်သွားသည်။

ထို့ကြောင့် စိုးရိမ်တကြီး အော်ဟစ်သည်။

'ဆရာတော် စာအုပ်ကို မဖျက်ဆီးပါနဲ့'

'ကျုပ်တို့ဘက်က တာဝန်အားလုံး ကျေပြီး မိန်းကလေးရဲ့တာဝန် မကျေဘူးဆိုရင်တော့ ဒီစာအုပ်ကို ဖျက်ဆီးပစ်ရမှာပဲ'

'မလုပ်ပါနဲ့၊ အဲဒီစာအုပ်ကို ကျွန်မကို ပြန်ပေးပါ'

'မပေးဘူး၊ ကျုပ်တို့နာမည်တွေ ပျက်စီးသွားအောင် ဒီစာအုပ်ကို မွမွကြေသွားအောင် ဖျက်ဆီးပစ်ရမယ်'

'ကျွန်မလက်ထဲကို စာအုပ်ပြန်ပေးပါ၊ ကျွန်မပြောပါမယ်'

ကွမ်းစန်စင်က ဝင်ပြော၏။

'မပေးနဲ့၊ ဒီမိန်းကလေးက စကားမတည်ဘူး၊ သူ့စကားကို ဘာမှ မယုံစားထိုက်ဘူး'

'ကျွန်မ ဘာလုပ်ပေးရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ လုပ်မပေးရဘူး၊ အမှန်အတိုင်း ပြောပြမယ်ဆို[illegible]
ကတိစကားအတိုင်း အမှန်အကန်တွေကိုသာ ပြောပြပေတော့[illegible]

'အခုပေးပါ၊ အခုပဲပြောပါမယ်'

တက်မုဆရာတော်က....

'ကျုပ်ဟာ သာသနာ့ဘောင်ထဲ ဝင်ကတည်းက မုသာဝါ[illegible]
ကို မပြောခဲ့ဖူးဘူး၊ အခု မိန်းကလေးကပဲ စပြီးပြောပါ၊ ပြော[illegible]
ပြီးတာနဲ့ ဒီစာအုပ် မပျက်မစီးနဲ့ မိန်းကလေးလက်ထဲ [illegible]
ရောက်စေရပါမယ်'

'ကျွန်မကိုတောင် ဆရာတော်က မယုံတော့ ကျွန်မ[illegible]
ဆရာတော်ကို ဘယ်လိုယုံရမှာလဲ'

တက်မုဆရာတော်က ပြုံးမဲ့မဲ့ဖြင့် ပြောသည်။

'မိန်းကလေး လျှာအရိုးမရှိတိုင်း ပြောချင်ရာပြောမနေပါ[illegible]
အဲဒီစကားကို ကြားရပြီဆိုကတည်းက မိန်းကလေးကို မယုံ[illegible]
တော့ဘူးဆိုတာ သေချာနေပြီ'

ထိုစဉ် မိန်းကလေးပြောသည့် မေတ္တာမောင်းသံဆိုသည့်အသံ[illegible]
နှင့် အခြား ကြိုးတပ်တူရိယာများ၏ အသံကို ပြန်လည်ကြား[illegible]
လာရပြန်သည်။

အသံများ ဆူညံနေသဖြင့် လျှို့ဝှက်ကိစ္စ ထုတ်ပြောရန်မှာ[illegible]
မဖြစ်နိုင်ပြန်တော့ပေ။



ချင်းချန် အဘိုးအိုနှစ်ဦးသည် တံခါးကြီးကို ဆွဲဖွင့်ပြီး
ပတ်ဝန်းကျင်ကို လိုက်ကြည့်၏။

အချို့က ပြတင်းတံခါးများကို ဖွင့်ကြည့်သည်။

ကွမ်းစန်စင်သည် တက်မုဆရာတော်နှင့် ဖန်မုဆရာတော်
အနီးသို့ ချဉ်းကပ်လာပြီး ခပ်တိုးတိုးပြောသည်။

'ဆရာတော်၊ ဒီမိန်းကလေးဟာ ဉာဏ်နီဉာဏ်နက်များတယ်၊
အားလုံး သေးတွေနိုင်တယ်'

'နောင်တော် ကွမ်းစန်စင်က ဘယ်လိုစီစဉ်ချင်သလဲ'

'တပည့်တော်ကတော့ သူ့ကိုဖမ်းပြီး ဆရာတော်တို့ ရှောင်
လင်ကျောင်းတော်ကိုပဲဖြစ်ဖြစ် တပည့်တော်တို့ရဲ့ ကျန်လုဂိုဏ်း
ချုပ်ကိုပဲဖြစ်ဖြစ် ဖမ်းခေါ်သွားရင် ကောင်းမယ်လို့ ထင်ပါ
တယ်'

တက်မုဆရာတော်က ထိုအချက်ကို လက်မခံပေ။

'ဒါက အင်မတန် အလုပ်ရှုပ်မယ့်ကိစ္စပဲ၊ သူ့ကိုဖမ်းဖို့ဆိုတာ
ကလဲ သိပ်မလွယ်ဘူး'

တက်မု ဖန်မုနှင့် ကွမ်းစန်စင်တို့ပြောသည်
အလွန်တရာ တိုးညင်းလှ၏။

— မကြားများမှာ

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာ၌ မည်သည့် အကြောင်းအရာကိုမျှ ကျယ်ကျယ် မပြောသင့်ကြောင်း ပုဂ္ဂိုလ်ကြီးသုံးဦးစလုံး နားလည်သဘော ပေါက်ပြီး ဖြစ်ကြသည်။

ထိုစဉ် ခေါင်မိုးပေါ်မှ တဒုန်းဒုန်းအသံ ကြားရ၏။

တုထန်ဟိုသည် စိတ်မထိန်းနိုင်တော့ဘဲ ပြတင်းပေါက်မှ ခုန် ထွက်သွားတော့သည်။

ချင်းချန်အဲဘိုးအိုနှစ်ဦးသည် ကပျာကယာဝင်လာ၏။

'ဘာဖြစ်တာလဲ ဆရာတော်'

'ခေါင်မိုးပေါ်က တဒုန်းဒုန်းအသံ ကြားတာနဲ့ တိဗက် တုထန်ဟို ပြေးထွက်သွားတယ်'

ထိုစဉ် အပေါ်မှ တဒုန်းဒုန်းအသံများ ပျောက်ကွယ်သွား၏။

ခန်းမကြီးထဲသို့ တုဆန်ဟိုမှတစ်ပါး သိုင်းသမားအစုံအလင် ပြန်ရောက်လာသည်။

ခန်းမကြီးထဲ၌ စကားပြောသူမရှိဘဲ ငြိမ်သက်မြဲ ငြိမ်သက် နေသည်။



တုထန်ဟိုသည် ခေါင်မိုးပေါ် ခုန်တက် ရောက်ရှိလာသော် လည်း မည်သည့် အရိပ်အယောင်ကိုမျှ မတွေ့ရဘဲ ရှိနေသည်။

ထို့ကြောင့် အခြားအဆောင်များ၏ ခေါင်မိုးများပေါ်သို့ အဆင့်ဆင့် ခုန်ကျော်ပြီး လိုက်လံရှာဖွေသည်။

လရောင်အနည်းငယ်သာ ရှိနေသဖြင့် ဝမ်မိသားစု ခြံဝင်း ထဲ၌ လှုပနေနံသော သစ်ပင်ပန်းမန်များကိုပင် တွေ့နေရသည်။

တုထန်ဟိုသည် ခေါင်မိုးပေါ်၌ ဝမ်းလျားထိုးမှောက်ကာ ခေါင်မိုးအစွန်းမှ အောက်ထပ်သို့ ချောင်းကြည့်သည်။

မီးရောင်လိုလို တွေ့လိုက်ရသဖြင့် လူတစ်ယောက်ရှိနေပြီဟု မှတ်ချက်ချ၏။

ထို့ကြောင့် အုတ်ကြွပ်မိုးကို နားဖြင့် ဖိကပ်၍ ဒထဲမှအသံ ကို နားထောင်ကြည့်သည်။

ရယ်သံသဲ့သဲ့ ကြားလိုက်ရသဖြင့် လူရှိကြောင်း သေချာ သွားသည်။

'တစ်ယောက်ဘည်း ခေါင်မိုးပေါ်က ချောင်းမြောင်း နား ထောင်နေရတဲ့ ဒုက္ခဟာ မသေးလှပါဘူး ဝင်ခဲ့၊ အခန်းထဲ မှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဝင်ခဲ့ပါ'

ရော...ရန်သူကပင်မိမိရောက်နေကြောင်း သိနေပြီး

www.burmeseclassic.com

 www.burmeseclassic.com

ကြားလိုက်ရသည့်အသံမှာ စူးရှသဖြင့် မိန်းမသံ ယောကျ်ား သံ ခွဲခြား၍မရဘဲ ရှိနေသည်။

'ခင်ဗျားနဲ့ကျုပ်နဲ့ ဘာစကားမှ ပြောစရာမရှိဘဲဗျာ'

'ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ ချောင်းနားထောင်နေရတာ လဲ'

'ဒီဝမ်ဂေဟာကြီးထဲမှာ လျှို့ဝှက်မှုတွေ ပြည့်နေတယ်၊ ခု သတိမရှိရင် တမလွန်ဘဝ ရောက်သွားနိုင်တယ်လေ'

'ခင်ဗျား စိတ်ထင်လို့ပါ၊ ဝမ်ဂေဟာက အေးချမ်းပါတယ် မယုံရင် ခင်ဗျား ကျုပ်အခန်းထဲကို ဝင်လာခဲ့ပါလား'

'ဟား...ဟား... ဟား....ဒီလို ခေါ်လို့တော့ မရပေဘူးဗျာ ကျုပ်လဲ နလပိန်းတုံးတစ်ယောက် မဟုတ်ပါဘူး၊ နလပိန်းတုံး တစ်ယောက်ဆိုရင်တော့ ခင်ဗျားရဲ့ လိမ်ညာဖိတ်ခေါ်မှုကို ယူပြီး သတ်ခံချင် ခံနေရမှာပေါ့ဗျာ'

'ဒီလိုကြောက်နေရင်လဲ ဘာဖြစ်လို့ ချောင်းနားထောင်နေ ရတာလဲ၊ ဝမ်ဂေဟာကြီးနဲ့ဝေးအောင် ပြေးထွက်သွားပါ တော့လား'

ထိုတအတွင်းမှာပင် အောက်ထပ်၌ မီးရောင် ပျောက် ကွယ်သွား တဝုန်းဝုန်းနှင့် အောက်ထပ်သို့ ဆင်းပြေးသွား သည့်အသံ ကြားလိုက်ရသည်။



ထိုခြေသံအရမှ အောက်မှလူသည် ဆိပ်တန်းသိုင်းပညာရှင် ဖြစ်နိုင်ဟု တုထန်ဟို ယူဆသည်။

သို့သော်....

စိတ်တိုးတိုးချ၍ ဆုံးဖြတ်ခြင်း မဟုတ်ပါချေ။

'အောက်ကမိတ်ဆွေ၊ ခင်ဗျား ကျုပ်ကို မသတ်ဘူးဆိုရင် ပြန်ထွန်းလိုက်ပါလား၊ ကျုပ် ဝင်လာခဲ့ပယ်လေ'

သို့သော် အောက်ဘပ်မှ မည်သည့် တုံ့ပြန်သံမျှ မကြားရ ပေ။

တုထန်ဟိုက အေးစက်စက်ရယ်လိုက်၏။

'ခင်ဗျားက အောက်ကိုပြေးဆင်းသွားတဲ့ ပုံစံမျိုး ကျုပ်ကို ပြတယ်၊ ကျုပ်က အဲဒီအချိုးကို မယုံဘူးဗျ၊ ကျုပ် ဝင်လာ ရင် ကျုပ်ကို ခင်ဗျား သတ်မယ်မဟုတ်လား၊ ကျုပ်က ဘယ် သူ့ကိုမှ အထင်မသေးခဲ့ဖူးဘူး၊ အဲဒီစိတ်ဓာတ်ကြောင့်လဲ ကျုပ် အခုထက်ထိ အသက်ရှင်နေခဲ့တာပဲ'

တုထန်ဟိုသည် အုတ်ကြွပ်တစ်ချပ်ကို လက်ဖြင့် ခွာယူလိုက် ၏။

ပြတင်းပေါက်ထဲသို့ ပစ်သွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခွမ်း....ချလန်း'

မှန်ကွဲသံများ ဆူညံသွားသည်။

သို့သော် အုတ်ကြွပ်ပြား ကျသံကိုမူ လုံးဝမကြားရပေ။

ရွှံ့ထဲကျလျှင်ပင် ဗျတ်ခနဲအသံ ကြားရပေလိမ့်မည်။

အံ့သြဖွယ်ကောင်းလေစွ။

တုထန်ဟိုသည် ခပ်အုပ်အုပ် ရယ်လိုက်လေ၏။

'ကြိုက်ပြီ၊ ကျုပ် ပစ်သွင်းလိုက်တဲ့ အုတ်ကြွပ်ကို ခင်ဗျား ဖမ်းယူထားလိုက်တော့ ကျုပ် ပိုသိတောင် ဆင်းမလာရဲတော့ဘူးပေါ့ဗျာ၊ ခင်ဗျားရှိနေတာ သေချာသွားပြီကိုးဗျ'

ဤစကားကို တုထန်ဟိုက တမင်ပြောခြင်းဖြစ်သည်။

အခန်းတွင်းမှလူ မည်သို့တုံ့ပြန်မည်နည်းဟု သိလို၍ ပြော လိုက်ခြင်းသာ ဖြစ်သည်။

သူသည် အုတ်ကြွပ်သုံးချပ်ကို ထပ်မံခွာယူလိုက်ပြီး မတူ သော အတွင်းအားများကို သုံးစွဲလျက် ခေါင်မိုးစွန်းမှ နေ အောက်ထပ်သို့ တစ်ချပ်ပြီးတစ်ချပ် ပစ်သွင်းတော့သည်။

အုတ်ကြွပ်ပြားသုံးချပ် ပြေးဝင်လာသည့်အရှိန်နှုန်းမှာ မ ညီသဖြင့် အောက်ထပ်မှလူသည် သာမန်သိုင်းသမားသာဖြစ် က မည်သို့မျှ ဖမ်းဆီးနိုင်မည် မဟုတ်ပေ။



သို့ရာတွင် အုတ်ကြွပ်ပြားများသည် မည်သည့်အသံမျှမကြား ရဘဲ အောက်ထပ်သို့ ဝင်သွားခဲ့ပေသည်။

ထိုအချက်ကြောင့် ခေါင်မိုးအောက်ထပ်ရှိ လူသည် သိုင်း ပညာစွမ်းပကား လွန်စွာကြီးမားလှကြောင်း တုထန်ဟို ရိပ်မိ သိရှိသွားပြီး ကျောရိုးထဲမှ စိမ့်ပြီး ကြောက်သွားမိသည်။

သူ၏ပထမစိတ်ကူးမှာ အုတ်ကြွပ်ပြားတစ်ချပ်ချပ် ကြမ်းပြင် ကို ထိတွေ့သည့်အသံ ကြားပါက သူပါ တစ်ပတ်ကျွမ်း ထိုး ချက် လသာဆောင်မှ ခုန်ဝင်လိုက်သွားရန် ဖြစ်သည်။

ယခုသော် တုထန်ဟို မစွန့်စားဝံ့တော့ပေ။

ဤနေရာ၌ အကျိုးအမြတ် တစ်စုံတစ်ခုရရှိမည်ဟု သေချာ ပါက အသက်စွန့်တန်စွန့်ရမည်ဟု တုထန်ဟို စဉ်းစားထားသည်။

ယခုမူ မည်သည့်အကျိုးအမြတ်မျှ မရရှိဘဲ သေဆုံးရမည့် ကိစ္စဖြစ်၍ ဤနေရာမှ အမြန်ဆုံး ထွက်ခွာ၍ ခန်းမထဲရှိ ကျန် ရှိနေသည့် သိုင်းသမားများအား ဤအကြောင်း ပြောကြားရန် မတ်တတ်ရပ်လိုက်မိလေ၏။

သို့သော် သူ မတ်တတ်မရပ်နိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် သူ့ကျောရိုးသို့ တစ်စုံတစ်ယောက် က လက်ညှိုးဖြင့် လာထောက်လိုက်သည်ကို ခံစားလိုက်ရသော ကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ့နားထဲသို့ အေးစက်စက်အသံတစ်သံ ဝင်လာသည်။

ယခုမင်း၏အသံသည် ဤအသံမျိုးဖြစ်လိမ့်မည်ဟု တုထန်ဟို ထင်လိုက်မိ၏။

'ကျုပ်စကားကို နားထောင်ပါ၊ ကျုပ်သတ်ချင်ရင် မျက်စိတစ်မှိတ်အတွင်း သေသွားနိုင်တယ်'

တုထန်ဟိုမှာ လှုပ်လည်း မလှုပ်နိုင်တော့ချေ။

ခုခံနိုင်ရန်ကား ဝေးသေစွ

ထိုလူက သူ့ကိုဆွဲထူလိုက်၏။

ထိုအခါ ထိုလူ၏မျက်နှာကို မြင်လိုက်ရသည်။

အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသူသည် သားရေတုမျက်နှာဖုံးစွပ်ထားသူဖြစ်ကြောင်း အတွေ့အကြုံများအရ တုထန်ဟို ရိပ်မိလိုက်၏။

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ပကတိမျက်နှာနဲ့ ကျုပ်ကို ရင်မဆိုင်ဝံ့တာလဲ'

'ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ဒီလိုပြောဝံ့တာလဲ၊ ကျုပ်အစွမ်းကို နည်းနည်းလောက် မြည်းစမ်းကြည့်ပါဦး'

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့်လူသည် တုထန်ဟို၏ သွေးကြောကိုကိုင်ပြီး သွေးပြောင်းပြန် စီးစေ၏။



တုထန်ဟိုမှာ မကြုံစဖူးသော ဝေဒနာကို ခံစားလိုက်ရပြီး တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလာလေတော့၏။

သူ အော်ဟစ်မိတော့မည့် အချိန်တွင် လူစိမ်းသည် သွေးကြောကို ဖြေလွှတ်လိုက်၏။

ထိုအခါကျမှ တုထန်ဟိုမှာ ဟင်းချနိုင်တော့သည်။

'ကျုပ်နောက်ကို လိုက်ခဲ့'

လူစိမ်းသည်တုထန်ဟို၏ခါးစည်းကိုဆွဲကိုင်၍ခေါင်မိုးပေါ်မှ အောက်သို့ ခုန်ချသည်။

ထိုလူ၏ကိုယ်ဖော့ပညာ ကောင်းလွန်းလှသဖြင့် သူကိုယ်တိုင် တိမ်တောင်ကလေးတစ်ခုပမာ ပေါ့ပါးစွာ ကျလာသည်။

သူတို့ မြေပြင်ပေါ်သို့ရောက်သည်နှင့် ဓားရှည်များ ဆွဲကိုင်ထားသည့် ဝတ်စုံနက်နှစ်ယောက် ရောက်ရှိလာ၏။

ထိုလူများက တုထန်ဟိုကို ကြမ်းတမ်းစွာဆွဲယူပြီး ဓားဖြင့် ခုတ်ပိုင်းရန် ကြံလိုက်သည်။

သို့သော်....

'ငါ စိတ်ပြောင်းသွားပြီ၊ သူ့ကို ပြန်လွှတ်လိုက်စမ်း၊ သူတို့ ငါ့ကို ဘယ်လောက် ယုံနိုင်သလဲဆိုတာ စမ်းသပ်ကြည့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားဆုံးသောအခါ လူစိမ်းသည် အမှောင်ထုထဲ ... ဝင် ပျောက်ကွယ်သွားတော့၏။

အစောင့်နှစ်ယောက်သည် သူတို့အရှင်သခင်၏ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြသည်မဟုတ်ပါ။

နောက်ပိုင်း အဖြစ်အပျက်များက ဤအချက်ကို သက်သေခံနေ၏။

အစောင့်တစ်ယောက်က တုထန်ဟို၏ ရင်ညွန့်ကို ဓားဖြ... ထောက်၍ အမိန့်ပေး၏။

'ပါးစပ်ဟာစမ်း'

'ဘာလုပ်မလို့လဲ'

'မသေချင်ရင်ဟာ'

'နောင်ကြီး သူ့ကို ဆေးတိုက်ပြီး လွှတ်မလို့လား'

'ဖမ်းမိတဲ့လူတိုင်း ဆေးတိုက်လွှတ်နေတဲ့ဟာကို၊ မင်းက ဘာ... ဖြစ်လို့ ထူးထူးဆန်းဆန်း မေးနေရတာလဲ'

မေးခွန်းထုတ်သူ နှုတ်ပိတ်သွားသည်။

တုထန်ဟိုမှာလည်း အကြီးအကျယ် ထိတ်လန့်သွားသည်။



'သွားပြီ၊ ဆန်ကွမ်းချိကို ငါမကယ်နိုင်တဲ့အပြင် ငါပါ သူ့လို အတိတ်မေ့တဲ့လူဘဝကို ရောက်ရတော့မယ်'

သတိခမပြီး တစ်ပါးကျွန်ဖြစ်ရတော့မည့် အရေးကို တွေးမိသည့် တုထန်ဟိုမှာ အသိစိတ်များ ပျောက်သွားမတတ် ထိတ်လန့်သွားမိတော့သည်။

တုထန်ဟိုသည် အကြောပိတ်ခံထားရသဖြင့် ခန္ဓာကိုယ်ကို လှုပ်ရှား၍ မရပေ၊ အတွင်းအားသုံး၍ အကြောဖွင့်ရန် ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်နေပါသဖြင့် ပါးစပ်ကိုသာ ဟပေးလိုက်ရတော့သည်။

တုထန်ဟို၏ ပါးစပ်ထဲသို့ ဆေးမှုန့်ထည့်မည့်အစောင့်သည် သူတွေ့ဖူးခဲ့သည့်အကျဉ်းသားများထဲ၌ အထူးခြားဆုံးအကျဉ်းသားကို တွေ့လိုက်ရသဖြင့် လွန်စွာအံ့ဩသွားသည်။

'ခင်ဗျားဟာ တကယ်ပြတ်သားတဲ့လူပဲ၊ ဆေးသောက်ပြီးတဲ့အခါမှာတော့ ကျုပ်တို့နဲ့ရဲဘော်ရဲဘက် ဖြစ်ပါပြီ၊ ခင်ဗျားလိုလူမျိုးနဲ့ ရဲဘော်ရဲဘက်ဖြစ်ရတဲ့အတွက် ကျုပ်အထူးပဲဂုဏ်ယူပါတယ်ဗျာ'

နောက်မှ အစောင့်သည် ဓားကို အောက်သို့ ချလိုက်ပြီး ဆေးတိုက်မည့်သူအား လှမ်းပြော၏။

'နောင်တော် ဆေးလုံးကို လျှော့တိုက်ရင် ကောင်းမယ်၊ တခြားလူဆိုရင် ပါးစပ်ကိုပိတ်ထားတာနဲ့၊ ငြင်းဆန်တာနဲ့၊

www.burmeseclassic.com



အတော်ကို ရှုတ်ရှုတ်သဲသဲလုပ်တတ်တယ်၊ သူကတော့သိပ်လွယ

တယ်ဗျာ၊ ဆေးလုံးသိပ်များသွားလို့ သူ့နှလုံးကို ထိခိုက

သွားရင် ကျွန်တော်တို့အတွက်ပဲနစ်နာမှာပဲ'

ဆေးတိုက်မည့်အစောင့်သည် တုသန်ဟိုအား သဘောက

နေသူဖြစ်၍ သူ့မိတ်ဆွေအစောင့်၏ အဆိုပြုချက်ကို လွယ်လွယ

ကူကူလက်ခံသည်။

'အေး....ဟုတ်တယ်၊ ဆေးနှစ်လုံးလောက် လျှော့လိုက်မယ

ဆေးတိုက်မည့်အစောင့်က တုသန်ဟိုအား ရှင်းပြ၏။

'မိတ်ဆွေကြီး၊ ခင်ဗျားရဲ့ပြတ်သားတဲ့စိတ်ဓာတ်ကို သဘော

ကျလို့ ဆေးနှစ်လုံးလျှော့လိုက်ပြီ၊ တကယ်လို့ ဆေးအပြည

တိုက်ရင် ခင်ဗျားသုံးရက်တိတိမေ့မြောသွားမယ်၊ အခုတော

အဲဒီအဆင့် မရောက်တော့ဘူးလို့ ထင်ပါတယ်၊ မူးမိုက

လောက်ပဲ ရှိလိမ့်မယ်လို့ ယူဆရတာပဲ'

❖

တုထန်ဟိုသည် သူ့ ပြတ်ပြတ်သားသား ပါးစပ်ဟပေးလိုက

သည့်ကျေးဇူးကို ချက်ချင်းလက်ငင်း ခံစားနေရသည်။



'ကျေးဇူး တင်ပါတယ်၊ မင်းတို့ကို မိတ်ဆွေကောင်းတွေ

အဖြစ် အခုကတည်းက သတ်မှတ်လိုက်ပါတယ်'

ဆေးတိုက်မည့်အစောင့်က ရှင်းပြ၏။

'ကျုပ်တို့ဂိုဏ်းချုပ်ကြီးက ခွင့်လွှတ်လိုက်တဲ့လူ အငံမတန်

ဘူးတယ်၊ သေတဲ့လူပဲများတယ်၊ ကြည့်ရတာ ခင်ဗျားအခုနေနဲ့

ဘူ သဘောကျအောင် တစ်ခုခုလုပ်လိုက်ပုံရတယ်'

တုထန်ဟိုသည် အုတ်ကြွပ်ချုပ်များ ပစ်သွင်းခဲ့သည့်အချက်

များကို စဉ်းစားမိ၏။

'ဂိုဏ်းချုပ်ကြီးဆိုပါကလား၊ ဘာဂိုဏ်းများလဲ မသိဘူး'

သူ တွေးနေစဉ် အစောင့်က ရှင်းပြ၏။

'ဂိုဏ်းချုပ်ကြီးက မသတ်နဲ့ပြောမှတော့ မိတ်ဆွေကြီးဟာ

ကိုယ်ရံတော်တပ်ဖွဲ့ထဲ ရောက်ဖို့ သေချာနေပြီ၊ ခင်ဗျား ကံ

ကောင်းပါတယ်၊ အထူးသဖြင့် ကျုပ်တို့နဲ့တွေ့တာ ပိုပြီး ကံ

ကောင်းတယ်'

'ကိုယ်ရံတော်တပ်ဖွဲ့တဲ့လား၊ ဘယ်သူ့ ကိုယ်ရံတော်တပ်ဖွဲ့

အစောင့်က ရယ်ရင်း....

www.burmeseclassic.com

www.burmeseclassic.com

'ဆေး အရှင်သောက်လိုက်ပါဗျာ၊ ပြီးတော့မှ ခင်ဗျား သိချင်တာတွေ အလိုအလျောက်သိလာပါလိမ့်မယ်'

တုထန်ဟို ပါးစပ်ဟပေးလိုက်၏။

အစောင့်က လျှာဖျားပေါ်သို့ ဆေးတစ်လုံးတင်ပေးသည်

ဤအတွက် သူ့ကို တုထန်ဟို အလွန် ကျေးဇူးတင်သွား သည်။

အကယ်၍ ပါးစပ်ထဲပစ်သွင်းလိုက်ပါက အာခေါင်ထဲ သွားလျှင် ဆေးလုံးကို ပြန်ထုတ်ရခက်သည်။

ယခုမူ....

တုထန်ဟိုသည် ဆေးလုံးကို လျှာဖျားအောက်သို့လှည့်ချ တ်တွေးကို မျိုချသည်၊

ဆေးလုံးကို မျိုချသည့်ပုံစံမျိုးဖြစ်အောင် ဟန်တီးခြင်း သည်။

ထို့နောက် အသက်ပြင်းပြင်းရှူပြီး မျက်ဖြူလန် သလို ပြသည်။

နောက်ပိုင်း လုံးဝမေ့သွားသလို ဟန်ဆောင်လိုက်သည်



အစောင့် နှစ်ယောက်သည် တုထန်ဟိုအား မြေပြင်ပေါ်၌ သာလှဲချပေးပြီး ပိတ်ထားသည့် အကြောများကို ဖွင့်ပေး ိုက်သည်။

တုထန်ဟိုသည် အသားများတဆတ်ဆတ်တုန်လာသယောင် န်ဆောင်ပြသည်၊

ဆေးတိုက်သည့်အစောင့်က အခြားတစ်ယောက်ကို လှမ်း ပြော၏။

'ဒီမိတ်ဆွေ ဘယ်လိုဖြစ်သွားတာလဲ၊ ဆေးတစ်လုံးထဲ ဆို မေ့စရာအကြောင်းမရှိဘူး'

အခြား တစ်ယောက်က....

'သူ့အတွင်းအားသိပ်မကောင်းဘူးနဲ့တူတယ်၊ ဒါကြောင့် မေ့သွားတာနဲ့တူတယ်'

ထိုစကားများကို ကြားနေရသည့် တုထန်ဟိုသည် ဟင်းခနဲ က်ပြင်းချပြီး မျက်လုံးများဖွင့်ကာ ကြီးကြည့်ကြောင်ကြည့် ည့်နေတော့၏။

ဆေးတိုက်သည့် အစောင့်က....

'ဟော....သတိရလာပြီ၊ အံကိုက်ပါပဲကွာ၊ ဒီလောက်တော့ မှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးက သူ့ကို ဘာခေတ္တ သဘောကျသွားသလဲ မသိဘူး၊ ဆေးတစ်လုံးတည်းကိုတောင် အတွင်းအားနဲ့ နှိုင် နိုင်ပုံမရဘူး'

'အေး…ဒါတောင် ငါ ဆေးနှစ်လုံး လျှော့လိုက်ပေလို့ ဆေးလုံးများမလျှော့ရင် တစ်ခါတည်းအသက်ထွက်သွားမလား မသိဘူး၊ ဟား…ဟား…ဟား'

'နောင်ကြီး၊ သူ့ကိုဒီနေရာမှာထားလို့မဖြစ်ဘူးနဲ့ တူတယ် ပန်းရုံဟိုဘက်မှာထားမှတော်လိမ့်မယ်၊ ဝမ်ဂေဟာထဲမှာ သိုင်း သမားတွေကလဲ များပါတီသနဲ့'

'ကောင်းတယ်၊ မင်းက ခြေထောက်က မ'

အစောင့် နှစ်ယောက်သည် တစ်ယောက်တစ်ဖက် မ ပန်းရုံ၏အခြားတစ်ဖက်သို့လှဲ၍ ပစ်ချလိုက်၏။

'ဖုန်း…'

ဖုန်များ တထောင်းထောင်း ထသွားရာ တုထန်ဟိုသည် အချိန်မဖြုန်းဘဲ လျှာအောက်မှ ဆေးလုံးကလေးကို ကပ် ကယာ ထွေးထုတ်ပစ်လိုက်ရသည်။

'ဟား…ဟား…ဟား…ခဏတော့ သည်းခံပေဦး မိတ်ဆွေ ကြီးရေ'



တုထန်ဟိုသည် အလွန်ပါးနပ်သူဖြစ်ရာ သစ်တုံး တစ်တုံးကို ချခံလိုက်ရသည့်အလား ငြိမ်ငြိမ် သက်သက်ပင် ခံယူလိုက် သည်၊

အစောင့်နှစ်ယောက်အနေဖြင့် လုံးဝ သံသယမရှိတော့ပေ။

အစောင့် နှစ်ယောက်သည် ထိုတခဏ်အတွင်းရှိ တုထန်ဟို လာနိုင်သေးဟု ယူဆထားသည့်အလား ပန်းရုံတစ်ဖက်တွင် ချလိုက်ပြီး ခပ်တိုးတိုးစကားပြောနေကြ၏။

သူတို့ပြောနေသည့် စကားများကို တုထန်ဟို ကောင်းစွာ းနေရပေသည်။

'ဝမ်ဂေဟာကြီးထဲမှာ သိုင်းသမားတွေ သိပ်များနေတယ်၊ ဘိုသာဘောရသလဲ'

'ဂိုဏ်းချုပ်ကြီးက ဒီလိုဖြစ်အောင်တမင်စီစဉ်တာပဲ မဟုတ်

'အေး…ဟုတ်ပုံရတယ်၊ ငါလဲ သေသေချာချာတော့ မသိ လေ'

တုထန်ဟိုသည် သူ့အတွက် ကောင်းစွာအချိန်ရမှန်းသိသော ဖုန်မှုန့်များထဲသို့ ထွေးထုတ်လိုက်သည့် ဆေးလုံးကို ကောက် မ်း၍ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့သောအခါ အတွင်းအိတ်ထဲသို့ ဖြည်းညင်းစွာ ထ[illegible]
ထားလိုက်ရသည်။

သို့သော် ဤမျှထက် ပို၍ မလှုပ်ရှားရဲပေ။

ဟုထန်ဟိုသည် ခန်းမကြီးထဲမှသိုင်းသမားများ ဘာဖြစ်[illegible]
ကြပြီလဲဟု စိတ်ထဲ၌တွေးနေမိ၏။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါအစောင့်နှစ်ယော[illegible]
ထလာပြီး တုထန်ဟိုအားလာကြည့်၏။

တုထန်ဟိုက မျက်စိများ ပိတ်ထားလိုက်သည်။

'မိတ်ဆွေကြီး၊ ဘယ့်နှယ်နေသေးသလဲ'

တုထန်ဟို စကားမပြောပေ။

'အား....ကျွတ်....ကျွတ်....ကျွတ်'

ရှီ့ ရှီ့ မဲ့မဲ့စုတ်သပ်ပြလိုက်သောအခါ အစောင့်နှစ်ယော[illegible]
က ကျေနပ်စွာ ရယ်မောကြလေတော့၏။

'ကျုပ်တို့ ဆေးနှစ်လုံးလျှော့တိုက်တာကို ခင်ဗျားသိ[illegible]
မယ် မထင်ဘူး၊ ဒါတောင် ဆေးစွမ်းကမပြယ်သေးဘူး'

အခြားအစောင့်တစ်ယောက်က သူ့ထက် ဝါစဉ်ကြီး[illegible]
အစောင့်တစ်ယောက်အား ပြန်ခမေးနေသည်။



'နောင်ကြီး၊ ဒီအဆိပ်က ဖြေဆေးမရှိဘူးလား'

'ရှူး....မင်း ဘာအဓိပ္ပာယ်နဲ့မေးတာလဲ'

'ကျွန်...ကျွန်တော်က ရိုးရိုးမေးတာပါ၊ ကျွန်တော်သစ္စာ
[illegible]ောက်ဖို့တဲ့လူမဟုတ်ပါဘူး'

'အေး....ဒီမေးခွန်းမျိုး ငါ့ကိုပဲမေး၊ တခြားလူကို သွား
[illegible]မေးနဲ့'

'ဟုတ်....ဟုတ်ကဲ့၊ ဒီလူသတိမေ့၊ အတိတ်မေ့သွားတာကို
[illegible]ည့်ပြီး ဖြေဆေးရှိမရှိစဉ်းစားမိ၊ မေးမိတာပါ၊ တခြား ဘာ
[illegible]ဒိပ္ပာယ်မှ မရှိပါဘူး'

'ဖြေဆေးတော့ရှိပါတယ်၊ ဂိုဏ်းချုပ်ကြီးဆီမှာပဲ ရှိတယ်၊
[illegible]ဖြေဆေးကို ဂိုဏ်းချုပ်ကြီးကလွဲလို့ဘယ်သူမှမဖော်စပ်နိုင်ဘူး၊
[illegible]တော့ ဒီအဆိပ်ကျွေးပြီးတဲ့လူကို သစ္စာဖောက်မှာ လုံးဝ
[illegible]ိုးရိမ်ရတော့ဘူး၊ တကယ့်လူရင်း လူယုံဖြစ်သွားတာပဲ'

ဆေးတိုက်သည့် အစောင့်သည် တုထန်ဟို၏ သွေးကြော
[illegible]ကြောများကို လက်ဖြင့်အသာအယာပုတ်ပေးပြီး ညင်သာ
[illegible]ပြော၏။

'မိတ်ဆွေကြီး ထထိုင်ကြည့်ပါဦး'

တုထန်ဟိုက ခက်ခက်ခဲခဲထထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေလို့ ထိုင်လို့ကောင်းရဲ့လား၊ ခေါင်းထဲမှာ မှုးနေသေးသလား'

'သိပ်မမှုးတော့ပါဘူး'

'ကောင်းလာပါပြီ၊ ခင်ဗျားရဲ့နာမည်ကို ပြောစမ်းပါဦး ဗျာ'

တူထန်ဟိုသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

နဖူးမှချွေးများ သီးလာသည်။

သူ့ဆံပင်များကို ဆုပ်ဖွသည်။

အတန်ကြာအောင် ခက်ခက်ခဲခဲစဉ်းစားနေပြီးမှ ပြန်လည် မေးခွန်းထုတ်လေ၏။

'ခင်ဗျားတို့ဘာမေးတာလဲ'

'နာမည်...နာမည်၊ ခင်ဗျားရဲ့ မျိုးရိုးနာမည်'

တူထန်ဟို စဉ်းစားပြန်၏။

အတန်ကြာမှ....

'ကျုပ်မှာ နာမည်မရှိဘူးဗျ၊ အဲ...ရှိတော့ ရှိမှာပေါ့ ကျုပ်စဉ်းစားလို့မရဘူးဗျ၊ တိန်မျိုးရိုးလား၊ တူမျိုးရိုးလား တစ်ခုခုတော့ တစ်ခုခုပဲ'



'အခု...ခေါင်းထဲမှာ ဘယ်လိုနေသေးလဲ'

'တော်တော်ကလေးကြည်လင်လာပါပြီ၊ ဒါပေမယ့် ကျုပ် ဘယ်သူဆိုတာ ကျုပ်ကိုယ်ကျုပ် မသိဘဲဖြစ်နေတယ်ဗျာ၊ တော်တော်ထူးဆန်းတဲ့ ကိစ္စပဲ'

ဆေးတိုက်သည့်လူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

## ဉာဏ်ကောင်းသော တိဗက်ဆရာကြီး

ဆေးတိုက်သည့်အစောင့်က တူထန်ဟိုး၏မျက်နှာကိုစေ့စေ့
ကြည့်ပြီး ပြောချလိုက်၏။

'ခင်ဗျားကို ကျုပ်တို့က အဆိပ်တိုက်ထားခဲ့ပြီးပြီ'

'ဗျာ...အဆိပ်ဟုတ်လား၊ ဒါဖြင့် ကျုပ် ဘာဖြစ်လို့ မသေ
တာလဲ'

တူထန်ဟိုး အင်မတန် ဟန်ဆောင်ကောင်းသည်။

'အေးလေ...ကျုပ် စကားပြောလောသွားတယ်၊ အဆိပ်
မဟုတ်ပါဘူး၊ အတိတ်မေ့ ဆေးပါ'

တူထန်ဟိုးက သူ့ခေါင်း သူ ပုတ်လိုက်သည်။



'ဟုတ်တယ်၊ ကျုပ်ရဲ့ နောက်ကြောင်းတွေကို လုံးဝ မြန်
…ဉ်းစားလို့မရတာ ဒါကြောင့်ကိုး'

'ခင်ဗျား သိပ်ထဲစိတ်မပူပါနဲ့၊ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ကြီး
…ပေါ် သစ္စာရှိရုံသာ အမှုထမ်းပါ၊ အချိန်တန်ရင် ဖြေဆေး
…ပါပဲ၊ အဲဒီလို ဖြေဆေးရပြီး ရာထူးအဆင့် မြင့်သွားတဲ့
…ကားသားတွေ အများကြီးရှိနေပါတယ်'

'ဂိုဏ်းချုပ်ကြီး...ဟုတ်လား၊ ဘယ်ကဂိုဏ်းချုပ်ကြီးလဲ'

'ကျုပ်တို့ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးပေါ့၊ သူ့အပေါ်
…စ္စာရှိရမယ်'

'ကောင်းပါပြီ၊ ကျုပ်သစ္စာရှိပါ့မယ်'

'ခင်ဗျား ဘယ်ကရောက်လာတာလဲ'

တူထန်ဟိုး ခေါင်းကုတ်သွား၏။

'ကျုပ်...ကျုပ် မသိဘူး၊ ညွှန်းလိုလို ဘာလိုလိုကပဲ'

အစောင့်နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်
…ကြည့်လိုက်၏။

ဆေးတိုက်သည့်အစောင့်က တူထန်ဟိုးအား...

'ကဲ...ခင်ဗျားလာခဲ့တဲ့နေရာကို ပြန်သွားခပေတော့၊ သတင်း
…ရင် ကျုပ်တို့ကို သတင်းပြန်ပို့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ ကျုပ်က ဘယ်ကလာလို့ ဘယ်ကိုသွားရမှာလဲ'

'ခင်ဗျား ဒီဝမ်ဂေဟာ ခြံကြီးထဲကလာတာတော့ သေချာတယ် မဟုတ်လား'

တုထန်ဟိုက မရေမရာ ခေါင်းညိတ်၏။

'ဒါဆိုပြီးတာပဲ၊ ခင်ဗျား ဝင်ချင်တဲ့အဆောင် လျှောက်ဝင်ဗျာ၊ ခင်ဗျားရဲ့ မိတ်ဆွေဟောင်းတွေနဲ့ တွေ့ချင်တွေ့လိမ့်မယ် အလိုက်သင့် အလျားသင့်နေပြီး သူတို့ဆီက ကြားရတဲ့သတင်းကို ကျုပ်တို့ကိုပြော၊ ဝတ်စုံနက်ဝတ်ဆင်ထားတဲ့ လူတိုင်းလိုလိုဟာ ခင်ဗျားရဲ့ ဘက်တော်သားတွေလို့ပဲ မှတ်ထားပါ'

တုထန်ဟို အလွန်အံ့ဩသွားသည်။

သူ့အား ဤသို့ အလွယ်တကူပြန်လွှတ်ပေးလိမ့်မည်ဟု လုံးဝ မထင်မိခဲ့ချေ။

ရန်သူများသည် သူတို့ဆေးကို သူတို့ အတော်ကလေး ယုံကြည်ကိုးစားထားဟန် ရှိသည်။

ထိုခဏမှာပင် ဆန်ကွမ်းချီကို သတိရလိုက်သဖြင့် တုထန်ဟိုမှာ ကြက်သီးထသွားတော့သည်။

'ဟင်း....ငါတောင် ကံကောင်းလို့ပဲ၊ နို့မို့ရင် ဆန်ကွမ်းချီပုံစံအတိုင်းဖြစ်မှာ သေချာတယ်၊ သူတို့ ဆေးကလဲ တကယ် ထူးခြားမွမ်းတာပဲကိုး'



တုထန်ဟို တွေးနေစဉ် ဆေးတိုက်သည့်အစောင့်က ရုတ်တရက် မေးလေ၏။

'ခင်ဗျား ဘာတွေစဉ်းစားနေတာလဲ'

'ကျုပ် သစ္စာဖောက်သွားမှာကို ခင်ဗျားတို့ မစိုးရိမ်ဘူးလား'

'ဟား....ဟား....ဟား၊ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိတဲ့လူက ဘယ်လိုလုပ် ကျုပ်တို့ကို သစ္စာဖောက်နိုင်မှာလဲ၊ တကယ်လို့ ခင်ဗျား တကယ်သစ္စာဖောက်ချင်စိတ် ပေါ်လာရင် ခင်ဗျားရင်ထဲမှာ နာလာမယ်၊ အော့ချင်အန်ချင် ဖြစ်လာမယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့ဆေးက ဒီလောက်ထူးခြားမွမ်းတာဗျ၊ အဲဒီလို ဖြစ်လာပြီးရင် ဆယ်ရက်အတွင်းမှာ ခင်ဗျား သေပြီသာမှတ်ပေတော့'

'ကြောက်စရာပါလားဗျာ'

'ဟား....ဟား....ဟား၊ ဒါက သဘောလောက်ပဲ ရှိသေးတယ်၊ ဒီထက်သိရင် ဒီထက်ပိုကြောက်လာရဦးမယ်၊ ဒါကြောင့်မို့ ခင်ဗျားကို ဒီလောက် စိတ်ချလက်ချ လွှတ်ပေးရဲတာပေါ့၊ ကဲ....ခင်ဗျား ထရပ်ကြည့်ပါဦး'

တုထန်ဟို ထရပ်သည်။

'ကဲ....ခင်ဗျား သွားပေတော့၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီး အပေါ် သစ္စာရှိနေသရွေ့ ခင်ဗျား အသက်ရှင်နေမှာပဲ၊ သွားပေတော့'

www.burmeseclassic.com

www.burmeseclassic.com



တုထန်ဟိုသည် ကူခန္ဓြမပျက်စေရန် ခပ်ဖြည်းဖြည်းလျှောက် ထွက်လာ၏။

သူ့စိတ်ထဲကမူ ခန်းမကြီးထဲ၌ ငြိမ်သက်သည့်အခြေအနေရောက်နေပြီကို သိချင်လှပေပြီ။

မကြာမီ....

ပန်းရုံများ ကွယ်သွားသဖြင့် တုထန်ဟို ခပ်မြန်မြန်လျှောက်လှမ်းရသွား၏။

အတန်ကြာ လျှောက်မိသောအခါ သူထွက်ခွာခဲ့သည့် ခန်းမကြီးရှေ့သို့ ရောက်ရှိလာတော့သည်။

'ဟင်'

ခန်းမကြီး၏ရှေ့ဘက် တံခါးမကြီးရှေ့၌ ငုတ်တုတ်ထိုင်နေသည့် ယွမ်ရှောက်သည် အလွန်တရာ အံ့သြသွားသည်။

'ကျုပ်....ကျုပ်ရဲ့အစ်ကိုကြီးကော'

တုထန်ဟိုက ခပ်သွက်သွက် ပြန်ဖြေလိုက်ရ၏။

'သူ့ခန်းထဲမှာ ရှိနေတယ်'

ခန်းမကြီးထဲ၌ရှိနေရာမှ အဘယ်ကြောင့် အပြင်သို့ရောက်ရှိနေသနည်းဟု ယွမ်ရှောက်မေးချင်သည်။



သို့သော် မမေးတတ်သဖြင့် အထစ်အငေါ့ ဖြစ်နေခဲ့တော့သည်။

တုထန်ဟိုသည် ရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့ဘဲ တံခါးမကြီးကို ပြင်းထန်စွာ ခေါက်လိုက်လေ၏။

'ဘယ်သူလဲ'

'ကျုပ်ပါ'

ကျွီခနဲ တံခါးမကြီး ပွင့်သွား၏။

ဆရာတော်တက်မုသည် တံခါးဝ၌ ထွက်ပေါ်လာ၏။

တုထန်ဟိုမှန်း သိသောအခါ အထဲသို့ ဝင်နိုင်ရန် ကိုယ်ကို ရှိပေး၏။

တုထန်ဟိုသည် ယခင်မူလ ရပ်နေသည့်နေရာ၌ မျက်နှာထားတည်တည်ဖြင့် သွားရပ်နေတော့၏။

ဆရာတော်တက်မုက....

'တုထန်ဟို၊ ခင်ဗျား ဘယ်သွားနေတာလဲ'

တုထန်ဟိုသည် လုံးဝစကားမပြောဘဲ တက်မုဆရာတော်ကို ခပ်စိန်းစိန်း ပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်သည် တုထန်ဟို တစ်စုံတစ်ခု ထူးခြားနေပြီကို ရိပ်မိလိုက်၏။

တုထန်ဟိုအနေဖြင့်မူ ဆုံးဖြတ်ချက်တစ်ခုချပြီး ထိုပုံစံအတိုင်း ဟန်ဆောင်နေရခြင်း ဖြစ်တော့သည်။

'ခစ်... ခစ်.... ခစ်'

မိန်းကလေး၏ ရယ်သံသည် ရှင်မြူးစွာ ထွက်ပေါ်လာသည်။

'အဲဒီမိတ်ဆွေကြီး ဒီကို လာစမ်းပါ'

တုထန်ဟိုသည် သူ့ကိုယ်သူ ချီးကျူးလိုက်မိ၏။

'အင်း....ငါထင်တဲ့အတိုင်းပဲ၊ သူတို့မှာ ချိတ်ဆက်ရှိရမယ် ဒါမှမဟုတ် နားလည်မှု တစ်ခုခုရှိရမယ်'

သူသည် မထုံတက်တေး အမူအရာဖြင့် မိန်းကလေးထံသို့ လျှောက်သွား၏။

သူမက ဆန်ကွမ်းချီရှိရာသို့ ညွှန်ပြပြီး....

'သူ့ဘေးမှာ ရှင်သွားရပ်နေ'

တုထန်ဟိုသည် ကျိတ်၍ဝမ်းသာသွား၏။



သူ့အနေဖြင့် ဆန်ကွမ်းချီ၏ဒုက္ခကို တစ်နည်းတစ်ဖုံ ကယ်တင်နိုင်ပေတော့မည်။

ထို့ကြောင့် မိန်းကလေး၏ အမိန့်အတိုင်း ဆန်ကွမ်းချီ၏ဘေး၌ သွားရပ်နေလိုက်သည်။

'ခစ်....ခစ်....ခစ်'

မိန်းကလေးက ရယ်ရင်းဆက်ပြော၏။

'အခုတွေ့လား၊ ဟိုတစ်ယောက် ဘယ်လို ဖြစ်သွားသလဲ၊ နောက်ထပ် တစ်နာရီလောက်ကြာရင် ရှင်တို့အားလုံး သူတို့ တစ်ယောက်ပုံစံအတိုင်း- ဖြစ်သွားလိမ့်မယ်'

စောစောက တက်မုဆရာတော်တစ်ယောက်သာ တုထန်ဟိုအား ထူးခြားနေသည်ဟု ခန့်မှန်းခဲ့သည်။

ယခုမူ အခန်းထဲရှိ သိုင်းသမားအားလုံး တုထန်ဟို၏အဖြစ်ကို ကြည့်ပြီး ထိတ်လန့်သွားကြတော့သည်။

'ဘယ်လိုဖြစ်ရတာလဲ၊ တိဗက်သိုင်းသမား လူစွမ်းကောင်းကြီးလဲ ဒီမိန်းကလေးရဲ့ ရုပ်သေးရုပ်ဖြစ်ရတာပါပဲလား ဘုရား ဘုရား'

ဖန့်မုဆရာတော်က လက်အုပ်ချီပြီး တီးတိုးရေရွတ်နေသည်။

တက်မုဆရာတော်က ကွမ်းစန့်စင်အား ခပ်တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူကို ကျုပ်သွားစစ်ဆေးမယ်'

'မသွားနဲ့ဆရာတော်၊ အနီးကပ်တာနဲ့ တိုက်ခိုက်မှာ သေချာတယ်'

'သူ ထိန်းချုပ်ဆေး သောက်လာခဲ့ရပြီနဲ့တူတယ်'

'သေချာတယ်၊ ဒါကြောင့်မို့ သူ့နားကို မသွားဖို့ တားတာပေါ့'

'ကိစ္စမရှိပါဘူး၊ ကျုပ်ကိုယ်ကျုပ် ကာကွယ်နိုင်ပါတယ်၊ သူ့နားသွားကြည့်လိုက်ဦးမယ်'

'သတိထားနော်ဆရာတော်'

ကွမ်းစန်းစင်က သည်းမျှပဲပြောသည်၊

တက်မုဆရာတော်သည် တုထန်ဟိုအနီးသို့ လျှောက်လာ၏၊

မိန်းကလေးကရယ်ရင်း တုထန်ဟိုအား လှမ်း၍အမိန့်ပေးလေ၏၊

'ဆရာတော်ကိုရိုက်မလွှတ်နဲ့နော်၊ ကျွန်မအမိန့်ပေးမှ ရှင်လုပ်ရမယ်'

တုထန်ဟိုသည် အလွန်တရာအကင်းပါး၏၊



မိန်းကလေးရယ်သံကြားလိုက်ရသည်နှင့် တက်မုဆရာတော်အား တိုက်ခိုက်ရန် သူ့လက်ကို မြှောက်ပြီးဖြစ်နေ၏၊

မိန်းကလေး၏စကားသံဆုံးသွားသည့်အခါတွင်မူ အမိန့်ကိုနာခံသည့်အလား မတိုက်ခိုက်ဘဲ လက်ဝါးကိုပြန်ချလိုက်လေ၏၊

ဤသို့ဖြင့် တက်မုဆရာတော်သည် တုထန်ဟို၏အနီးသို့ ချဉ်းကပ်လာလေတော့၏၊

တုထန်ဟိုကမူ မိန်းကလေး၏ အမိန့်စကားအရ ခပ်ကြောင်ကြောင်ကြည့်ကာ ရပ်နေရသည်၊

ဤသို့ဖြင့် တက်မုဆရာတော် နီးကပ်လာ၏၊

'တိုက်စမ်း'

မမျှော်လင့်ဘဲ အော်ဟစ်အမိန့်ပေးလိုက်သည်၊

မိန်းကလေး၏စကားကြောင့် တုထန်ဟိုမှာ ရုတ်တရက်ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်၊

သို့သော် အချိန်မီ တက်မုဆရာတော်အား လက်သီးဖြင့်ထိုး၏၊

ဆရာတော်က လက်ဝါးဖြင့် ခံသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွင်းအားကို ငါးပုံပုံ တစ်ပုံမျှသာသုံးပြီး ခုခံခြင်းဖြစ်သော်လည်း တုထန်ဟိုမှာ လက်သီးတစ်ခုလုံး၊ လက်မောင်းတစ်ဖက်လုံး ထုံကျဉ်တုန်ခါသွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရလေ၏။

'ဘုရားရေ၊ ဆရာတော်အတွင်းအားက တကယ့် ကြောက်စရာအတွင်းအားပါပဲလား'

တုထန်ဟိုသည် နောက်ဆုတ်ရင်း စိတ်ထဲမှ ပြောမိလေ၏။

သူမသည် ခါးကြား၌ ထိုးထားသည့် ခါးမြှောင် တစ်ချောင်းကိုဆွဲထုတ်ပြီး တုထန်ဟိုအား ကြိမ်းမောင်းသည်။

'အခဲတော် အသုံးမကျတဲ့လူပဲ'

သူမသည် ဆန်ကွမ်းချီမြင်အောင် ဓားကို ဝှေ့ယမ်းပြပြီး ထပ်မံအမိန့်ပေးလေ၏။

'တိုက်စမ်း၊ ဟိုလူ လုံးဝ အသုံးမကျဘူး'

ဆန်ကွမ်းချီ ရှေ့တက်လာသည်။

တုထန်ဟို၏ ပုံစံအတိုင်း လက်သီးဖြင့်ထိုးသည်။

တက်မုဆရာတော်က လက်ဝါးဖြင့် ခံသည်။

သို့သော် ဆန်ကွမ်းချီ၏အတွင်းအား ပြင်းထန် ကြီးမားမှုကြောင့် တက်မုဆရာတော် နောက်ဆုတ်သွားရ၏။



အကယ်၍ ဆရာတော်သာ အတွင်းအား အကုန်သုံးလျှင် ဆန်ကွမ်းချီအား ခုခံနိုင်ကောင်း ခုခံနိုင်ပေလိမ့်မည်။

ဆန်ကွမ်းချီက ခြေရှေလက်ပါတိုက်ခိုက်သောအခါ တက်မုဆရာတော်သည် သူ့အတွင်းအားကို ငါးပုံပုံ သုံးပုံ အင်အားဖြင့် ခုခံသည်။

ဆရာတော်အနေဖြင့် ငယ်ရွယ်သောဆန်ကွမ်းချီကို အမှန်တကယ်အားဖြင့် သိပ် အထင်မကြီးချေ။

ထို့ကြောင့် ငါးပုံ တစ်ပုံအင်အား၊ ငါးပုံသုံးပုံ အင်အားဖြင့် ခုခံခြင်းဖြစ်သည်။

သို့သော်....

ဆန်ကွမ်းချီက သူထင်သလိုမဟုတ်၊ သူ့ထက်ပင် အတွင်းအားပညာ မြင့်မားနေသူဖြစ်၏။

ထို့ပြင် ဆန်ကွမ်းချီ၏တိုက်ကွက်များကို ကြိုဖောင် တွေ့ဆနိုင်လည်း မရှိပေ။

ဤအကြောင်းနှစ်ချက်ကြောင့် တက်မုဆရာတော်မှာ ဆုတ်ပြီးရင်း ဆုတ်နေရတော့သည်။

တုထန်ဟိုမှာမူ မှင်သေနေရာ၌ရပ်ကာ ဆန်ကွမ်းချီ၏ သိုင်းပညာစွမ်းပကားကြီးမားပုံကို အလွန်ဟရာအံ့သြစွာကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

'အဲဒီသို့မှပေါ့၊ တိုက်ဖြီဆိုရင် အပေါ်စီးက တိုက်တာ မြင်ချင်တယ်'

မိန်းကလေးက အားရစွာ ချီးကျူးရင်း ဆိုကြား၏။

တက်မုဆရာတော်မှာ အမှန်တကယ်ပင် အောက်စီးမှ ခံ ... ရသည်။

ဆန်ကွမ်းချီ၏တိုက်ခိုက်ပုံပြင်းထန်သောကြောင့် ခန်းမထဲ ... သိုင်းသမားကြီးများအားလုံး အံ့ဩထိတ်လန့်ကုန်သည်။

ဆန်ကွမ်းချီမှာ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ ရဲတင်းစွ ... တိုက်ခိုက်သည်။

တိုက်စစ်လည်း ပို၍လျင်မြန်လာသည်။

အချို့သော လက်တိုက်ကွက်များကို တုထန်ဟိုပင် ကြည့်၍ ... မထွက်တော့ချေ။

ဖန်မုဆရာတော်သည် သူ၏နောင်တော် တက်မု ဆရာတော် ... နောက်ဆုတ်နေရသည်ကို ကြည့်ပြီး လက်အုပ်ချီ၍ လျှောက် ... ထား၏။

'နောင်တော်...ညီတော်တို့ရဲ့ ရှောင်လင်ဂိုဏ်း....'

'ကိစ္စမရှိပါဘူးညီတော်၊ သူ့သိုင်းပညာကို ထုတ်ပြီးကြည့် ... တာပါ၊ နောင်တော်အတွက် မစိုးရိမ်ပါနဲ့'



ကျွဲစကားကလည်း အမှန်ပင် ဖြစ်သည်။

တက်မုဆရာတော်သည် ရှောင်လင်ကျောင်း၏ သိုင်းကွက် ... ဆယ်နှစ်မျိုးကို အပိုင်အနိုင် တတ်ကျွမ်းထားသူဖြစ်၏။

ဆန်ကွမ်းချီ၏ သိုင်းပညာစွမ်းပကား မည်မျှပင် ကြီးမား ... ဖြစ်စေ ဆရာတော်သည် သူ့အသက်အန္တရာယ် မထိနိုက် ... ပင်ဘော့ ကောင်းစွာ ခုခံနိုင်စွမ်းရှိပေသည်။

တက်မုဆရာတော်သည် ဆေးများသုတ်လိမ်းပြီး ရုပ်ဖျက် ... သည့် ဆန်ကွမ်းချီ၏မျက်နှာကို အကဲခတ်သည်။

မျက်နှာပေါက်ကိုကြည့်၍ ဥပမိရုပ် ကောင်းမည့်သူ ဖြစ် ... ကြောင်း ခန့်မှန်းမိသည်။

ဆရာတော်၏ပညာနှင့်ဆိုလျှင် သာမန် ထိပ်သီးသိုင်းသမား ... ဆယ်ကွက်အတွင်း ရှုံးနိမ့်ရမည်။

... ဏ်ရာရရမည်။

... ခုသော် တိုက်ကွက်သုံးဆယ်ကျော်ခဲ့ပြီ၊

... န်ကွမ်းချီ ဒဏ်ရာမရသေး။

... ရာတော်ပင် နောက်ဆုတ်နေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကာယ်၍ ခန်းမထဲရှိ ဝါစဉ်ကြီးသိုင်းသမားများအား
ဝိုင်းဝန်းတိုက်ခိုက်မည် ဆိုပါက ဆန်ကွမ်းချီ မုချ ဗုဒ္ဓစွ
လိမ့်မည်။

ဤသို့ တိုက်ရန်ကိစ္စမှာ ဖြစ်ရန်ခက်ခဲသော်လည်း တ
ဟိုသည် မပြေးသော် ကံရာရှိ ကြိုတင် တွေးတောထား

ဆန်ကွမ်းချီ ဗုဒ္ဓရောက်ပါက ဆန်ကွမ်းချီအား ကူည
အဆင်သင့်ပြင်သားသည်။

သူသည် ထူးခြားသော ရေစက်ကြောင့် ဆန်ကွမ်းချီ
ညီငယ်တစ်ယောက်ကဲ့သို့ သံယောဇဉ် တွယ်မိနေသည်။

ထို့မှ နောက်ပိုင်းတွင် တက်မုဆရာတော်သည် သူ၏အ
အားကို ငါးပုံအပြည့်သုံး၍ ခုခံသဖြင့် ဆန်ကွမ်းချီ မျ
နိုင်တော့ဘဲ တန့်သွားသည်။

ဆရာတော် တကယ်တမ်း ပြင်းပြင်းထန်ထန် တိုက်ခိုက်
အခါတွင်မူ ဆန်ကွမ်းချီနောက်သို့ ခြေနှစ်လှမ်း ဆုတ်ပေး
သည်။

'အင်း....ငါကြောင့်လဲ ရှောင်လင်ကျောင်းတော်ဟာ
လောကရဲ့ မကိုင်နိုင်သော့ခဲအဖြစ် အမြဲတမ်း ရပ်တည်နိုင်
ကြီး'

သိုင်းသမားအသီးသီး၏ စိတ်ထဲ၌ ထိုအတွေးဝင်သ



ဆန်ကွမ်းချီ နောက်ဆုတ်သွားသောအခါ တက်မု ဆရာ
တော်က ရှေ့ဆက်၍ မတက်တော့ပေ။

နောက်ဦးရင်၍ စောင့်နေတော့သည်။

ဆန်ကွမ်းချီကလည်း ထပ်မံ၍ ရှေ့တိုးမလာတော့ပေ။

သူ့ပုံစံကိုကြည့်ခြင်းအားဖြင့် မြင့်တင်ထားသည့် အတွင်း
အားများကို လျှော့ချပစ်နေကြောင်း သိရှိရသည်။

ဖန်မုဆရာတော်သည် သူ့နောင်တော် တက်မုဆရာတော်
အနီးသို့ ချဉ်းကပ်လာပြီး လေသံနှင့် မေးမြန်းလေ၏။

'နောင်တော်၊ ဟိုလူငယ် ဒဏ်ရာရသွားသလား'

တက်မုဆရာတော်က ခေါင်းယမ်းပြလေ၏။

'ဒီသူငယ်ဟာ ငါတို့တစ်သက်မှာ ပထမဆုံး ကြုံတွေ့ရမယ့်
အင်အားအကြီးဆုံး ရန်သူ ဖြစ်နေပြီ၊ အကယ်၍သာ သူက
နောက်မဆုတ်ဘဲ ဆက်ထိုးစစ်ဆင်ရင် ငါ့အဖို့ သိက္ခာကျမှာ
သေချာတယ်'

အကျီဖြူဝတ်ဆင်ထားသည့် မိန်းကလေးသည် တိုင်နေသည့်
ခုံမှထ၍ ဆန်ကွမ်းချီအနီးသို့ တိုးကပ်သွား၏။

'ရှင် ဒဏ်ရာရသွားသလား'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏အသံမှာ တိုးသည်။

သို့သော်....

ခန်းမထဲရှိ သိုင်းသမားအားလုံး ထိုစကားကို ပီပီသသကြား ကြသည်။

ဝါစဉ်ကြီး သိုင်းသမားများ၏ စိတ်အာရုံသည် အလွန်တ[illegible] ရှူးရှ ထက်မြက်သဖြင့် နားပါကြသည်။

မျက်စိစူးကြသည်။

ဆန်ကွမ်းချီ ခေါင်းယမ်းပြနေကြောင်း တွေ့ရသည်။

ထိုမိန်းကလေးသည် ဆန်ကွမ်းချီကဲ့သို့သော နာမှန်းမသိ ညာမှန်းမသိသော လူတစ်ယောက်အား သနားညှာတာစိတ် ရှိ သည်မဟုတ်ပေ။

ဆန်ကွမ်းချီ၏ သိုင်းပညာ အလွန်ထူးချွန်သည်ကို သိရှိထား သဖြင့် ဆေးခတ်ပြီး သူမအတွက် လက်ကိုင်တုတ် လုပ်ထားခြင်း သာ ဖြစ်သည်။

တုထန်ဟိုသည်လည်း ထိုနည်းလည်းကောင်းပင်။

ထိုစဉ် တံခါးအပြင်မှ ယွမ်ရှောက်၏အော်သံ ထွက်ပေါ်လာ လေ၏။



'ဘယ်လိုလဲ၊ ခင်ဗျားတို့ လျှို့ဝှက်စကားတွေ ပြောလို့ မပြီး သေးဘူးလား၊ ကျုပ်က ဘယ်အထိ စောင့်ရမှာလဲ'

အင်္ကျီဖြူဝတ် မိန်းကလေးက ကခစ်ခစ်ရယ်ရင်း....

'မပြီးသေးဘူး၊ အပြင်ဘက်မှာပဲ စောင့်ဦး၊ ပြီးရင် ရှင်လာ ခေါ်ရမယ်'

တက်မုဆရာတော်က မိန်းကလေးအား လှမ်း၍ ပြောလိုက် သည်။

'ကဲ...ဒကာမလေး၊ ဘာတွေသပ်ပြီး အချိန်ဆွဲဦးမလို့လဲ'

'ကောင်းပြီ၊ ဆရာတော်တို့ကို ကျွန်မက ပြန်မေးရဦးမယ်၊ ဆရာတော်တို့လာတာ ဘာရည်ရွယ်ချက်နဲ့ လာတာလဲ၊ ဗျာပန ကိစ္စ တစ်ခုတည်းပဲလား'

တက်မုဆရာတော်က စဉ်းစဉ်းစားစား ဖြေ၏။

'လာကဲ့လူတိုင်း ရည်ရွယ်ချက်တွေ တူချင်မှ တူမယ်၊ အကြောင်းအမျိုးမျိုးနဲ့ လာကြတာပဲ၊ တိတိကျကျ ဖြေဖို့တော့ [illegible]ယ်လှဘူး'

သူမကလည်း ပြန်ပြောသည်။

'ဖေဖေဟာ သူ့လျှို့ဝှက်ချက်ကို သိသူတိုင်းကို လှမ်းသတ်ပြီး ပ်ခိုင်းတယ်၊ သိုင်းပညာကိုလဲ အမြဲတမ်းအဆင့်မြင့်နေအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစားတယ်၊ သိုင်းလောကသားတချို့ရဲ့ အသက်ကို ကယ်တင်ခဲ့တယ်၊ ဒါပေမယ့် ဖေဖေဟာ တစ်ချိန်တုန်းကသိုင်းလောက တိုက်ပွဲကြီးတစ်ခုဖြစ်အောင် လှုံ့ဆော်ပေးခဲ့တယ်'

တက်မုဆရာတော် အံ့ဩသွားသည်။

'ဘယ်လို...ဘယ်လို၊ သူ့ရဲ့ကောင်ကြီး ဝမ်ကျုံးထန်ဟာ ဒီလိုလုပ်မယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး'

'ခစ်...ခစ်...ခစ်၊ ဖေဖေဟာ တိုက်ပွဲကြီးကို မြှောက်ပေးခဲ့တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတိုက်ပွဲ ဖြစ်တဲ့အတွက် အကျိုးအမြတ် အများကြီး ရရှိခဲ့လို့ပဲ'

တက်မုဆရာတော်သည် ကိုယ့်ဖခင်အကြောင်း မကောင်းပြောနေသည့် မိန်းကလေးအား စိတ်ထဲ၌ သက်ပြင်းမကောင်းဖြစ်သွား၏။

သူမ အဘယ်ကြောင့် ဖခင်သိက္ခာကျသည့် စကားများပြောနေရသနည်း။

'ဒကာမလေး၊ ဒကာမလေးရဲ့ ဖခင်ကြီးနဲ့ အဆင်မပြေမှုဖြစ်ခဲ့ဖူးသလား'

အင်္ကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးက ခက်ထန်စွာပြောလေ၏။



'ဘာလဲ၊ ဆရာတော်တို့က လျှို့ဝှက်ချက်ပြောပါ ပြောပါနဲ့ ကတုန်ကယင်ပြောနေကြတယ်၊ အခု ပြောလဲပြောရောမယုံကြတော့ဘူးလား'

တက်မုဆရာတော် နှုတ်ဆိတ်သွားသည်။

'အဲဒီတိုက်ပွဲကြီးဟာ အဲဒတ်ကြီးကျယ်ပါတယ်၊ အဘက်လမ်း သိုင်းသမားတွေနဲ့ အောက်လမ်းသိုင်းသမားတွေဖြစ်ခဲ့တဲ့ တိုက်ပွဲပဲ၊ ပထမပိုင်းမှာ ဖေဖေဟာ အောက်လမ်းသိုင်းသမားတွေဘက်ကို အကူအညီတွေ ပံ့အောပေးခဲ့တယ်၊ ဒါပေမယ့် အောက်လမ်းသိုင်းသမားတွေ ရှုံးရိပ်မြင်ရာ အဘက်လမ်းသိုင်းသမားတွေဘက်က ကူညီတော့တာပဲ၊ ဒီအချက်ကို ရှောင်လင်ကျောင်းတော်က သိမှာသိမ်မှာယ်လို့ထင်တယ်'

တက်မုဆရာတော်က ခေါင်းမညိတ်၊ ခေါင်းမခါ။

ရှောင်လင်ကျောင်းတော်ဘက်မှ ဝမ်ကျုံးထန်၏ တကယ့်တမ်းအမူကို ရှောင်လင်ဘုန်းတော်ကြီးများမှလွဲ၍ အခြားမည်သူမျှ မသိနိုင်ကြပါ။

'ဖေဖေ ဒီလိုစိတ်ထားမျိုးရှိတော့မှ ကျွန်မကလဲ မုန်းပြောင်းရတာပေါ့၊ ဒါဆန်းသလား'

ထိုစဉ် မည်သူက ပြောလိုက်မှန်းမသိသည့် အသံတစ်သံသည် ခန်းမကြီးထဲသို့ ထိုးဖောက်ဝင်ရောက်လာ၏။

www.burmeseclassic.com



'ဇနီးသားသမီးနဲ့ သိုင်းလောကသားတွေ လေးစားခံရမယ့် ယောကျ်ားမြတ်တဝကို ရဖို့မလွယ်ဘူး၊ သိုင်းလောကက လေးစားပေမယ့် သားသမီးက စော်ကားချင်လဲ စော်ကားတတ်တာပဲ၊ ဒီအဖြစ်ကို ဘယ်သူမှ တားဆီးနိုင်တာ မဟုတ်ဘူး'

ထိုစကားသံအဆုံးတွင် အကျီဖြူ ဝတ်ဆင်ထားသည့် မိန်းကလေးမှာ မျည်သိုမျှ တုန်လှုပ်ဟန်မပြတဲ ဝမ်းကျင့်လန်မှာ မျက်ရည်ပေါက်ပေါက်ကျလျက် ငိုကြွေးနေတော့သည်။

မိန်းကလေးက ဦးခေါင်းကို ခါယမ်းပြီး ခပ်တင်းတင်း မျက်နှာဖြင့် ခေါင်းမော့လိုက်၏။

'အကျီးအမြတ်ကို မျှော်ကိုးပြီး သေ့သောက်ညီနောင် နှ ဦးကို သတ်ခဲ့တဲ့ဖခင်၊ ဇနီးသားမယားတွေကိုလဲ သတ်ဖို့ကြိုး စားခဲ့တဲ့ဖခင်၊ ဒီလိုဖခင်မျိုးကို ဖခင်တော်ထိုက်သလား'

-ခန်းမထဲမှ သိုင်းသမားတစ်ဦးက ရုတ်တရက် ထမေးလေ ၏။

'မိန်းကလေး.... မင်းဟာ ဖခင်ကြီး ဝမ်ကျုံးထန်ရဲ့သမီး ဟုတ်ရဲ့လား'

'မဟုတ်ဘူး၊ သစ္စာမဲ့တဲ့ ဖခင်ရဲ့သမီးမဟုတ်ဘူး၊ ကျွန်မ ဟာ ဖခင်ရှိတဲ့မိန်းမမဟုတ်ဘူး'



တက်မုဆရာတော်က ဦးခေါင်းကို ဖြည်းညှင်းစွာ ခါယမ်း လေ၏။

'အဖေဟာအဖေပဲ၊ အဖေကိုပစ်ပယ်လို့မရဘူး၊ နောက်ပြီး န်းကလေးပြောတဲ့ သတင်းမျိုး ခုမှပဲ ကြားဖူးတယ်၊ ကျုပ် သိထားသမျှကတော့ ဝမ်ကျုံးထန်ဟာ သိုင်းလောကကို ကျေးပြုခဲ့တာချည်းပဲ'

မိန်းကလေး၏မျက်လုံးများ၌ မျက်ရည်စများ ဝေ့လာ ည်။

သူမသည် မျက်ရည်များကို အင်္ကျီလက်ရှည်စဖြင့်သုတ်သည်။

'မိုက်ပြစ်အတွက် အပြစ်ဒဏ်ပြန်လာတတ်တယ်မဟုတ်လား နဲ့မဟုတ်ဖေဖေဟာ ဒီအပြစ်ဒဏ်ခံသွားရတာပဲ'

တက်မုဆရာတော်က....

'ဒီစကားကို သမီးဖြစ်သူက မပြောအပ်ဘူး'

'ဘာလို့မပြောရမှာလဲ၊ ကျွန်မအဖေမှမဟုတ်ဘဲ၊ ကျွန်မ ဖေလို့ ဘယ်သူပြောရဲသလဲ'

တက်မုဆရာတော်က မမျှော်လင့်သည့် မေးခွန်းကို ရုတ် တ် မေးလိုက်၏။

'မိန်းကလေးကိုယ်တိုင် ဖခင်ကြီးကို သတ်ခဲ့မိသလား'

www.burmeseclassic.com

www.burmeseclassic.com



ဤမေးခွန်းသည် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သည့်အလာ
တစ်ခန်းလုံးကို လုံး၀ ငြိမ်သက်သွားစေခဲ့လေ၏။

လူအားလုံး မိန်းကလေးဖြေမည့်မေးခွန်းကို စိတ်ပါ၀င်စ
စွာ နားထောင်နေကြလေ၏။

မိန်းကလေးကိုယ်တိုင်လည်း အငိုက်မိသွားပုံရသည်။

သို့သော် သူမက ဟန်းခနဲတစ်ချက်ရယ် ပြီးကဲ့ပြီး ပြတ်သ
စွာ ဖြေသည်။

'ကျွန်မက ဘာအရည်အချင်းရှိလို့ သူ့ကို သတ်နိုင်မှာ
ဆရာတော်တို့ပဲ သေသေချာချာ ပြန်စဉ်းစားကြည့်ကြပါဦး'

တက်မှုဆရာတော်၏အသံသည် ရုတ်တရက် တင်းမာခက်
သာ၏။

'ဒါဖြင့် ပြောစမ်း၊ ဒကာကြီးဝမ်ကျုံးသန်ကို ဘယ
သတ်သွားသလဲ'

မိန်းကလေးက ရယ်သည်။

'မြေခွေးအကောင်တစ်ရာရဲ့ ကောက်ကျစ်မှုမျိုးကို ပိုင်
ပြီး ဆရာတော်လို သိုင်းသမားမျိုး ဆယ်ယောက်ပေါင်း
သလိုသိုင်းပညာအစွမ်းထက်မြက်တဲ့ လူတစ်ယောက်အကြော
ပြောပြလဲ ဆရာတော်တို့ ဘာတတ်နိုင်မှာလဲ'



တက်မှုဆရာတော်၏ မျက်နှာမှာ အလွန်တရာ တည်ကြည်နေသည်။

'သိုင်းလောကထဲမှာ အကြောင်းမဲ့ ကျော်ကြားတဲ့ သိုင်းသမားမရှိဘူး၊ တချို့သိုင်းသမားက တောင်ထိပ်ရောက်အောင် တက်တဲ့ တောင်တက်သမားလို အမြင့်မှာ ကျော်ကြားတယ်၊ တချို့ သိုင်းသမားက မြေအောက် ဥမင်ထဲ ဝင်သွားတဲ့ လူလို အောက်မှာ ကျော်ကြားတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့အပြုအမူအရ ကျော်ကြားတာပဲရှိတယ်၊ ဘာမှမစွမ်းဆောင်ဘဲနဲ့ ကျော်ကြားတဲ့ သိုင်းသမားဆိုတာ ဒီသိုင်းလောကမှာမရှိဘူး'

ခန်းမထဲရှိ သိုင်းသမားကြီးများက တစ်ပြိုင်နက် အော်ဟစ်မေးမြန်းကြတော့သည်။

'မိန်းကလေး၊ မင်းပြောတဲ့သိုင်းသမား ဘယ်သူလဲ၊ ပြောစမ်းပါ၊ အတိအကျ ပြောစမ်းပါ'

ထိုအသံသည် ခန်းမကြီး၏ ခေါင်မိုးများ လွင့်စဉ် ထွက်သွားမတတ် မြည်ဟိန်းနေ၏။

မိန်းကလေးက တခစ်ခစ်ရယ်ပြန်သည်။

'ရှင်တို့အားလုံး အလုပ်အပိုတွေလုပ်နေကြတာပဲ၊ သူ ဘယ်သူ့အဘ သိလဲ ရှင်တို့ ဘာမှမတတ်နိုင်ပါဘူး'

ထိုစကားက သိုင်းသမားကြီးများအား ရင်၀သို့လုံနှင့်ထိုးစိုက်ခြင်းထက် အခံရခက်စေသည်။

www.burmeseclassic.com



တက်မုဆရာတော်ကမူ အခြားသူများကဲ့သို့ ဒေါသမသွက်လှပေ။

အေးအေးချမ်းချမ်းပင် မေးလေ၏။

'မိန်းကလေး၊ အချိန်ဆွဲမနေနဲ့၊ ပြောမှာသာ ပြောပေတော့'

မိန်းကလေးသည် အချိန် အနည်းငယ်ယူပြီး စဉ်းစားသည်။

'ကောင်းပြီ၊ ကျွန်မပြောမယ်၊ ကျွန်မပြောတဲ့ နာမည်ကိုရှင်တို့ ကြားဖူးသလားလို့ စဉ်းစားကြပါ'

အားလုံး တိတ်ဆိတ်စွာ နားထောင်နေကြ၏။

'သူ့နာမည်က နဂါးမင်းကွန်လို့ အဓိပ္ပာယ်ရှိတဲ့ ကွန်လုံဝမ်ပဲ ဖြစ်တယ်၊ ကဲ…သိကြပြီလား'

'ကွန်လုံဝမ်'

'ကွန်လုံဝမ်'

'ကွန်လုံဝမ်'

တက်မုဆရာတော်၏နှုတ်ခမ်းများသည် တလှုပ်လှုပ် ရေရွတ်နေ၏။

အတန်ကြာရေရွတ်ပြီးသောအခါမှ မိန်းကလေးအားပြန်၍ မေးခွန်းထုတ်လေ၏။



'ကွန်လုံဝမ်ဆိုတဲ့ နာမည်ပေါ်လာတာ မကြာသေးဘူး။ ...ားတော့ ကြားဖူးနေပြီ၊ သိပ်ကျော်ကြားတဲ့လူတော့မဟုတ်...သေးဘူး'

မိန်းကလေးက ခေါင်းညိတ်၏။

'သူ ကျော်ကြားချင်ရင် လွယ်လွယ် ကလေးပါ၊ ...ကြောင်းကြောင်းကိုတောက်ပြီး ငုပ်လျှိုးနေတဲ့လူပါ၊ ကျွန်...လေးအနက် ပြန်ပြောနိုင်တဲ့ စကားကတော့ ဆရာတော်...ပါအခင် သေစာရင်းမှတ်တမ်းစာအုပ်ထဲ လက်မှတ်ထိုးထား...သူအားလုံး သေတောက မလွတ်တော့ဘူးဆိုတဲ့ အချက်ပဲ'

တက်မုဆရာတော်က ဦးခေါင်းကို ခါယမ်းပြီး….

'သေတာမသေတာက အဆန်း မဟုတ်ပါဘူး၊ လူဆိုတာ ...သက်တစ်ခါ သေရမြဲပါ၊ ဒကာမလေးပြောတဲ့စကားအရ ...င် ကွန်လုံဝမ်က ဒကာမလေးရဲ့ ဖခင်ကြီးကို သတ်သွားတဲ့ ...ဘာမျိုး သက်ရောက်နေတာယ်၊ သူ့ကို ဘာဖြစ်လို့ လက် ...ချေရတာလဲ၊ ကျုပ်တို့ ကူညီမှာပေါ့'

'ကျွန်မကိုကူညီဖို့ မလိုပါဘူး'

'ဘာဖြစ်လို့ ကူညီဖို့မလိုရမှာလဲ၊ သိုင်းပညာကို ဘယ်သူမှ ...သို့စုံအောင် ကိုလိုတတ်ကျွမ်းတာ မဟုတ်ဘူး'

'ကျွန်မပြောလိုကုန်ပြီ၊ ဆရာတော်တို့ ပြန်မယ်ဆိုရင် ပြန်...ပြီ'

www.burmeseclassic.com



ထိုစဉ် ကွမ်းစန့်စင်က ထသွားပြီး တက်မှုဆရာတော်နှ
လှ်ံတိုးတိုး တိုင်ပင်ဆွေးနွေး၏။

'ဆရာတော် ဒီမိန်းကလေးဟာ ပေါက်တတ်ကရစကားတေ
'မွှ ကို့ပြောနေတာပဲ၊ အခု နောက်ပိုင်းကလေးမှာပဲ နိ
ပါးပါး မှန်မှန်ကန်ကန် ပြောလာတယ်လို့ ယူဆပါတ
မိုညှ်တော်စိတ်ထင်တော့ သူဟာ သခင်ကြီးဝမ်ရဲ့ သမီးအ
ဖြစ်ဟန်မတူဘူး'

တက်မှုဆရာတော်က ခေါင်းညိတ်ပြီး မိန်းကလေးအ
တည်ကြည်စွာ လှမ်းကြည့်သည်၊

'ဒကာမလေး...ဒကာမလေးဟာ မိတ်ဆွေကြီး ဝမ်ကျ
ထန်ရဲ့သမီး ဟုတ်ရဲ့လား'

'သယ်....ဒီဘုရုတ်ဘုန်းကြီးက ဘယ်နှယ် သူတစ်ပါးရဲ့ ကို
ရှေးကိုယ်ဘာကို ရိုင်းရိုင်းစိုင်းခိုင်း ခုံးမြန်းရဘာလဲ'

ကွမ်းစန့်စင်က....

'ဆရာတော် ဒီကလေးမဟာ တပည့်တော်တို့ သိုင်းသ
အရင့်အမာကြီးတွေကို သေစာရင်းမှတ်တမ်းမှာ ရေးထိုးခိုင်
ရေထိုးခိုင်း၊ တူရိယာသံနဲ့ ဖျက်ဆီးလိုဖျက်ဆီး၊ တိဗက် သ
ဆရာကြီးကို ဆေးခတ်လိုခတ်နဲ့၊ အမျိုးမျိုး အလုပ်ရှုပ်အေ
လုပ်ခဲ့တယ်၊ အမျိုးမျိုးနှောင့်နှေးအောင်လုပ်ခဲ့တယ်၊ သူပြော



းတွေကလဲ ဘယ်အချက်ကို တိတိကျကျ ယုံရမယ်ဆိုတာ
သာက်အောင် အမြီးအမောက်မတည့်ဘဲ ဖြစ်နေခဲ့တယ်၊
ဆုံး ကုန်ကုန်ပြောမယ်၊ ကိုယ့်ဖခင်ကိုတောင် ရစရာမရှိ
င် အပြစ်ဖို့ ပြောကြားခဲ့တယ်၊ သူ့အချိန်ဆွဲတိုင်း တပည့်
တို့ ငြိမ်ခံနေလို့ မဖြစ်တော့ဘူး၊ အားလုံး ညီညီညွတ်
ပြတ်ပြတ်သားသားလုပ်ဖို့ သင့်ပါပြီ'

တ်မှုဆရာတော်က ခေါင်းညိတ်၏။

ကောင်းတယ်၊ ကဲ...ဒကာမလေး၊ ကျုပ် မေးခွန်းသုံးခု
မယ်၊ ရှင်းရှင်းလင်းလင်း ဖြေပေတော့၊ အဲဒါမှ ဝေ့လည်
ပတ် ထပ်လုပ်နေရင်တော့ ကျုပ်တို့ကို အဆိုးမဆိုနဲ့တော့'

အားလုံးသော သိုင်းသမားကြီးများ၏ ထောက်ခံသံသည်
ပါဝေါ ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၄)

## ခြေရာပျောက်သည့်ရန်သူ

မိန်းကလေးသည် တစ်ခဲနက် တညီတညွတ်တည်း ... လိုက်သည့် စကားသံများကို ကြားသောအခါ ကြီးစွာ... အကျဉ်းအကျပ် တွေ့သွား၏။

သို့သော် သူမ အလျှော့မပေးချေ။

ဆရာတော်နှင့်တကွ ခဆာ သိုင်းသမားကြီးများကို ပြန်... ရန် ကြိုးစားသည်။

'ဆရာတော်မေးခဲ့ မေးခွန်းသုံးခုကို ကျွန်မဖြေမယ်... တော်တို့ကလဲ ကျွန်မရဲ့ တောင်းဆိုချက်ကို လိုက်လျော... ဘယ့်နှယ်လဲ'



'ဒကာမလေးက ဘာတောင်းဆိုမှာလဲ'

'ကျွန်မဖြေဆိုပြီးရင် ရှင့်တို့ ပြန်ထွက်ခွာသွားရမယ်'

တက်မုဆရာတော်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ...ောင် ဖြစ်သွား၏။

သူ့နောက်ရှိ သိုင်းသမားကြီးများကို ပြန်လှည့်ကြည့်၏။

အားလုံးက တညီတညွတ်တည်း လှမ်းပြောကြလေ၏။

'ဆရာတော် ကျုပ်တို့ သဘောတူပါတယ်'

တက်မုဆရာတော်က ခေါင်းညိတ်ပြီး မိန်းကလေးဘက်သို့ ...ည့်၍ ပြောသည်။

'ကျုပ်တို့ ဒီကထွက်ခွာသွားဖို့ သဘောတူတယ်၊ ပြန်မလာ ...သို့တော့ ကတိမပေးဘူး'

ဆရာတော်၏စကားက အလွန်တရာ လိမ္မာလှသည်။

မိန်းကလေးကလည်း ကျေနပ်သွားသည်။

'ကောင်းပြီ၊ ကျွန်မဖြေမယ် မေးပါ'

'ဒကာမလေးဟာ ဝမ်ကျုံးထန်ရဲ့သမီး ဟုတ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'လူ့လောက သတ်မှတ်ပုံအရတော့ သမီးပါပဲ၊ မေတ္တာတရ
အရတော့ သမီးမဟုတ်ပါဘူး'

တက်မုဆရာတော်မှာ ဘုရားတသွားသည်။

ဆည်သိုသမီးမျိုးလည်း သည်လောကမှာရှိပါသေးသလား
တွေးတောမိပြီး လောကကြီး ပျက်စီးတော့မည့်အရေးကို လူ
စွာ စိုးရိမ်မိသွား၏။

ဆရာတော်က ဆက်မေး၏။

'ဒကာမလေးက ဖြေပုံက မရှင်းဘူး'

'ဝမ်ကျုံးထန်ရဲ့သမီး ဟုတ်မဟုတ်ဆိုတဲ့အချက်ကိုပဲ ရှင်းရှ
လင်းလင်းဖြေပါ'

'ကျွန်မဖြေတာ မရှင်းဘူးထင်ရင် ရှောင်လင်ကျောင်းရော
တဲ့အခါကျမှ ဆရာတော်ရဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီးကို
မေးပါ'

'ကောင်းပြီ၊ ဒါဖြင့် ဒုတိယမေးခွန်းမေးမယ်'

'မေးပါ'

'ဝမ်ကျုံးထန်ကို ဘယ်သူသတ်သလဲ'

ခန်းမထဲရှိ သိုင်းသမားများ အလွန်စိတ်ဝင်စားသည့် မေး
ခွန်းဖြစ်သည်။



ခပ်စောစောက ဤမေးခွန်းကို မေးရာ၌ သူမသတ်သလိုလို
ကွန်လုံဝမ်သတ်သလိုလို မရေမရာပြောခဲ့၏။

မိန်းကလေးက ပြတ်သားစွာဖြေ၏။

'အဖေကတော့ သူ့ဘာသာ အဆိပ်သောက်သေခဲ့တာပဲ'

'မုဒ္ဓါ'

တက်မုဆရာတော် ဘုရားတသွားရပြန်သည်။

မိန်းကလေး၏ ဖြေကြားပုံ ရှင်းလင်းသဖြင့် ဤအဖြေသည်
 အမှန်တရားဟု ယူဆရန်ရှိပေသည်။

ဆရာတော်က သေချာအောင် ထပ်မံ၍ အတည်ပြုချက် ယူ

'ဒါ သေချာတယ်နော်၊ ကွန်လုံဝမ်သတ်တာ မဟုတ်ဘူး
ါနော်'

'ဒါ အမှန်တကားပါပဲ'

'ကောင်းပြီ၊ နောက်ဆုံးမေးခွန်း မေးမယ်၊ ဝမ်ကျုံးထန်
ရတနာသိုက်တစ်ခု တွေ့ထားတယ်ပြောတယ်၊ အဲဒီရတနာ
 ဘယ်မှာရှိသလဲ'

မိန်းကလေးက အေးစက်စက်ရယ်၏။

www.burmeseclassic.com



ခန်းမကြီးထဲမှ သိုင်းသမားကြီးများသည် မိန်းကလေ
ရှယ်နေပုံကိုကြည့်ပြီး စိတ်မရှည်နိုင်အောင် ဖြစ်လာကြသည်

သိုင်းသမားတစ်ယောက်က ခပ်ငေါ်ငေါ်ထပြောသည်။

'မိန်းကလေး ပမာမခန့်သုပ်နေတာ များနေပြီ၊ ပြော
တာကို မြန်မြန်ပြောတော့'

မိန်းကလေးက ထိုအဘိုးကြီးကို မျက်စောင်းထိုးကြည့်

'ဆူရတနာသိုက်ကို ဘယ်သူမှ ထုတ်ဖော် မပြောချင်
သူကိုယ်သူ သေကြောင်း ကြံစည်သွားခဲ့တာပဲ'

'သူသေတာက ဒုတိယမေးခွန်းထဲမှာ ပါပြီးပြီ၊ သူ့ရတ
တွေကို ဘယ်မှာဝှက်ထားသလဲ၊ နေရာသိချင်တယ်'

'ကွယ်လွန်သူ ဖခင်ကြီးကလွဲလို့ အဲဒီနေရာကို ဘယ်
မသိဘူးရှင့်'

'ဒါဆိုရင် ကျုပ်မေးခွန်းက အလကား ဖြစ်သွားတော့
ပေါ့'

'ဒါကတော့ ကောက်ကျစ်တဲ့မေးခွန်းပဲ၊ ဒီမေးခွန်းတ
တည်းနဲ့ ပြဿနာအားလုံး ပေါ်အောင် မေးတာပဲ၊ မေး
မေးတာလဲ အကြောင်းမဟုတ်ဘူး၊ ကျွန်မ မသိတဲ့ကိစ္စကို
ကျွန်မလဲ ဘာမှမတတ်နိုင်ဘူး၊ ဆရာတော်တို့လဲ ဘာမှမ
နိုင်ဘူး'



ကျွတ်ခွင် မေးခွန်းသုံးခု ပြီးပြတ်သွားသည်။

မေးခွန်းသုံးခုစလုံး စိတ်ကျေနပ်စရာ ဘဝင်ကျအောင်ခု
ရှိပေ၊

တက်မုဆရာတော်သည် သူ အပါအဝင် သိုင်းသမားများ
တွက် အကျိုးကျေးဇူးရှိသည့် မေးခွန်း တစ်ခုမျှ မမေးနိုင်ခဲ့
ပြို့ စိတ်ထိခိုက်သွားမိသည်။

ထိုစဉ်မှာပင် မိန်းကလေးထံမှ လိုက်လျောမှု တစ်ခုကို ရရှိ
က်လေ၏၊

'ကျွန်မပြောတာတွေကို ဆရာတော်တို့ ဘဝင်မကျဘူး ဆို
တာ ကျွန်မ ရိပ်မိပါတယ်၊ ဒါပေမဲ့ ကျွန်မလဲ ကျွန်မသိ
သလောက် ဖြေဆိုရတော့ ဘာမှမတတ်နိုင်ဘူး၊ ဆရာတော်တို့ စိတ်
ကျေနပ်သွားအောင် မေးခွန်းတစ်ခု ထပ်မေးပါ၊ ကျွန်မ
ကြိုးစားပြီး ဖြေပါ့မယ်'

တက်မုဆရာတော်သည် မသိမသာ ဘက်ပြောင်းချလိုက်၏။

'ကောင်းပြီ၊ ကျုပ်မေးမယ် မမေးခင် အခြေအနေတွေကို
ပြောပြရဦးမယ်၊ အခု ကျုပ်လေ့လာမိသလောက်ဆိုရင် မိန်း
ကလေးဟာ တစ်စုံတစ်ဦးရဲ့ ထိန်းချုပ်ခံခိုင်းမှုကို ခံနေရတယ်၊
အဲဒီလူကိုသိမှသာ ဒကာကြီး ဝမ်ကျုံးဖုန်ကို ဘယ်သူ သတ်
ယ်ဆိုတာ အဖြေပေးနိုင်မှာဖြစ်တယ်'

www.burmeseclassic.com



မိန်းကလေးက အေးအေးဆေးဆေးပင် နားထောင်နေသည်။

'အဲဒီတော့ အခု မိန်းကလေးရဲ့ခွင့်ပြုချက်နဲ့ မေးခွန်းတစ်ခု မေးမယ်၊ ကန့်လန့်ကာနောက်ကွယ်ကနေ မိန်းကလေးကို ညွှန်ကြားနေသူဟာ ဘယ်သူလဲ'

'ကွန်လုံဝမ်'

တက်မုဆရာတော်၏ စကားမဆုံးမီမှာပင် မိန်းကလေးက လျင်မြန်စွာ ဖြေကြားလိုက်၏။

သိုင်းသမားအားလုံး စိတ်ပျက်သွားကြသည်။

ယခုမေးခွန်းလေးခု မေးခဲ့ပြီးပြီ။

မည်သည့် အသစ်အဆန်း အဖြေမျှမပါချေ။

ထိုသို့ဖြစ်လျှင် မိန်းကလေးအား သူတို့ ကတိပေးခဲ့သည့်အတိုင်း ဤနေရာမှ ထွက်ခွာရန်သာ ကျန်ပါတော့သည်။

ထိုအချိန်မှာပင် နောက်ပိုင်းမှ ရုတ်ရုတ်သဲသဲပြောကြားသည့် စကားသံကို ကြားလိုက်ကြရသေး၏။

'ချင်းချန် ဓားနှစ်ဖော်'

'ချင်းချန် ဓားနှစ်ဖော်'



'ဘယ်ရောက်နေသလဲ'

တက်မုဆရာတော် လှည့်ကြည့်သောအခါ ချင်းချန်ဓားနှစ်ဖော် မရှိကြောင်း တွေ့လိုက်ရသည်။

တက်မုဆရာတော်က....

'ကိစ္စမရှိဘူး၊ သူတို့ပြန်လာရင်လဲ ကျုပ်တို့က သူတို့လက် တစ်ဝက်ကျော်ကျော် အင်အားရှိနေပါသေးတယ်'

ထိုစကားက သိုင်းသမားကြီးများအား ပို၍ ထိတ်လန့်စေသောစကားပင်ဖြစ်သည်။

ထိုစကားအရ ချင်းချန် ဓားနှစ်ဖော် ပြန်လာလျှင် ဆန်ကွမ်းချီ၊ တုယန်ပိုတို့ကဲ့သို့ မိန်းကလေး၏ဘက်တော်သားများ ဖြစ်ကုန်လိမ့်မည်ဟု အဓိပ္ပာယ်ပေါက်နေသည်။

အခန်းကြီးသည် မတင်မကျ အခြေအနေကြောင့်ရုတ်တရက် ငြိမ်သက်သွား၏။

ဖန်မုဆရာတော်က တက်မုဆရာတော်အနီး ချဉ်းကပ်သွားပြီး ခပ်တိုးတိုး မေးလျှောက်သွားလေ၏။

'နောင်တော်....တကယ်ပဲ ဒီက ဆုတ်ခွာပေးကြတော့မလို့လားဟင်'

'ဟင်း....'

www.burmeseclassic.com

www.burmeseclassic.com



ထို သက်ပြင်းချသံက စက်မှုဆရာတော်အမ်ဖြုပင့် ဖြစ်တော့သည်။

ဆရာတော်သည်လည်း မဆုံးဖြတ်တတ်အောင် ဖြစ်နေရှာသည်။

ထိုစဉ်....

'ဝုန်း....'

တံခါးမကြီးသည် ပြင်းဟန်စွာ တွန်းလိုက်သည့် အရှိန်အဟုန်ကြောင့် ပွင့်ထွက်သွား၏။

နံရံနှင့် တံခါးရွက် ရိုက်သံသည်ပင်လျှင် တစ်ခန်းလုံး ကြောက်မက်ဖွယ်ရာ လှုမ်းခြုံသွားသည်။

ဝင်လာသူကား ယွမ်ရှောက်တည်း။

'ဖြေလို့ပြီးကြပြီလား'

ယွမ်ရှောက်ကို မည်သူကမျှ ဂရုမစိုက်ကြပါ။

ယွမ်ရှောက်ကို ဂရုစိုက်ကြည့်နေသူမှာ တုဆန်ဟိုသာဖြစ်သည်။

အဓိကဆန်ဆန်ကျွမ်းချိုသာ မူလအတိုင်း သတိကောင်းလျှင် တုဆန်ဟိုနှင့်အတူ ဂရုစိုက်မည်မှာ သေချာသည်။



ယခုမူ....

တုထန်ဟိုခကာ ဆန်ကျွမ်းချိုပါ ခပ်ကြောင်ကြောင် ကြည့်နေကြတော့သည်။

သူသည် 'ဆန်ကျွမ်းချို၏ ရှပ်ရည်အသွင်သဏ္ဌာန်'ကို မည်သို့ပင် ရှိရှိ မှတ်မိသူဖြစ်၍ ဆန်ကျွမ်းချိုထံ ဘည်းတည့် မတ်မတ် လျှောက်သွားပြီး လက်မောင်းဝတ်ကို သွားဆိုင်သည်။

'အစ်ကိုကြီး....ဘာဖြစ်နေတာလဲ၊ သွားမယ်'

ဆန်ကျွမ်းချိုသည် အကြောင်းလျောက်ပင် ယွမ်ရှောက် ခေါ်ဆောင်ရာသို့ ပါသွားလေ၏။

'သူ့ကို တွန်းထုတ်လိုက်စမ်း'

မိန်းကလေး၏အသံ ကြားသောအခါ ဆန်ကျွမ်းချို လှည့်ကြည့်၏။

သို့သော် အမိန့်အတိုင်း တွန်းမထုတ်ပေ။

မိန်းကလေးသည် အလွန် ဒေါသထွက်သွား၏။

သူမ၏ခေါင်းမြှောင်ကို ဆွဲထုတ်ပြီး လေထဲ၌တဝီဝီမြည်အောင် ဝှေ့ယမ်းပြလိုက်၏။

'သူတို့ကို ရိုက်ပစ်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခါးမြှောင်ကို မြင်သောအခါ ဆန်ကွမ်းချီသည် ဆောင့်ရှန်းပြီး ယွမ်ရှောက်၏ပခုံးကို လက်သီးဖြင့် ထိုးချလိုက်လေ၏။

'ဝုန်း'

ယွမ်ရှောက်သည် ဆန်ကွမ်းချီက ဤသို့ တိုက်ခိုက်လိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။

ထို့ကြောင့် ဆိုလက်သီးတစ်ချက်တည်းဖြင့် ပုန်းခနဲ လွင့်စင်သွားသည်။

နံရံနှင့်တိုက်မိမှ လွင့်သွားသည့် အရှိန်အဟုန် ရပ်ဆိုင်းသွားသည်။

ယွမ်ရှောက်သည် လဲကျနေရာမှ လူးလဲထထိုင်၏။

'အစ်ကိုကြီး....ညီလေး ဘာမှားလို့လဲ'

သူ့စကားမဆုံးမီ ဆန်ကွမ်းချီ ခုန်ဝင်လာပြီး တိုက်ခိုက်ပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ယွမ်ရှောက် လိမ့်၍ ရှောင်ထွက်သွားသည်။

'အစ်ကိုကြီး'



'ဝုန်း'

ယွမ်ရှောက်မှာ နောက်တစ်ကြိမ် စကားပြောရန် ကြိုးစားချက် အကန်ခံလိုက်ရသဖြင့် လွင့်ထွက်သွားပြန်၏။

ဆန်ကွမ်းချီက လုံးဝအလျှော့မပေးဘဲ တစ်ရှိန်ထိုးတိုက်ခိုက်တော့သည်။

ယွမ်ရှောက်မှာ စကားမပြောနိုင်တော့ဘဲ အလူးအလဲ ရှောင်တိမ်းရတော့သည်။

အခန်းထဲရှိသိုင်းသမားများမှာ မထင်ရှားသောသိုင်းသမားတစ်ယောက် (ယွမ်ရှောက်)၏ ပညာစွမ်းကို အံ့မခန်း တွေ့မြင်နေကြရသဖြင့် အားလုံးလိုလို ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

ယွမ်ရှောက်သည် ဆန်ကွမ်းချီ၏ လေ့ကျင့်ဘက် ဖြစ်၍ ကာယံဘမ်း အသေအကြေ တိုက်ပွဲမဟုတ်လျှင် ကောင်းစွာ ရှောင်တိမ်းနိုင်၏။

ယခုလည်း ဆန်ကွမ်းချီ၏ လက်သီးများကို လေ့ကျင့်ချိန်နည်းတူပင် ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့ပေ၏။

'နောက်ဆုတ်တော့'

ခါးမြှောင်ကို ဖွေ့ယမ်းပြီး အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် ဆန်ကွမ်းချီ ခုန်ဆုတ်သွားသည်။

တုထန်ဟိုနှင့်အတူ ယှဉ်၍ သွားရပ်နေသည်။

ယွမ်ရှောက်သည် လူမှုရေးနားလည်သူ မဟုတ်သော်လည်း ဆန်ကွမ်းချီကို စွေခိုင်းရာ၌ ခေါးမြှောင်ကိုမြောက်ပြပြီး စေခိုင်းရသည်ဟူသော အချက်ကိုမူ ချက်ချင်းလိုလို သိမြင် သဘောပေါက်သွားလေ၏။

သို့သော် ခေါးနှင့် ဆန်ကွမ်းချီ မည်သို့ဆက်စပ်နေသည်ကိုမူ သူ မစဉ်းစားတတ်ပေ။

'အစ်ကိုကြီးကို သူက ခေါးပြပြီး အမိန့်ပေးတာလဲ၊ ဒီခေါးက ဘာခေါ်လဲ'

ယွမ်ရှောက်သည် တဖြည်းဖြည်း မရှုသို့ လျှောက်လာ၏။

မိန်းကလေး၏ လက်ထဲမှခေါးကို လုသင့်မလုသင့် စဉ်းစားနေသည်။

မိန်းကလေးက ရယ်ရင်း....

'ရှင်နဲ့သူ ဘာတော်သလဲ'

'ကျုပ်ရဲ့အစ်ကိုပဲ'

'ရှင့်အစ်ကို ဟုတ်လား'



'ဟုတ်တယ်'

မိန်းကလေးသည် ထိုအချက်ကို လွယ်လွယ်ကူကူ လက်ခံ၏။

ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့၏ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံခြင်း မတူပေ။

ဆန်ကွမ်းချီသည် သာမန်အရပ်အမောင်းနှင့် သာမန်ခန္ဓာကိုယ်ဖွဲ့စည်းမှုရှိပြီး ရုပ်ချောသည်။

ယွမ်ရှောက်မှာ ဘောထဲ၌ ကြီးပြင်းခဲ့ရသူဖြစ်၍ ရုပ်ကြမ်းပြီး ခန္ဓာကိုယ်တောင့်တင်းသည်။

သို့သော် သိုင်းခလာကာ၌ ညီအစ်ကိုဆိုသည်မှာ အမိတစ်ဝမ်းမှ မွေးသူတိုင်းကို ဆိုလိုခြင်းမဟုတ်ပေ။

သစ္စာရေသောက် ညီအစ်ကို၊ သွေးသောက် ညီအစ်ကိုနှင့် ဂိုဏ်းတူ ညီအစ်ကိုဟူ၍ အမျိုးမျိုးရှိရာ ထိုအမျိုးမျိုးထဲမှ တစ်မျိုးမျိုးဖြင့် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ ညီအစ်ကိုတော်စပ်ကြလိမ့်မည်ဟု မိန်းကလေး နားလည်သဘောပေါက်ပြီး ဖြစ်ပေသည်။

မိန်းကလေးက....

'ဘာဖြစ်လို့ ရှင့်အစ်ကိုက ရှင့်ကို မမှတ်မိတာလဲ သိလား'

www.burmeseclassic.com

www.burmeseclassic.com



ယွမ်ရှောက် ခေါင်းယမ်းပြ၏။

မိန်းကလေးက ရယ်ရင်းမေးလေ၏။

'ရှင့်အစ်ကိုကို ရှင်တကယ်ချစ်သလား'

'ချစ်တာပေါ့၊ သူမရှိရင် ကျုပ်သတ်သေမှာပဲ'

'ဟာ....ဟာ၊ တကယ်ချစ်တာပါလား၊ ဒါဆို သိပ်ကောင်း တယ်၊ ရှင် သူနဲ့အတူတူ မနေချင်ဘူးလား'

ယွမ်ရှောက်၏မျက်လုံးထဲ၌ မျက်ရည်များ ဝဲလာသည်။

ယွမ်ရှောက်သည် ခန္ဓာကိုယ် ကြုံ့ခိုင်သလောက် အသည်း နှလုံး နူးညံ့လှချေသည်။

'ကျုပ်နဲ့ ကျုပ်အစ်ကိုကြီးဟာ လေးငါးနှစ်လုံးလုံး တစ် ယောက်နဲ့ တစ်ယောက် မခွဲမခွာ နေခဲ့တာဗျ၊ အခုတော့ ကျုပ် အစ်ကိုကြီး စိတ်ပြောင်းနေပြီ'

တက်မှုဆရာတော်သည် အခြေအနေအရပ်ရပ်ကို အတိအကျ မဟုတ်သော်လည်း အတော်ကလေး ခြုံငုံ သဘောပေါက်သွား ချေပြီ။

ထို့ကြောင့် ရှေ့သို့လှမ်းတက်လာရင်း....

'ဒကာမလေး၊ ရိုးသားဖြူစင်သူ လူတစ်ယောက်ကို ယုတ်မာ ကောက်ကျစ်တဲ့နည်း မသုံးပါနဲ့'



ဆရာတော်သည် ယွမ်ရှောက်အား မိန်းကလေး ရန်မရှာနိုင် သော်ငှာ ယွမ်ရှောက်၏ဘေး၌ ပခုံးချင်းယှဉ်၍ လာရပ်နေ တ်၏။

ထိုအခါ မိန်းကလေးက ဒေါသထွက်သွားသည်။

'ဆရာတော် ဘယ်လို လုပ်တာလဲ၊ မေးခွန်းသုံးခု ဖြေပြီး ည်းက ဆရာတော်တို့ ဒီက ထွက်ခွာသွားသင့်နေပြီ၊ ဒါ ာင် ဆရာတော်တို့ ထွက်ခွာမသွားဘဲ ဗေ့ဗေ့တောတော ရပ်နေ တယ်၊ အခု ကျွန်မကိစ္စမှာ ဝင်ရှုပ်ပြန်ပြီ'

တက်မှုဆရာတော်သည် ရုတ်တရက် မငြင်းသာအောင် ဖြစ် ား၏။

ထို့ကြောင့် ယွမ်ရှောက်၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲ ....

'ကောင်းပြီ၊ ကျုပ်တို့သွားမယ်၊ လာ....ဒကာလေး၊ ကျုပ် အတူတူလိုက်ခဲ့၊ ဒီမှာ နေရစ်ခဲ့ရင် အင်မတန် အန္တရာယ် တယ်'

ယွမ်ရှောက်က သူ့လက်လွတ်သွားအောင် ပြန်ရုန်းသည်။

'ဟင့်အင်း....ကျုပ်အစ်ကိုကြီး မပါဘဲ မသွားဘူး၊ သူနဲ့မှ တူသွားမယ်'

တက်မှုဆရာတော် သက်ပြင်းချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချိ ဆေးမိထားသည်ကို သိုင်းသမားတိုင်း သိ

ဤသူငယ် မသိပါကလားဟု ကရုဏာသက်မိသည်။

'ဒကာလေး...သူ ဆေးမိနေတယ်၊ ဆေးဆိုတာ အမျိုးမျိုးပဲ၊ အဲဒီဆေးမိထားလို့ သူ့ဘဝမှန်ကို သတိမရဘူး ကြောင့် ဒကာလေးကို ပြန်ပြီး တိုက်ခိုက်တာပေါ့၊ အသိစိတ်ဝင်အောင် အဲဒီဆေးပြယ်အောင် လုပ်ရမယ်၊ ပြယ်အောင် လုပ်ဖို့ကလဲ နည်းလမ်းရှာရဦးမယ်'

ယွမ်ရှောက်က ပွင့်ပွင့်လင်းလင်း မေးသည်။

'ခင်ဗျား နည်းလမ်းရှာပေးနိုင်မလား'

တက်မုဆရာတော်သည် ယွမ်ရှောက် စကားပြောပုံ ပြီး အလွန်တရာ ရိုးသားလှသူဖြစ်ကြောင်း သိသည်။

စောစောက တိုက်ခိုက်ခဲ့သည့်ပညာအရ ယွမ်ရှောက် ပညာ အလွန်တရာမြင့်မားလှကြောင်းလည်း သိသည်။

ဝမ်ကျုံးထန်၏ သမီးသည် ဆန်ကွမ်းချိတစ်ယောက် အားကို ရရှိနေခြင်းကြောင့် သူတို့လို အရင့်အမာသိုင်း ကြီးများအား ဤမျှ မာမာထန်ထန် ဆက်ဆံနေခြင်း ဖြ

အကယ်၍ ဤဘောသား လူချိုးကလေးကိုပါ ဆန် ကဲ့သို့ အပိုင်အနိုင် ကိုင်သွားနိုင်ခဲ့လျှင် သူတို့အတွက် ကလေးဒုက္ခရောက်မည်ဟု တွေးတော စဉ်းစားမိပေသ



ဆရာတော်သည် အဘက်ဘက်ကချင့်ချိန်စဉ်းစားပြီးနောက် ယွမ်ရှောက်အား ဤသို့ ကတိပေးသည်။

'နည်းလမ်းဆိုတာ စဉ်းစား ကြံဆရင် တွေ့တာချည်းပဲ၊ ကလေးရဲ့အစ်ကို ဆေးမိထားတာကို ကျုပ်တို့တစ်နည်းတစ်ဖုံ ဖျက်ဖျက်နိုင်အောင် ဟောဒီကသိုင်းသမားကြီးတွေရဲ့ဦးနှောက် ပေါင်းပြီး စဉ်းစားကြံဆမယ်'

'ခင်ဗျားတို့ တကယ်ပြောတာလား'

'ကျုပ်က ဘုန်းကြီးပဲ၊ ဘယ်တုန်းကမှ မလိမ်ညာခဲ့ဖူး'

ယွမ်ရှောက်သည် သူ့အစ်ကိုကြီးအား သူကိုယ်တိုင်မခေါ် ခဲ့ဘည်မှာ မျက်မြင်လက်တွေ့ပင် ဖြစ်သည်။

သူ့အား ရန်သူပမာပင် တိုက်ခိုက်ခဲ့ပေသေးသည်။

သူ့အနေဖြင့် သူ့အစ်ကိုကြီးအား မည်သို့ခေါ်ရမည်နည်း ဖျစ်ညှစ်စဉ်းစားသည်။

ဦးခေါင်းပေါက်ထွက်မတတ် စဉ်းစားသော်လည်း အကြံ ထွက်ရှိမလာပါ။

သူသည် ဟင်းခနဲသက်ပြင်းချပြီး....

'ကျုပ်အစ်ကိုကြီးရဲ့အသက်ကို ကယ်တင်ပေးနိုင်မယ် ဆိုရင် ခင်ဗျားတို့နဲ့လိုက်မယ်ဗျာ'

www.burmeseclassic.com



ဟက်မုဆရာတော်နှင့် ယွှမ်ရှောက်တို့သဘောတူညီမှု သည်ကို မိန်းကလေးသည် ကောင်းစွာ တွေ့မြင် ကြား ရသည်။

စောစောက ယွှမ်ရှောက်၏တိုက်ခိုက်ပုံကို တွေ့မြင်ခဲ့ ယွှမ်ရှောက်ကိုပါ ဆန်ကွမ်းချိုကဲ့သို့ ဆေးခတ်နိုင်လျှင် သမားအုပ်စုကို ကြောက်စရာမလိုတော့ဟု သူမ တွေး

ယွှမ်ရှောက်ကို သူမရရှိနိုင်ရန် ဟက်မုဆရာတော်တို့၏ ဉာဏ်ကို ဖယ်ရှားပစ်ရန် လိုမည်ဖြစ်ကြောင်း သိသည်

ထို့ကြောင့် ချက်ချင်းလက်ငင်း အကောင်အထည် တော့သည်။

'အင်း....ရှင်တော့ သိပ်ပြီး အသက် မရှည်နိုင်တော့ ကျွန်မ စိတ်မကောင်းပါဘူး'

ယွှမ်ရှောက်သည် မိန်းကလေး၏အသံကြောင့် လှည့်ကြည့်သည်။

'ခင်ဗျား ဘယ်သူ့ကိုပြောတာလဲ'

'ဘယ်သူ့ကိုပြောရမှာလဲ၊ သူ့ကိုပြောတာပေါ့'

သူမက ဆန်ကွမ်းချိုကို လက်ညှိုးထိုးပြသည်။



ွှမ်ရှောက် အကြီးအကျယ် ထိတ်လန့်သွားတော့၏။

ဟာ....ဟာ'

'သူလေ....သူပေါ့၊ နောက်ထပ် သုံးလေးရက် လောက်ပဲ က်ရှင်တော့မယ်'

ွှမ်ရှောက်သည် ဟက်မုဆရာတော်အနီးမှ ခွာကာ ဆန် ချိုရှိရာသို့ လျှောက်သွားတော့သည်။

က်မုဆရာတော်က စိုးရိမ်ထိတ်လန့်သော မျက်လုံးများ လှမ်းကြည့်နေသည်။

န့်မုဆရာတော်က....

'နောင်တော်....ဒီသူငယ်က သူ့ အစ်ကိုကြီး အပေါ်မှာ ဘန်သံဒေယျာဇော်ကြီးနေတယ်၊ သူ့ကို ညီတော်တို့ ဘယ် ဆွဲဆောင်လို့ရမယ်မထင်ဘူး၊ သူ့ထိုက်နဲ့သူ့ကံ ထားပစ်ခဲ့ တာ၊ ညီတော်တို့ချည်းပဲ ထွက်ခွာသွားကြတာပေါ့'

ဟက်မုဆရာတော်က ခေါင်းခါ၏။

'ညီတော် အရှည်ကိုကြည့်ရမယ်၊ သူ့ကို ထားပစ်ခဲ့ခြင်း ဖြင့် နောက်ဆက်တွဲ ဆိုးကျိုးတွေအများကြီး ပေါ်လာ မယ်'

'နောင်တော် အခုမျက်မြင်ပဲ၊ ညီတော်တို့အကျိုးအကြောင်း ပြ ခေါ်နေလျက်နဲ့ သူ့အစ်ကိုဆီ ပြန်သွားနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ပြန်သွားမှာပေါ့၊ ဟိုဒကာမလေးက သူ့အစ်ကို သေမယ်
လို့ ခြိမ်းခြောက်စကား ပြောကြားနေတာကို'

တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့ အပြန်အလှန်
ပြောကြားနေသည့်စကားများကို ထိုမ်နိုးကလေး ကောင်းစွာ
ကြားသည်။

'ဆရာတော်တို့၊ ကျွန်မကို ဘယ်လို ကတိပေးထားသလဲ
အခုဆိုရင် ဝှမ်ဂေဟာကြီးလဲကထွက်ခွာဖို့ အင်မတန် ကောင်း
နေပြီ ထွက်သွားကြပါတော့၊ ဒီထက်ထပ်ပြီးလဲ မနှင်ဖါ
စေနဲ့တော့'

တက်မုဆရာတော်က အေးချမ်းစွာ ပြုံးလိုက်သည်။

'ကျုပ်တို့ ကတိမဖျက်ပါဘူးလေ'

'ကတိမဖျက်ဘူးလို့သာ ပြောတယ်၊ ရှင်တို့အားလုံး ဘယ်
သူမှ အခန်းအပြင်ကို မရောက်ကြသေးဘူး၊ အခုနေ ဆုတ်
ဆုတ်ကြ၊ တော့်တော်ကြာ အားလုံး ဒဏ်ရာကိုယ်စီနဲ့ အဖမ်း
နေကြရမယ်'

'ဟား...ဟား...ဟား...ဒကာမလေးက တယ်ပြီး အပြေ
ပါတာပဲကိုး၊ ဒါပေမယ့် ကျုပ်က ဒကာမလေးကို အထ
မသေးပါဘူး'

ဖန်မုဆရာတော်က...



နောင်တော် အပြင်ထွက်ကြရင် ကောင်းမယ်၊ ဒီထဲမှာ
နေလို့လဲ အကျိုးမထူးတော့ပါဘူး'

ကဲ...ကောင်းပြီလေ၊ အပြင်ကျမှ တစ်ခေါ်စဉ်းစားကြတာ
ဟိုသူငယ်ကိုထားပစ်ခဲ့ရတာတော့ စိတ်မချမ်းသာလှဘူး'

တက်မုဆရာတော်က သိုင်းသမားကြီးများအားလုံးကို လက်
အချက်ပြပြီး ခန်းမကြီးအပြင်သို့ ထွက်ခွာသွားလေတော့

နိုးကလေးသည် ဝါစဉ်ကြီးသိုင်းဆရာကြီးများ ခြေလှမ်း
ဖြင့် ထွက်ခွာသွားသည်ကိုကြည့်ပြီး မယောမဲ့မြင် လှမ်း
လိုက်သေး၏။

ရှင်တို့အားလုံး သေစာရင်းမှတ်တမ်း စာအုပ်ထဲမှာ စာရင်း
သွင်းခဲ့ပြီးပြီ၊ ဆယ်ရက်ထက်ပိုပြီး အသက်မရှည်နိုင်တော့
တာကိုတော့ မမေ့မသွားကြနဲ့'

တက်မုဆရာတော် အပေါ်အဝင် မည်သည့် သိုင်းသမားကြီး
လှည့်၍စကားမပြောကြပေ။

အဆောက်အအုံအပြင်ဘက် ခြံဝင်းကြီးထဲရောက်သောအခါ
မုဆရာတော်က အချက်ပြလိုက်သဖြင့် အားလုံးက စုဝေး
ကြသည်။

တက်မုဆရာတော်က...

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်မိသားစု အရေးအခင်းဟာ ပေါ်ပေါ်တန်တန် ကိစ္စ မဟုတ်ဘူးလို့ ကျုပ်တော့ ယူဆမိတယ်၊ ဒီက ဒကာကြီးတွေ တော့ ဘယ်လိုသဘောပေါက်ကြသလဲမသိဘူး'

ကွမ်းစန်စင်က ဝင်၍ ထောက်ခံ၏။

'ဖခင်ကို သမီးဖြစ်သူက အကောက်ကြံတယ် ဆိုကတည်းက လောကသဘာဝနဲ့ အစဗာ်ကလေး ဆန့်ကျင်နေပြီ၊ နောက် တစ်ချက် ဒီမိန်းကလေးနောက်က ညွှန်ကြားသူ ကွန်လုံဝမ် တာလဲ သိခဲ့ကြရပြီ၊ ဒီလူဟာ ခန်းမဆောင်ကြီးနဲ့ တစ်နေရာရာ မှာတော့ ရှိနေနိုင်တယ်'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'တုထန်ဟို အပြင်ရောက်သွားပြီး ပြန်လာတော့ သူ့ အသိ စိတ် ပျောက်နေပြီ၊ ဆေးတစ်မျိုး အကျွေးခံ လိုက်ရတာတော့ အသေအချာပဲ'

ဖန်မုဆရာတော်က....

'အခုလဲ ချင်းချန်ဓားနှစ်ဖော် ပျောက်နေပြန်ပြီလေ'

ကွမ်းစန်စင်က ထောက်ခံလိုက်၏။

'ဒီဝမ်ဂေဟာကြီးဟာ မရိုးသားတော့ဘူး၊ သရဲ တစ္ဆေ မြို့တော်ဖြစ်နေပြီ၊ ခင်ဗျားတို့ ကျုပ်တို့အားလုံး ဝမ်ကျုံးထန်



တော်ဆွေတွေချည်းပဲ၊ ဘာမဲဖြစ်ဖြစ် ရှေ့တိုးပြီး သရဲမြို့တော် ဖြစ်နေတဲ့ ဝမ်ဂေဟာကို မြေလှန်ပစ်သင့်တယ်၊ ခြံဝင်းအပြင် ရောက်ပြီးမှ နောက်တစ်ခါ ပြန်ဝင်ရင် အားလုံး ခြေစလက်စ တွေ ပျောက်ကုန်လိမ့်မယ်'

တက်မုဆရာတော်က ခေါင်းညိတ်၏။

'နောင်တော် ကွမ်းစန်စင်ရဲ့ အကြံဉာဏ် ကောင်းပါတယ်၊ အတိုင်းဆိုရင် ခန်းဇကြီးထဲ ပြန်ဝင်လာကြတာပေါ့'

ကွမ်းစန်စင်က...

'ဝင်ပြီးရင် တစ်ခုခုလုပ်ရမယ်၊ ဘာလုပ်သင့်တယ် ဆိုတာ အခုကတည်းက တိုင်ပင်ထားဟာ ကောင်းပါတယ်'

တက်မုဆရာတော်က ဝန်ခံ၏။

'ဒကာကြီးပြောတာ မှန်တယ်၊ ကျုပ်တို့ကို ဂိုဏ်းချုပ် ဆရာကြီးကိုယ်တိုင်က ဒီကိစ္စ ပြီးပြတ်အောင် လုပ်ခဲ့ရမယ်လို့ အမိန့်ပေးထားတော့ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသလို ပြီးပြတ်အောင်လုပ်ရမှာပဲ၊ အထဲကိုရောက်တာနဲ့ ဝမ်ကျုံး ထန်ရဲ့ သမီးဆိုတဲ့ မိန်းကလေးကို လက်ရဖမ်းရတော့မှာပဲ၊ အဲဒီ လို ဖမ်းတဲ့အခါမှာ ဟိုအတိတ်ခမ ဆေးမိထားတဲ့ သူငယ်ရယ် နောက်ဆုံး ဝင်လာတဲ့သူငယ်မှုယ်ကတော့ အပြင်းအထန် ခုခံ တိုက်ခိုက်တော့မှာပဲ၊ အဲဒီအခါမှာ တချို့က အဲဒီသုံးယောက်

www.burmeseclassic.com

www.burmeseclassic.com

ကို တိုက်ရမယ်၊ ကျုပ်ရယ် ညီတော်ဖန်မုရယ်က မိန်းကလေး ကို လက်ရဖမ်းမယ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးရှေ့မှာ စစ်ဆေး မယ်၊ အဲဒီအစီအစဉ်ကို သဘောတူကြရဲ့လား'

ကွမ်းစန်စင်မှာ ပြေင်းသာသည့် မျက်နှာမျိုးဖြင့် ဝင်ပြော ၏။

'ဆရာတော်က ကြိုတင် အကြံပြုမှတော့ ဒီမိန်းကလေးကို ဖမ်းဆီးခေါ်ဆောင်ဖို့ကိစ္စကို တပည့်တော်တို့ ကျန်လုဂိုဏ်းက မဆောင်ရွက်တော့ပါဘူး၊ ဒါပေမယ့် သခင်ကြီး ဝမ်ကျုံးထန် ရဲ့သားဖြစ်တဲ့ ဝမ်ကျင့်လန်ကိုတော့ တပည့်တော်တို့ဂိုဏ်းကို ခေါ်ဆောင်သွားပါမယ်၊ အဲဒါကိုရော အားလုံး သဘောတူ ကြပါရဲ့လား'

သိုင်းသမားကြီးများ ခေါင်းချင်းရိုက်သွားတော့၏။

တခြား ဝါစဉ်ကြီး သိုင်းသမားကြီးတစ်ဦးက ထောက်ခံ သည်။

'ဒီကိစ္စက သိုင်းလောကကြီး တစ်ခုလုံးအတွက် ခဲ့ဆေ ဆောင်ရွက်ကြတဲ့ကိစ္စပဲ၊ တစ်ခုတော့ရှိတယ် ဆရာတော်တို့ခေါ် သွားမယ့် မိန်းကလေးကိုတော့ အထူး ဂရုစိုက်ရပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သခင်ကြီး ဝမ်ကျုံးထန် သေတဲ့ကိစ္စမှာ သူ့ပယောဂ အများကြီးပါလိမ့်မယ်လို့ ယူဆရလို့ပါပဲ၊ သခင် ကလေး ဝမ်ကျင့်လန်ကတော့ ဒီကိစ္စမှာ အရုပ်သက်သက် ဖြစ် နေပုံရတယ်'



ထိုသိုင်းသမားကြီး၏စကားကို အားလုံးသဘောတူ လက်ခံ ကြ၏။

တက်မုဆရာတော်က....

'လက်ခံပါတယ် ဒကာကြီး၊ ကျုပ်တို့အနေနဲ့ ဒီမိန်းကလေး ဖမ်းခေါ်သွားချင်တာကလဲ လျှို့ဝှက်ကိစ္စကြီးကို ဖိဖိစီးစီး ော်ထုတ်ချင်လို့ပါ၊ တကယ်လို့ ဂိုဏ်းချုပ်ဆရာတော်ကြီးကသာ မိန့်မရှိလိုက်ဘူးဆိုရင် ဒီမိန်းကလေးကို နောင်ကြီး ကွမ်းစန် တို့လက်ထဲ ဝကွက်အပ်လိုက်ပါဘယ်'

ကွမ်းစန်စင်က ခေါင်းညိတ်ရင်း....

'ဆရာတော်တို့ ဆောင်ရွက်ရင်လဲ ပြီးတာပါပဲ၊ ကဲ...အထဲ ဝင်ကြရင် ကောင်းမယ်နဲ့တူတယ်'

တက်မုဆရာတော်က....

'ကဲ...ဒီပွဲကို နောင်ကြီး ကွမ်းစန်စင်ကပဲ ကွပ်ကဲပါတော့'

ထိုစကားကို ကွမ်းစန်စင်က ခါးခါးသီးသီး ငြင်းဆန်လေ ၏။

'ဟာ...ဒီလိုမလုပ်ပါနဲ့ တပည့်တော်ထက် ဝါစဉ်ကြီးတဲ့ ရာတော်နှစ်ပါး ပါနေလျက်နဲ့ တပည့်တော်က ဒီတိုက်ပွဲကို ပ်ကဲရမယ်ဆိုတော့ အမြင်မတော် ဆင်တော်နဲ့ခလောက် ဖြ

www.burmeseclassic.com



ခနပါတယ်၊ ထက်မုဆရာတော်ကြီးကိုယ်တိုင် ဦးစီးကွပ်ကဲဖို့ တပည့်တော် ခတောင်းပန်ပါတယ်'

တက်မုဆရာတော်က မငြင်းပါ။

'ကောင်းပြီလေ၊ နောင်ကြီး၊ ကွမ်းစန့်စင်က တောင်းပန်တော့လဲ ကျုပ်ပဲ ကွပ်ကဲရတော့မှာပေါ့၊ ကဲ...အထဲကို ဝင်ကြရအောင်'

သိုင်းသမားကြီးများသည်ခန်းမဆောင်ကြီး၏ တံခါးရှေ့သို့ ပြန်လည် ရောက်ရှိလာတော့သည်။

တက်မုဆရာတော်သည် အကာအကွယ်အဖြစ် မည်သည့် ပြင်ဆင်ခြင်းမျှ မပြုလုပ်ပေ။

ကွမ်းစန့်စင်နှင့်တကွ အခြားသိုင်းသမားကြီးများ အားလုံးက အဆင်သင့်ပြင်ဆင်ထားကြ၏။

ဆရာတော်သည် တံခါးမကြီးကို လက်ဝါးဖြင့် ရိုက်ချသည်။

ဝုန်းခနဲမြည်ဟည်းပြီး ပွင့်သွားသည်။

သိုင်းသမားကြီးများအားလုံး လျှင်မြန်စွာ ခုန်ဝင်ကြလေ၏။

'ဟင်....တစ်ယောက်မှ မရှိတော့ပါကလား'



မှန်သည်။

အခန်းထဲ၌ တစ်ယောက်မျှ မရှိတော့ပေ။

ဝါစဉ်ကြီး သိုင်းဆရာကြီးများသည် ဟင်းခနဲ သက်ပြင်းချ လိုက်ပြီး သူတို့၏အတွင်းအားများကို လျှော့ချလိုက်ကြ၏။

ကွမ်းစန့်စင်က....

'ဆရာတော် ဒီအခန်းမှာ လျှို့ဝှက်တံခါးတွေ၊ လျှို့ဝှက် လိုဏ်ခေါင်းတွေရှိမှာ သေချာတယ်၊ အဲဒီကနေ ထွက်သွားကြ လိမ့်မယ်'

အခန်းထဲ၌ ဖယောင်းတိုင်မီးက တောက်လောင်ဆဲ ရှိနေ၏။

အကျီဖြူဝတ် မိန်းကလေးသည် ဖယောင်းတိုင်မီးများကို ငြိမ်းသတ်ခြင်းမရှိဘဲ ရုတ်တရက် ထွက်ခွာသွားခဲ့ကြသည်။

သိုင်းသမားကြီးတစ်ယောက်က ဖယောင်းတိုင်ကြီးတစ်တိုင်ကို ဆွဲဖြုတ်လိုက်ပြီး အခန်းပတ်ပတ်လည်ကို လိုက်လံစစ်ဆေး၏။

ကွမ်းစန့်စင်က ဆော်သြ၏။

'အားလုံး သဲလွန်စ ရှာကြပါ၊ ဒါမှ မြန်မြန်တွေ့နိုင်မယ်'

ခန်းမဆောင်၏ အနောက်ဘက်၌ တံခါးမကြီးတစ်ခုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးမကြီး အတွင်းဘက်၌ မင်းတုပ်များ ပိတ်ဆို့ထား
ဆဲရှိသဖြင့် ထိုအပေါက်မှထွက်ခြင်း မဟုတ်ကြောင်း အားလုံး
က သဘောပေါက်ကြပြီး ဖြစ်သည်။

အခန်းနံရံများ၌ အဆက်အစပ်၊ အက်ကြောင်း၊ လျှို့ဝှက်
ခလုတ်ဟူ၍ မည်သည့်အရာမျှ မရှိသဖြင့် လျှို့ဝှက်လိုဏ်ခေါင်း
ရှာဖွေသည့်အလုပ်ကို စွန့်လွှတ်လိုက်ရတော့မည့်ကဲ့သို့ ရှိနေတော့
သည်။

သို့ရာတွင် ကွမ်းစန်စင်၏မျက်လုံးများသည် ခန်းမနံရံရှိ တစ်
တည်းသော ပန်းချီကားကြီးဆီသို့ မျက်စိရောက်သွားလေ၏။

သူသည် မည်သူ့ကိုမျှ စကားမပြောဘဲ ထိုပန်းချီကားဆီ
သို့ လျှောက်သွားလေ၏။

ပန်းချီကားဆီသို့ ရောက်သောအခါ ပန်းချီကားကို ...
လာ၏။

ပန်းချီဆရာ၏လက်ရာ ကောင်းလှသည်ကား အမှန်ဖြစ်၏

ကျေးလက် လုလင်ပျိုတစ်ဦးသည် ဘူး၊ ဖရုံ၊ သခွား အ...
ရှိသည့်သစ်သီးများကို မြင်းလှည်းပေါ်၌ တင်ဆောင်ပြီး ...
မြင်းလှည်းကို အပြင်းမောင်းနှင်နေပုံ ဖြစ်၏။

မြင်းကြီး၏ အမြှောင်းအမြှောင်းကြွက်သားများ၊ ဆော...
ထနေသည့်လည်ဆံမွေးများ၊ မိုးပေါ်ပျံတက်မည့်ဟန် ကြွနေ...



ပုံများက ပန်းချီကား၏ အသက်ဝင်မှုကို ဖော်ပြလျက်ရှိနေ
သည်။

ကွမ်းစန်စင်သည် ပန်းချီကားကိုကြည့်နေသဖြင့် အခြား
သိုင်းသမားကြီးများလည်း သူ့အနီးသို့ရောက်ရှိလာ၏။

တက်မုဆရာတော်က ခေါင်းညိတ်ပြီး.....

'အင်း....ဖြစ်နိုင်ပါတယ်၊ နောင်ကြီးကွမ်းစန်စင်ဖြုတ်ကြည့်
လိုက်ပါလား'

ကွမ်းစန်စင်သည် ပန်းချီကားကြီးကို လက်နှင့် ဆွဲဖြုတ်
လိုက်၏။

သိုင်းသမားကြီးများအားလုံး ပန်းချီကားနောက်၌ တစ်စုံ
တစ်ခုမြင်ရလိမ့်မည်ဟု ထင်ထားကြသည်။

သို့သော် နံရံချည်းသာ မြင်သောအခါစိတ်ပျက်သွားကြ၏။

'ဘာမှလဲ မရှိပါလား'

သူတို့အားလုံး အတွေ့အကြုံ ရင့်ကျက်သူများဖြစ်၍ ဆင့်
ဆက်၍ ရှာဖွေကြပြန်၏။

'တစ်နေရာမှာတော့ ရှိရမယ်'

'ခေါင်မိုးပေါ်မှာ ရှိနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တံခါးမကြီးမှ လူတစ်ယောက်ဝင်လာသည်၊

'ခင်ဗျားတို့အားလုံး မျက်စိမှောက်နေကြပြီ'

အခန်းထဲရှိ သိုင်းသမားကြီးများသည် ထိုသူကို ကြည့်ပြီး ဟင်ခနဲ ဟာခနဲဖြစ်ကုန်တော့သည်၊

အဘယ်မှာလျှင် မဖြစ်ဘဲနေအံ့နည်း၊

ထိုသူကား အာမခံအဖွဲ့များနှင့် အထက်လမ်းကိုဏ်းသားများကို တတ်နိုင်သမျှအနှောင့်အယှက်ပေးလေ့ရှိသည့် ညသိမ်းငှက် ဝမ်ကန်း ဖြစ်နေသောကြောင့်တည်း၊

ဝမ်ကန်းသည် ရက်စက်စဉ်းလဲသဖြင့် အထက်လမ်းကိုဏ်းသားများလက်မှ လက်တစ်လုံးခြားကလေး လွတ်မြောက်သွားခဲ့သည်၊

သူသည် သူ၏ ရန်သူတော်များအကြားသို့ ကျားခေါင်းချိတ်ဟု ကျော်ကြားသည့် သူ၏ဓားကောက်ကြီးကိုကိုင်၍ ဝင်လာ၏၊

ကွမ်းစန်စင်သည် ခပ်တိုးတိုး ပြောလိုက်မိသည်၊

'ဒီလိုနေရာမျိုးကို ခင်ဗျား ရောက်လာလိမ့်မယ်လို့ မထင်ဘူးဗျာ'



'နောင်ကြီးကွမ်းစန်စင်၊ ကျုပ်ကလဲ ဒီကို ဘယ်လာချင်ပါ့မလဲ၊ ကျုပ်လာရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေမှာပေါ့၊ ကဲ...ဒါတွေအသာထား၊ တောဒီမှာကြည့်'

သူသည် ကျားခေါင်းချိတ်ဖြင့် ကြမ်းပြင်တစ်နေရာသို့ ထိုးစိုက်ပြီး ပြန်ဆွဲလိုက်ရာ ကြမ်းပြင်နှင့် တစ်သားတည်း ပြုလုပ်ထားသည့် လေးထောင့်သစ်သားအံဖုံးကြီးတစ်ချပ် ပါလာတော့သည်၊

အောက်၌ အပေါက်ကြီးတစ်ပေါက်ကို ထင်ရှားစွာ မြင်တွေ့ကြရတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၈)

## ဝမ်ဂေဟာ၏ မြေအောက်ကြွက်တွင်းများ

ကွမ်းစန်စင်သည် ဒူးထောက်ထိုင်ပြီး လှို့ဂှက်အပေါက်ကို လှေ့လာကြည့်၏။

အောက်၌ မည်းမှောင်နေသည်။

ဖယောင်းတိုင် (သို့မဟုတ်) မီးအိမ်ယူမသွားဘဲနှင့် လှကူ ချောမောစွာ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ချေ။

ဝမ်ကန်းက ရယ်၍ ပြောသည်။

'ကိုင်း....နောင်ကြီးတို့ စိတ်ချလက်ချသာ ဝင်သွားကြတော့'



တက်မုဆရာတော်တို့လည်း ဘာမျှရှည်ရှည်ဝေးဝေး စဉ်းမနေနိုင်ကြတော့ဘဲ လှို့ဂှက်အပေါက်ထဲသို့ ခုန်ချလိုက်ကြသည်။

ကွေ့ချိုးလေးကို ဖြတ်ကျော်ပြီးသည့်နောက် တက်မုဆရာတော်သည် ရပ်တန့်သွားသည်။

မှောင်ထဲ၌ မျက်လုံးများ ကျင့်သားရလာပြီဖြစ်၍ တော်ရုံအရာဝတ္ထုကို မြင်လာသည်။

သံတံခါးကြီး။

သံတံခါးကြီးကို သူတို့မြင်ကြသည် မဟုတ်ပါ။

တက်မုဆရာတော်သည် ဆဋ္ဌမအာရုံ၏ လှုံ့ဆော်မှုဖြင့် သူ၌ တစ်ခုခုတားဆီးနေပြီဖြစ်ကြောင်း ခံစားသိရှိလိုက်သဖြင့် တရက် ရပ်တန့်လိုက်ခြင်းဖြစ်သည်။

လက်ဖြင့် စမ်းသပ်လိုက်သောအခါ အေးစက် မာကျောနေသာ သံတံခါးကို တွေ့ရှိရတော့သည်။

'ဆရာတော် ဘာတွေ့လိုလဲ'

'သံတံခါးကြီး ကာဆီးနေပြီ'

ခန်မုဆရာတော်နှင့် ကွမ်းစန်စင်တို့သည် တက်မုဆရာတော်ရှင်ဆောင်တန်း တက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးထားရှိသဖြင့် ထိုနေရာ၌ ကျယ်ကျယ်ဝန်းဝန်းရှိ သည်။

'ဆရာတော်က ဘာလုပ်ချင်သလဲ'

ကွမ်းစန်စင်၏အသံ။

'အတွင်းအားသုံးပြီး ရိုက်ဖွင့်မယ်၊ သုံးယောက်အင်အား ဆိုရင် ပွင့်နိုင်ပါတယ်'

တက်မုဆရာတော်၏အသံ။

'ကောင်းပါတယ်၊ ရိုက်ကြစို့'

ဖန်မူဆရာတော်က ထောက်ခံပြီး ပြိုင်တူရိုက်ချကြသည်။

'ဝုန်း....ဂုန်း....ဝုန်း'

သံတံခါးကြီးသည် တဝုန်းဝုန်းမြည်နေ၏။

သို့သော် လုံးဝမပွင့်ပါ။

ကွမ်းစန်စင်သည် တစ်စုံတစ်ခုကို တွေးမိသဖြင့် အားလ အော်ဟစ်သတိပေးလေ၏။

'နောက်ဘက်မှာရှိနေတဲ့ လူတွေ အမြန်ဆုံးပြန်ထွက်ကြ

ကွမ်းစန်စင်၏ အော်ဟစ်သတိပေးသံမဆုံးမီ သူတို့ ဘက်မှ တဂျိမ်းဂျိမ်း အော်မြည်သံကြီးကို ကြားလိုက်ကြရ



ကွမ်းစန်စင်က နာကြည်းစွာ ပြောလေ၏။

'ကျုပ်တို့အညာခံရပြီ၊ ဟိုအယုတ်တမာ ဝမ်ကန်းက ကျုပ်တို့ကို အယုံသွင်းပြီး သားရဲတွင်းထဲ ပို့လိုက်တာပဲ'

တက်မုဆရာတော်က စိတ်ထိခိုက်နေသည့် ကွမ်းစန်စင်ကို နှစ်သိမ့်သည်။

'ဖြစ်မယ့်ကိစ္စက ဖြစ်ကိုဖြစ်လာတာပါ၊ ဘယ်လိုမှ တားဆီးလို့မရပါဘူး၊ ဒီထောင်ချောက်ထဲကိုရောက်ဖို့ ကံကြမ္မာရှိနေပြီဆိုရင် ဝမ်ကန်းကမပို့လဲ ကျုပ်တို့ဘာသာ ရှာဖွေပြီး ဝင်လာကြမှာပါ၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့'

သူတို့အားလုံး စစ်ဆေးကြည့်သောအခါ သံတိုင်ကြီးများက အလွန်တရာကြီးမားကြောင်း တွေ့ရသည်။

ရှေ့မှာ သံတံခါးကြီး၊

နောက်မှာ သံတိုင်၊ ဤမြေအောက်မှ မလွတ်မြောက်နိုင်တော့ပြီ။

တက်မုဆရာတော်သည် အတွင်းအား အလွန်ကောင်းသူဖြစ်၍ အတွင်းအားသုံးကာ သံတိုင်ကို ဆွဲချိုးသည်။

ကလေးငယ်၏ လက်မောင်းခန့်ရှိသော သံတိုင်များသည် တက်မုဆရာတော်၏ အတွင်းအားကို ကောင်းစွာ အန်တုခံနိုင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တက်မှုဆရာတော်သည် သိုင်းသမားများအကြားမှ တိုး... ပြီး မှုလသ်တံခါးနား လာရပ်လေ၏။

သိုင်းသမားတစ်ယောက်က ညည်းညူလိုက်သည်။

'ရိုးတိုးရိပ်တိတ်တော့ မြင်နေရတယ်ဗျ၊ သေသေချာ... သာ မြင်ရရင် ထွက်လမ်းရှာနိုင်မှာပဲ'

'သတိရပြီဗျို့၊ ခင်ဗျားတို့ဘာမှမပူကြနဲ့'

ရှုခနဲအသံနှင့်အတူ မီးလင်းသွား၏။

နောက်ဆုံးမှ ခုန်ဝင်လာသော သိုင်းသမားကြီးယည် ... ယူလာသည့် ဖယောင်းတိုင်ကို သတိရပြီး မီးထွန်းညှိလိုက်ခြ... ဖြစ်ပေသည်။

ထိုအခါကျမှ သူတို့ရောက်ရှိနေသည့် နေရာကို အသေအ... တွေ့မြင်ရတော့သည်။

သူတို့ အကျဉ်းကျနေသည့် နေရာမှာ ပေသုံးဆယ်ပတ်လည်... ခန့်ရှိသည်။

အတော်ကလေး ကျယ်ဝန်းသည်ဟု ဆိုရမည်။

ထောင်ချောက်ဆင်ထားသည့်နေရာဖြစ်၍ ဤမျှ ကျယ်ကျ... ဝန်းဝန်း ပြုလုပ်ထားဟန်တူသည်။



တက်မှုဆရာတော်သည် ဖယောင်းတိုင် ကိုင်ထားသည့် သိုင်း... သမားကြီးအား လှမ်း၍ ချီးကျူးလိုက်၏။

'ဒကာကြီးကတော့ ကျုပ်တို့အားလုံးထဲမှာ အမြော်အမြင် ...အရှိဆုံး ပုဂ္ဂိုလ်ပါပဲဗျာ၊ ကျေးဇူးကြီးလှပါပေတယ်'

ထိုသိုင်းသမားကြီးက လက်တစ်ဖက်ဖြင့် ဂွီခိုးရင်း....

'ဆရာတော် ချီးကျူးသလို မဟုတ်ရပါဘူး၊ တပည့်တော်လဲ ...ကောက်မိကောက်ရာ ကောက်ယူလာခဲ့တာပါပဲ၊ ကံအားလျော်... ...ာ အသုံးဝင်သွားတာပါ'

'လူတော်လူကောင်းတွေဟာ ဒီလိုပဲ နှိမ့်ချတတ်ကြတာပါ... ...လေ'

ထိုစဉ် တွမ်းစန်စင်က....

'ဆရာတော်....မစောစောက သံတိုင်တွေကို စစ်ဆေးကြည့်တာ ...အဆင်ပြေရဲ့လား'

'ဟင့်အင်း....ကျုပ်ရဲ့အတွင်းအားနဲ့ ဒီသံတိုင်တွေကို မဖြိုဖျက် ...နိုင်ပါဘူးဗျာ'

'ဒီလိုဆိုရင် ဖန်မှုဆရာတော်ရယ်၊ တပည့်တော်ရယ် သုံး... ...ယောက်ပေါင်းပြီး ရိုက်ဖျက်ကြရင်ကော စောစောကသံတံခါး ...ကို ရိုက်သလိုပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကြိုးစားခြင်းဟာ အချည်းနှီးတော့ မဖြစ်ပါဘူး၊ သုံး ယောက်ပေါင်းပြီး ကြိုးစားကြည့်ကြတာပေါ့၊ ကဲ....'

တက်မှု၊ ဖန်မှုနှင့် ကွမ်းစန်စင်တို့သည် သံတိုင်ကြီးများကို အတွင်းအားသုံး၍ ရိုက်ချိုးကြသည်၊

သံတံခါးကို မဖျက်ဆီးနိုင်သလို ကျဲသံတိုင်များကိုလည်း မဖျက်ဆီးနိုင်ကြပေ။

ကွမ်းစန်စင်က သက်ပြင်းချ၍ ပြော၏။

'ခန်းမထဲမှာ လူငါးယောက် ချန်ထားခဲ့ရင် အင်မတန် အဆင်ပြေမှာ အခုတော့ ရှိရှိသမျှဆယ့်ငါးယောက်စလုံး ခုန် ဆင်းလာကြတော့ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုတာလို ဖြစ်ကုန်ပြီပေါ့'

တစ်ယောက်က မေး၏။

'ဝမ်ကန်း ပါမလာဘူး၊ ဒီကောင် ကျန်ရစ်ခဲ့ပြီ'

အခြားတစ်ယောက်က ရယ်၍ပြော၏။

'မိတ်ဆွေကြီးကလဲ၊ ကယောင်ချောက်ချား ဖြစ်နေပါပြီ။ ထောင်ချောက်ထဲထည့်တဲ့လူဟာ ကျုပ်တို့နဲ့လိုက်ပြီး ဘယ်ခုန် ချလိမ့်မလဲဗျာ၊ သူ အုံဖုံးတံခါးပိတ်ပြီး ပြေးလောက်ပြီပေါ့'



ခင်း...လူယုတ်မာတာ အမြဲတမ်း လူယုတ်မာစိတ်ပဲ မွေးတတ် တာပါကလား'

ထိုစကား ကြားရသောအခါ ကွမ်းစန်စင်မှာ သူ့ကိုယ်သူ သို့မလဲဖြစ်သွားသည်၊

ဤအခန်းထဲ ရောက်နေသူများမှာ အနည်းဆုံး အသက်ငါး ဆယ်ခန့်နှင့်အထက် ကျော်သူများဖြစ်ရာ ပညာသူမျှ • သေဘေး အတွက် ပျာယာခတ်ခြင်း မရှိကြပေ။

အားလုံး တည်တည်ငြိမ်ငြိမ်ပင် ရှိကြသည်။

တစ်ယောက်က ရယ်သလိုမောသလို ပြောသည်။

'ရှေ့မှာ သံတံခါး၊ နောက်မှာ တံတိုင်း၊ ဘေးမှာ ကျောက် အား ကျုပ်တို့အားလုံး ဒီမှာအိပ်ရုံပဲရှိတော့တယ်'

သူတို့သည် နောက်ထပ်တွေ့ကြုံရမည့် ကြမ္မာဆိုးကို မမှန်း ဘဲ ကျိစယ်နေကြသည်။

တစ်ယောက်က....

'သံဖြတ်လွှမပါဘဲနဲ့တော့ ဒီထဲက လွတ်နိုင်ဖို့ မမြင်တော့ ဘူး'

'ဒါဖြင့် ကျုပ်တို့က ငုတ်တုတ်ထိုင်ပြီး အဖမ်းခံရတော့မှာ လား'

www.burmeseclassic.com

www.burmeseclassic.com



'အသတ်မခံရရင် ကံကောင်းပေါ့ဗျာ'

'အဟမ်း...အဟမ်း...အဟမ်း'

တက်မှုဆရာတော်၏ ချောင်းဟန့်သံကြောင့် စကားသံ... တိတ်သွား၏။

ဆရာတော်က ဆက်၍ စကားပြော၏။

'အားလုံး အတွေ့အကြုံ ရင့်ကျက်သူတွေဖြစ်တာမို့ ... သုံးစားတော့ မဖြစ်ပါဘူး၊ အေးအေးဆေးဆေး စဉ်း... ရင် လွတ်မြောက်နိုင်တဲ့ နည်းလမ်းတစ်ခုခုကို တွေ့မှာသေ... ပါတယ်'

ကွမ်းစန်စင်သည် တက်မှုဆရာတော်၏ ခေါင်းအေးပုံကို ... ထဲမှ ကျိတ်၍ ချီးကျူးမိလေ၏။

'အင်း...ဒီဆရာတော်ဟာ မကြာခင် ရှောင်လင်ကျော... တော်ရဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီး ဖြစ်မှာပဲ၊ ဒီမြေအော... အကျဉ်းခန်းက လွတ်မြောက်နိုင်မယ်ဆိုရင်ပေါ့လေ'

ထိုစဉ်မှာပင် ဝှန်းခနဲ ဝှန်းခနဲ ပြိုလဲကျသံများ ကြားလို... ရ၏။

သူတို့ထဲမှ သိုင်းသမား ငါးယောက်ခန့် လဲကျသွားခဲ... သည်။



တက်မှုဆရာတော်၊ ဖန်မှုဆရာတော်နှင့် ကွမ်းစန်စင်တို့သည်သာ ...နှစ်စွာသတိဝီရိယ ရှိကြ၏။

ပထမဦးဆုံးလက်နက် သူတို့အားမထိလျှင် ဒုတိယ၊ တတိယ ...စရှိသော လက်နက်များ မထိနိုင်တော့ပေ။

အကယ်ကြောင့်ဆိုသော် သူတို့၏အင်္ကျီလက်စရှည်ကြီးများ... ...ခါယမ်းရန် အသင့်ဖြစ်နေသောကြောင့်တည်း။

တက်မှုဆရာတော်သည် ဆွဲမြှောက်ထားသော သင်္ကန်းစကို ...တ်ချလိုက်ပြီး လဲကျနေသူများ၏ရင်ဝကို လိုက်လံစမ်းသပ် ...သည်။

'ကယ်လို့ မရနိုင်တော့ဘူး'

ကွမ်းစန်စင်က...

'ဘယ်လိုသေတာလဲ'

'အဆိပ်လက်နက်ပဲဖြစ်မှာပေါ့၊ အဆိပ်အပ်ပဲ ဖြစ်လိမ့်မယ်'

'ဆရာတော် စမ်းသပ်ကြည့်ပါဦး'

တက်မှုဆရာတော်သည် အလောင်းတစ်လောင်း၏ပခုံးသား... ...ဝ်နေရာကိုညှစ်လိုက်ရာ အပ်ချည်မျှင်ထက် အနည်းငယ်ကြီးပြီး ...နှစ်စ ခန့်ရှည်သော အပ်ကလေးတစ်ချောင်း ထွက်လာ၏။

'ဘာအပ်လဲ ဆရာတော်'

www.burmeseclassic.com

www.burmeseclassic.com



'ဝိညာဉ်ခြွေ အရိုးဖေဖာက်အပ်လို့ခေါ်တာပဲ'

မသေဘဲကျန်ရစ်သူများသည် အပ်ကို ဝိုင်းကြည့်ကြ၏။

သိုင်းသမားကြီးတစ်ယောက်က ညည်းညည်းညူညူ ပြော
သည်။

'ဒီတိုက်ပွဲကတော့ အတော်ကို မတရားတဲ့ တိုက်ပွဲပဲ'

တစ်ယောက်က...

'စစ်ပွဲမှာ တရားတာ မတရားတာတို့ မရှိဘူးဗျာ'

'ဒါ...စစ်ပွဲမဟုတ်ဘူးဗျ၊ စစ်မြေပြင်မဟုတ်ဘူး၊ သိုင်း
လောကရဲ ထုံးစံအရဆိုတော့ စည်းကမ်းချက်နဲ့မညီတဲ့ လူသတ်
ပွဲပဲ'

ထိုတဒင်္ဂမှာပင် တိုးညင်းသော လေတိုးသံများကို ကြား
ပြီး နောက်ထပ် လူလေးယောက်ခန့် လဲကျသွားပြန်လေ၏။

ထိုသို့လဲသူထဲတွင် ဖယောင်းတိုင်မီးတိုင်ထားသည့် သိုင်း
သမားကြီး ပါဝင်သွားရာ ချက်ချင်း မှောင်အတိကျသွားလေ
တော့သည်။

အကျဉ်းခန်းထဲ၌ စုစုပေါင်း သိုင်းသမားခြောက်ယောက်
ခန့်သာ ကျန်တော့သည်။



ယခုအချိန်တွင်မူ သေရမည့်ကိစ္စကို အားလုံး တွေးတော
ကြတော့သည်။

ထိုစဉ် နံရံဖောက်ထွင်းထားသည့်ပြွန်ပေါက်မှ ပြောကြား
နေသည့် လိုက်သံပါသော ခပ်အက်အက်အသံကို ပထမဆုံး
ကြားကြရလေတော့သည်။

'အခုသေတာ သေစာရင်းမှတ်တမ်းစာအုပ်ထဲမှာ နာမည်
ရေးထားသူတွေပဲ ဖြစ်တယ်၊ ကျန်ရစ်သူတွေလဲ ဆယ်ရက်
အတွင်း ထပ်သေရမယ်၊ မုချသေရမယ်'

လိုရင်းကိုပြောပြီးနောက် စကားသံ ပျောက်သွားလေ၏။
ကြားရသူတိုင်း ကျောချမ်းထဲစိမ့်သွားကြသည်။

ကွမ်းတစ်ယာညက်ခန့်ကြာမျှ မှောင်မည်း၍ ငြိမ်သက်နေ
ကြပြီးနောက် ကွမ်းဇာနီစင်၏ ပထမဦးဆုံးအသံ ထွက်ပေါ်
လာသည်။

လေသံမျှသာ...

'ဆရာတော် နေကောင်းပါရဲ့လား'

'ကျန်းမာ ပကတိပါပဲ'

'တက်မုဆရာတော်ကော'

'ကျုပ်လဲ ကျန်းမာဝကတိပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

အခြားသိုင်းဆရာကြီးသုံးယောက်ကလည်း သူတို့ဘေးကပ် ကြောင်းလေသံဖြင့် အကြောင်းပြန်သည်။

ဖန်မှုဆရာတော်က....

'မှောင်နေတာကောင်းတယ်၊ ရုတ်တရက်တော့ ဘေးမ နိုင်ဘူး'

ကွမ်းစန်စင်က သတိပေး၏။

'တပည့်တော်တို့ကိုပစ်တာ မြှေနဲ့နောက်ကမဟုတ်ဘူး၊ တော အက်ကာပဲဖြစ်တယ်၊ ကျောက်နံရံတွေမှာ လျှို့ဝှက်အပေါက်တွေ ရှိလိမ့်မယ်၊ သတိထားကြပါ၊ အဲဒီအပေါက်တွေကို တွေ့ တပည့်တော်တို့ လွတ်ရာလွတ်ကြောင်း ကြံနိုင်မှာ သေချာပ တယ်'

သူတို့ထဲ၌ အတွင်းအားအကောင်းဆုံးလူမှာ တက်မုဆ တော်ဖြစ်၏။

ထို့ကြောင့် ပိန်းပိတ်အောင် မှောင်သော အမှောင်ထုထဲ တွင် တက်မုဆရာတော်သည် သူတကာထက် အမြင်သန်ပေ သည်။

သူနှင့်အတူ ဂူခန္ဓြရရ အတွင်းအားကျင့်စဉ် ကျင့်နေသူမှာ သူ၏ညီတော် ဖန်မှုဆရာတော်နှင့် ကွမ်းစန်စင်တို့ပင် ဖြစ် ကြောင်း တွေ့ရှိရပေသည်။



ကျွန်သိုင်းသမားသုံးယောက်တို့မှာ အရေးကောင်းများ အကာအကွယ်ယူထားကြောင်း တွေ့မြင်နေရသည်။

အဆိပ်အပ်နှင့်ပစ်သူများသည် ကျောက်နံရံအတွင်း လျှို့ က်အပေါက်များ၌ ရှိရမည်ကို ဖန်မှုဆရာတော် သိရှိပြီး ဖြစ် သည်။

'ဪ....သိုင်းသမားတွေဟာ သေခြင်းတရားနဲ့ တွေ့ဆုံဖို့ တွက် ပန်းကလေးတစ်ပွင့်နမ်းသလို သဘောထားကြတယ် အရပ်လောကသားတွေက ပြောကြားကြတယ်၊ အခုတော့ ယ်ဟုတ်လို့လဲ၊ သေခြင်းတရားနဲ့ တကယ် ရင်ဆိုင်လာကြရ တော့လဲ သူတို့လဲ ကြောက်ကြတာပါပဲလား'

တက်မုဆရာတော် တွေးတောနေစဉ်မှာပင် လိုဏ်ခေါင်းထဲ၌ ပြားရတတ်သည့် ခပ်အက်အက်အသံမျိုး စတင်ကြားရတော့ သည်။

အသံရှင်ကား သူတို့အား ဒုက္ခပေးနေသည့် မိန်းကလေး ည်း။

'ရှင်တို့အားလုံး တစ်နာရီတော့ အေးချမ်းစွာနေနိုင်ပြီ၊ တစ် နာရီအနားပေးတယ်၊ တစ်နာရီ အတွင်းမှာ ဘာဘေးဆိုး ရာယ်ဆိုးမှ မကြုံစေရဘူးလို့ တာဝန်ခံတယ်၊ တစ်နာရီကြာ ရင်တော့ မီးလောင်တိုက်အသွင်းခံကြရမယ်၊ ဘာဖြစ်လို့လဲ တော့ ရှင်တို့အားလုံး သေစာရင်းမှတ်တမ်း စာအုပ်ထဲမှာ ရင်းသွင်းပြီးကြသူတွေ ဖြစ်လို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်က အတွင်းအားထုတ်၍ ပြန်လှန် စကားပြေ
သည်၊

သူ့အသံကလည်း လိုက်သံပေါက်နေသည်၊

'မင်းလုပ်တဲ့ လုပ်ရပ်တွေဟာ အင်မတန် အောက်တန်း
တဲ့ အောက်လမ်းနည်းတွေပဲ၊ ဒါဟာ ရန်သူကို တရားသ
ချေမှုန်းတဲ့လုပ်ရပ် မဟုတ်ဘူး'

တက်မုဆရာတော်က ကြားဖြတ်ပြောလေ၏၊

'နောင်တော် ကွမ်းစန်စင်၊ ဒီမိန်းကလေးဟာ အင်မတ
ကောက်ကျစ်တယ်၊ သူနဲ့ စကားမပြောနဲ့၊ ဘေးဆိုး ကြ
တယ်'

တက်မုဆရာတော်က စကားပြောခြင်းဖြင့် မိမိရှိသည့်နေ
ကို တစ်ဖက်ရန်သူအား အသိပေးရာရောက်သည်ဟု ဆိုလို
ဖြစ်ပေသည်၊

မုယ်သံခပ်အက်အက် ကြားလိုက်ရသည်၊

'ဟုတ်တယ်၊ ကျွန်မတို့ကတော့ ရန်သူဆိုရင် သတ်ဖြတ်
သိတယ်၊ တရားတာမတရားတာ မသိဘူး၊ ပထမတော့
လောင်တိုက်သွင်းမလို့ပဲ၊ အခု စိတ်တစ်မျိုး ပြောင်းသွား
ရေလွှတ်ပေးရင် ပိုကောင်းမယ်လို့ တွေးမိလာပြီ၊ ကဲပါလေ
ရှင်တို့ ဘာကြိုက်ကြသလဲ၊ မီးကြိုက်သလား၊ ရေကြိုက်သလာ



တက်မုဆရာတော်ဘက်မှ မည်သည့်အသံမျှ မကြားရတော့

မိန်းကလေး၏အသံ ပြန်ပေါ်လာပြန်သည်၊

'သိပ်လဲစိတ်မပူကြပါနဲ့၊ ရှင်တို့ရဲ့ သေမင်းကို နောက် တစ်
ရက်အတွင်း မတွေ့စေရပါဘူး၊ ဒီတစ်နာရီ အတွင်းမှာတော့
အေးအေးဆေးဆေး နားနိုင်ပါတယ်'

တက်မု၊ ဖန်မုနှင့် ကွမ်းစန်စင်တို့သည် မြေအောက်အကျဉ်း
း အတွင်းမှ မည်သို့ လွတ်မြောက်နိုင်မည်ကို အပြင်းအထန်
တွေးတောနေစဉ်မှာပင် အလောင်းကောင်များကို အကာ
ကွယ်ယူထားသည့် သိုင်းသမား သုံးယောက်အနက် တစ်
ယောက် အိပ်နေသည်ကို မကြာမီ တွေ့လိုက်ကြရ၏၊

'ဘုရားရေ...သိုင်းလောကသားဆိုတာ ဒီလိုပါလို့ သူက ငါ
သက်သေပြနေတာလား မသိ'

တက်မုဆရာတော်က ကွမ်းစန်စင်ကို လက်တို့၍ သတိပေး
သည်၊

'နောင်ကြီး ကွမ်းစန်စင်၊ ဟိုး...ဒကာကြီးကို ကြည့်စမ်းပါ'

မှောင်နှင့်မည်းမည်း ဖြစ်သော်လည်း ကွမ်းစန်စင်အနေနှင့်
းတိုးရိုင်တိပ် မြင်နိုင်စွမ်းရှိသည်၊

www.burmeseclassic.com



သူလည်း ဝါစဉ်ကြီး သိုင်းသမားကြီးတစ်ဦး ဖြစ်သည်

ကျန်လုဂိုဏ်း၏ လေ့ကျင့်ရေးမှူးကြီးသည် အဘယ်မှာ… အတွင်းအားပညာ ညွှန်ကြားပါမည်နည်း။

'သိပ်ထူးခြားတယ်၊ သူ့အယ်သူလဲ့ဆိုတာ တပည့်တော်… မသိဘူး၊ မေးရင်လဲ သူ့သိက္ခာကို စော်ကားသလို ဖြစ်နေ… မယ်'

ကွမ်းစန်စင်က ခပ်တိုးတိုးပြန်လျှောက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ နောင်ကြီးလဲ သိချင်တာ သိရအော… ကျုပ်လဲ့သိက္ခာမကျအောင် ကျုပ်ဘာသာပဲ မိတ်ဆက်ရပေ… မှာပေါ့၊ ကျုပ်က ဝါဆန်းတောင်က ဖေကုံးလျှန်ပဲ ဖြစ်… တယ်'

BURMESE CLASSIC

'ဘုရားရေ'

သည်တစ်ကြိမ် ဘုရားတသူမှာ တက်မုဆရာတော် တစ်… တည်း မဟုတ်ပါ။

တက်မု၊ ဖန်မုနှင့် ကွမ်းစန်စင်တို့ သုံးဦးစလုံး တစ်ပြိုင်တ… ဘုရားတခြင်း ဖြစ်ပါသည်။

'ဖေကုံးလျှန်….



ဖေကုံးလျှန်ဆိုသည့် အမည်မှာ သိုင်းလောကတွင် အကျော် …ကျော်ကြားသည့် နာမည်တစ်လုံး ဖြစ်ပါသည်။

ဝါဆန်းတောင်၏ ဝါစဉ်ကြီး သိုင်းသမားကြီးများထဲမှ …ယောက်ဖြစ်သည်။

သိုင်းလောကသားတိုင်းက ဖေကုံးလျှန်၏အမည်ကို မရှိ…သ မလုပ်ရဲကြပေ။

သို့တိုင် တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ကျန်လု…း ဓလေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်တို့က ဖေကုံးလျှန် …ယောက်လုံးကို မသိခဲ့ကြပေ။

တက်မုဆရာတော် အပါအဝင် သုံးဦးစလုံးဘာ အရေးတကြီး …တ်ဂါရဝပြုကြသည်။

'နောင်ကြီး ဖေကုံးလျှန် သည်းခံပါ၊ ကျုပ်တို့ စီစဉ်ဆွေး…တဲ့အချိန်တုန်းက ခနောင်ကြီးဖေကုံးလျှန်ကို နေရာမပေးခဲ့ …တွက် ခွင့်လွှတ်ပါ'

…ဖေကုံးလျှန်သည် အလောင်းများကြား အိပ်နေရာမှ ထပြီး …သည်ဂါရဝပြုသည်။

'ကိစ္စမရှိပါဘူး နောင်ကြီးကွမ်းစန်စင်၊ ကျုပ် ဦးစီးကွပ်ကဲ …ချင် ကျုပ်ပဲ နာမည်ပျက်မှာပေါ့ဗျာ၊ ခုတော့ ကံကောင်း …ာက်မပြီး ခနောင်ကြီးနဲ့ ဆရာတော် နာမည်ပျက်တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအယုတ်တမာမလေးက ပိပိရိရိကို ထောင်ချောက်ဆင်ထားကိုးဗျ၊ ကျုပ်လဲ ဝမ်ကန်းပြောတာ တကယ်ပဲအော မိခဲ့ပါတယ်ဗျာ'

ဖေကုံးလျှန်သည် အလွန်စိတ်တိုစိတ်ဆတ်သည်။

သို့ရာတွင် ယခုတစ်ကြိမ်၌ သူသည် တစ်လျှောက်လုံးသ ပြီး နောက်လိုက်လုပ်လာခဲ့၏။

သူ ဖေကုံးလျှန်ဖြစ်ကြောင်း မည်သူကမျှလည်း မသ ပေ။

အလောင်းများကြား အိပ်နေ၍သာ တက်မုဆရာတေ ရိပ်မိသွားခြင်း ဖြစ်ပေသည်။

ဖေကုံးလျှန်မှာ ပိန်လှီလှသည်။

သို့သော် သူ့အား မည်သူမျှ မထီမဲ့မြင် မလုပ်ဝံ့ချေ။

ဖေကုံးလျှန်က ဆက်ပြောနေ၏။

'နောင်ကြီးတို့ ကျုပ်ကိုမသိတာလဲ ခပ်ကောင်းကော ပဲဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လဲ သက်ကြားအို ဖြစ် မဟုတ်လား၊ သိပ်ပြီး အသုံးမတည့်တော့ဘူးလေ'

ကျန်သည့် သိုင်းသမားကြီးနှစ်ယောက်မှာမူ ထိတ်လန့် သဖြင့် စကားပင် မပြောနိုင်ကြတော့ပေ။



ယခုဆိုလျှင် သိုင်းသမားခြောက်ဦးသာ အသက်ရှင်ကျန်ခဲ့ရာ ဦးက ဂိုဏ်းချုပ်အဆင့် မရောက်သေးသည့် တကယ့်အကျော် များ ဖြစ်နေပေသည်။

ကျန်လူများကို ပရိယာယ်များသော မိန်းကလေး ချေမှုန်း ါမည်လော၊

ထိုစဉ် တစ်နာရီ ပြည့်သွားဟန်တူသည်။

အဘယ့်ကြောင့်ဆိုသော် နံရံကြားမှ မီးခိုး ဖြူဖြူများ ည်းဖြည်း အူထွက်လာနေသောကြောင့်တည်း။

သူတို့အား မီးခိုးမှိုင်းဖြင့် မှိုင်းတိုက်သတ်ရန် ကြံစည်နေ ား မသိပေ။

က်မုဆရာတော်သည် မီးခိုးထွက်သည့်နေရာကို အထူးဂရု ၍ ကြည့်နေ၏။

ီးခိုးလုံးများ တဖြည်းဖြည်း ကြီးလာသည်။

ီးခိုးလွှတ်သည့် အပေါက်က တဖြည်းဖြည်း ကျယ်လာ ောင်း တွေ့ရှိလိုက်ရသည်။

က်မုဆရာတော်က အားလုံးကို သတိပေးလေ၏။

'နောင်တော်တို့ အသင့် ပြင်ထားကြပါ၊ ထွက်ရပ်လမ်း တွေ့ပြီ၊ ကံကောင်းရင် လွတ်နိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျန်သိုင်းသမားများအားလုံး အဆင်သင့်ပြင်ထားကြ

တက်မုဆရာတော်သည် အတွင်းအားအပြည့်အဝသင်း မီးခိုးထွက်နေသည့် ကျောက်သားအက်ကြောင်းကြားထဲသို့ ထန်သော အတွင်းအားတစ်ချက် ရိုက်သွင်းလိုက်သည်။

'ဂုန်း'

အနည်းငယ်ဟနေသည့် ကျောက်သား ပတ်ကြားအက် ရှစ်လက်မခန့် ကျယ်သွားသည်။

ကွမ်းစန်စင်က...

'အင်း...ရှေ့လက်ဝါး အတွင်းအားသိုင်းအကြောင်း ဖူးထားတာတော့ကြာပါပြီ၊ ခုမှပဲ မြင်တွေ့ရတော့တယ်၊ တ ကြီးမားတဲ့ အတွင်းအားသိုင်းပါပဲ'

ကွမ်းစန်စင် ရှေ့ရှုတ်နေစဉ် ဖေကုံးလျှန်သည် သူ၏ပ လှသော ကိုယ်ခန္ဓာကို ထိုတံခါးအက်ကြောင်းထဲသို့ လှ ပစ်သွင်းလိုက်၏။

အတွင်း၌ မာန်သွင်းသံ၊ တိုက်ခိုက်သံများ ကြားရပြီးနေ မီးခိုးလုံးများ တဖြည်းဖြည်း အထွက်ရပ်သွားသည်။

တက်မုဆရာတော်က အားလုံးကို ပြောကြားလိုက်သည်

'ဝင်ကြ'



သူကမှ တေးနှုံဖယ်ပေးသည်။

ဖန်မူ ကွမ်းစန်စင်နှင့် ဝါစဉ်ကြီး သိုင်းသမားကြီး နှစ် ယောက်တို့ အစဉ်အတိုင်း ဝင်သည်။

အတွင်း၌ မှောင်နေသော်လည်း ရိုးတိုးရိပ်တိပ် မြင်ရသည် သာ။

ဖေကုံးလျှန်၏ လက်ချက်ဖြင့် လူနှစ်ယောက် လဲကျသေဆုံး နေသည်။

မီးခိုးလွှင့်လုတ်သည့် ပြောင်းကြီးနှစ်ခုကိုလည်း စမ်းသပ် တွေ့ရှိကြရသည်။

ဖေကုံးလျှန်က...

'ကျောက်နံရံအစစ်မဟုတ်ဘူး၊ တံခါးကို ခလုတ်နဲ့ အဖွင့် အပိတ်လုပ်ထားတဲ့ ကျောက်နံရံအတုပဲဖြစ်တယ်၊ ဒီကတစ်ဆင့် ဆက်ပေါက် တစ်ပေါက်ပေါက် တွေ့လိမ့်မယ်လို့ မျှော်လင့်ရ တယ်'

သည်တစ်ကြိမ်တွင်တော့ ဖေကုံးလျှန် ဦးဆောင်ထွက်သွား ၏။

ကိုက်ငါးဆယ်ခန့် သွားပြီးသည်နှင့် လက်မောင်းလုံးခန့်အ တိုင်များဖြင့် ပြုလုပ်ထားသည့် သံတံခါးကြီးတစ်ချပ် ပိတ်ဆို့ နေကြောင်း စိတ်ပျက်စဖွယ် တွေ့ရှိရတော့သည်။

www.burmeseclassic.com



ဖေကုံးလျှန်က သံတိုင်ကြီးကို ကိုင်လှုပ်သည်။ အနည်းငယ်လှုပ်ခါသည်မှအပ ရွေ့လျားခြင်း မရှိပေ။

ဆရာတော်တက်မုက....

'နောင်ကြီး ဖေကုံးလျှန် မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ဘူးဆရာတော်၊ သိပ်ခိုင်ခံ့တယ်'

ထိုစဉ်မှာပင် သူတို့နှင့် တစ်ဖက်ခြား သံတံခါး အပြင်မှ မည်းမည်းလူရိပ်တစ်ရိပ် လျှောခနဲ ရောက်ရှိလာသည်။

'ရှူး....တိုးတိုး၊ သိပ်စကားမပြောကြပါနဲ့'

တက်မုဆရာတော်တို့အုပ်စုသည် ပထမ၌ မည်သူမှန်း မသိချေ။

သို့သော် ချက်ချင်းလိုလိုပင် ထိုသူ မည်သူဖြစ်သည်ကို ရိပ်မိလာကြ၏။

'တုထန်ဟို'

အားလုံးက တစ်ပြိုင်တည်း ရေရွတ်မိကြ၏။

'ဟုတ်ပါတယ်၊ ကျုပ် တုထန်ဟိုပါ၊ ဒီတံခါးက သော့ရှိတယ်၊ ဒီသော့ကို ကြံဖန်ပြီးခိုးယူလာခဲ့ရတာ'



သူသည် သော့ခလောက်ကိုဖွင့်ပေးလိုက်ပြီး သံတံခါးကြီး သူ့ဘက် ဆွဲဖွင့်လိုက်၏။

တို့နောက် ခပ်တိုးတိုးပြော၏။

'ဆရာတော်တို့ လက်ဝဲဘက်နံရံကိုစမ်းပြီး အဲဒီအတိုင်းထွက်ပါ၊ ထွက်ပေါက် တွေ့ပါလိမ့်မယ်၊ တပည့်တော်ကတော့ ဆရာတော်တို့နဲ့လိုက်လို့မဖြစ်သေးဘူး၊ ခွင့်ပြုပါဦး'

တိဗက်သိုင်းဆရာကြီးသည် ထိုစကားကို ပြောပြီးသည်နှင့် ဝင်ခနဲထွက်ပြေးရန် ဟန်ပြင်သည်။

ကွမ်းစန်စင်က....

'အသက်လာကယ်တဲ့အတွက် ကျေးဇူးအထူးပဲ တင်ပါတယ် နောင်ကြီး တုထန်ဟို'

တုထန်ဟို ပြန်လှည့်လာ၏။

'ကျေးဇူးတင်ဖို့မလိုပါဘူးဗျာ၊ ကူညီသင့်တဲ့ကိစ္စကို ကူညီတာပဲ၊ နောင်ကြီးတို့ ထွက်လာတာအချိန်မီပဲ၊ မီးခိုးလွှတ်ပြီး သူတို့ ရေလွှတ်တော့မယ်၊ ကျုပ်လဲ အရဲစွန့်ပြီးထွက်လာခဲ့တာပဲ၊ အချိန်မီ ပြန်ရဦးမယ်'

ကွမ်းစန်စင်က လက်သီးနှစ်ဖက်ဆုပ်ကိုင်ကာ ဂါရဝပြုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေကလေးများ အသေခြင်းပါ ရိုပ်ခြည် မသိရ လား နောင်ကြီး၊ ကျုပ်တို့နောင် ဘယ်လို ဆက်လုပ်ရမယ် တာ စဉ်းစားရတာပေါ့'

ထွက်ပြေးသွားတော့မည့် တုတာန်ဟုသည် သိုင်းသမား များ၏အနီးသို့ ပြန်လည်ချဉ်းကပ်လာ၏။

'ကျုပ်လဲ အပြည့်အစုံတော့ မသိသေးဘူး၊ သခင်ကြီး ကျိုးထန့်ရဲ့ပြဿနာက မသေးဘူးဗျ၊ ပြဿနာတွေက အဆ အစပ်များလှန်းတယ်၊ သခင်မလေး ဝန် ဟိုအက်ျီအဖြူ ထားတဲ့မိန်းကလေးဟာ လက်ထောက်သဘောမျိုးပဲ ရှိတ သူ့နောက်မှာ ကြိုးဆွဲတဲ့လူတစ်ယောက် ရှိနေတယ်'

တက်မုဆရာတော်က....

'ကွန်လုံဝမ် ဆိုတာလား'

'အတုတ် မပြောနိုင်ဘူး'

'လူကို မမြင်ဖူးဘူးလား'

'မြင်တော့မြင်ရတယ်၊ ဒါပေမယ့်မသဲကွဲဘူး၊ မျှရင်းရုပ် မဟုတ်ဘူး၊ ကဲ...ကျုပ်ဖြုန်းတဲ့အချိန်တွေ သိပ်များသွား ပြေးလိုက်ဦးမယ်ဗျို့၊ ကျုပ်ပြောတဲ့အတိုင်း လက်ဝဲဘက်နံ လက်နဲ့စမ်းပြီး သွားကြနော်'



တက်မုဆရာတော်အပါအဝင် သိုင်းသမားကြီး ခြောက်ဦး သည် သူတို့အား လာရောက်ကယ်တင်ပြီး ပြန်လည်ထွက်ပြေး သွားသည့် တိဗက်သိုင်းဆရာကြီး တုတာန်ကိုအား ဦးညွှတ် ဂါရဝပြုလိုက်မိတော့သည်။

ဖေကုံးလျှန်က တက်မုဆရာတော်အား လှမ်းမေး၏။

'ဆရာတော်...တိဗက် ဆရာကြီးရယ်၊ ဟို ရုပ်ချောချော ရုပ်ဖျက်ထားတဲ့လူငယ်ရယ်၊ ဟို တိရစ္ဆာန်လိုလို မျောက်လိုလို လူလိုလို သူငယ်ရယ်၊ သုံးယောက်ဟာ အဆက်အစပ်များ ရှိ လားမသိဘူး'

တက်မုဆရာတော်က ခေါင်းညိတ်ရင်း...

'ကျုပ်သတိထားမိသလောက်တော့ သူတို့သုံးဦး တွဲဝင်လာ တာပဲ'

'ဒါဆိုရင် အဆက်အစပ်ရှိရမယ်'

'ရှိနိုင်ပါတယ်'

'ဟို မျောက်လိုပိုသူငယ်နဲ့ တိုသူငယ်ကတော့ ဂိုဏ်းတူ ညီ အစ်ကိုလား ဘာလားပဲ'

'ဟုတ်တယ်၊ ဆေးမိထားတဲ့လူငယ်ကို ဟိုသူငယ်က အင် မထန် သံယောဇဉ်ကြီးနေတာပဲ၊ နောင်တော်က ဟိုသူငယ်ကို

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါဖြူမိန်းကလေးလက်ထဲ ချန်မထားခဲ့ချင်ဘူး၊ ကျုပ်ကပဲ နောင်တော်ကို အတင်းခေါ်လာရတာ'

ထိုစကားကိုပြောသူမှာ ဖန်မှုဆရာတော် ဖြစ်သည်။

ဖေကုံးလျှန်က....

'အဲဒီညီအစ်ကိုနှစ်ယောက် တိုက်ခိုက်ပုံက အင်မတန်ကြမ်းတမ်းတယ်၊ ဘယ်သူ့တပည့်တွေလဲမသိဘူး'

တက်မှုဆရာတော်က ဝန်ခံ၏။

'ဟုတ်ပါတယ်၊ သူတို့ကတော့ တစ်ယောက်နဲ့တစ်ယောက် ထမင်းစားရေသောက် တိုက်ခိုက်နေကြတာပဲ၊ ဒါပေမယ့် တိုက်ကွက်တွေက လျှို့ဝှက်နက်နဲလွန်းလို့ မနည်းကြည့်ထွက်အောင် ကြည့်နေရတယ်၊ ခက်တာက သူတို့တိုက်ကွက်တွေဟာ ဂိုဏ်းပေါင်းစုံရဲ့ ထူးခြားတဲ့တိုက်ကွက်တွေ ဖြစ်နေတာပဲ၊ ဒီတော့ ခန့်မှန်းရခက်နေတာပေါ့'

ကွမ်းစန်စင်က....

'သူတို့အသက်အရွယ်နဲ့ နှိုင်းယှဉ်ရင် သူတို့ ရရှိနေတဲ့ပညာက ပိုများနေတယ်'

တက်မှုဆရာတော်က ခေါင်းညိတ်၏။



'မှန်တယ်၊ ဟိုသူငယ်နဲ့ ကျုပ် တစ်ကြိမ်တိုက်ခဲ့တယ်၊ သူ့အတွင်းအားပညာ ဘယ်အဆင့်အထိ ရောက်နေတယ်ဆိုတာ ကျုပ် မခန့်မှန်းနိုင်ခဲ့ဘူး၊ သူကသာ နောက်မဆုတ်ဘဲ ဆက်တိုက်ရင် ကျုပ်အဖို့တော့ ပြဿနာပဲ'

ကွမ်းစန်စင်က တစ်ချက်ထောက်ပြသည်။

'တိဗက်ဆရာကြီးကတော့ ဟိုမိန်းကလေးရဲ့ အဆိပ်ဆေးဒဏ်ကယ်တမ်း ထိဟန်မတူဘူးဗျ'

ဖေကုံးလျှန်က ရယ်ရင်း....

'အဆိပ်ဓမ္မဆေးထိမှတော့ ကျုပ်တို့ကို လာကယ်ပါမလား၊ ဆရာကြီးဟာ သူ့နည်းသူ့ဟန်နဲ့ ဝမ်ဂေဟာကြီးရဲ့ အရှုပ်အထွေးကို ဖော်ထုတ်နေပုံရတယ်'

သိုင်းဆရာကြီးများသည် စကားတပြောပြောနှင့် လျှောက်လာကြသည်။

ဖေကုံးလျှန်သည် လက်ဝဲဘက်နံရံကို လက်မလွှတ်ဘဲ ဦးဆောင်၍လျှောက်သည်၊ ပြေပြစ်သောလမ်း၊ လှေကားထစ်များရှိသောလမ်း အစရှိသည်တို့ကို ကျော်ဖြတ်လာကြရ၏။

မိုင်ဝက်ခန့်လျှောက်မိသောအခါ စိုစွတ်သည့်နေရာတစ်နေရာသို့ ရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုရှိုက်ရသည့် အနံ့အသက်ကလည်း မကောင်းလှချေ၊ ဤဥမင်လမ်းကို လူအသုံးပြုနည်းကြောင်း ထိုအချက်က သက်သေပြနေ၏။

ကွမ်းစနဲ့စင်က မှတ်ချက်ချသည်။

'ဝမ်ဂေဟာကြီးရဲ့ အောက်မှာရှိတဲ့ လိုဏ်ခေါင်းတွေဟာ ကြွက်တွင်းတွေလို ဖြစ်နေတယ်၊ တုထန်ဟို ပြောတဲ့အတိုင်း မလျှောက်တဲ့နဲ့ ကျုပ်တို့ စိတ်ထင်တိုင်း လျှောက်သွားရင် နောက်ထပ် ထောင်ချောက်တစ်ခုထဲ ရောက်သွားနိုင်တယ်'

ဖေကျုံးလျှန်က ရယ်ရင်း....

'သိပ်သေချာတာပေါ့ဗျာ'

တက်မုဆရာတော်က လေးလေးနက်နက် ပြောလေ၏။

'ကျုပ်လဲ မိန်းကလေးပြောတဲ့စကားတွေကို ယုံလာပါပြီ သခင်ကြီးဝမ်ကျုံးထန်ဆိုတဲ့ဒကာကြီးဟာ ထင်ရှားကျော်ကြား သလောက် ကိုယ်ကျိုးအတွက် လုပ်ခဲ့ပုံရတယ်၊ ဘယ်ရှီးသား လူမှ ကိုယ့်ခြံဝင်းအောက်မှာ ဒီလောက်များတဲ့ မြေအောက် ဥမင်လမ်းတွေ တူးထားမှာမဟုတ်ဘူး၊ သိုင်းလောကထဲ အထက်လမ်းဂိုဏ်းသားတွေဟာ သူ့ရဲ့ကောင်းသတင်းကြောင့် သူ့စကားတွေကို အလွယ်တကူ ယုံကြည်မိကြတယ်၊ သူဟာ ဒီအကာအကွယ်နဲ့ ဒုစရိုက်မှုတွေ တော်တော်များများ လုပ်ခဲ့ သလား မဆိုနိုင်ဘူး'



ကွမ်းစနဲ့စင်က....

'ဘာပဲဖြစ်ဖြစ် ဝမ်ကျုံးထန်ဟာ အထက်ဂိုဏ်းသားတော် တော်များများကို ကယ်ခဲ့တာအမှန်ပဲ'

တက်မုဆရာတော်က လေးလေးနက်နက် ကန့်ကွက်သည်။

'ဒါဟာ သူ့အတွက် မျက်နှာဖုံးကောင်းတစ်ခု ဖြစ်နိုင်တာ ပါ၊ ဒီလိုကယ်ခဲ့တာကိုကြည့်ပြီး အထက်လမ်းဂိုဏ်းသားတွေ က သူ့အပေါ် အမြင်ကြည်လင်ခဲ့တယ်၊ သူ့ကို အထက်လမ်း ဂိုဏ်းသားလို့ပဲ ယူဆခဲ့ကြပါတယ်'

ထိုစဉ်....

ဖေကျုံးလျှန်က လှမ်းအော်လေ၏။

'လမ်းဆုံးရောက်ပြီလို့ ထင်တယ်ဗျို့'

မှန်သည်။

သူတို့အားလုံး ရှေ့သို့လှမ်းကြည့်သောအခါ အလင်းရောင် န်းတစ်ခု ထိုးကျနေသည်ကို တွေ့ရ၏။

ထို့ကြောင့်....

အားလုံး ခပ်သွက်သွက် လျှောက်သွားကြသည်။

'ဟာ'

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားကြီးများအားလုံး ရင်မောသွားကြသည်။

အဘယ်ကြောင့်ဆိုသော်....

သူတို့အားလုံး မော့ကြည့်သောအခါ ကောင်းကင်ပြာ ကို ခပ်ဝိုင်းဝိုင်းကလေး တွေ့နေရသောကြောင့်တည်း။

ဝမ်ဂေဟာသည် မြေအောက်ဥမင်လမ်း၏ ထွက်ပေါက် ရေတွင်းတစ်ခုအဖြစ် ဖန်တီးထားသည်။

တွင်းနံရံများ၌ ကိုင်တွယ်စရာမရှိသဖြင့် သိုမျှမြင့်သော အ ကို မည်သူမျှ ခုန်ပျံမတက်နိုင်ဘဲ ရှိနေလေ၏။

တက်မုဆရာတော်သည် မော့ကြည့်ပြီး မှတ်ချက်ချသ

'ဝမ်ကျုံးထန်ဟာ ကျုပ်ထင်ထားသလို ဒုစရိုက်ဂိုဏ်း ဖြစ်ဖို့ကတော့ အတော့်ကို သေချာနေပြီ'

ကွမ်းစန်စင်ကလည်း ခေါင်းညိတ်သည်။

'တပည့်တော်တောင် လက်ခံချင်လာပါပြီ၊ ဘာဖြစ် ဆိုတော့ ထွက်ပေါက်ဖန်တီးထားပုံက စိတ်ကူးသိပ်ကောင် တယ်'

ဖေကုံးလျှန်က....

'ဒါပေမယ့် သူ့ထွက်ပေါက်က ဘာထွက်ပေါက် ဘာမှ တွယ်စရာမှ မရှိတော့ဘဲ'



ဖန်မုဆရာတော်က ရယ်ရင်း....

'ကျုပ်တို့မှာ ကြိုးခွေတစ်ခွေပါရင်တော့ လွယ်လွယ်နဲ့ တက် င်တာပဲ၊ သူတို့ ဒီထွက်ပေါက်ကိုသုံးရင် ကြိုးခွေယူလာကြမှာ ပါ'

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်စကားပြောနေ ကြစဉ် ရေတွင်းအပေါက်ဝအပေါ်မှ လှမ်းခေါ်သံကြားရ၏။

'ဗျို့... နောင်ကြီး ကွမ်းစန်စင်'

လူအားလုံး ဝမ်းသာအားရ မော့ကြည့်လိုက်၏။

ရေတွင်းအဝ၌ လူဦးခေါင်းသေးသေးကလေး မြင်ရသည်။

သူတို့အားလုံး အံ့သြသွားကြ၏။

ထိုသူကား ညသိမ်းငှက် ဝမ်ကန်းတည်း။

'ဝမ်ကန်း....မင်း....မင်း'

'ဟုတ်တယ်၊ ကျုပ် ဝမ်ကန်းပါ၊ ကဲ....'

သူသည် တစ်စုံတစ်ခုကို လွှတ်ချလိုက်၏။

ရှည်လျားသောကြိုးခွေကြီး ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကန်းသည် တစ်ဖက်အစကို ရေတွင်းနှုတ်ခမ်း၌ သံ...
ဖြင့် ချိတ်တွယ်ထားခဲ့လေ၏။

'တက်ခဲ့ကြတော့'

ရှေးဦးစွာ ဖေကုံးလျှန် တက်လာ၏။

ထို့နောက်....

နာမည်မသိရသေးသော ဝါစဉ်ကြီးသိုင်းဆရာနှစ်ယော...

ထို့နောက်....

ကွမ်းစန်စင်၊ ထို့နောက် ဖန်မုဆရာတော်၊ ထို့နော...
တက်မုဆရာတော်။

လူအားလုံး စုံသောအခါ သူတို့ သစ်တောတစ်ခုထဲ ရောက်...
နေသည်ကို တွေ့ရပြီး ဇရပ်ဟောင်းကြီးတစ်ဆောင်ကိုလည်း...
တွေ့ရသည်။

တက်မုဆရာတော် အပါအဝင်စုစုပေါင်းသိုင်းသမားခြော...
ယောက်ကိုကြည့်ပြီး ဝမ်ကန်း အံ့သြနေ၏။

'ဘယ်လို ဖြစ်လာကြတာလဲ၊ အားလုံးနီးပါး ကုန်တ...
ပါပဲသား'

ကွမ်းစန်စင်က....



...မကုန်ဘဲခံနိုင်မလား၊ မင်းပဲ ကျုပ်တို့ကို ထောင်ချောက်ထဲ
...က်တာ မဟုတ်လား'

'ကြုံကြုံဖန်ဖန်နောင်ကြီးရာ၊ ဒီလိုမစွပ်စွဲပါနဲ့၊ ကျုပ်စေတနာ
... အလကားဖြစ်ကုန်ပါမယ်'

'ဘာ အလကားဖြစ်ရမှာလဲ၊ မင်းစေတနာကြောင့် လူကိုး
...က် အောက်မှာသေခဲ့ပြီ၊ အောက်မှာ ထောင်ချောက်ရှိနေ
...ဆိုတာ မင်းသိနေတယ်မဟုတ်လား'

'မြေအောက်ဥမင်လမ်း ရှိတယ်ဆိုတာပဲ သိပါတယ်၊ ထောင်
...က်ရှိတယ်ဆိုတာတော့ မသိပါဘူး'

'အေး....ခင်း ဖွင့်ပေးလိုက်တဲ့ ဥမင်လမ်းထဲဝင်ပြီး အားလုံး
...ရောက်ကုန်တာပဲ၊ မင်းနဲ့ကျုပ်တို့နဲ့ ရန်ကြေးကတော့
...သက် မပြေတော့ဘူး'

...မ်ကန်းက မျက်စိမျက်နှာပျက်သျက် ပြောသည်။

...နောင်ကြီးကွမ်းစန်စင်၊ နောင်ကြီးတို့ကို ရေတွင်းပျက်ထဲက
...ယ်တာ ဘယ်သူလဲဆိုတာ စဉ်းစားပါဦးဗျာ၊ နောင်ကြီး
... မြေအောက်လမ်းပြပြီးတော့ ကျုပ် အဲဒီမှာ စောင့်နေခဲ့
...ယ်၊ ဒါပေမယ့် အဲဒီထဲက သိုင်းသမားဆယ်ယောက် ဝိုင်း
...တွေလို့ ခွေးပြေးဝက်ပြေး ပြေးလာခဲ့ရပါတယ်၊ ဟောဒီမှာ
...ခုံးကို ကြည့်ပါဦး၊ ဓားဒဏ်ရာတစ်ချက် ရထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်ကိုကြည့်သောအခါ ဒဏ်ရာ အတော်က[ေ]
ကြီးကြောင်း တွေ့ရ၏။

ဝမ်ကန်း အကြောပိတ်ထားဟန်တူသည်။

သွေး အလွန်အကျွံ မထွက်တော့ပေ။

သူ ဆက်ရှင်း၏။

'အဲဒီနေရာက ခွေးပြေး ဝက်ပြေး ပြေးလာပြီးေ
နောင်ကြီးတို့ ဒုက္ခရောက်ပြီဆိုတာ ရိပ်မိပါတယ်၊ ဒါေ
ကျုပ် ဟောဒီတောထဲ ပြေးရင်းလွှားရင်း ဝမ်ဂေဟာက
တချို့ ဒီရေတွင်းထဲက ထွက်လာတာ တွေ့ဖူးထားတော
နေရာဟာ လျှို့ဝှက်ထွက်ပေါက်တစ်ခုဆိုတာရိပ်မိထားပါ
ဒါကြောင့် ကြိုးတစ်ခွေနဲ့ ဒီမှာ လာစောင့်နေတာပါ၊ စဉ်း
ပါဦး နောင်ကြီးရဲ့'

တက်မုဆရာတော်က ချောင်းဟန့်လိုက်သဖြင့် ကွမ်း
ရပ်တန့်သွားသည်။

တက်မုဆရာတော်က ခပ်တိုးတိုးပင်ပြောသည်။

'နောင်ကြီးကွမ်းစန်စင်၊ သူပြောတာတွေဟာ စဉ်းစ
တော့ ကောင်းပါတယ်၊ စိတ်သိုက်မာန်ပါ မလုပ်လိုက်ပါနဲ့'

ကွမ်းစန်စင်က လေသံဖြင့် ပြန်ပြောသည်။



'ဆရာတော်....ဝမ်ကန်းဟာ တပည့်တော်တို့ရဲ့ ကျွန်လုဂိုဏ်း
သားလေးယောက်ကို သတ်ဖြတ်ခဲ့ပါတယ်'

ထိုစကားကို ဝမ်ကန်း ကြားသွားသည်။

'နောင်ကြီး ကွမ်းစန်စင်၊ ကျွန်လုဂိုဏ်းသားလေးယောက်ကို
ကျုပ် မသတ်ဘူးဗျ၊ အထင်မမှားပါနဲ့၊ ကျုပ်က သူတို့သေနေ
တာကို မြင်တွေ့ခဲ့တဲ့ လူပါဗျ'

ကွမ်းစန်စင်သည် စိတ်မထိန်းနိုင်ဘဲ ပြန်လည် အော်ငေါက်
လိုက်လေ၏။

'တိတ်စမ်း....မင်းမသတ်ရင် ဘယ်သူသတ်မှာလဲ'

'ဒီလိုတော့ အရမ်းမပြောပါနဲ့၊ နောင်ကြီး ကွမ်းစန်စင်ဟာ
ပညာရှိပါ'

'အေး....ပညာရှိလို့ မင်းကို စွပ်စွဲနေတာပဲ'

ဝမ်ကန်း စိတ်ညစ်သွားဟန်ဖြင့် ခေါင်းကုတ်သည်။

ဖန်မုဆရာတော်က ညည်းညည်းညူညူ ပြောမိလေ၏။

'သိုင်းလောကပြဿနာဆိုတာ ယန်စီမြစ်ထဲကလှိုင်းတွေလို
ပဲလား၊ လှိုင်းတံပိုး ရိုက်ခတ်ပြီးသွားလို့ ပြီးသွားပြီမထင်နဲ့၊
တစ်လုံးပြီးသွားရင် နောက်တစ်လုံးက ဆက်တိုက်ပါလာတာပဲ၊
ပြဲ မပြီးနိုင်တော့ပါကလား'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်သည် တက်မုဆရာတော်ကို မဆန့်ကျင်လို

သို့သော်....

သူ၏ဘျန်လုဂိုဏ်းသားအချို့ သေဆုံးမှုကြောင့် ညသိမ်း ဝမ်ကန်းတစ်ယောက် ပါဝင်ပတ်သက်နေသဖြင့် ဆရာ များကို လျစ်လျူရှုထားပြီး သူ့ကိစ္စကိုသာ ပြန်ဆက်နေ သည်။

ဆွမ်းခံရင်း ငှက်သင့်သူမှာ ဝမ်ကန်း ဖြစ်နေလေသလော တက်မုဆရာတော် တွေး၏။

ကျန်လုဂိုဏ်းနှင့် ပတ်သက်သည့်ကိစ္စများ ဖြစ်နေသ ဆရာတော်ကလည်း ပြန်လည် လျစ်လျူရှုရလေတော့၏။

❖

## အခန်း (၃၉)

## ဇရပ်ထဲမှ တွေ့ဆုံပွဲ

‘အဖြစ်က ဒီလိုပါ၊ ကျန်လုဂိုဏ်းသား လူသေလေးယောက် ဆီက ရတနာအချို့ကို ကျုပ် ရှာဖွေရရှိခဲ့တာပါ၊ ကျုပ် သူတို့ကို မသတ်ပါဘူး’

‘ဟား.... ဟား.... ဟား.... တော်တော် ယုံစရာကောင်းတဲ့ ဆင်ခြေပါလား၊ သူတို့က လူသတ်ခဲ့ပြီးမှ ပစ္စည်းတွေကို ဒီအတိုင်း ထားပစ်ခဲ့မှာလား’

‘ထားခဲ့ပါတယ်ဗျာ၊ နောင်ကြီးကွန်းစန်စင်လဲ သိသားပဲ၊ ခိုင်းလောကသား ဆိုတာက အတော်ခက်တယ်၊ တချို့က ရတနာထက် အသက်ကို တန်ဖိုးထားတယ်၊ တချို့က အသက်

www.burmeseclassic.com

www.burmeseclassic.com



ထက် သိုင်းပညာကို တန်ဖိုးထားတယ်၊ နောင်ကြီးရဲ့ ကျန် ဂိုဏ်းသားတွေကို သတ်သွားတဲ့ လူတွေက ရတနာကြောင့် ဟုတ်ချင်မှဟုတ်မှာပေါ့'

ညသိမ်းငှက် ဝမ်ကန်းဆိုသည်မှာ ဓားပြတစ်ဦးသာ ဖြစ် သည်။

သိုင်းပညာ အတော်ကလေး တတ်ကျွမ်းသဖြင့် ကျားကို တောင်ပံတပ်ပေးထားသလို ဆိုးချင်တိုင်းဆိုးနေသူ ဖြစ်၏။

သို့သော် သူ ယခုပြောပြနေသည့် အချက်များကိုမူ ကွမ်းစန် စင်အနေဖြင့် လက်မခံမဖြစ် လက်ခံရမလိုဖြစ်နေသည်။

'သူတို့မှာ ဘာရတနာတွေ ပါလာခဲ့သလဲ'

'နန်းတွင်းရတနာတချို့ပါပဲ'

'ကျုပ်ရဲ့ ဂိုဏ်းသားတွေနဲ့ ရတနာနဲ့ ဘာမှမဆိုင်ဘူး'

'အဲဒါ ထူးဆန်းတာပေါ့၊ သူတို့ဆီက ပုလဲတွေရလိုက်တယ် လိမ်ညာပြောတယ်ဆိုရင် ခုချက်ချင်း သေအန်ပါစေဗျာ၊ အဲ လိုကို ကျိန်ရဲပါတယ်'

ကွမ်းစန်စင် ဒေါသထွက်လာသည်။

'အဲဒီပုလဲဆိုရင် ပိုဆိုးသေးတယ်၊ ကျန်လုံဂိုဏ်းဟာ ဓား ဂိုဏ်းမဟုတ်ဘူး၊ ဘယ်တော့မှ နန်းတော်ထဲဝင်ပြီး ပုလဲမ ဘူး'



'နောင်ကြီးမှားနေပါပြီ၊ ကျုပ်က နောင်ကြီးရဲ့ ဂိုဏ်းသား တွေ နန်းတော်ထဲဝင်ပြီး ပုလဲခိုးတယ်လို့ လုံးဝမဆိုပါဘူးဗျာ၊ သူတို့ဆီက ပုလဲရတနာတွေ ရခဲ့တယ်လို့ပဲ ပြောခဲ့ပါတယ်'

ကွမ်းစန်စင်က ငေါက်လိုက်၏။

'ပြစမ်းပါဦး၊ ဘယ်လိုပုလဲမျိုးလဲ'

ဝမ်ကန်းက လျှင်မြန်စွာ နှိုက်ယူပြီးပြ၏။

ပုလဲများသည် လက်ဖဝါးပေါ်၌ တောက်ပပြောင်လက်နေ သည်။

'ဟောဒီလိုပုလဲမျိုး နှစ်ဆယ့်လေးလုံးကို ရှာဖွေ တွေ့ခဲ့ပါ တယ်၊ နောင်ကြီးတို့လို လူမျိုးတွေအတွက်တော့ ဒီပုလဲတွေက ဘာမှတန်ဖိုးမရှိပါဘူး၊ ကျုပ်လို ဓားပြတစ်ဦး အဖို့ကတော့ တကယ်လောဘတက်စရာတွေပါဗျာ'

ကွမ်းစန်စင်မှာ ဘာဆက်ပြောရမှန်းမသိဘဲ ဖြစ်သွားတော့ သည်။

'ကောင်းပြီ၊ ဒီကိစ္စရှင်းဖို့ မင်းလိုက်ခဲ့ပါ၊ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ပြီး ရှင်းပြပါ'

'ဗျာ...ဒါကတော့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်သည် တက်မုဆရာတော်နှင့်တကွ သေဘေ လွတ်မြောက်လာသည့် သိုင်းသမားများ အားလုံးကို ဦးည ဂါရဝပြုလိုက်ပြီး....

'တပည့်တော်ကို ခွင့်ပြုတော်မူပါ၊ ဟောဒီက ဝမ်ကန် ပြဿနာတချို့ ဖြေရှင်းရဦးမှာမို့ ထွက်ခွာခွင့်ပြုပါ'

တက်မုဆရာတော်က ခေါင်းညိတ်ပြသဖြင့် ကွမ်းစန်စင်သ ဝမ်ကန်းအား အတင်းအဓမ္မ ဆွဲခေါ်သွားလေတော့၏။

သူတို့ ခရီးပြင်းနှင်လာသဖြင့် တက်မုဆရာတော်အုပ် အတောင်ကလေး ဝေးကွာလာသည်။

ဝမ်ကန်းက....

'နောင်ကြီးကွမ်းစန်စင်၊ ကျုပ်ကို ဒီလို အတင်းအဓမ္မ မလုပ်နဲ့ဗျာ၊ နောင်ကြီးကသာ သဘောတူမယ်ဆိုရင် ကျုပ်အ နဲ့ တစ်ဦးချင်းတိုက်ဖို့ အဆင်သင့်ပါဗျ'

ကွမ်းစန်စင်မှာ ဒေါသထောင်းခနဲ ထွက်သွား၏။

'ကောင်းပြီ၊ မင်းက ပြိုင်ချင်တယ်ဆိုရင် ငါဘာမှမပြောင်း ဘူး၊ မင်းကြိုက်ရာလက်နက် ထုတ်ပါ၊ ငါကတော့ လက်န မလိုပါဘူး'

ဤစကားမှာ မှန်သောသစ္စာစကားမင်ဖြစ်၏။



ညသိမ်းငှက်ဝမ်ကန်းမှာ လမ်းခဲ့ပြတစ်ဦးသာ ဖြစ်၏။

သိုင်းပညာကလေး အနည်းငယ်ကောင်းနေသဖြင့် အောက် လမ်း သိုင်းလောကဤ အဘော်အတန် နာမည်ရနေခြင်း ဖြစ် သည်။

ကွမ်းစန်စင်မှာ နာမည်ကျော်ကြား ထင်ရှားလှသော ကျန် လုဂိုဏ်းကြီး၏ လေ့ကျင့်ရေးမှူးကြီး ဖြစ်သည်။

ကွမ်းစန်စင်၏ အဝတ်အစားများ စုတ်ပြတ်လျက် အဖာ ထာရာနှင့် ဖြစ်နေသော်လည်း သူ့မျက်လုံးများ၏ တောက်ပမှု က သူ့အတွင်းအားပညာအဆင့်ကို ဖော်ထုတ်ပြသလျက်ရှိသည်။

သူ့အနေဖြင့် ဝမ်ကန်းလိုလူမျိုးကို တိုက်ခိုက်ရန် လက်နက် လုံးဝမလိုချေ။

စင်စစ်....

ဝမ်ကန်းကလည်း ဤအချက်ကို မသိမဟုတ်။

ကျန်လုဂိုဏ်းချုပ်ကြီးရှေ့ရောက်သွားပြီး အကျယ်အကျယ် ခြိမ်းဖွယ်ဖြစ်နေပါက သူသာ ဒုက္ခရောက်ရမည်ဟု ကြိုတင် ာက်ဆထားသောကြောင့်ဖြစ်လိုရာဖြစ်ဟုစိန်ခေါ်လိုက်ခြင်းသာ ဖြစ်သည်။

နောက်တစ်ချက်မှာ ကွမ်းစန်စင်ကို ချီးကျူးသင့်သည့်အချက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝမ်ကန်းလိုလူမျိုးကို ဆယ်ကွက် မတိုက်ရတဲ့ အသာတကြည် ဖမ်းဆီးခေါ်ဆောင်နိုင်သည်။

အကြောပိတ်ပြီး ဖမ်းသွားပါက ဝမ်ကန်းအနေနှင့် မည်သို့ မျှ တတ်နိုင်လိမ့်မည်မဟုတ်ချေ။

သို့သော် ကွမ်းစန်စင်သည် ဤသို့မပြုဘဲ ဝမ်ကန်း၏ စိန် ခေါ်မှုကို လက်ခံလေ၏။

'ဝမ်ကန်း၊ မပြိုင်ခင် ငါတစ်ခုမေးမယ်၊ ငါတို့ ဂိုဏ်းသား လေးယောက်ကိုသတ်တဲ့ တရားခံကိုသာပြောပါ၊ မင်းနဲ့ငါ ပြို ဖို့ မလိုတော့ပါဘူး၊ ငါလဲမပြိုင်ချင်ပါဘူး'

'လူသတ်ကောင် သုံးယောက်ဟာ အင်မတန် ရက်စက်တ ပဲ။ ကျုပ်လဲ မပြောရဲဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် ပြိုင်ကြရုံပဲရှိတော့တာပေါ့'

ကွမ်းစန်စင်က ဝမ်ကန်းအား ဦးစွာတိုက်ခိုက်ရန် အချက် သည်။

'အီး....အား....အား'

ထိုစဉ် ခပ်လှမ်းလှမ်းမှ ယယ်သံပါအောင် အော်ဟစ်လို သည့် စူးစူးရှရှ အသံများကြောင့် ကွမ်းစန်စင်နှင့် ဝမ်က



တို့မှာ မြှောက်ထားသည့်လက်များကို ပြန်ချလျက် အသံလာရာ သို့ လှည့်ကြည့်မိ၏။

ဝမ်ကန်းသည် စူးစမ်းလိုဟန်ရှိနေသည့် ကွမ်းစန်စင်၏အရိပ် အကဲကိုကြည့်ကာ စိတ်သက်သာရာရသွားသည်။

'နောင်ကြီး ကွမ်းစန်စင်၊ အော်သံကတော့ ကြောက်အား လန့်အား အော်လိုက်တဲ့အသံပဲဗျ။ လူတစ်ယောက် အသတ်ခံရ တာနီး အော်တဲ့အသံမျိုး ဖြစ်တယ်ဆိုတာ ကျုပ် လောင်းကြေး နဲ့ ပြောရဲတယ်. နောင်ကြီးသာ ဆန္ဒရှိမယ်ဆိုရင် ကျုပ်တို့တိုက် ပွဲကို ခဏရပ်ဆိုင်းလိုက်ကြရအောင်၊ နောင် အချိန်မရွေး တိုက် ခိုက်နိုင်တာပဲဗျာ'

ကွမ်းစန်စင်သည် ဝမ်ကန်းကို စူးရှစွာ ကစ်ချက်ကြည့်လိုက် ပြီး....

'ကောင်းပြီ၊ နောင်မှ တိုက်ကြတာပေါ့၊ အသံကြားတဲ့ဆီ သွားစုံစမ်းကြရအောင်'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ အလျင်အမြန် ပြေးလာကြ သော်လည်း လှုပ်လှုပ်ရှားရှား လုပ်နေသည့် အရာဟူ၍ တစ်ခုမျှ မရှိတော့ပါ၊

အလောင်းလေးလောင်းသာ တုံးလုံးပက်လက် လဲကျသေဆုံး နေကြောင်း တွေ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်သည် အမြင့်ဆုံး သစ်ပင်ပေါ်သို့ တစ်ကိုင်းချင်း ခုန်တက်သွား၏။

ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာကို လိုက်လံ ကြည့်ရှုသော်လည်း လူသူအရိပ်အယောင်ဟူ၍ လုံးဝမတွေ့ရပါ။

သူ ပြန်၍ခုန်ဆင်းလာသည်။

သူဆင်းလာသောအခါ ဝမ်ကန်းတစ်ယောက် အလောင်းများကို ငုံ့ကြည့်နေကြောင်း တွေ့ရ၏။

'ဘာတွေ့သလဲ'

ကွမ်းစန်စင်ကို ဝမ်ကန်း မော့ကြည့်၏။

'ဘာမှမတွေ့ဘူး၊ ဘာဖက်ရာမှမရှိဘူး'

'မင်း အကုန်လုံး လှန်လှော၊ကြည့်ပြီးလို့လား'

'ဘယ်ကြည့်ရမလဲ၊ သူတို့က ဘယ်နည်းနဲ့ သေတာမှန်းမှမသိတာ၊ တက်မုဆရာတော်တို့ကို ပင့်ခေါ်ပြီး ကြည့်ခိုင်းရင်တော့ တစ်ချက်တည်းနဲ့ ကြည့်တတ်မယ်ထင်တာပဲ'

ကွမ်းစန်စင်က...

'မင်းမှာ ဓားရှည်ကြီးတစ်ချောင်းရှိနေတာပဲ၊ အလောင်းတွေ မကိုင်ဝံ့ရင် ဓားနဲ့လှန်လှော၊ကြည့်ပေါ့ကွာ'



ဝမ်ကန်းသည် လူသေတစ်လောင်းကို ဓားနှင့်ထိုးကော်လှန်လိုက်ရာ မျက်နှာပေါ်လာသည်။

ဝမ်ကန်း မျက်လုံးပြူးသွား၏။

ချက်ချင်းပင် လှမ်းပြောသည်။

'နောင်ကြီးကွမ်းစန်စင်၊ ဟောဒီလူကို သိသလားဗျ'

ကွမ်းစန်စင် ခေါင်းခါသည်။

'မသိဘူး၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီးတို့ဂိုဏ်းသားလေးယောသတ်တဲ့ လူသုံးယောက်ထဲမှာ သူတစ်ယောက်ပါတယ်၊ သူ့ကိုသာ ရှာဖွေကြည့်ရင် သဲလွန်စတစ်ခုခုတော့ ရနိုင်မယ်လို့ထင်တယ်'

ကွမ်းစန်စင်သည် ဝမ်ကန်း၏လက်ထဲမှ ဓားကို လှမ်းယူပြီး အလောင်း၏အဝတ်အစားများကို ဓားနှင့်ထိုးခွဲလျက် လှန်လှောပစ်သည်။

ပုလဲခြောက်လုံးသည် ထိုအလောင်း၏ အတွင်းအိတ်ထဲမှ မြေပြင်သို့ လိမ့်ဆင်းလာလေတော့သည်။

ဝမ်ကန်းက ပုလဲခြောက်လုံးကိုကောက်ယူပြီး ကွမ်းစန်စင် လက်ထဲသို့လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'နောင်ကြီးမျက်မြင်ပါပဲ၊ သူ နောင်ကြီးတို့ဂိုဏ်းသားတွေ
ဆီက ပုလဲတွေယူလာသေးသဗျ၊ ကျုပ်ရခဲ့တာတွေကို သူ
မမြင်မိလို့ပဲဖြစ်လိမ့်မယ်'

ကွမ်းစန်စင်မှာ စိတ်ထဲမှာ မသက်မသာဖြစ်သွားသည်၊

အဓာယ်ကြောင့်ဆိုသော် ဝမ်ကန်းပြောသည့် စကားမှာ မှန်နိုင်ကြောင်း တွေ့လာရသောကြောင့် ဖြစ်သည်၊

ကွမ်းစန်စင်သည် ပုလဲခြောက်လုံးအနက်မှ တစ်လုံးကို ယူသည်၊

'ကျန်တဲ့ငါးလုံးကို မင်းပဲယူပါတော့၊ တစ်လုံးတော့ကျ
ယူသွားမယ်၊ ဒီပုလဲလုံးတွေကို ကျုပ်ဂိုဏ်းသားတွေ ဘယ်
ယူလာတယ်ဆိုတာ သဲလွန်စရှာချင်လို့ပါ'

ဝမ်ကန်း ဝမ်းသာအားရ ဖြစ်သွား၏၊

'ကျုပ်တော့ တကယ်ပဲ ဝမ်းသာပါတယ်ဗျာ၊ နောင်
ကွမ်းစန်စင်က ကျုပ်ကို အဆင်မှားနေတော့ ကျုပ်လဲ ဆ
ရှင်းမပြရဲတော့ဘူး ဖြစ်နေတယ်၊ နောင်ကြီးတို့ဂိုဏ်းသားတွေ
ကျုပ်လို လမ်းခရီးပြတစ်ယောက်က ဘယ်လိုလုပ်သတ်ဝံ့မ
ဗျာ'

'ဒါလဲဟုတ်တာပဲ'



ဟု ကွမ်းစန်စင်က တွေးသည်၊

ကွမ်းစန်စင်က....

'ကဲ....ဒီလိုဆိုရင် မင်းနဲ့ကျုပ် ဘာမှ အငြင်းပွားနေစရာ
ဟိုတော့ဘူး၊ ရေတွင်း ထွက်ပေါက်နားမှာ ကျန်ရစ်ခဲ့တဲ့
က်မုဆရာတော်တို့ ဖန်မုဆရာတော်တို့ဆီ ခပ်မြန်မြန်ပြန်ပြေး
ဖြစ်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝမ်ဂေဟာကြီးရဲ့
ခွက ပြတ်မှမပြတ်သေးတာပဲ'

'ဟုတ်တယ်၊ နောင်ကြီးကွမ်းစန်စင်ကသာ သဘောတူတယ်
ရင် ကျုပ်လဲ အဲဒီကို ပြန်လိုက်ခဲ့လိုပါတယ်'

'ဘာဖြစ်လို့သဘောမတူရမှာလဲ၊ လိုက်ခဲ့ပါ'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့သည် ကိုယ်ဖော့ပညာ သုံး၍
ပြေးလာကြ၏၊

ဝမ်ကန်း၏ ကိုယ်ဖော့ပညာသည် ကွမ်းစန်စင်လောက်
ကောင်းသော်လည်းကွမ်းစန်စင်ကစောင့်ခေါ်သဖြင့် ရေတွင်း
က်ပေါက်ဆီသို့ အတူတူပင် ရောက်ရှိကြသည်၊

ဝမ်ကန်းက....

'နောင်ကြီးကွမ်းစန်စင့်၊ တစ်ယောက်မှမရှိတော့ဘူး၊ ထွက်
ားကြပြီနဲ့ တူတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်များ ထွက်သွားကြပါလိမ့်'

ဝမ်ကန်းသည် ဟိုဟိုသည်သည် ဝေ့ကြည့်၏။

အဝေးခပ်လှမ်းလှမ်း၌ရှိ သစ်ပင်ချုံဖုတ်များအကြား၌ ရှိသော ဇရပ်ပျက်ကြီးကို သက်ညှိုးထိုးပြပြီး ကွမ်းစန်စင်အား လှမ်းပြော၏။

'နောင်ကြီးကွမ်းစန်စင်၊ သူတို့ ဟိုဇရပ်ပျက်ကြီးထဲမှာများ သွားနေကြသလား မသိဘူး'

'မသိဘူး၊ သွားချင်သွားကြမှာပဲ'

'ကျုပ်တို့လိုက်ရှာရင် မကောင်းဘူးလား'

'ကောင်းတယ်၊ ဒါပေမယ့် ဒီရေတွင်းထွက်ပေါက်က ဂေဟာရဲ့ ထွက်ပေါက် ဖြစ်နေတယ်၊ အခုဆိုရင် ဝမ်ဂေဟာထဲမှာအကျိဖြူမိန်းကလေးနဲ့ သူ့ပါးစပ်က ထုတ်ပြောခဲ့တဲ့ ကွန်လုံဝမ်ဆိုတဲ့လူက ပြဿနာကြီးတစ်ခုကို ဖော်ဆောင်ကြတယ်၊ ဒီဇရပ်ကိုအထင်သေးပြီး ပေါ့ပေါ့ဆဆဝင်သွားလို့ မဖြစ်ပေဘူး'

ဝမ်ကန်းက ခေါင်းညိတ်၏။

'စိတ်ချင်း တူလိုက်လေ၊ ကျုပ်ကလဲ သွားဖို့ပြောပေမဲ့ ပေါ့ပေါ့ဆဆ မဝင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာ အန္တရာယ်ရှိတယ်ဆိုတာ ရိပ်မိနေလို့ပါပဲ'



'ကောင်းပြီ၊ ဒီလိုဆိုရင် သစ်ပင်ပေါ်ကနေ အကိုင်းကူးပြီး ပင်ပေါ်ကိုသွားမယ်၊ ခေါင်မိုးပေါ်ကနေ အထဲကို ဝင်မယ်၊ ...နယ်လဲ'

...မ်ကန်းသည် ကွမ်းစန်စင် ပြောသည့်အချက်ကို မျက်စိထဲ ...ပြီးဖြစ်သည်။

...ရပ်ခေါင်မိုးအထိ အကိုင်းချင်း ယှက်နေသော သစ်ပင် ...များကို တွေ့ပြီး ဖြစ်၏။

'ကောင်းတယ်၊ အဲဒီအတိုင်း သွားကြစို့'

...နှစ်ယောက်စလုံး အနီးရှိ သစ်ပင်များပေါ်သို့ ခုန်တက် ...သည်။

...အကိုင်းများမှတစ်ဆင့် တစ်ပင်သို့တစ်ပင်ကူးသည်။

...မျိုးများနှယ်တည်း။

...ကြာမီ ဇရပ်ခေါင်မိုးပေါ်သို့ ရောက်သည်။

...တို့နှစ်ယောက် ဇရပ်ခေါင်မိုးပေါ်သို့ ခုန်ချပြီး ဝပ် ...နေခိုက်မှာပင် ခပ်လှမ်းလှမ်းမှ လာနေသည့် အနက် ...ဝတ် လူဆယ်ဦးကို တွေ့လိုက်ကြရသည်။

...မ်ကန်းက ခပ်တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီးကွမ်းစန်စင် ဒီလူတွေဟာ ဝမ်ဂေဟာထဲက
မတွေ့ပဲ'

'သေချာရဲ့လား'

'သိပ်သေချာတယ်'

'ဒါဖြင့် ဇရပ်ထဲမှာ လူတွေများ ရောက်နေပြီလားမသိ'

'အခုအထိတော့ ဘာသံမှမကြားရသေးဘူးလေ'

သူတို့စကားပြောနေစဉ် ထိုလူဆယ်ယောက်သည် ခေ
ချင်းဆိုင် တီးတိုးစကားပြောပြီး ဇရပ်ပတ်လည်ရှိ ချုံ
အကြား တိုးဝင်ပျောက်ကွယ်သွားသည်။

ကွမ်းစန်စင်သည် အခြေအနေကို ချက်ချင်းသဘော
သွား၏။

'ဝမ်ကန်း၊ ကျုပ်တို့ ဇရပ်ထဲဝင်ကြဖို့တော့ပြီ၊ အထဲ
မှ ချောင်ကောင်းကောင်းတစ်နေရာက ပုန်းကြည့်ရမယ်'

'နောင်ကြီးဝမ်ကန်း၊ ဒီခေါင်မိုးပေါ်ကစောင့်ကြည့်
မကောင်းဘူးလား'

'မကောင်းဘူး၊ အခု ဒီလူဆယ်ယောက်ဟာ ဇရပ်
လည်မှာ လာပြီး ကင်းပုန်းဝပ်နေကြတယ်၊ ဒါက ဘ
ဆလဲဆိုရင် ဒီဇရပ်ထဲကို သူတို့ဆီက အရေးပါတဲ့ ပုဂ္ဂိုလ်



ောက်လာမယ်ဆိုတဲ့အချက်ကို ပြနေတာပဲ၊ အဲဒီလူရောက်ပြီး
ကျုပ်တို့ အထဲဝင်ရင် သူတို့ သိသွားမှာပေါ့၊ အခုကတည်းက
ဝင်ထားမယ်၊ တကယ်လို့ တက်မုဆရာတော်တို့အုပ်စုကို
တွေ့ရင်လဲ ကြိုတင်အကြောင်းကြားနိုင်တာပေါ့'

ဝမ်ကန်း သဘောပေါက်သွားသည်။

ထို့ကြောင့်....

ဇရပ်ခေါင်မိုးမှ အပေါက်တစ်ပေါက်ကိုရှာဖွေကာ အတွင်း
ခိုဝင်လိုက်သည်။

အတွင်းသို့ရောက်သောအခါအလွန်တရာကျယ်ဝန်းကြောင်း
တွေ့ရှိရသည်။

ဝမ်ကန်းက တစ်နေရာကို လက်ညှိုးထိုးပြီး....

'နောင်ကြီး ကွမ်းစန်စင်၊ ဟိုမှာ နတ်ရုပ်ကြီးတစ်ရုပ် အပြင်သို့
အဲလို အတော်မြင့်တယ်၊ မှောင်လဲ အတော်မှောင်၊
နတ်ရုပ်ကြီးနောက် ဝင်ပုန်းနေရင် တော်ရုံတန်ရုံလူ မမြင်နိုင်
ဘူး'

'ကောင်းတယ်၊ တက်မုဆရာတော်တို့ကိုလဲ မတွေ့ရဘူး၊
ဘူး၊ ပုန်းပြီးစောင့်ကြည့်မယ်'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့သည် အချိန်ဖြုန်းမနေတော့ဘဲ
နတ်ရုပ်ကြီးနောက်သို့ ခုန်ဝင်လိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ အပြင်မှ ခြေသံများကြားရသည်။

ကွမ်းစန်စင်နှင့် ဝမ်ကာန်းတို့သည် ရုတ်တရက် ခေါင်း
မကြည့်ရဲပေ။

အကယ်၍ သူတို့ ခေါင်းပြူကြည့်ပါကလည်း ဝင်လ
များ ရုတ်ဘရက် မမြင်နိုင်ပေ။

နတ်ရုပ်ကြီးသည် ဇရပ်၏ခေါင်းရင်းဘက်၌ရှိခြင်းမဟုတ
တေးတိုက်ရှိနေသဖြင့် ဝင်လာသူများသည် နတ်ရုပ်ကြီးကို
နှာမှုမိခြင်း မရှိပေ။

မျက်နှာပမူရသဖြင့် ဂရုစိုက်၍သည်း မကြည့်မိပေ။

ခြေသံများဆိုသော်လည်း လူအုပ်ကြီးများ မြောက်မြ
သွ ၁်ရှိလာသည်ဟု မဆိုနိုင်ပေ။

အဘယ်ကြောင့်ဆိုသော်....

အချို့ခြေသံများမှာ ပြင်းပြီး အချို့ခြေသံများမှာ
မကြားရသလောက် တိုးသည့်အပြင် အများဆုံး လူ
ယောက် သို့မဟုတ် ဆယ့်ငါးယောက်ခန့်သာ ရှိနိုင်
ခန့်မှန်းနိုင်သောကြောင့်ဖြစ်သည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ အေးစိမ့်သော
တစ်သံ ထွက်ပေါ်လာသည်။



'လုထန်....ကင်းပုန်းတွေ သေသေချာချာ ချထားရဲ့လား။
တော်တော်ကြာ ဂိုဏ်းချုပ်ကြီးကွန် ရောက်လာတော့မယ်။
ာမှ ချွတ်ယွင်းချက် မရှိစေချင်ဘူး'

ရှိသေစွာပြောလိုက်သည့် အသံတစ်သံ ပေါ်လာလေသည်။

'စိတ်ချပါခင်ဗျာ၊ ဒီဇရပ်ကို လူစိမ်းတွေ ဝင်မနေနိုင်အောင်
အစောင့်ဆယ်ယောက်ကို ကင်းပုန်းဝပ်ခိုင်းထားပါတယ်'

'အင်း....ကောင်းတယ်၊ ဂိုဏ်းချုပ်ကြီးကွန်အတွက် အန္တရာယ်
း ရှိမ်လို့ ပြောတာမဟုတ်ဘူး၊ ငါတို့ လျှို့ဝှက်တွေဆုံတာကို
လူစိမ်းတွေ သိသွားမှာစိုးလို့ ဒီလို အစောင့်ချထားရတာ'

'ဟုတ်ကဲ့...ကျွန်တော် နားလည် သဘောပေါက်ပါတယ်
ခင်ဗျာ'

ဝမ်ကာန်းသည် ကွမ်းစန်စင်အား လက်တို့လျက် အပြင်သို့
ခေါင်းပြူကြည့်သည်။

ကွမ်းစန်စင်လည်း မသိမသာကလေး ခေါင်းပြူကြည့်
သည်။

အေးစိမ့်သောအသံ ထွက်ပေါ်လာသည့် ပရုပ်မှာ ဇရပ်
ကြီး၏ ခေါင်းရင်းဘက်မှဖြစ်သည်။

ထိုနေရာ၌ ဆင်းတု ရုပ်ပွားတော်များ မရှိတော့သည့်
ကျောက်ပလ္လင်ကြီးများရှိနေသဖြင့် အမှောင်ရိပ် ဖုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပုန်းခိုကြသည့်နေရာလိုပင် အမှောင်ရိပ်ဖုံးနေသည်။

စကားပြောသည့်လူကို ထင်ရှားစွာ မတွေ့မမြင်ရပေ။

အဆင့်နိမ့်ဂိုဏ်းသားများဖြစ်ဟန်တူသည့်လူ ခယ်ငါးဦးခန့်ကိုမူ ဒူးတုပ်ထိုင်နေကြကြောင်း တွေ့ရှိရ၏။

တို့ထက် ထူးခြားသည့် အခြင်းအရာမှာ ထူးထူးခြားခြား မတ်တတ်ရပ်နေသည့် လူသုံးဦးကိုတွေ့ရခြင်း ဖြစ်သည်။

ရင်းတို့မှာ ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် တုထန်ဟိုတို့ဖြစ်ကြ၏။

ကွမ်းစန်စင်သည် ထိုင်နေရာများအကြားသို့ စေ့စေ့စပ်စပ်ရှာဖွေကြည့်ပြန်ရာ ခန်းမဆောင်အတွင်းမှ ပျောက်ဆုံးသွားသည့် ချင်းချွန် ခါးနှစ်ဖော်ဟု အမည်တွင်သည့် အဘိုးကြီးနှစ်ဦးကို အံ့သြဖွယ်ရာ တွေ့ရှိရပြန်သည်။

'ဟင်....ချင်းချွန်ခါးနှစ်ဖော်ပါလား၊ ဘယ်လိုများဖြစ်ကုန်တာပါလိမ့်၊ သူတို့လဲ ဟိုသူငယ်လိုဆေးမိသွားတာပဲ ဖြစ်မယ်ဒါဖြင့် သူတို့ထဲမှာ တုဆန်ဟိုပဲအပါးနပ်ဆုံး၊ ကံအကောင်းဆုံးလွတ်မြောက်သွားတာ ဖြစ်ရမယ်'

ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် တုထန်ဟိုတို့ အုပ်စုအပြင် ချင်းချွန်ခါးနှစ်ဖော်အုပ်စုတို့မှာ အမှောင်ရိပ်ထဲ သိပ်မရောက်



ဖြင့် မျက်နှာ အနေအထားများကို ကောင်းစွာ တွေ့မြင်ရှိရသည်။

ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့ မျက်လုံးများ မှိတ်သားပြီးမ်ရှောက်က ဟိုကြည့်သည်ကြည့်လုပ်နေသည်။

ချင်းချွန် အဘိုးအိုနှစ်ဦးလည်း မျက်လုံးများ မှိတ်ထားကြောင်း တွေ့ရှိရပေသည်။

ထိုဇရပ်အတွင်းသို့ လျှင်မြန်သောလူရိပ်တစ်ခု ပြေးဝင်လာကြောင်း တွေ့ရ၏။

ထိုလူ၏ကိုယ်ဖော့ပညာမှာ ကောင်းလွန်းလှသဖြင့် ကွမ်းစန် အနေအထား မကြည့်နိုင်မီမှာပင် ထိုလူသည် ဇရပ်၏ခေါင်းရင်းပိုင်း အမှောင်ရိပ်အတွင်းသို့ ရောက်ရှိသွားလေသော်၏။

'ဂိုဏ်းချုပ်ကြီးကွန် ရောက်ရှိလာပြီ၊ အားလုံးဂါရဝပြုကြ'

စောစောက အေးစိမ့်စိမ့်အသံ၏ အမိန့်ပေးသံကြောင့် လူအားလုံး ဂါရဝပြုကြလေ၏။

သို့သော် ဆန်ကွမ်းချီ၊ ယွမ်ရှောက်၊ တုထန်ဟိုနှင့် ချင်းချွန်ခါးနှစ်ဖော်တို့မှာမူ ဂါရဝပြုသူများထဲ၌ မပါဝင်ပေ။

'ကဲ...ဘာများအစီရင်ခံစရာရှိကြသလဲ၊ ဂိုဏ်းခေါင်းဆောင်များက စတင်ပြစမ်း'

www.burmeseclassic.com

www.burmeseclassic.com



လေလှိုင်းထဲ၌ တုန်ခါ၍ထွက်ပေါ်လာသော အသံကြေ ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ ထိတ်လန့်သွားကြသည်။

ထိုလူ၏အတွင်းအားသည် ကြောက်မက်ဖွယ်ရာ ကောင်း ပေသည်ဟု နှစ်ယောက်စလုံး တွေးမိကြသည်။

'ကျွန်တော်တို့ အသုံးမကျတဲ့အတွက် တက်မုဆရာတော် ကျွန်လုဂိုဏ်းက လေကျင့်ရေးမှူးကြီး ကွမ်းစန်စင်တို့ဦးဆော တဲ့ သိုင်းသမားအချို့ လွတ်မြောက်သွားပါတယ်၊ ကိုးယော ကတော့ မြေအောက် ဥမင်ထဲမှာ သေကျန်ရစ်ပါတယ်၊ ဒ ချို့ယွင်းချက်အတွက် ကျွန်တော်တို့ကို ပေးချင်တဲ့အပြစ် ပါ၊ ဂိုဏ်းချုပ်ကြီးစီရင်သမျှ နာခံဖို့အသင့်ရှိပါတယ်'

'ကိစ္စမရှိပါဘူး၊ ဒီကျွန်လုဂိုဏ်းကို မကြာခင် ငါဖျက် မယ်၊ အခုလွတ်သွားတဲ့ ကွမ်းစန်စင်ကိုလဲ သတ်ရမယ်၊ သ ဂိုဏ်းထဲက ပညာရှိ သန်ရှင်လို အမည်ခံထားတဲ့လူတစ်ယော ကို သတ်ရမယ်၊ ဒီနှစ်ယောက်သေရင် ကျွန်လုဂိုဏ်းဟာ အလို ပျက်စီးသွားမှာပဲ'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ သတိထားမိသလောက်ဆို ဂိုဏ်းချုပ်ကြီးကွန်ဆိုသူသည် အစိမ်းရောင်ဝတ်စုံရှည်ဝတ် ထားကြောင်း သိရှိလိုက်ရသည်။

သူ့ရုပ်ရည်ကိုမူ မှတ်မိရန် ခေါ်ထားနှင့် အသေအချ ကြည့်ခွင့်မရခဲ့ချေ။



ထိုအချိန်မှာပင် အဖြူရောင်လူရိပ်တစ်ခု ဇရပ်ထဲသို့ ပြေးဝင်လာပြန်သည်။

ထိုလူရိပ်ကား အင်္ကျီအဖြူဝတ်ဆင်ထားသည့် သခင်ကြီးဝမ်ကျုံးလန်သမီးဆိုသူ မိန်းကလေးတည်း။

'ဂိုဏ်းချုပ်ကြီးကွန်း' သမီး ဂါရဝပြုပါတယ်'

မိန်းကလေးသည် ကြမ်းပြင်၌ဒူးထောက်ကာ ပြားပြားဝပ် ရှိခိုးလေ၏။

'မင်းရောက်လာတာအတော်ပဲ၊ ဘာအစီရင်ခံစရာ ရှိသလဲ'

'ကျွန်လုဂိုဏ်းရဲ့ လေကျင့်ရေး မှူးကြီး ကွမ်းစန်စင်နဲ့ တက်မုဆရာတော်တို့ လွတ်မြောက်သွား....'

ဝတ်ရုံစိမ်းပုဂ္ဂိုလ်၏ ကြားဖြတ်မေးလိုက်သည့်အသံ ပေါ်လာသည်။

'တော်ပြီ၊ ကြားပြီးပြီ၊ ကိစ္စမရှိဘူး၊ သူတို့ကို မကြာခင် အပြတ်ရှင်းမှာပဲ၊ တခြားကိစ္စကိုပြော'

'သမီး တစ်ခုတောင်းပန်ချင်ပါတယ် ဂိုဏ်းချုပ်ကြီး'

'ဘာလဲ ပြော'

'ဝမ်ဂေဟာကြီးထဲက ဖမ်းမိထားတဲ့ သုံးပန်းသုံးဦးကို သမီးထိန်းချုပ်မှုအောက်မှာ ထားပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



'တိဗက်ကြီး တုထန်ဟိုကလဲ့ရင် နှင့်ပြုတယ်'

မျက်လုံးစုံမှိတ်ထားသည့် တုဘန်ဟိုသည် ထိုစကားကြောင့် ထိတ်လန့်သွား၏။

'ငါ့ကို သံသယများရှိသွားပြီလား၊ မဆိုင်နိုင်ဘူး၊ သံသယရှိသွားရင်တော့ ဆန်ကွမ်းချီနဲ့ ယွမ်ခရှောက်ကို မကယ်နိုင်ရုံတင်မကဘူး ငါပါ အသေဆိုးနဲ့သေမှာ သေချာတယ်'

တုထန်ဟိုတွေးတောနေစဉ် ဂိုဏ်းချုပ်အမည်ခံသူက ဆက်၍ အမိန့်ပေး၏။

'ဝမ်ကျင့်လန်ဆိုတဲ့ကောင်ကိုသဲ သတ်ပစ်လိုက်၊ မီးကြွင်းမီးကျန်ဆိုတာ မထားကောင်းဘူး'

အက်ကျိဖြူ မိန်းကလေးက အကြိမ်ကြိမ် ဂါရဝပြု ဦးညွှတ်ပြီး ကမန်းကတန်း တောင်းပန်သည်။

'ဂိုဏ်းချုပ်ကြီး၊ သခင်လေးဝမ်ဟာ အင်မတန်စိတ်သဘောထား ပျော့ညံ့ပါတယ်၊ သူ့ကို ဘယ်ဆရာမှ သိုင်းပညာ သင်ပေးလို့မရခဲ့ပါဘူး၊ သမီးဟာ ဂိုဏ်းချုပ်ကြီး တာဝန်ပေးချက်အရ ဝမ်ဂေဟာထဲ ငါးနှစ်လောက် ဝင်နေခဲ့လို့ သူ့စိတ်ထားသဘောထားကို အသေးစိတ်သိနေပါတယ်'

ဂိုဏ်းချုပ်ကြီးကွန်ထဲမှ အသံထွက်ပေါ်လာသည်။



'ဖခင်တစ်ယောက် အဖမ်းဆီးခံထားရတဲ့ သားအနေနဲ့ ဒီရန်ကြွေးကို ပြန်မဆပ်ဘူးလို့ ဘယ်သူက တာဝန်ခံရဲမှာလဲ'

'သမီး တာဝန်ခံပါတယ် ဂိုဏ်းချုပ်ကြီး၊ သူဟာ အင်မတန်ကြောက်တတ်ပါတယ်၊ သူ့အဖေကိုဖမ်းဆီးပြီး သူ့ကို ကျွန်မလိုသလို အမိန့်ပေးခဲ့တာ ငါးနှစ်နီးပါး ရှိနေပါပြီ၊ သူပါ သေမှာကြောက်လို့ သမီးလုပ်တာမှန်သမျှ ဘာမျှစောဒကမတက်ရဲပါဘူး၊ ဒါကြောင့်မို့ သခင်လေးဝမ်ရဲ့ အသက်ကို ချမ်းသာပေးပါလို့ ဦးခိုက်ပြီး တောင်းပန်ပါတယ်ရှင်'

'အင်း....သူ့ထက် ကြောက်စရာကောင်းတဲ့ လူတွေကိုမှ ငါ မမှုခဲ့တာ၊ ဒီရေမြွေလေးလောက်ကိုတော့ ဘာမှုစရာ လိုတော့မလဲ၊ ကောင်းပြီ....သူ့ကို ဆေးကျွေးပြီး မင်းလက်အောက်မှာပဲ ထားလိုက်တော့'

'ကျေးဇူးကြီးလှပါတယ် ဂိုဏ်းချုပ်ကြီး'

'ကဲ....အားလုံး ဘာတင်ပြစရာ ရှိသေးသလဲ၊ တင်ပြစရာမရှိရင် ငါသွားတော့မယ်၊ နောက် ခြောက်လ ကြာတဲ့အခါ ဂိုဏ်းဧရိယာမှူးက အရေးပါတဲ့ ခေါင်းဆောင် အားလုံးကို ဦးဆောင်ပြီး နွားဝပ်တောင်ကိုလာခဲ့၊ အမိန့်အသစ်ပေးမယ်'

'ဂိုဏ်း....ဂိုဏ်းချုပ်ကြီး၊ သမီး....သမီး၊ တင်ပြပါရစေဦး'

အက်ကျိဖြူ မိန်းကလေးစကားသံကြောင့် ထွက်ခွာမည်ဆဲဆဲ ဂိုဏ်းချုပ်ကြီးကွန်သည် ရပ်တန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောချင်သေးလို့လဲ'

'တိဗက်သိုင်းသမားကြီး တုထန်ဟိုနဲ့ ချင်းချန်ဓားနှစ်ဖော်ကို သမီးလက်အောက်မှာ ထားခွင့်ပြုဖို့ တောင်းပန်ချင်လို့ပါ၊ အခု ဆိုရင် သမီးဟာ မြေပြန့်သိုင်းလောကသား အားလုံးနဲ့ ထည် တည်လင်းလင်း ရန်ငြိုးဖွဲ့လိုက်ပါပြီ၊ သမီးအတွက် အင်အား တောင့်တင်းဖို့လိုပါတယ်'

'တုထန်ဟိုဟာ မင်းကိုပေးထားတဲ့ဆေးမျိုး မိထားတာ မဟုတ်ဘူး၊ ငါ့ ကိုယ်ရံတော်တွေ တိုက်ကျွေးထားတဲ့ဆေး မိ ထားတာ ဖြစ်တယ်၊ အေးလေ....ဘာပဲဖြစ်ဖြစ် သုံးလို့တော့ရ ပါတယ်၊ ချင်းချန်ဓားနှစ်ဖော်ကိုလဲ ပထမတော့ နွားဝပ် တောင်ဆီ ခေါ်သွားမလို့ဘဲ၊ အခုလို တောင်းဆိုတော့လဲ ထား ပစ်ခဲ့ရမှာပေါ့'

အင်္ကျီဖြူမိန်းကလေးက ဝမ်းသာအားရ ဖြစ်သွား၏။

သူမ လှည့်ကြည့်လိုက်သောအခါ တုထန်ဟို၊ ဆန်ကွမ်းမျိုးနှင့် ချင်းချန်ဓားနှစ်ဖော် အဘိုးကြီးနှစ်ယောက်တို့သည် မျက်လုံး များမှိတ်ကာ ငြိမ်သက်နေကြောင်း တွေ့ရ၏။

ယွမ်ရှောက်သာ သူမအား စူးစူးရှားရှား ကြည့်နေကြောင်း တွေ့ရှိရလေ၏။

ဂိုဏ်းချုပ်ကြီးကွန် အမည်ခံသူက....



'အကယ်၍ ချင်းချန်ဂိုဏ်းက လာရောက်တိုက်ခိုက်မယ် ဆို င်တော့ ပထမဦးဆုံး ငါ့ဆီသတင်းလာပို့ရမယ်'

'အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ် ဂိုဏ်းချုပ်ကြီး'

'ကောင်းပြီ....တော်လောက်ပြီ'

ဂိုဏ်းချုပ်ကြီးကွန်အမည်ခံသူသည် ဇရပ်အတွင်းမှ အလွန် င်မြန်သော အရှိန်နှုန်းဖြင့် ပြေးထွက် ပျောက်ကွယ်သွား ည်။

ထိုအခါကျမှ ဇရပ်ထဲရှိ ဂိုဏ်းသားများ ဦးခေါင်းမော့နိုင် ကြတော့သည်။

ကျန်ရစ်သူများထဲတွင် အေးစိမ့်သောအသံဖြင့် စကားပြော တ်သည့် ဂိုဏ်းရေးရာမှူးနှင့် အင်္ကျီဖြူ ဝတ်ဆင်ထားသည့် န်းကလေးတို့ကသာ အဆင့်မြင့်ဆုံး ခေါင်းဆောင်များ ဖြစ် န်ရှိသည်။

အဘယ်ကြောင့်ဆိုသော်....

ဂိုဏ်းချုပ်ကြီးကွန်လုံဝမ် ထွက်သွားပြီးနောက် ဂိုဏ်းရေး မှူးနှင့် ထိုမိန်းကလေးတို့ ဆက်လက် ဆွေးနွေးနေကြသော ကြောင့်တည်း။

'ရေးရာမှူးကြီးရှင့်၊ ဂိုဏ်းချုပ်ကြီး အမိန့်ပေးတဲ့အတိုင်း င်းချန်အဘိုးကြီးနှစ်ဦးကို လက်ခံရယူပါတော့မယ်၊ သူတို့ကို ယ်လိုထိန်းကျောင်းလို့ရမလဲရှင့်'

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သောအသံက...

'သခင်မလေး ဝန်ဆီမှာရှိနေတဲ့ အမိန့်ပေးခါးနဲ့ ထို ကျောင်းလို့ရပါစေတယ်၊ ဟိုသူငယ်ကို ကျွေးထားတဲ့ ဆေးမျိုး ကျွေးထားပါတယ်၊ စမ်းကြည့်ချင် စမ်းကြည့်ပါ'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့သည် သခင်မလေးဝန်၏ လှု ရှားမှုများကို မျက်တောင်မခတ်တမ်း လိုက်ကြည့်သည်။

ဆူမသည် ချင်းချန်အဘိုးကြီးနှစ်ဦးရှေ့သို့ သွားရပ်ပြီး ခေ စေ့ကြည့်သည်။

ထို့နောက် သူမ၏ခါးကြား၌ ထိုးထားသည့် ခါးကို နုတ်ယူလိုက်ပြီး လေထဲ၌ တဝှီးဝှီး ဝှေ့ယမ်းလိုက်သည်။

ချင်းချန် အဘိုးကြီးနှစ်ဦး၏ မျက်လုံးများ ပွင့်လာ၏။

သူတို့၏မျက်လုံးများသည် ခါးကို လိုက်ကြည့်နေကြသည်

'ရှင်တို့ ထကြစမ်း'

ချင်းချန်အဘိုးကြီးနှစ်ဦး လျင်မြန်ဖျတ်လတ်စွာ ထရပ်

'ပြန်ထိုင်'

လျင်မြန်ဖျတ်လတ်စွာ ပြန်ထိုင်၏။

'ပြန်ထ'



ခုန်ထကြပြန်သည်၊

'ကောင်းပြီ၊ ဟောဟိုနတ်ရုပ်ကြီးကို ရိုက်ချိုးပြစမ်း'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ အကြီးအကျယ် ထိတ်လန့်သွား ကြ၏။

သခင်မလေးဝန်ဆိုသူသည် သူတို့နှစ်ယောက် နတ်ရုပ်နောက် ပုန်းကွယ်နေသည်ကို ရိပ်မိသွားလေပြီလော၊

သူတို့သည် ကပျာကယာ ဝပ်လျိုးပုန်းကွယ်လိုက်ကြရ၏။

'ဝုန်း...ဝုန်း'

နတ်ရုပ်ကြီး အပိုင်းပိုင်း ကျိုးပြတ်သွားသည်၊

ချင်းချန် ခါးနှင့်ဖော်သည် နတ်ရုပ်ကြီးအား ပြင်းထန် သော လက်ဝါးစောင်းဖြင့် ခုတ်ချ ဖျက်ဆီးပစ်လိုက်သဖြင့် မှုန့်သဲမှုန့်များ လွင့်ပျံတက်လာလေတော့သည်၊

သခင်မလေးဝန်၏ ကျေနပ်အားရစွာ ရယ်လိုက်သည့်အသံ ဖုန်မှုန့်သဲမှုန့်များအကြား၌ ပုန်းကွယ်ခဲ့သည့် ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ ကောင်းစွာ ကြားလိုက်ကြရသည်၊

'ဟင်း...ဟင်း...ဟင်း...ချင်းချန်ခါးနှစ်ဖော်ဟာ နာမည် ကျော်သလောက် သိုင်းပညာ ထက်မြက်ကြတာကိုး၊ ကျွန်မ တွေ့ကတော့ သိပ်ဟန်ကျသွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းခေါင်းရာမှူးက အေးစိမ့်သော လေသံဖြင့် ဝင်ပြော
သည်။

'မှန်တယ်၊ ချင်းချန်ခါးနစ်ဖော်ရဲ့နာမည်ဟာ သိုင်းလောက
ထဲမှာ အနှစ်လေးဆယ်ကျော်လောက် ကျော်ကြားခဲ့ပြီးပါ
အခုလဲကျော်ကြားဆဲပဲရှိသေးတယ်၊ သခင်မလေးဝန်ရဲ့ သို
ပညာစွမ်းအားကိုက ထက်မြက်နေတော့ ဒီလူတွေရဲ့အကူအ
ကို ရလိုက်ရင် မြေပြန့်သိုင်းလောကရဲ့ သိုင်းဂိုဏ်းကြီးတွေ
ကြောက်ဖို့မလိုတော့ပါဘူး'

အေးစိမ့်သောလေသံသည် ခေတ္တခဏမျှရပ်တန့်သွား၏။

မကြာမီ ဆက်ပြောလာ၏။

'ဟောဟိုက ရှုပ်ဆိုးဆိုးလူငယ်ရဲ့ သိုင်းပညာကလဲ တက
ထက်မြက်တယ်'

လေသံအရ ယွမ်ရှောက်ကို ပြောနေမှန်း ကွမ်းစန်စင်
ခန့်မှန်းမိကြ၏။

'အဲဒီသုံးယောက်ရယ်၊ ဒီအဘိုးကြီးနှစ်ယောက်ရယ်ပေါ
ပြီး ခုခံရင် ရှောင်လင်တစ်ကျောင်းလုံးကိုတောင် ခုခံနိုင်လိ
မယ်လို့ ထင်တယ်၊ ကဲ...သခင်မလေးခမ်းအနေနဲ့ ကျန်တဲ့အပို
တွေကိုကြည့်ပြီး စီမံခဲ့ပေတော့၊ ကျုပ်ကတော့ ဂိုဏ်း
တစ်ခုလုံးကို လိုက်ပြီးစစ်ဆေးရဦးမယ်'

www.burmeseclassic.com



သခင်မလေးဝန်က ဦးညွှတ်ဂါရဝပြုလိုက်သည်။

ဂိုဏ်းခေါင်းရာမှူးလည်း ထိပ်တန်းကိုယ်ဖော့ပညာဖြင့် ပြေး
ထွက်သွားလေတော့၏။

ဂိုဏ်းခေါင်းရာမှူး ပြေးထွက်သွားသည်ကို ကွမ်းစန်စင်တို့ လှမ်း
ကြည့်ကြရပေ၏။

တစ်စင်နောက်ဖက်၌ ပုန်းလျှိုးနေကြရသောကြောင့် ဖြစ်
၏။

သခင်မလေးဝန်၏အသံ ပေါ်လာ၏။

'ကျင်းရှောင်ဟို၊ ခရီးထွက်ဖို့ လှေသမ္ဗာန်တွေ အဆင်သင့်
ဆင်ပြီးပြီလား'

'ပြင်ဆင်ပြီးပါပြီသခင်မလေး၊ ပြင်ဆင်ထားတာ အတော်
ကြာနေပါပြီ'

'ကောင်းပြီ၊ ကျွန်မထိုသွားကြမယ်၊ ကဲ...အားလုံး သွား
ယ်'

မကြာမီ ထွက်ခွာသွားသည့် ခြေသံများ ကြားလိုက်ရ၏။

ကွမ်းစန်စင်သည် စန်ကွမ်းချီတို့လူစုအား အမိန့်ပေး ခေါ်ပြီ
ခေါ်ထွက်သွားမည် ဖြစ်ကြောင်းကို ပုန်းကွယ်နေရာမှ
သိရှိလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ခြေသံများ မကြားရတော့သည့်အခါမှ ကွမ်းစန်းစင်နှင့် ဝမ်ကန်းတို့ ထရပ်လိုက်ကြသည်။

သူတို့ ခန္ဓာကိုယ်များ၌ ပေကျံနေသည့် ဖုန်မှုန့်သဲမှုန့်များကို ခါထုတ်ပစ်ကြရသည်။

'နောင်ကြီးကွမ်းစန်းစင်၊ သူတို့အားလုံး ထွက်ခွာသွားကြတာတော့ သေချာပါတယ်ဗျနော်'

ကွမ်းစန်းစင်က ရယ်ရင်း....

'မင်းက ကျုပ်ကို ပြန်လှောင်နေပြန်ပြီ၊ သူတို့ ထွက်ခွာသွားတဲ့ အသံတွေကို မင်းကော ကျုပ်ပါ ကြားလိုက်တာပဲ'

'နောင်ကြီး၊ သူတို့ဂိုဏ်းသားတွေက သူတို့ဂိုဏ်းချုပ်ကြီးရဲ့ အတော်ကြောက်ကြပုံပဲ၊ လေသံတွေကိုက အင်မတန်ကြောက်လန့်တဲ့ အရိပ်အယောင်တွေပါနေတယ်'

'ကြောက်မှာပေါ့လေ၊ သူတို့ဂိုဏ်းက အသက်ကို မွေ့ဖွယ်လို ထင်တဲ့ တစ်လောကလောကမှ တန်ဖိုးမထားတဲ့ ဥစ္စာပဲ၊ လူသတ်ချင် တရားထက် ဒေါသကိုကြောက်ကြတယ်၊ နတ်ထက်တုတ်ကိုကြောက်ကြတယ်၊ ဒါ သဘာဝပါပဲ'

'နောင်ကြီး ကွမ်းစန်းစင်၊ အခု ဘာလုပ်မယ် စိတ်ကူးသလဲ'



'ကျုပ်ရဲ့ ဂိုဏ်းချုပ်ကြီးသိ ပြန်ရတော့မှာပဲ၊ တက်မုဒေရာတော်တို့နဲ့လဲ မတွေ့ရတော့ ဘာမှဆက်လုပ်လို့ မရတော့ဘူး'

'နောင်ကြီးကွမ်းစန်းစင်၊ အခု ထွက်ပြေးသွားတဲ့ သခင်မ ယိုးဝန်ဆိုတဲ့ မိန်းကလေးနောက် မလိုက်တော့ဘူးလား'

'မလိုက်လို့ ဘယ်ဖြစ်မလဲ၊ ဒါပေမယ့် ခုချက်ချင်းတော့ မဟုတ်ဘူး၊ သိုင်းလောကရဲ့ ညီညွတ်မှု အင်အားကို ယူပြီး သူမသိ သူမသိ ကြီးထွားနေတဲ့ ကွန်လုံဝမ်ရဲ့ ဂိုဏ်းကြီးကို ဖျက်ရမယ်'

'နောင်ကြီး...ကွန်လုံဝမ်ရဲ့ မျက်နှာကို မြင်လိုက်မိသလား ဟင်'

'ရှက်စရာပါပဲ၊ ကျုပ်တော့ လုံး၀ မမြင်လိုက်ရပါဘူး၊ ဘယ်လိုမြန်တဲ့လူပါပဲ'

'ကျုပ်လဲမမြင်လိုက်ရပါဘူး နောင်ကြီးရာ၊ ဒီလောကသိုင်းသမားကောင်းတဲ့လူကို သိုင်းလောကရဲ့ ညီညွတ်မှု အင်အားနဲ့ ဖျက်မှရမယ်ဆိုတာကို ကျုပ် ကောင်းကောင်းကြီး သဘောပေါက်ပါတယ်၊ တကယ်လို့ နောင်ကြီးကသာ မကန့်ကွက်ဘူးဆိုရင် နောင်ကြီးတို့ကို တတ်နိုင်သမျှကူညီချင်ပါတယ်၊ နောင်ကြီးသွားတဲ့ခရီးစဉ်မှာ ခေတ္တခဏ လိုက်ပါရစေ'

ကွမ်းစန်းစင်က ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်ကာ အားဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ….ဒီလိုဆိုရင်လဲ ခုပဲ ဇရပ်ထဲကထွက်ကြစို့'

ကွမ်းစန့်စင်နှင့် ဝမ်ကန်းတို့သည် ဇရပ်ထဲမှပြေးထွက်သွားကြတော့သည်။

ဇရပ်ကြီးကား ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေ၏။

## အခန်း (၆၀)

### ကျွန်လုဂိုဏ်း၏ ပညာရှိ

'ဝမ်တန်း မင်းနဲ့ကျုပ် ခုလိုမရင်းနှီးခင်က မင်းကိုတကယ့်သိမ်းဓားပြ တစ်ဦးလို့ ထင်ခဲ့မိတယ်၊ အခုကျတော့မှ ထင်သလောက် မဆိုးတဲ့ ဓားပြမှန်းသိတော့တယ်'

ပြေးလွှားလာရင်း ကွမ်းစန့်စင်က ထိုသို့ပြောလာလေ၏။

ကွမ်းစန့်စင်၏ စကားဆုံးသောအခါ ဝမ်ကန်းရယ်မောသည်။

'စကားဆိုတဲ့အတိုင်းပဲ ခွဲကားလာတာပါပဲ၊ နောင်ကြီးအံ့ဩမလားမသိဘူး၊ ကျုပ်လက်နဲ့ လူတစ်ယောက်မှ မသတ်ခဲ့ဖူးသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟော....'

ကွမ်းစန့်စင် အသွန်အံ့ဩသွားလေ၏။

သိုင်းလောကသားများသည် သေခြင်းတရားနှင့် အလွန်တဲ့ ရင်းနှီးသူများ ဖြစ်၏။

သတ္တဝါဘက်နေတော်သားဖြစ်သည့် အထက်လမ်းကိုကျင့်သားများ ပင် အခြေအနေအရ တိုက်ရင်းခိုက်ရင်း မလွဲသာမရှောင်သာ လူသတ်မိကြသည်။

ဝမ်ကန်းကဲ့သို့သော လမ်းဓားပြတစ်ဦးအနေဖြင့် လူတစ် ယောက်မျှမသတ်ခဲ့မိသေးဟုဆိုခြင်းမှာ အလွန်တရာ အံ့ဩဖွယ် ကောင်းသည့် အခြင်းအရာတစ်ရပ်ပင်။

'အင်းလေ၊ တစ်ခါတလေတော့လဲ 'အထင်နဲ့အမြင်ဆိုတာ နွားခြေရာခွက်နဲ့ ပင်လယ်ပြင်လို ခြားနားတတ်တာပါပဲလား' အထင်မှားမိခဲ့တဲ့အတွက် မင်းကို တောင်းပန်ပါတယ် ဝမ်ကန်း'

'ဟာ....မဟုတ်တာ နောင်ကြီးရာ၊ ကျုပ်လို လမ်းဓားပြ တစ်ဦးကို ဒီလောက်တောင်းပန်ဖို့ မလိုပါဘူး'

ဝမ်ကန်းသည် ရှတ်တရက် နားစွင့်လိုက်ပြီး....

'နောင်ကြီးကွမ်းစန့်စင်၊ နောင်ကြီးက ကျုပ်ကိုအာရုံပြုပြီး စကားပြောနေလို့ ထူးခြားတဲ့အသံတစ်သံကို မကြားလိုက်တာ



ပါ၊ တစ်ယောက်ယောက်တော့ လာနေပြီ၊ ပုန်းလိုက်ရင် ကောင်းမယ်'

ကွမ်းစန့်စင် နားစွင့်လိုက်၏။

ထို့နောက် ချက်ချင်းခေါင်းညိတ်သဘောတူ၏။

နှစ်ယောက်စလုံး ကြီးမားသော သစ်ပင်ကြီးများ၏နောက် ကွယ်သို့ ခုန်ဝင်သွားကြလေတော့၏။

ကွမ်းစန့်စင်သည် ဝမ်ကန်းကို ပို၍အံ့ဩလာသည်။

ဝမ်ကန်းသည် သူ့ထက်ပင် သတိရှိသလိုဖြစ်နေသည်မဟုတ် ပါလား။

စင်စစ် ကွမ်းစန့်စင်၏အဆင့်သည် သိုင်းလောက၌ အလွန် တရာမြင့်မားသော အဆင့်ဖြစ်သည်။

သူတို့ ပုန်းကွယ်နေစဉ်မှာပင် တဖြည်းဖြည်း မြင်းခွာသံများ ထင်ကြားလိုက်ရတော့သည်။

ဩကာသလောကကြီးတစ်ခုလုံး အလင်းရောင်ထိန်ထိန်ညီး နေပြီဖြစ်ရာ ခပ်ဝေးဝေးမှ မြင်းတစ်စီးကို မြင်လိုက်ကြရ၏။

မြင်သည်နှင့် နှစ်ယောက်စလုံး ပုန်းကွယ်လိုက်ကြသည်။

သူတို့ပုန်းကွယ်ပြီး ခေါင်းပြူကြည့်လိုက်သည့်အချိန်တွင် ထို မြင်းစီးသမား၏ နောက်ကျောကိုသာ တွေ့မြင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီးကွမ်းစန်စင်၊ မြင်းစီးသမား ဘယ်သူဆိုတာ လိုက်ရဲ့သား'

'ရှက်စရာပါပဲကွာ၊ ကျုပ်မြင်တောင် မမြင်လိုက်ရဘူး'

'နောင်ကြီးရာင် မဟုတ်ဘူး၊ ကျုပ်လဲ မမြင်မိပါဘူး၊ သိုင်းလောကထဲမှာ လူဆန်းလူကြယ်တွေ ရောက်နေပြီလို့ ခန့်မှန်းနိုင်ပြီဗျ'

'ဘာလဲ မြင်းပေါ်မှာ တင်ပျဉ်ခွေထိုင်ပြီး လိုက်သွား လား'

'ဒါပေါ့နောင်ကြီးရာ၊ ဘယ်သူက အဲ့ဒီလိုမြင်းစီးဖူးလို့'

ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့ တွေးတောဝေးမောနေစဉ် ပင်အဝေးမှပြေးလာသည့်ခြေသံသံကို ကြားကြရပြန်သည်

'ဒီတစ်ခါလဲ ပုန်းရဦးမယ်ထင်တယ်'

ဝမ်ကန်းက ပြောသောအခါ ကွမ်းစန်စင်က လက်ကာ လေ၏။

'မပုန်းပါနဲ့ဦး၊ ဒီခြေသံမျိုး ကျုပ်ကြားဖူးပါတယ်'

ကွမ်းစန်စင်၏အထင် မမှားပါ။

ရောက်ရှိလာသူများမှာ အဖာတစ်ရာအင်္ကျီများကို ဝတ်ဆ ပြီး မြက်ဖိနပ်များကို စီးထားသည့် ကျန်လုဂိုဏ်းသား န ယောက် ဖြစ်နေသောကြောင့်တည်း။



သူတို့၏ကျောကုန်းပေါ်တွင် အငါရောင် အိတ်တစ်အိတ်စီ ချိတ်ဆွဲထား၏။

ထိုနှစ်ယောက်သည် ကွမ်းစန်စင်အား အဝေးမှပင် ဂါရဝပြုလာလေ၏။

ကွမ်းစန်စင်က လှမ်းမေး၏။

'အရေးကြီးလာသလား'

'ကြီးပါတယ်ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီး ဒီနယ်ထဲ ရောက်နေပါပြီ'

'ဆရာကြီး ထန်ရှင်ကောပါလာသလား'

'ပါပါတယ်ခင်ဗျာ'

ကွမ်းစန်စင်၏မျက်နှာ၌ အားတက်သော အမူအရာမျိုး ပေါ်လာသည်။

'ဂိုဏ်းချုပ်ကြီးလဲ ရောက်လာတယ်၊ နောင်ကြီး ထန်ရှင်လဲ ပါတယ်၊ ဘာစိုးရိမ်စရာ ရှိတော့မလဲ'

ဝမ်ကန်းက ခပ်တိုးတိုး မေးသည်။

'နောင်ကြီးကွမ်းစန်စင်၊ သူတို့နှစ်ယောက်ဟာ သိုင်းလောကမှာ ကျော်ကြားနေတဲ့ သံမဏိကိုယ်ရံတော် နှစ်ယောက်များလား'

www.burmeseclassic.com

www.burmeseclassic.com



'မမှားဘူး'

ကွမ်းစန့်စင်က အသားမည်းမည်း ဗလကောင်းကောင်း ကျန်လုဂိုကျားသားကို လက်ညှိုးထိုးပြပြီး မိတ်ဆက်ပေးလေ

'သူက သံမဏိကိုယ်ရံတော် ကျိုးတာကြည်'

တစ်ဖန် မျက်နှာဖြူဖြူ မပိန်မဝ လူတစ်ဦးအား လက်ည ထိုးပြပြီး....

'သူက သံမဏိကိုယ်ရံတော် ပေါ့ကုံးပေါင်'

ဝမ်ကန်းက ကိုယ်ရံတော်နှစ်ဦးအား ဦးညွှတ်ဂါရဝပြု သည်။

သံမဏိကိုယ်ရံတော်နှစ်ဦးမှာ သူတို့အား လေးစားသမှုပြ ဂါရဝပြုနေသော ဝမ်ကန်းအား ပြန်လည်ဂါရဝပြုသည်။

ကွမ်းစန့်စင်က....

'သူကတော့ ညသိမ်းငှက်ဝမ်ကန်းပဲ'

ကျိုးတာကြည်နှင့် ပေါ့ကုံးပေါင်တို့၏ မျက်ခုံးများ တ တက်သွား၏။

သို့သော်....



သူတို့၏အထက်၌ ရှိနေသည့် ဝါစဉ်ကြီးဆရာကြီးကွမ်းစန့်စင်အား စောဒကမတက်ရဲကြပါ။

ဝမ်ကန်းက....

'နောင်တော်တို့နှစ်ယောက်နဲ့ ခုလိုဆုံတွေ့ရတဲ့အတွက် အထူးပဲ ဝမ်းသာမိပါတယ်ဗျာ၊ တစ်နေ့တည်းနဲ့ မိုင်တော်တော်များများ ပြေးလွှားနိုင်တယ်ဆိုတဲ့ ဂုဏ်ထူးဝိသေသကို ကြားဖူးထားတော့ တွေ့ချင်နေခဲ့တာ ကြာပါပြီ'

ကျိုးတာကြည်က ချောင်းတစ်ချက်ဟန့်ပြီး ကွမ်းစန့်စင်ကို မသိမသာကြည့်၏။

ထို့နောက် ဝမ်ကန်းအား လှမ်းမေး၏။

'အဟမ်း....ကျုပ်တို့ကလဲ နောင်တော်ဝမ်ကန်းနဲ့ တွေ့ဆုံချင်နေတာ ကြာပါပြီဗျာ၊ အဟမ်း....ကျုပ်တို့ရဲ့ ကျန်လုဂိုကျားသားလေးယောက်....အဟမ်း'

ကျိုးတာကြည်မှာ ကွမ်းစန့်စင်၏ ရှေ့မှောက်၌ ယပ်မံရှိစကားမဆက်နိုင်အောင် ရှိနေလေ၏။

ထိုအခါမှ ဝမ်ကန်းက ကပျာကယာ ရှင်းပြသည်။

'နောင်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟောဒီက လေ့ကျင့်ရေးမှူးကြီး နောင်ကြီးကွမ်းစန့်စင်ကို အားလုံးရှင်းပြပြီးပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန့်စင်က လက်ကိုဝှေ့ယမ်းပြလိုက်၏။

'ကျိုးတာကြည်....ငါတို့ဂိုဏ်းက ဝမ်ကန်းကို အထင်လွဲနေကြတာ၊ တို့ဂိုဏ်းသားလေးယောက်ကို မသတ်ဘူးဆိုတာ အထောက်အထားတွေ ရပြီးနေပြီ'

ကျိုးတာကြည်သည် ကွမ်းစန့်စင်ကို တစ်လှည့်၊ ဝမ်ကန်းကို တစ်လှည့် လက်သီးဆုပ် ဂါရဝပြုပြီး တောင်းပန်စကား ဆိုလေသည်။

'နောင်ကြီး ဝမ်ကန်း၊ ကျုပ် စကားတွေကို ခွင့်လွှတ်ပါ'

ဝမ်ကန်းသည် ကျွန်လုဂိုဏ်းသားများ၏ စုတ်ပြတ်နေသည့် အဝတ်အစားများ၊ အဟာအထေး ဇရပ္ပ အဝတ်အစားများကို ကြည့်ပြီး တအံ့တသြတွေးနေလေသည်။

'ဒီဂိုဏ်းရဲ့ အဝတ်အစားတွေကတော့ တကယ့်ကို အောက်တန်းကျတာပဲ၊ ဒါပေမယ့် အထက်လူကြီးရဲ့စကားကို နာခံပုံ



သိုးကမ်း လိုက်နာပုံကတော့ အံ့သြစရာ ကောင်းလောက်အောင် အဆင့်အတန်း မြင့်လှပါကလား'

ဝမ်ကန်းသည် အတွေးဆုံးသည်နှင့် ကျိုးတာကြည်ကို ပြန်၍ ဂါရဝပြုသည်။

'ကိစ္စမရှိပါဘူးဗျာ၊ အကြောင်းမသိသေးတော့ ဒီလို မှားတာပါပဲ၊ ကျုပ်က နောင်ကြီးကွမ်းစန့်စင်နဲ့ တမင်လိုက်လာတာပါ'

'ဪ....ကျုပ်တို့ကလဲ ရုတ်တရက်တော့ မသိဘူးလေ'

ကွမ်းစန့်စင်က....

'ဂိုဏ်းချုပ်ကြီး ဒီနယ်ထဲ ရောက်နေပြီလို့ပြောတယ်၊ ဘယ်ရောမှာလဲ၊ ငါတို့ဒီမှာ သိပ်အချိန်ဖြုန်းနေလို့ မဖြစ်ဘူး'

ကျိုးတာကြည်က အနောက်ဘက်သို့ လက်ညှိုးထိုးပြရင်း....

'ကျွန်ရစ်ခဲ့တဲ့ နှစ်မိုင်လောက်ရှိတဲ့ သစ်တောထဲမှာပါ'

ကွမ်းစန့်စင်က....

'ကဲ....ဒီလိုဆိုရင် သွားကြမယ်'

ကျိုးတာကြည်နှင့် ပေါ်ကူးပေါင်တို့က လမ်းပြ၍ အရှေ့မှ ရှေ့မှသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကန်းသည် ပေါ်ကုံးပေါင်၊ ကျိုးတာကြည်နှင့် ကွမ်းစန်စင်တို့ အလွန်လျင်မြန်သောနှုန်းဖြင့် သွားနေသည်ကိုတွေ့သဖြင့် ထိုသုံးဦးနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန် ကြိုးစားသည်။

သူကြိုးစားတိုင်း ကျိုးတာကြည်နှင့် ပေါ်ကုံးပေါင်တို့ ခြေတစ်လှမ်းတိုး၍တိုး၍သွားနေသဖြင့် ဝမ်ကန်းမှာ လူ ... ယောက်အနက် နောက်ဆုံးမှ ဖြစ်မြဲ ဖြစ်၍ ကျန်နေရစ်တော့သည်။

ဝမ်ကန်းသည် ရယ်ရင်း လှမ်းပြောလေ၏။

'သံမဏိကိုယ်ရံတော်နှစ်ယောက်ကို နတ် ခြေမြန်တော် ... သီးခြားမှည့်ခေါ်ခဲ့တာ အလကားမဟုတ်ဘူးဆိုတာ ခုမှပဲ ... ရတော့တယ်ဗျာ'

ကွမ်းစန်စင်သည် မရယ်မပြုံးဖြင့် အလယ်မှလိုက်နေသည် ...

မကြာမီ သစ်တောအစပ်သို့ ရောက်ရှိလာကြလေတော့ ...

ကွမ်းစန်စင်သည် သံမဏိကိုယ်ရံတော်နှစ်ဦးအား ကြို ... သွားရောက်အကြောင်းကြားရန် စေခိုင်းလိုက်၏။

သူတို့ သစ်တောထဲရောက်သောအခါ သစ်ကိုင်း သစ် ... များကို အသုံးပြုလျက် သပ်ရပ်စွာ ဆောက်ထားသည့် ... တစ်လုံးကို တွေ့ရသည်။



တဲအဝတွင် သံမဏိကိုယ်ရံတော်နှစ်ဦး ရပ်နေကြ၏။

ကွမ်းစန်ဂင်က....

'ကဲ....မင်းတို့ဒီကသွားနိုင်ပြီ၊ ကိုယ်ကျရာတာဝန်ကို ထမ်းဆောင်ပေတော့'

ကိုယ်ရံတော်နှစ်ယောက်သည် ကွမ်းစန်စင်ကို ဂါရဝပြုပြီး ထွက်ခွာသွားကြ၏။

'ဝမ်ကန်း....အထဲကိုဝင်ပါ'

'မသင့်တော်ပါဘူး၊ ခေါင်းကြီး ကွမ်းစန်စင် အရင်ဝင်ပါ၊ ခေါင်းကြီးက ကျုပ်ထက် ဂုဏ်ဒြပ် ပိုကြီးပါတယ်'

'ကဲ....ဒါဖြင့်လဲ အတူတူပဲ ဝင်ကြတာပေါ့'

သူတို့ တဲထဲဝင်သောအခါ တဲအတွင်းမှ လူနှစ်ဦး ထ၍ ကြိုဆိုကြသည်။

တစ်ဦးမှာ အဝါရောင် ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထား၏။

အပေါ်က အပြဲ အဖာအထေးများစွာ ရှိသည်။

ကျန် တစ်ဦးသည် သာမန် အဖြူရောင်အင်္ကျီ ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခေါက်အမြဲ အဖာအထေးများ ရှိနေသော်လည်း သူ မျက်နှာက ချိုပြုံးလှသည်။

တစ်ယောက်က တည်ကြည် ခန့်ညားသော မျက်နှာရှိ တစ်ယောက်က ချိုပြုံးသောမျက်နှာ ရှိနေသည်။

ချိုပြုံးသော မျက်နှာရှင်၏ လက်ထဲ၌ ယပ်တောင်တစ်ခု ရှိနေပြီး တဖျပ်ဖျပ် ခတ်နေသည်၊

တည်ကြည်ခန့်ညားသော မျက်နှာပိုင်ရှင်သည် ရုတ်တရ ပြုံးလိုက်ပြီး....

'ကဲ...အပြင်ကို ထွက်မကြိုနိုင်ဘာကိုတော့ ခွင့်လွှတ်ပေ မိတ်ဆွေ'

ဝမ်ကန်းမှာ ဒူးထောက် အရိုအသေပေးမိမတတ် ဖြစ်သွ သည်။

အဘယ်ကြောင့်ဆိုသော် သူ့အား တရင်းတနှီး နှုတ်ဆ လိုက်သည့် ပုဂ္ဂိုလ်ကြီးမှာ သိုင်းလောက၌ ကျော်ကြား သော ကျန်လု ဂိုဏ်းချုပ်ကြီး ဖြစ်သည်ကို သူသိလိုက်သေ ကြောင့်တည်း။

ဝမ်ကန်းမှာ လက်သီးနှစ်ဖက်ဆုပ်ကာ အကြိမ်ကြိမ် ဂါ ပြုလေ၏။



'ကျွန်တော့်ကို ခုလောက်ကြိုဘာကပဲ အလွန့်အလွန် မျက် သာပေးရာ ကျနေပါပြီခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးဟာ နာမည် င်းကြီးသလောက် ရည်မွန် ခန့်ညားလှပါတယ်ခင်ဗျာ'

'အင်း....ကျုပ်ကတော့ ဒီလိုပဲ အကြောင်းမဲ့ နာမည်ကြီး လှပါပဲဗျာ'

ကွမ်းစန်စင်သည် ရှေ့သို့တစ်လှမ်းချင်းတိုးလာပြီး ဂါရဝ သည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ကွမ်းစန်စင် ပြန်ရောက်လာ ခင်ဗျာ'

'အင်း....ခင်ဗျားလဲ သိပ်ပင်ပန်းခဲ့ပြီပေါ့'

'မပင်ပန်းလှပါဘူး ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးတို့ ဒီအနီး း ရောက်နေတာကိုသိရလို့ ကျွန်တော် တအားတက်ခဲ့ တယ်'

ကျန်လု ဂိုဏ်းချုပ်ကြီးက ခုံလွတ်များဆီသို့ လက်ကိုဝှေ့ ပြလိုက်ပြီး....

'မိတ်ဆွေကြီး ဝမ်ကန်း၊ ထိုင်ပါ'

ဝမ်ကန်းမှာ ဝင်၍မထိုင်ဝံ့အောင် ဖြစ်နေ၏။

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် သူ့အား တခေလးတစား ဆ
နေသူမှာ သိုင်းလောကတွင် အလွန်တရာ နာမည်ကြီးလှ
ကျွန်လူဂိုဏ်းချုပ်ကြီး ဖြစ်နေသောကြောင့်ပင်။

မာသည့်ဂိုဏ်းချုပ်မျှ ဝမ်ကန်းကဲ့သို့ လမ်းဘေးပြ
ကို ဤသို့ အရေးတယူ လုပ်လိမ့်မည်မဟုတ်ပေ။

ကွမ်းစန်စင်က တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည့် ဝမ်
အား ဝင်ထိုင်ရန် အားပေးတိုက်တွန်းလိုက်၏။

သစ်ခက်များဖြင့် တည်ဆောက်ထားသည့် တဲလေးမှာ
စွာ သန့်ရှင်းသပ်ရပ်သည်။

ဒါးကုလားထိုင်များကို ညီညာစွာ ခင်းကျင်းထား

သူတို့ထိုင်ပြီးသောအခါမှ ယပ်တောင် တဖျပ်ဖျပ် ခ
သူက ဝမ်ကန်းအား နှုတ်ဆက်စကားပြောလေ၏။

'မိတ်ဆွေ ဝမ်ကန်း....နေကောင်းရဲ့လား၊ ကျုပ်
မှတ်မိရဲ့လား'

ဝမ်ကန်းသည် ထိုင်ရမလိုထရမလို ဖြစ်သွား၏။

ထို့နောက် ကမန်းကတန်း ဂါရဝပြုသည်။

'ကျွန်တော်သိပြီ ဆရာကြီးနဲ့ မတွေ့ရတာ ဆယ်နှစ်
ကျော်ပြီနဲ့တူတယ်'



ယပ်တောင်တဖျပ်ဖျပ် ခတ်နေသူက....

'ထိုင်ပါ...ထိုင်ပါ၊ ထိုင်ရင်း စကားပြောလဲ ရပါတယ်၊
ျပ်တို့ချင်း မတွေ့ကြတာ ဆယ်နှစ်တောင် ကျော်ပြီပေါ့'

ဝမ်ကန်းသည် အတော်ကလေး အနေအထိုင်ကျုံ့သွား၏။

သူတွေ့နေရသည့် ပုဂ္ဂိုလ်များမှာ သိုင်းလောကတွင် အံ့ဖွယ်
တစ်ခေတ်တစ်ယောက် ထွန်းပေါ်လာရမည့်အစား တစ်ခေတ်
ယောက် ထွက်ပေါ်နေသည့်လူများ ဖြစ်နေသောကြောင့်ပင်
သည်။

ခေါက်ယပ်တောင် တဖျပ်ဖျပ် ခတ်နေသည့်လူကား ကျွန်လူ
ဏ်း၏ပညာရှိ ထန်ရှင်ဖြစ်ပေသည်။

ပညာရှိထန်ရှင်သည် ဂိုဏ်းချုပ်ကြီးအား တစ်ချက် လှမ်း
ကြည့်လိုက်ရာ ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်ပြလေ၏။

ထို့ကြောင့်....

ထန်ရှင်က လေ့ကျင့်ရေးမှူးကြီးကွမ်းစန်စင်ဘက်သို့ လှည့်
ပြီး မေးသည်။

'လေ့ကျင့်ရေးမှူးကြီးကွမ်းစန်စင်၊ ခင်ဗျားကို တစ်ယောက်
တည်း လွှတ်လိုက်တဲ့အတွက် အတော်ကလေး ဒုက္ခရောက်ခဲ့ရ
တယ် မဟုတ်လား'

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန်စင်က ဦးညွှတ် ဂါရဝပြုပြီး ပြန်လည် ဖြေကြား လိုက်သည်။

'နှောင်ကြိုးတစ်ယောက်တည်း လွှတ်လိုက်လို့ ဒုက္ခရောက် ရတာ မဟုတ်ပါဘူး၊ ဝမ်ဒဂဟာထဲမှာ ဝင်လျှိုနေတဲ့ လူ ညာဏ်နီဉာဏ်နက် များလွန်းတာကတစ်ကြောင်း၊ သူတို့ကဝမ်ဒ ဟာထဲမှာ နှစ်နဲ့ချီပြီး ခြေကုပ်ယူခဲ့တာက တစ်ကြော အကြောင်းနှစ်ကြောင်းကြောင့် ဒုက္ခရောက်ခဲ့ရတာပါ'

ကွမ်းစန်စင်သည် ဝမ်ဂေဟာထဲ၌ ကြုံတွေ့နေရသည့် အဖြ အပျက်များကို အပြည့်အစုံ ပြန်လှန်ပြောကြားလိုက်သည်။

'ဟင်း....ကျုပ် အတွက်မှားသွားခဲ့တယ်၊ သခင်ကြီးဝမ်ကျ ထန်ကိုလဲ ကျုပ်က လျှော့တွက်မိဟာကိုး၊ ဒါကြောင့်မို့ တေ မခါ်စဉ်းစားတဲ့နေရာမှာ အစွန်းမရောက်ဖို့ လိုအပ်တယ်ဆိုတာ တယ်မှန်သကိုး'

ပညာရှိထန်ရှင်က ခပ်တိုးတိုး ညည်းညူလိုက်သည်။

သူ၏လက်ထဲမှ ယပ်တောင်ကမူ တဖျပ်ဖျပ် ခတ်မြဲခတ်နေ သည်။

ကွမ်းစန်စင်က....

'ဒီပွဲမှာ အံ့သြလောက်အောင် သိုင်းဂိုဏ်းကြီးတွေ ရှုံးနိမ့်ခဲ့ ရပါတယ်၊ တက်မုန့်ဖန်မုဆရာတော်နဲ့ ဝါဆန်းတောင်က ဆေ ကုန်းလျှန်တို့ပါ ကျွန်တော်နဲ့အတူ ရှုံးနိမ့်ခဲ့ရပါတယ်'



ထန်ရှင်က ခေါင်းညိတ်၏။

'အင်းလေ ရိပ်မိပါတယ်၊ တစ်ဖက်ကလဲ ကျုပ်တို့အဆောက် တာ်တွေ သတင်းပို့ထားလို့ အနည်းအကျဉ်းတော့ ရိပ်မိထား ပါတယ်'

ထိုစဉ် တဲအပြင်မှ ခြေသံများ ကြားလိုက်ရသည်။

တဲတံခါးဝ၌ မီးခိုးရောင် အဖောတစ်ရာ အဝတ်အစားများ တ်ဆင်ထားသည့် ကျွန်လုဂိုဏ်းသားသုံးဦး မတ်တတ်ရပ်နေ ကြောင်း တဲအတွင်းမှ လူအားလုံး တွေ့မြင်လိုက်ကြရ၏။

ထိုလူသုံးယောက်စလုံး တဲအတွင်းသို့ ဦးညွှတ်ဂါရဝပြုနေ ကြ၏။

ဂိုဏ်းချုပ်ကြီးက လှမ်းမေးသည်။

'မင်းတို့ ဘာများတွေ့ခဲ့ကြသလဲ'

ဝဲဘက်အစွန်ဆုံးမှလူက စတင်ဖြေကြား၏။

'မြစ်ကမ်းစပ်တစ်နေရာမှာ သံသယရှိစရာ လူတစ်သိုက်ကို မြင်ခဲ့ရပါတယ်'

'စုစုပေါင်း လူအင်အားဘယ်လောက်ရှိသလဲ၊ ဘယ်သူတွေ တာတော့ သိသလား'

www.burmeseclassic.com

www.burmeseclassic.com



'ယောကျ်ားမိန်းမ ခုနစ်ယောက်လောက်တော့ ရှိပါတယ်၊ သူတို့ရဲ့အမြင်ကို မခံဝံ့လို့ ရှေ့ကို တိုးကပ်မကြည့်ခဲ့ပါဘူး'

'သူတို့ ဘာလုပ်နေကြသလဲ'

'လှေကြီးတစ်စင်းပေါ် တက်နေပါတယ်'

ပညာရှိထန်ရှွင်သည် စကားမပြောဘဲ စဉ်းစားခန်း ဝင်နေသည်။

ဂိုဏ်းချုပ်ကြီးက အလယ်ကလူကို မေးပေါ့လိုက်၏။

မင်းပြောဆိုပါဆိုသည့်သဘော၊

ထိုလူက ဦးညွတ်ဂါရဝပြုသည်၊

'တက်မှုဆရာတော်တို့ကို မြင်တွေ့ခဲ့ပါတယ်'

'ဘယ်နေရာမှာလဲ'

'ရှစ်မိုင်ခွဲလောက် အကွာအဝေးရှိတဲ့ နေရာမှာပါ၊ ဘုရားကျောင်းပျက်တစ်ခုမှာ စတည်းချနေကြပါတယ်'

ဂိုဏ်းချုပ်ကြီးသည် လက်ယာအစွန်ဆုံးမှ လူကြီးကို ကြည့်လိုက်၏။

ထိုလူကြီးက ဂါရဝပြုပြီး ပြောသည်။



'ခရီးထွက်ဖို့ အားလုံးအဆင်သင့်ဖြစ်ပါပြီ ဂိုဏ်းချုပ်ကြီး'

'သင်းတို့ အားလုံး ကိုယ့်တာဝန်နဲ့ ကိုယ်ဆက်ပြီး ထမ်းကြတော့'

ဂိုဏ်းသားသုံးဦး ခြွန်လည် ပြေးထွက်သွားလေတော့၏။

ဂိုဏ်းချုပ်ကြီးသည် ပညာရှိထန်ရှွင်အား ကြည့်လိုက်သည်။

ထန်ရှွင်က ဂိုဏ်းချုပ်ကြီးအား ခပ်ဟိုးတိုးပြန်ကြည့်၏။

'ကွန်လုံဝမ်ဆိုတဲ့နာမည်ဟာ သိုင်းလောကထဲမှာ ပေါ်လာတာ ကြာသေးဘူး၊ သူ့နာမည်ရင်းရှိမှာ သေချာတယ်၊ အချိန်လေးဝါးနှစ်အတွင်းမှာ ဘယ်လိုသစ်မှ သူ့ကို နာမည်ပျံ့အောင် လုပ်နိုင်မှာ မဟုတ်ဘူး'

ဖမ်ကန်းက ဝင်ပြောလေ၏။

'ဆရာကြီးထန်ရှွင်...တက်မှုဆရာတော်တို့ကို တွေ့အောင်ရှာပြီး ဟိုသခင်မလေးဝန်အိုတဲ့ မိန်းကလေးကို အမိ ဖမ်းသင့်ပါတယ်၊ သူ့ကိုမိရင် ကွန်လုံဝမ် ဘယ်သူလဲဆိုတာ သေသေချာချာ စစ်မေးလို့ရနိုင်ပါတယ်'

ပညာရှိထန်ရှွင်က ခေါင်းယမ်းလိုက်သည်။

'ကျုပ်ရဲ့ပါးနပ်လိမ္မာတဲ့ ဂိုဏ်းသားနှစ်ဦးကို ဒီအမျိုးအမည်မသိတဲ့ဂိုဏ်းထဲဝင်ဖို့ စေလွှတ်ခဲ့တာ သုံးနှစ်ကြာပြီ၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုပြန်ပြီး မသကြည့်ဘူး၊ အလိမ်ပေါ်လို့ အသတ်ပဲခံ သလား၊ ရန်သူ ကွန်လိုဝမ်ဆီပဲ အညှံ့ခံလိုက်သလား၊ ဒါ မဟုတ် ဆေးတစ်မျိုးမျိုး အတိုက်ခံရပြီး အတိတ်မေ့ကုန်သလား တစ်ခုခုဖြစ်တာတော့ သေချာနေပါပြီ'

ဂိုဏ်းချုပ်ကြီးက စဉ်းစဉ်းစားစား ပြောသည်။

'ကျုပ် တစ်ခု စဉ်းစားတယ် နောင်ကြီးထန်ရှင်၊ ကျုပ်တို့ အနေနဲ့ တက်မုဘုံ ဖေကုံးလျှန်တို့ကိုလဲ ရှာသင့်တယ်၊ လုံမလေး ဝန်ကိုလဲ တားဆီးသင့်တယ်ဆိုတဲ့အချက်ပဲ၊ တောဒီက မိတ်ဆွေ အကြံပေးတဲ့အတိုင်းပေါ့'

ဂိုဏ်းချုပ်က ဝမ်ကန်းကို ညွှန်ပြီးပြော၏။

ဝမ်ကန်းမှာ မနေတတ်မထိုင်တတ် ဖြစ်သွားပြန်သည်။

ဤပုဂ္ဂိုလ်များကား အမြင့်ဉ်ရှိသလောက် ကိုယ့်ကိုယ်ကို နှိမ့် ချလွှန်းသူများ ဖြစ်ချေတကားဟု တွေးမိပြီး ပို၍ ကြည်ညို လေးစားသွားမိသည်။

ဝမ်ကန်းက ချောင်းတစ်ချက်ဟန့်ပြီး....

'ဂိုဏ်းချုပ်ကြီးကို ကျွန်တော်တစ်ခုလောက် တင်ပြပါရစေ'

'ပြောပါ...မိတ်ဆွေ'

'တက်မုဆရာတော်တို့ကို သွားခေါ်ချင်တယ်ဆိုရင်ကျွန်တော် ပြေးပြီး ခေါ်ပေးနိုင်ပါတယ်၊ ဂိုဏ်းချုပ်ကြီးက တွေ့ချင်တယ် ဆိုရင် တက်မုဆရာတော် ကြွလာမှာ သေချာပါတယ်'



ဂိုဏ်းချုပ်ကြီး စဉ်းစားနေစဉ် ပညာရှိထန်ရှင်က ပြုံး၍ ပြောလေ၏။

ဂိုဏ်းချုပ်ကြီး....မိတ်ဆွေဝမ်ကန်းက တက်မုဆရာတော်တို့ ဖေကုံးလျှန်တို့ဟာ ထိပ်တန်း သိုင်းအကျော်အမော်များ ဖြစ် သော်လည်း ဂိုဏ်းချုပ်ကြီးအဆင့် မဟုတ်တဲ့အတွက် ဒီစကား ပြောနေခြင်း ဖြစ်ဟန်တူပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ဂိုဏ်းချုပ် ကြီး ဒီမှာပဲစောင့်နေပါ၊ ကျွန်တော်ရယ်၊ လေကျင့်ရေးမှူး ကြီးကွမ်းစန်စင်ရယ်၊ မိတ်ဆွေဝမ်ကန်းရယ် သုံးယောက်ပေါင်း တက်မုဆရာတော်နဲ့ ဖေကုံးလျှန်တို့ကို သွားရောက် ဖိတ်ခေါ် လိုက်ပါမယ်'

ဂိုဏ်းချုပ်ကြီးက အသံထွက်အောင်ရယ်သည်။

'ဟား....ဟား....နောင်ကြီး ထန်ရှင်ရယ်၊ လေကျင့်ရေးမှူး ကြီး ကွမ်းစန်စင်က တပင်တပန်း ပြေးလွှားခနတဲ့ အချိန်မှာ ကျုပ်က ဒီတဲထဲထိုင်နေလို့ ဘယ်သင့်လျော်ပါ့မလဲ၊ ဒီလိုလုပ် ပါ၊ ကျုပ်က မြစ်ဆိပ်သွားမယ်၊ မြစ်ဆိပ်မှာတွေ့တဲ့အုပ်စုဟာ လုံမလေးဝန်တို့အုပ်စုပဲ ဖြစ်လိမ့်မယ်၊ ဒီအုပ်စုကို ကျုပ် သွား တားထားလိုက်မယ်'

ပညာရှိထန်ရှင်သည် သူ လေးစားချစ်ခင်သည့် ဂိုဏ်းချုပ် ကြီးအား တားဆီးရန် နှုတ်မထွက်နိုင်ဘဲဖြစ်သွားသည်။

အတန်ကြာစဉ်းစားပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးအမိန့်အတိုင်းပါပဲ၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးအနေနဲ့ သတိဝီရိယ ရှိပါလို့ တောင်းပန်ချင်ပါတယ်၊ တာ ဖြင့်လို့လဲဆိုတော့ ကျွန်ုပ်ဝမ်ကာယ်သူဆိုတာ စဉ်းစားလို့ မ သေးလို့ပါပဲ'

'မစိုးရိမ်ပါနဲ့ နောင်ကြီးထန်ရှင်၊ ကျုပ်သတိထားပါ့မယ် ခင်ဗျားတို့ပြန်လာရင် မြစ်ဆိပ်ကိုလိုက်ခဲ့ကြပေါ့'

'ဒီလိုဆိုရင် ကျွန်တော်တို့သွားတော့မယ် ဂိုဏ်းချုပ်ကြီး'

ထန်ရှင်က ထရပ်လိုက်ပြီး ဂိုဏ်းချုပ်ကြီးကိုဦး ညွှတ်ဂါရဝ ပြုသဖြင့် ကျွမ်းစန်စင်နှင့် ဝမ်ကာန်းတို့လည်း ဂါရဝပြုကြ တော့သည်။

ဂိုဏ်းချုပ်ကြီးက လက်ကို ဇော့ယမ်း ပြလိုက်သောအခါ သူတို့လည်း တဲအပြင်သို့ ထွက်ခွာလာကြ၏။

တဲ၏ ကိုက်တစ်ရာခန့် အကွာ၌ လွန်းအိမ်ပုံသဏ္ဌာန် ဆန်းသောမြင်းရထားတစ်စင်းနှင့် မြင်းသုံးစီးခန့်ကို ကျန် ဂိုဏ်းသားတချို့က အသင့်ပြင်စောင့်ဆိုင်းနေကြောင်း တွေ့ သည်။

ဝမ်ကာန်းသည် ထူးခြားသော မြင်းရထားကို ကြည့်သည်

လှည်းလွန်းအိမ် ပုံသဏ္ဌာန် ရှည်မျှောမျှောရှိပြီး အောက် ထိုယ်ထည်ပေါ်၌ ဆုံလည်ပမာ လှည့်ပတ်၍ ရနိုင်အောင် တ ဆောက်ထားကြောင်း အံ့ဩဖွယ်ရာတွေ့ရှိရသည်။



မြင်းနှစ်ကောင် က ထားပြီး ထိုမြင်းနှစ်ကောင်စလုံး အလွန် တရာ သန်စွမ်းသည့် မြင်းကြီးများဖြစ်ကြောင်း တွေ့ရသည်။

'မိတ်ဆွေဝမ်ကာန်း၊ မြင်းနဲ့သွားမလား၊ ကျုပ်ရဲ့မြင်းရထား နဲ့ပဲ လိုက်မလား'

ဝမ်ကာန်းသည် မြင်းရထားကို လေ့လာချင်စိတ်ပေါက်လာ သဖြင့် ထန်ရှင်အား ဦးညွှတ်ဂါရဝပြုရင်း....

'ဆရာကြီးခွင့်ပြုရင် မြင်းရထားနဲ့ပဲ လိုက်ချင်ပါတယ်'

ထန်ရှင်သည် အသင့်စောင့်နေသည့် ကျန်လုဂိုဏ်းသားများ ကို လှမ်းကြည့်လိုက်ရာ တက်မှုဆရာတော်တို့ စတည်းချသည့် နေရာကို ရှာဖွေခဲ့သော ဂိုဏ်းသားကို မြင်တွေ့လိုက်ရသည်။

'မင်း ရှေ့က လမ်းပြပါ၊ တက်မှုဆရာတော်ဆီ သွားကြ မယ်'

ဂိုဏ်းသားသည် ဦးညွှတ်ဂါရဝပြုပြီး မြင်းတစ်ကောင်ပေါ် ခုန်တက်လိုက်၏။

ကျန်လုဂိုဏ်းသားတစ်ဦးက ပညာရှိထန်ရှင်၏ မြင်းရထား ခေါင်မိုးပေါ်သို့ တက်ထိုင်သည်။

စင်စစ် ထိုမြင်းရထားကို အတွင်း၌ ထိုင်နေသည့် ထန်ရှင် ကိုယ်တိုင် မောင်းနှင်၍လည်း ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစန့်စင်သည် မြင်းတစ်စီးပေါ် ခုန်တက်လိုက်ပြီး စတင်ခရီးထွက်လေတော့သည်၊

❖

ပညာရှိထန်ရှင်၏မြင်းရထားမှာ အတွင်း၌ ဘေးချင်းယှဉ်ထိုင်၍ရသော ရထားမျိုးမဟုတ်သဖြင့် ဝမ်ကန်းသည် ထန်ရှင်၏ နောက်ဘက်ထိုင်ခုံ၌ ရှေ့နောက်ထိုင်ရ၏။

အထဲ၌ ကြေးကွင်းများ၊ ပေါင်းတံများ စသည်ဖြင့် ထူးထူးခြားခြားအရာများကို တွေ့မြင်ရသဖြင့် ဤမြင်းရထားသည် သာမန်မြင်းရထားတစ်စင်းမဟုတ်ကြောင်း၊ အထူးစီမံပြုလုပ်ထားသည့် မြင်းရထားတစ်စင်း ဖြစ်ကြောင်း ဉာဏ်ကောင်းသည့်ဝမ်ကန်း ရိပ်မိသွားသည်။

'ဆရာကြီး၊ ကျွန်တော် နည်းနည်းပါးပါးလောက် စပ်စုပါရစေခင်ဗျာ'

ဝမ်ကန်း၏စကားကိုကြားသောအခါ ပြုံးနေသည့် ထန်ရှင်၏ မျက်နှာမှာ ပို၍ပြုံးသွား၏။

'လမ်းဘေးပြဇာတ်ကြီးတစ်ဦးက ကျုပ်မြင်းရထားကို စပ်စုပြီး လမ်းမှာ ဓားပြတိုက်ချင်လို့လား'



ဝမ်ကန်းမှာ နောက်မှထိုင်နေသူဖြစ်၍ ပညာရှိ ထန်ရှင်ပြုံးနေသည်ကို မမြင်ပေ။

ထို့ကြောင့် ထိတ်လန့်တကြားဖြစ်သွားပြီး....

'ဆရာကြီး ခွင့်လွှတ်ပါ၊ ကျွန်တော် သိချင်တဲ့စိတ် သက်သက်နဲ့ မေးတာပါ၊ ကျွန်တော် မမေးတော့ပါဘူး ခင်ဗျာ'

ထန်ရှင်က သူ့ယပ်တောင်ကို ခေါက်သိမ်းလိုက်ပြီး....

'ကျုပ်က ရယ်စရာပြောတာပါ၊ လူမသတ်ဘူးတဲ့ လမ်းဘေးဓားပြတစ်ဦးကို ကျုပ်ရထားအကြောင်းပြောဖို့ ဒီခလောက် ခန့်မခလေးပါဘူးလေ'

'ဗျာ....ဆ....ဆ....ရာကြီး၊ ကျွန်တော့် အကြောင်းတွေ....သိ....သိ....'

'ခင်ဗျားကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းကသိခဲ့တာ ဘာများထူးဆန်းလို့လဲ'

'ဒါပေမယ့် ဒီဆယ်နှစ်အတွင်းမှာ....'

'လူချင်း မတွေ့တာကို ပြောမလို့လား၊ သတင်းကိုတော့ ကြားဘဲရှိပါမလား'

'ကြားကြတဲ့ သတင်းတွေက ကျွန်တော့်ကို လူဆိုးကြီး တစ်ဦးအဖြစ်....'

www.burmeseclassic.com

www.burmeseclassic.com



'တချို့ ကသတ်မှတ်ကြတာပါ၊ ခင်ဗျားစိတ်ထားကိုသိတဲ့ တွေကတော့ ဘယ်သတ်မှတ်မလဲ၊ ဟောဒီမြင်းရထားကို တစ် တစ်ဦးက လမ်းက ဖြတ်တိုက်နိုင်မယ် ထင်သလား၊ မိတ်ဆွေကြီး ဝမ်ကန်း'

ဝမ်ကန်း စိတ်သက်သာရာ ရသွား၏။

ကြေးကွင်းများ၊ ခေါင်းတံချားကို လက်ညှိုးထိုးပြပြီး

'ကျွန်တော့် စိတ်သင်တော့ မရနိုင်ဘူးထင်တယ်၊ ဟော ပစ္စည်းတွေက ရန်သူတွေကို တားဆီးနိုင်တဲ့ ပစ္စည်းတွေပဲ လိမ့်မယ်'

ပညာရှိ ထန်ရှင်က ကျေနပ်စွာပြုံးလိုက်၏။

'မိတ်ဆွေဝမ်ကန်းက တကယ်တော်တာပဲ၊ အတွေ့အ များတဲ့သူဆိုတော့ ခန့်မှန်းချက် မှန်ခဲ့တာပေါ့လေ'

ပညာရှိထန်ရှင်က သူ့လှည်းရထားနံရံကို ပုတ်ပြပြီး...

'ဒီထဲမှာ လက်နက်မျိုးစုံရှိတယ်၊ ဘေးဆိုးအန္တရာယ် ကြုံ ရင် ဒီလက်နက်တွေ အစွမ်းကိုးပြီး ကျုပ်အသက်ကို ကာကွယ် ရမယ်'

ဝမ်ကန်း အံ့ဩသွားသည်။

'ခင်ဗျာ...'



'မိတ်ဆွေဝမ်ကန်း အံ့ဩသွားသလား၊ ဘာကို အံ့ဩရ တာလဲ'

'ဆရာကြီးလို ဝါစဉ်ကြီး ဆရာကြီးတစ်ယောက်အတွက် ဒီလောက်လက်နက်တွေ လိုအပ်ပါသလားခင်ဗျာ'

ပညာရှိထန်ရှင်၏ ရယ်မောသံက လှည်းထဲမှ အပြင်သို့ပင် ပျံလွင့်ထွက်သွားသည်။

'ကျုပ်က ဝါစဉ်ကြီးတဲ့လူတော့ မှန်ပါတယ်၊ ဒါပေမယ့် သိုင်းပညာတော့ ဘာမှမတတ်ဘူးဗျ'

ဝမ်ကန်းမှာ ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရ၏။

သူပင် နားကြားမှားလေသလားဟု တွေးလိုက်မိသည်။

မမှားပါ။

သူ နားကြားမမှားပါ။

ပညာရှိ ထန်ရှင်ကဲ့သို့သောလူမျိုးသည် သူ့လို သာမည လမ်းသွားပြတစ်ဦးကိုလည်းအထူးလိမ်ညာသို့ဝှက်ရန်အကြောင်း မရှိပါ။

ဝမ်ကန်းသည် မြင်းရထား၏ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်ရာ မြင်းရထားသည် အရှိန်အဟုန်ပြင်းစွာ မောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင်နေသည်ကို တရိပ်ရိပ်ကျန်ရစ်ခဲ့သည့် သစ်ပင်များအားကြည့်၍ ရိပ်မိသဘောပေါက်လိုက်၏။

ဝမ်ကန်းသည် ပညာရှိထန်ရှင်အား တစ်စုံတစ်ခု မေးမေ…ဟန်ပြင်လိုက်၏။

သို့သော်....

ခေါက်ယပ်တောင်ကို လက်ထဲ၌ ဆုပ်ကိုင်ရင်း ဝေးမေ…စဉ်းစားနေသည့် ထန်ရှင်အားကြည့်၍ မေးတော့မည့်စကား…များကို ပြန်လည်မျိုချပစ်လိုက်ရတော့သည်။

ထိုစဉ်....

သူတို့ မြင်းရထားလည်း ရှာတရက် ရပ်တန့်သွားလေ၏။

'ဆရာကြီးထန်ရှင်....ဆရာကြီး ကွမ်းစန်စင် ဘုရားကျော…ပျက်နားကို ရောက်ခါနီးပါပြီ၊ ဘုရားကျောင်းပျက်ရှေ့…တစ်ခါတည်း တန်းပြီး မောင်းသွားရမလား'

ကွမ်းစန်စင်၏အသံ ထွက်ပေါ်လာသည်၊

'မမောင်းနဲ့တော့၊ ဒီကနေ ခြေလျင်လျှောက်သွားမ…သူတို့လဲ ဝါစဉ်ကြီး သိုင်းဆရာကြီးတွေပဲ၊ မြင်းရထား…မြင်းတွေနဲ့ အဲဒီရှေ့အထိ မောင်းသွားလို့ မတော်ပေဘူး'



'ကျွန်တော် သတင်းသွားပို့ပေးရဦးမလား ခင်ဗျာ'

'မပို့နဲ့တော့၊ ဒီကပဲ စောင့်နေကြတော့'

ထန်ရှင်သည် မြင်းရထားတံခါးကို အသာအယာတွန်းဖွင့်ပြီး…မ်းစန်စင် စကားပြောနေသည့်နေရာသို့ လျှောက်လာလေ၏။

'ခင်ဗျားရဲ့ အစီအစဉ် အင်မတန် သင့်လျော်ပါပေတယ်၊…ပ်တို့ ခြေလျင်ပဲ သွားသင့်ပါတယ်၊ ဒါမှလဲ တက်မှုဆရာ…ာ်တို့ နောင်ကြီး ဖေကုံးလျှန်တို့ကို လေးစားရာ ကျပါ…ယ်'

ထန်ရှင်၊ ကွမ်းစန်စင်နှင့် ဝမ်ကန်းတို့သည် ဘုရားကျောင်း…် ရှိရာသို့ လျှောက်လာကြ၏။

ဤဘုရားကျောင်းပျက်ကြီးကား နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ…ည်းက ပျက်စီးနေခဲ့သဖြင့် အတော်ကလေး အကြည့်ရ…ပ်ဆိုးနေသည်။

…သူမနီးသော သစ်တောအတွင်း ရှိနေခြင်းကလည်း ဤသို့…မှု ကင်းဝေးစေခြင်း ဖြစ်တော့သည်။

…တို့သည် ဘုရားကျောင်းပျက်ကြီး၏ ဧည့်ကား၌ ခေတ္တ…း အသံကို နားစွင့်၏။

…ည်သည့်အသံမျှ မကြားရသောအခါမှ လှေကားများကို…တစ်ချင်း နင်းတက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များ ဆုံးသောအခါ တံခါးမရှိတော့… အပေါက်ဝသို့ ရောက်ရှိလာသည်။

ထိုအခါကျမှ ဘုရားကျောင်းပျက်အတွင်းသို့ လှမ်း၍ … ခတ်နိုင်ကြသည်။

ဘုရားကျောင်းပျက်ကြီး၏ အလယ်လောက်တွင် … ယောက် တင်ပျဉ်ခွေထိုင်ပြီး မျက်လုံးများ မှိတ်ထားကြ…

အတွင်းအားလေ့ကျင့်နေကြကြောင်း မြင်ကွင်းက … ဖော်ပြနေ၏။

အလယ်နှစ်ယောက်မှာ သင်္ကန်းရောင် ဝတ်စုံရှည်ကြီး… ဆင်ထားသည့် တရုတ်ဘုန်းကြီးနှစ်ပါး ဖြစ်သည်။

တရုတ်ဘုန်းကြီးနှစ်ပါး၏အစွန်တွင် ပိန်ပိန်ပါးပါး … အိုတစ်ဦး ထိုင်နေသည်။

အခြားတစ်ဖက်၌ ခပ်လှမ်းလှမ်း၊ ခပ်ကွာကွာ၌ … ငါးဆယ် ပတ်ဝန်းကျင်ရှိသော သိုင်းသမားကြီးနှစ်… နေသည်။

တရုတ်ဘုန်းကြီးနှစ်ပါးနှင့် ပိန်ပိန်ပါးပါးအဘိုးကြီး… လက်တစ်လှမ်းကွာလောက်စီ ထိုင်နေကြသဖြင့် နီး… ဆိုနိုင်သည်။



ကျန်နှစ်ယောက်မှာ အတော်ကလေး ဝေးကွာသည်။

ကွမ်းစန့်စင်က အလယ်ကောင်မှ တရုတ်ဘုန်းကြီးကို ညွှန်ပြ…

'နောင်ကြီးထန်ရှင် အဲဒီပုဂ္ဂိုလ်ကတော့ ဘက်မုဆရာတော် …ပါတယ်'

'ဒါဖြင့် ဒီဘက်ကတော့ ဖန်မုဆရာတော်ပေါ့'

'မှန်ပါတယ် နောင်ကြီး၊ ဒီဘက်အစွန်ဆုံးက တစ်ယောက် …တော့…'

…ပညာရှိထန်ရှင်က ကွမ်းစန့်စင်၏ စကားပဆုံးမီ ဖြတ်၍ …ာလိုက်၏။

'ဝါဆန်းတောင်က ဖေကျုံးလျှန့်ပဲ ဖြစ်ရမယ်'

ကွမ်းစန့်စင် အံ့ဩသွား၏။

'နောင်ကြီးထန်ရှင် မှန်းဆတာ သိပ်ကောင်းပါတယ်'

'လေ့ကျင့်ခန်းမှူးကြီးအနေနဲ့ အစဉ်အတိုင်းပဲ မိတ်ဆက် …မှာ သေချာပါတယ်၊ ဟုတ်တယ်မဟုတ်လား၊ သိုင်းလောက …ဝါစဉ်က စကားပြောတာပဲ မဟုတ်လား'

…ထန်ရှင်က ဆက်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောဟိုဘက်က နှစ်ယောက်ကတော့ လေ့ကျင့်ရေး ကြီးကိုယ်တိုင် မသိတဲ့လူတွေ ဖြစ်ရမယ်'

'ဗျာ....နောင်ကြီးထန်ရှင် ဘယ်လိုသိပါလိမ့်'

'သူတို့ကို ကျုပ်ကိုယ်တိုင် မသိတဲ့အပြင် လေ့ကျင့်ရေး ကြီးကိုယ်တိုင် သိပ်ဂရုမထားတာကို ကျုပ်သတိပြုမိထား

ထိုအခါကျမှ ကွမ်းစန်စင်သည် ထန်ရှင်၏စေ့စပ်ပုံကို ပို၍ သိလာရတော့သည်။

သူ့အား မိတ်ဆက်မပေးမီကပင် ထန်ရှင်သည် မိတ် ပေးမည့်သူ၏အမူအရာများကို လေ့လာထားခဲ့ချေသည်တ

သူတို့၏စကားသံများက အတွင်းအား လေ့ကျင့်နေသူ ကို အနှောင့်အယှက်ဖြစ်သွားစေသည်။

ပထမဆုံး မျက်စိပွင့်လာသူမှာ ဖေကုံးလျှန် ဖြစ်၏။

ကွမ်းစန်စင်တို့သုံးယောက်ကို မြင်သောအခါ အံ့သြသွား သည်။

'အလို....နောင်ကြီး မ်းစန်စင်ပါလား'



ဖေကုံးလျှန် ခုန်ထလာ၏။

ဖေကုံးလျှန်သည် စိတ်မြန်ကိုယ်မြန် လှုပ်ရှားတတ်သူဖြစ်ရာ ထန်ရှင်အား လက်ညှိုးထိုးပြီး ဝှင့်မွှင့်လင်းလင်းပင် ပြောသည်။

'ဒီကနောင်ကြီးဟာ ကျန်လုဂိုဏ်းက ပညာရှိထန်ရှင်ပဲ ဖြစ် ရမယ်'

ကွမ်းစန်စင်က အံ့သြစွာပြောလေ၏။

'လူကဲခတ် တော်ပါပေတယ်ဗျာ၊ နောင်ကြီးဖေကုံးလျှန် ကိုလဲ နောင်ကြီးထန်ရှင်က အလိုလိုသိနေခဲ့ပါတယ်'

ဖေကုံးလျှန်က ဦးညွှတ်ဂါရဝပြုသည်။

ထန်ရှင်ကလည်း ပြန်လည် ဂါရဝပြုသည်။

ဖေကုံးလျှန်က ထန်ရှင်၏နောက်သို့ ကျော်ကြည့်၏။

နောက်ဘက်၌ ဝမ်ကန်း ရပ်နေသည်။

'နောင်ကြီးကွမ်းစန်စင် ဝမ်ကန်း ပြန်ပါလာသလား၊ ခင် ဗျားနဲ့ ပြေလည်သွားကြပြီလား'

ကွမ်းစန်စင်က ခေါင်းညိတ်ပြ၏။

'မှန်ပါတယ်၊ ကျုပ်တို့ ကန့်လုဂိုဏ်းသားတွေက သူ့ကို အထင်မှားခဲ့တာပါ၊ အခုတော့ ပြေလည်သွားပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဤသို့ စကားပြောနေသော်လည်း ကျန်သူလေးဦးမှာ ဖေကုံးလျှန်ကဲ့သို့ ထမလာခဲ့ကြပေ။

အတွင်းအားကျင့်စဉ် ကျင့်မြဲကျင့်နေသည်။

ထန်ရှင်က ကွမ်းစန်စင်အား ခပ်တိုးတိုး လှမ်းမေးသည်။

'လေ့ကျင့်ရေးမှူးကြီး ဟိုဘက်အခွန်က လူနှစ်ယောက်ကို အရင်က မြင်ဖူးခဲ့သလား'

'ဟုတ်ကဲ့...ကျွန်တော်တို့ ဝမ်ခဂဟာ မြေအောက်ခန်းထဲက လွတ်မြောက်လာတုန်းက သူတို့နှစ်ယောက်ပါပါတယ်'

'ဟုတ်ကဲ့'

ထန်ရှင်သည် ဝမ်ကန်းကိုပါ လှမ်းခေါ်ပြီး လေသံကလေးဖြင့် စကားပြောလိုက်သည်။

ဖေကုံးလျှန်က ထန်ရှင်အား မျက်မှောင်ကြုတ်၍ ကြည့်နေလေ၏။

ထန်ရှင်သည် ဖေကုံးလျှန်အနီး၌ သွားရပ်ပြီး ယပ်တောင်ကလေးဖြန့်ကာ တဖျပ်ဖျပ်ယပ်နေသည်။

ကွမ်းစန်စင်သည် အခွန့်၌ ဖန်မှုဆရာတော်၊ တက်မုဆရာတော်တို့ကို အနီးကပ်ကြည့်ရှုသွား၏။



ဆရာတော်နှစ်ပါးသည် အနည်းငယ်မျှပင် မလှုပ်ကြချေ။

ကွမ်းစန်စင် တဖြည်းဖြည်းရှေ့တိုးသွားရာ အမည်မသိ သိုင်းဆရာကြီးနှစ်ဦး၏ရှေ့သို့ ရောက်ရှိသွားသည်။

ထိုနှစ်ယောက်သည်လည်း တက်မုနှင့် ဖန်မုဆရာတော်နှစ်ပါးကဲ့သို့ပင် အနည်းငယ်မျှမလှုပ်ကြပါ။

ကွမ်းစန်စင်သည် နောက်ဆုံးလူအနီးသို့ ရောက်ကာနီးမှ ရုတ်တရက် နောက်လှည့်ကာ ကျန်ရစ်ခဲ့သည့် သိုင်းသမားအား လက်ဝါးဖြင့် ရိုက်ချ၏။

'သေပေတော့ သူလျှိုသစ္စာဖောက်'

ကွမ်းစန်စင်၏ သိုင်းပညာမှာ ထိပ်တန်း၌ရှိသည်။

သူသည် ကျန်လုဂိုဏ်း၌ ဝါစဉ်ကြီးသိုင်းဆရာကြီးဖြစ်သည်။

သို့တိုင်....

အရိုက်ခံရသူ ရှောင်တိမ်းသွားပုံမှာ အလွန်လျင်မြန် ဖျတ်လတ်လှသည်။

သူလျှိုသည် ရုတ်တရက် ရှောင်တိမ်းသွားရုံမျှမက ကွမ်းစန်စင်၏ ဝမ်းဗိုက်အောက်ပိုင်းကိုပင် ခြေထောက်နှင့် ကန်သွားသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကန်းဘည်ီ ထန်ရှင်၏မှာကြားချက်အရ ကွမ်းစန်စင် မလှမ်းမကမ်းမှ လိုက်ပါသွားရာ ရန်သူကုထိုသို့ တိုက်ခိုက် နှင့် သူကလည်း ခုန်အုပ်လိုက်သည်။

သူလျှိုသည် ဝမ်ကန်းကိုပင် ထပ်မံ ရှောင်တိမ်းသွားနိုင် သည်။

ကွမ်းစန်စင်သည် အလျှော့မပေးဘဲ အဆက်မပြတ် ထ တိုက်ခိုက်သည်။

ဝမ်ကန်းကလည်း ဘေးမှ ကူညီတိုက်ခိုက်သည်။

နောက်ဆုံး၌ သူလျှိုသည် ကွမ်းစန်စင်၏ လက်ဝါး တို ကွက် တစ်ချက်အမိခံရပြီး လွင့်စဉ်သွား၏။

'ဝုန်း....'

သူလျှို လွင့်စဉ်သွားသည်။

ထန်ရှင်က အရေးတကြီးပြောကြားလိုက်၏။

'လေကျင့်ရေးမှူးကြီး၊ သူ့သေးကြောတွေ မြန်မြန်ပိ လိုက်စမ်းပါ၊ လုံးဝမလွှပ်ရှားပါစေနဲ့'

ကွမ်းစန်စင်က ရယ်ရင်း....

'သူ အတွင်းဇဏ်ရာရသွားပါပြီ၊ ဘာမှ မခုခံနိုင်တော့ ဘူး'



ကွမ်းစန်စင်၏ စကား မဆုံးမီ သူလျှို၏ မျက်နှာသည် တဖြည်းဖြည်း ရှုပ်ပျက်လာ၏။

ချွေးသီးချွေးပေါက်များ စီးကျလာ၏။

တန်ရှင်က သက်ပြင်းချပြီး ပြောသည်။

'ကျုပ်တို့တော့ အကြောင်းမဲ့သက်သက် ပင်ပန်းသွားခဲ့ကြ ပြီဗျ'

ထန်ရှင်၏စကားမဆုံးမီမှာပင် သူလျှိုသည် ဝုန်းခနဲ လဲကျ သေဆုံးသွားလေတော့၏။

ကွမ်းစန်စင်သည် ထန်ရှင်၏စကားကို နားမထောင်မိသည် မှာ မှားလေပြီဟု ကြီးစွာ နောင်တရသွား၏။

'ကျွန်တော်မှားသွားပြီ၊ နောင်ကြီးထန်ရှင် စဉ်းစားသလို ကျွန်တော်မစဉ်းစားမိခဲ့ဘူး'

ထန်ရှင်က ကွမ်းစန်စင်အား နှစ်သိမ့်လိုက်၏။

'ဒီလောက်လဲ စိတ်မကောင်း မဖြစ်ပါနဲ့လေ၊ သူဆောင် ထားတဲ့အဆိပ်ကလဲ အင်မတန်ပြင်းနေတယ်၊ လေကျင့်ရေးမှူး ကြီး သူ့အကြောမပိတ်နိုင်ခင်မှာပဲ သူ အဆိပ်ကိုမျိုချပြီး ဖြစ် နေပုံရပါတယ်'

ကွမ်းစန်စင်မှာ အနည်းငယ် စိတ်သက်သာရာ ရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ အဆိပ်တက်ထား သိပ်မြန်တာပဲ၊ ပါးစပ်ထဲ ထည့်လိုက်တာကို လုံးဝမမြင်ရပါကလား'

ထန်ရှင်က...

'သူလျှိုဟာ အဆိပ်ဆေးလုံးကို သွားကြားထဲမှာ လျှို့ဝှက်ထားပုံရတယ်၊ သူ့ကို သူလျှိုမှန်း ရိပ်မိသွားပြီး လုံးဝမလွတ်နိုင်မှန်းသိတော့မှ အဆိပ်ဆေးလုံးရဲ့အကာကို ကိုက်ခွဲပြီး ဝမ်းထဲ မျိုချလိုက်တာပဲ ဖြစ်ရမယ်'

ဖေကိုးလျှန်သည် ထန်ရှင်အား လေးစားစွာ ကြည့်လိုက်၏။

'သိုင်းလောကမှာ စာပေသမား ပညာရှင် ထန်ရှင်ဟာ အင်မတန် အတွေးအခေါ် ကောင်းတယ်လို့ ကျော်ကြားခဲ့တယ်၊ အခုတော့ လက်တွေ့ပါပဲလား'

ထန်ရှင်က....

'ဒီလိုလဲ မဟုတ်ပါဘူးလေ'

'နောင်ကြီးထန်ရှင်၊ ဒီရန်သူကို သူလျှိုလို့ ဘယ်လိုမှန်း ရိပ်မိလိုက်တာလဲ၊ ကျုပ်တို့နဲ့ ထတွဲတွဲပါနေတာတောင် ကျုပ်တို့ လုံးဝမရိပ်မိဘူး'

'ကျုပ် နောင်ကြီးဖေကိုးလျှန်ကို ဥပမာတစ်ခုပြချင်တယ်၊ တောတောင်ထဲမှာ အမြဲတမ်းနေနေတဲ့လူဟာ မြို့ကြီးကိုရောက်



တာနဲ့ အဲဒီက အနံ့အသက်အားလုံးကို စူးစူးရှရှ ခံစားနိုင်စွမ်းရှိကြတယ်၊ ကျုပ်လိုသိုင်းပညာ မတတ်ကျွမ်းတဲ့လူကလဲ သိုင်းပညာ သိပ်တတ်ကျွမ်းတဲ့လူတွေကြား ရောက်တော့ ဘယ်သူ ဘယ်လို အခြေအနေရှိတယ်ဆိုတာ ထင်းခနဲသိပါတယ်'

'ဘယ်လိုများ ထူးခြားနေလို့လဲဗျာ'

'တက်မုဆရာတော်၊ ဖန်မုဆရာတော်နဲ့ ဟောဟိုအစွန်ဆုံးက ပုဂ္ဂိုလ်တွေရဲ့ခန္ဓာကိုယ်ဟာ ပျော့ပျောင်းနေတယ်၊ ဒီပုဂ္ဂိုလ်ကတော့ မသိမသာတောင့်တင်းနေတယ်၊ ဒီအချက်က ဘာကိုပြသလဲဆိုတော့ သူဟာ အတွင်းအားကျင့်စဉ်ကို တကယ်မကျင့်ဘဲ ဟန်ဆောင်နေတယ်ဆိုတာ ထင်ရှားစေပါတယ်'

'ဪ....ကျုပ်တို့ကတော့ ဒီအချက်ကို သတိမထားမိခဲ့ကြဘူးဗျာ'

'ဘယ်သတိထားမိမလဲ၊ နောင်ကြီးဖေကိုးလျှန်တို့က သူ့ကို ယုံနေတာကိုး၊ သူ ဘာကြောင့် အတွင်းအားကျင့်စဉ် မကျင့်ဘူးဆိုတာ ဘာ့ကြောင့်လဲဆိုတာသိသာလဲ၊ လေကျင့်ခံရုံမျှကြီးကွမ်းစန့်စင် လက်ဝါးနဲ့ရိုက်တာနဲ့ ချက်ချင်း ရှောင်ထွက်သွားနိုင်တယ်၊ ရှောင်ထွက်ရုံတင်မကဘူး၊ ပြန်လှန်ပြီးတောင်တိုက်ခိုက်သွားနိုင်ခဲ့တယ်ဗျာ'

ဖေကိုးလျှန်က ခေါင်းဘဆတ်ဆတ်ညိတ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com

'ရှင်းပါပြီဗျာ၊ ရှင်းပါပြီ'

ထိုအချိက်မှာပင် တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ရိုးရိုးသားသားပါဝင်လာသည့် သိုင်းသမားကြီး သုံးယောက်သည် အတွင်းအားကျင့်စဉ် ကျင့်ရာမှ ထလာကြလေတော့၏။

## အခန်း (၆၁)

## မလှပသော ရေယာမှု

ပညာရှိထန်ရှင်သည် သာသနာ့ ဘောင်ဝင် သူတော်စင် ...ဦးဖြစ်သည့် တက်မုဆရာတော်နှင့် ဖန်မုဆရာတော်တို့အား ... အလျင်ဦးစွာ လက်အုပ်ချီ ဂါရဝပြုလေ၏။

ဆရာတော်နှစ်ပါးက လက်အုပ်ချီပြီး ပြန်လည် ဂါရဝပြု ...ည်။

'ကျွန်လုပ်ဂိုဏ်းရဲ့ ပညာရှိ ထန်ရှင်မှတ်တယ်'

'ဆရာတော် ခန့်မှန်းတာ မှန်ပါတယ်၊ တပည့်တော်ဟာ ...ရှင်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

သခင်ကြီးဝမ်ရဲ့ အရေးကိစ္စကြောင့် ဒကာကြီး ကိုယ်... လိုက်လာတာလား'

'တပည့်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ ဆရာ... တို့ကို လာရောက်တွေ့ဆုံခြင်းဖြစ်ပါတယ် ဆရာတော်'

'ဪ....ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကိုယ်တိုင် ဒီကိစ္စကို ... ဝင်စားနေပြီလား၊ အင်းလေ၊ ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ဆရာ... ကြီးကိုယ်တိုင်ကတောင် စိတ်ဝင်တစား ဖြစ်နေမှတော့ ဂို... ချုပ်ကြီး အို့ယန်ထုံလို စိတ်ဝင်စားတော့မှာပေါ့၊ ဂိုဏ်း... ကြီး အို့ယန်ဘို အခု ဘယ်မှာရှိနေသလဲ'

ထန်ရှင်သည် မျက်နှာစိမ်း သိုင်းသမားကြီးကို တစ်... ကြည့်လိုက်သည်၊

မျက်နှာစိမ်းသိုင်းသမားကြီးသည် အဆိပ်တက် သေနေ... သည့်အလောင်းကို ကြည့်နေသည်၊

ထန်ရှင်သည် ဆရာတော်၏အမေးကို ချက်ချင်း မဖြေ...

သေဆုံးနေသည့်အလောင်းကို လက်ညှိုးထိုးပြလိုက်ပြီး....

'ဆရာတော်တို့အုပ်စုထဲမှာ သူလျှိုဝင်နေတယ်ဆိုတာ ဆ... တော်တို့ သတိမထားခဲ့မိဘူးနဲ့တူတယ်'

ထိုအခါကျမှ ဆရာတော်များသည် သေဆုံးနေသည့် သူ... ကို ကြည့်မိတော့သည်။



'ဘုရားရေ၊ ဒီလိုဆိုရင် မကြာခင် ကျုပ်တို့ပါ သေဆုံးရ... မှာလား၊ ဒကာကြီး ရောက်လာတာ ကံကောင်းတယ်လို့ ...ရမှာပဲ'

မျက်နှာစိမ်းသိုင်းသမားကြီးသည် ရှုပ်ထွေးနေသည့် အခြေ... ...နေများကို နားလည်သဘောပေါက်လာသဖြင့် သူ့ဘာသာ ...သိုမလဲဖြစ်လာသည်။

တဏှမုဆရာတော်နှင့် ကွမ်းစန်စင်တို့အား သူ့ခရီးစဉ်ကို ...ပြောပြရန် ပန်ကြားသည်။

ထန်ရှင်က ပြုံး၍ပြောလိုက်၏။

'မိတ်ဆွေ၊ ဒီအရှုပ်အထွေးကြီးကို ရှင်းချင်စိတ် ရှိရင်တော့ ...ကဲလက်ဝင်ပါနိုင်ပါတယ်၊ ကျုပ်တို့အနေနဲ့ကတော့ မိတ်ဆွေ ...ပေါ်မှာ လုံးဝယုံကြည်စိတ်ချမှု ရှိပါတယ်'

ကွမ်းစန်စင်ကလည်း ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ သိုင်းလောကထဲမှာ အဖြူအမည်းပဲ ကွဲပါ... ...ယ်၊ အဖြူသိုင်းသမားချင်း ရောစပ်လို့ရပါတယ်၊ ကျုပ်တို့ကို ...တ်ဆွေအားမနာပါနဲ့'

မျက်နှာစိမ်းသိုင်းသမားကြီးက အားလုံးကို ဂါရဝပြုလေ... ...သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှိစေတော့ဗျာ၊ ဟောဒီက ရွှေခြင်လင် ဆရာတော်ကြီး
ရယ်၊ ဟောဒီက ဝါဆန်းဒဘာင်ကေ ဆရာတော်ကြီး ဖေ
လျှန်ရယ်၊ ဟောဒီ ကျွန်လုပ်ကျိုး ဆရာကြီးထန်ရှင်နဲ့ ဆရာ
ကွမ်းစန်စင်ရယ်စတဲ့ ဝါစဉ်ကြီး သိုင်းဆရာကြီးတွေကို
အနီးကပ်တွေ့ဆုံ ခင်မင်လိုက်ရတာကပဲ ကျုပ်အတွက် အ
ဖြစ်နေပါပြီ၊ ကျုပ်ပါလာတဲ့အတွက် ဝမ်ဓာဟာရဲ့ အရှုပ်အ
ကို ဖြေရှင်းတဲ့နေရာမှာ ဆေးမဖြစ်ဘဲ ဘေးဖြစ်နေမှာကိုပဲ
ရှိမ်ပါတယ်၊ ကျုပ်ကို ခွင့်ပြုကြပါဦးတော့ဗျာ'

မျက်နှာစိမ်းသိုင်းသမားကြီးသည် မည်သူ၏စကားပြန်
မစောင့်တော့ဘဲ ဂါရဝပြုပြီးသည်နှင့် ဘုရားကျောင်းပျက်
မှ ပြေးထွက်သွားလေတော့၏။

တက်မုဆရာတော်သည် ပြေးထွက်သွားသည့် မျက်နှာစိ
သိုင်းသမားကြီး၏ ကျောပြင်ကို ကရုဏာသက်သော မျက်
များဖြင့် လှမ်းကြည့်နေသည်။

ထန်ရှင်က တီးတိုးပြော၏။

'သိုင်းလောကထဲမှာ ဒီလိုတစ်ခယာက်တည်း ကျင်လည်
တဲ့ တစ်ကိုယ်တော် သိုင်းသမားတွေ အများကြီး ရှိတတ်ပါတယ
ဘာပဲဖြစ်ဖြစ်လေ အစုအသင်းချင်း တိုက်နေတဲ့ ကိစ္စမှာ အ
အသင်းချင်း မှင်ဆိုင်တာပဲ ကောင်းပါတယ်၊ သူ သွားပါ
တော့'



ထန်ရှင်သည် သူ့ အကြည့်ကို တက်မု၊ ဖန်မု ဆရာတော်နှစ်
နှင့် ဖေကုံးလျှန်တို့ဘက်သို့ လှည့်လိုက်၏။

'ဂိုဏ်းချုပ်ကြီးကဆရာတော်တို့ နောင်ကြီးဖေကုံးလျှန်ကိုကို
ယ်တိုင်လာတွေ့ချင်တာပါ၊ ဒါပေမယ့် လုံမလေးဝန့်တို့အုပ်စု
ပ်ဟန်တူတဲ့ လူအုပ်စုတစ်စု မြစ်ကြောင်းကနေ လှေနဲ့ထွက်ခွာ
တော့မယ့်သတင်းကို ရလိုက်တာနဲ့ တားဆီးဖို့ ကိုယ်တိုင် လိုက်
ားပါတယ်၊ ဒါကြောင့် ဒီကို ကျုပ်နဲ့ လေ့ကျင့်ရေးမှူးကြီး
ပဲ လာခဲ့ရပါတယ်'

တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ဖေကုံးလျှန်တို့သည်
ထန်ရှင်၏စကားကို ကြားလိုက်ရသောအခါ အလွန်အံ့အားသင့်သွား
သွားလေသည်။

❀

ဖေကုံးလျှန်က....

'ဘယ်လိုလဲဗျ၊ လုံမလေးဝန်ဆိုတဲ့ မြေဆိုးမလေး ဝမ်ဓာ
ဟာက ထွက်သွားပြီလား'

ဖေကုံးလျှန်နှင့် တရုတ်ဘုန်းတော်ကြီးများသည် ကွမ်းစန်
င်နှင့် ဝမ်ကန်းတို့ ကြုံတွေ့ခဲ့ရသည့် ဘုရားကျောင်းပျက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များကို မသိရှိသေးသဖြင့် ဤသို့ အံ့ဩသွား ခြင်း ဖြစ်သည်။

ထန်ရှင်ကမူ ဤအဖြစ်အပျက်များကို ကွမ်းစန်စင်ထံမှ ဆင့် သိရှိပြီးခဲ့ပေပြီ။

ကွမ်းစန်စင်က ထောက်ခံစကား ပြောကြားလိုက်၏။

'လုံမလေး ဝန်တို့ ထွက်ခွာသွားတာ သေချာပါတယ်၊ တပ တော်ကိုယ်တိုင် ဒီသတင်းကို သိလိုက်တာပါပဲ'

တက်မုဆရာတော်က....

'အင်း....ပြောသက်စနဲ့ တစ်ခါတည်း ပြောလိုက်ရဦးမယ် မစောစောက အတွင်းအားကျင့်စဉ်ကျင့်တုန်းက ကျုပ်ရဲ့ ခ တစ်ဝိုက်မှာ တစ်စုံတစ်ခုတင်းခံနေတာကို သတိပြုခဲ့မိပါတယ်'

ဖေကျုံးလျှန်က ဝင်မေး၏။

'အဲဒါ ဘာလက္ခဏာလဲဆရာတော်'

'အဆိပ်မိတဲ့ လက္ခဏာပဲ'

ထန်ရှင်မှအပ ထိုစကားကြားလိုက်ရသူအားလုံး ထိတ် တုန်လှုပ်သွားကြ၏။

အားလုံးပင် တက်မုဆရာတော်၏ မျက်နှာကို ဝိုင်းကြည့် လေ၏။



တက်မုဆရာတော်က သူ့ညီတော် ဖန်မုဆရာတော်ကို လှမ်း မေးလိုက်သည်။

'ညီတော်ကော ဘယ်နှယ်လဲ'

ဖန်မုဆရာတော်က မျက်နှာမသာမယာစွာဖြင့် ခေါင်းညိတ် ပြ၏။

'နောင်တော့် အတိုင်းပါပဲ'

တက်မုဆရာတော်မှာ ဖန်မုဆရာတော်ကဲ့သို့ မျက်နှာမပျက် ချေ။

အတွေ့အကြုံအရ၊ အသက်အရွယ်အရ၊ ပညာအရ၊ အလွန်တရာ ရင့်ကျက်နေပြီဖြစ်၍ အဆိုးတရားကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိနေပေ ပြီ။

'ကျုပ်တို့ အတွင်းအားကျင့်စဉ် ကျင့်လာတာ ကြာပြီပဲ၊ ဘယ်တုန်းကမှ ဒီလိုထူးခြားမှု မရှိဘူး၊ ထူးခြားမှု တွေ့လိုက် တာကတည်းက အဆိပ်သင့်တာပဲ ဖြစ်ရမယ်လို့ ကျုပ်ယူဆခဲ့တယ်'

ထန်ရှင်သည် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း အေးချမ်း ာ ပြောလေ၏။

'ဆရာတော်ပြောတာ မှန်ပါတယ်၊ ဝမ်ဂေဟာထဲက ထွက် ခွာခဲ့တဲ့ လူအားလုံး အဆိပ်သင့် ခံနေရပြီဆိုရင် ပိုမှန်ပါလိမ့် မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ဝမ်ကန်းမှာ ထခုန်မိမတတ်ဖြစ်သွား၏။

ကွမ်းစန်းစင်နှင့် ဖေကုံးလျှန်တို့သည် ထိတ်လန့်သွားသော်လည်း အတွေ့အကြုံရင့်ကျက်သူများဖြစ်၍ သတင်းဆိုးကို ဣန္ဒြေရရ လက်ခံနိုင်ကြလေ၏။

တရုပ်ဘုန်းတော်ကြီး ဟက်မုက ဖေကုံးလျှန်ကို ကြည့်၍ ခပ်လေးလေး ပြောလေ၏။

'ဒကာကြီး ဖေကုံးလျှန်၊ ဒီပညာရှိကြီး ထန်ရှင်စကားက လက်ခံနိုင်လောက်တယ်'

'ဘာဖြစ်လို့လဲဆရာတော်'

'ဟို...အင်္ကျီဖြူ ဝတ်ဆင်ထားတဲ့ လုံမလေးဝန်က ကျုပ်တို့အတွက် သေချိန် သတ်မှတ်ပေးခဲ့တယ် မဟုတ်လား'

ဖေကုံးလျှန်က ရယ်သည်။

ထန်ရှင်အားကြည့်၍ တိတိကျကျ ထပ်မေးသည်။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့အားလုံး အဆိပ်သင့်တယ်ဆိုတာ တကယ်ပဲလားဗျ'

ထန်ရှင်က ပြုံး၍ဖြေ၏။



'နောင်ကြီး ဖေကုံးလျှန်၊ ဘာကြောင့် ဒီမေးခွန်းကို မေးတယ်ဆိုတာ ကျုပ်သဘောပေါက်ပြီးပါပြီ'

'ရှင်းစမ်းပါဦးဗျာ'

'နောင်ကြီးအခုနဲ့ ဟက်မုဆရာတော်လို ထူးခြားချက် မတွေ့ရသေးဘူး၊ ဘာဖြစ်လို့ မတွေ့သလဲဆိုတော့ ကိုယ်ခံအတွင်းအားပညာ ကွာခြားချက်ရှိလို့ပဲ၊ နောင်တော့ ဒီအဆိပ်သင့်တဲ့ လက္ခဏာတွေ ပေါ်လာပါလိမ့်မယ်'

'ကျုပ်တော့ မယုံဘူးဗျာ'

'မယုံမရှိပါနဲ့၊ နောက်တစ်လအတွင်းမှာ အဆိပ်သင့်တဲ့ လက္ခဏာတွေ ပေါ်လာပါလိမ့်မယ်'

ဖေကုံးလျှန်သည် ဇွတ်ပြောနေရာမှ ထန်ရှင်၏ခိုင်မာလှသော အပြောကြောင့် သံသယဝင်လာမိသည်။

သူသည် စကားပြောခြင်းကို ခေတ္တရပ်ဆိုင်းလျက် အတွင်းအားကျင့်စဉ်ကို လေ့ကျင့်သည်။

မည်သည့်ထူးခြားချက်မျှ မတွေ့ရသောကြောင့် အတွင်းအား ကျင့်စဉ်ကျင့်ခြင်းကို ရပ်ဆိုင်းပြီး ထန်ရှင်နှင့် ပြန်၍ မျက်နှာချင်းဆိုင်သည်။

'နောင်ကြီး ထန်ရှင်၊ ကျုပ်ကိုယ်ကျုပ် စမ်းသပ်ပြီးပါပြီ၊ ဘာအဆိပ်မှ မသင့်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com





ထန်ရှင်က ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း....

'နောင်ကြီး ခန္ဓာကိုယ်မှာ အဆိပ်သင့်နေတယ်လို့ ကျုပ် အခိုင်အမာ ဆိုပါတယ်'

ဖေကုံးလျှန် ဒေါပွသွား၏။

'အကယ်၍ တစ်လအတွင်း အဆိပ်သင့်တဲ့ လက္ခဏာမပေါ်ရင် ခင်ဗျားကို ဘာလုပ်ရမလဲ'

ဖေကုံးလျှန် ဒေါသကြီးကြောင်း၊ စိတ်တိုကြောင်း၊ သိုင်းလောက၌ ကျော်ကြား၏။

ယခု ကျော်ကြားသည့်အတိုင်း ဇာတိပြလာလေပြီ။

ထန်ရှင် ဒေါသမထွက်ပါ။

ရယ်၍ပြောသည်။

'နောင်ကြီးဖေကုံးလျှန် မယုံကြည်ဘူးဆိုရင် လောင်းကြေးနဲ့ ယှဉ်ပြိုင်ကြတာပေါ့'

'ဟား....ဟား....ဟား....ကျုပ်ကအောက်လမ်းပညာတို့ မဒ္ဒလက်ပညာတို့ကို မယုံခဲ့ဘူးဗျ၊ နောက်တစ်လအတွင်း ကျုပ်ခန္ဓာကိုယ်မှာ အဆိပ်သင့်တဲ့ လက္ခဏာ ပေါ်မယ်လို့ ကျုပ်မယုံဘူး၊ ဘယ်သူကမှလဲ ပေါ်အောင်မလုပ်နိုင်ပါဘူး၊ နောင်ကြီးကသာ လောင်းတမ်းစားတမ်း ကစားမယ်ဆိုရင် ကျုပ်က ဝမ်းမြောက်ဝမ်းသာစွာ လက်ခံပါတယ်'

'ကောင်းပြီ နောင်ကြီးဖေကုံးလျှန်၊ ဘယ်လိုလောင်းကြေး တင်မလဲ'

'နောင်ကြီး ထန်ရှင် ကြိုက်သလို လောင်းကြေးတင်ပါ'

'ကောင်းပြီ၊ ကျုပ်ခန္ဓာကိုယ်ရဲ့ အထက်အမြတ်ဖြစ်တဲ့ ဦးခေါင်းကို အရင်းတည်ပြီး လောင်းမယ်ဗျာ၊ တစ်လအတွင်း အဆိပ်မတက်ဘူးဆိုရင် ကျုပ်ဦးခေါင်း အဖြတ်ခံမယ်ဗျာ'

ထန်ရှင်၏စကားကြောင့် ဖေကုံးလျှန် ကြောင်သွား၏။

ဤမျှကြီးမားသော လောင်းကြေးတင်မှုကို ပြုလုပ်လိမ့်မည်ဟု သူ လုံးဝမထင်မိခဲ့ချေ။

'နောင်ကြီး ထန်ရှင်'

ကွမ်းစန်စင်က ရုတ်တရက် အော်၍ သတိပေး၏။

ထန်ရှင်က စကားမပြောရန် လက်ကာပြသည်။

ဖေကုံးလျှန်က....

'ကောင်းပါပြီဗျာ၊ နောင်ကြီးထန်ရှင်က ခေါင်းဖြတ်ကြေး လောင်းကြေး တင်မှတော့ ကျုပ်လဲ လက်ခံရတာပေါ့၊

www.burmeseclassic.com



တစ်လအတွင်း အဆိပ်တက်ရင် ကျုပ်ကလဲ ကျုပ်ရဲ့ ဦးခေါင်းကို အဖြတ်ခံမယ်ဗျာ'

ရှောင်လင်ဘုန်းတော်ကြီး တက်မုသည် အတွေ့အကြုံ ရင့်ကျက်သူဖြစ်၏။

သို့သော်....

လူ့အတွေ့အကြုံများထဲတွင် ခေါင်းဖြတ်တမ်း လောင်းကြေးထပ်သည့် လူများကိုတော့ မတွေ့ဖူးသေးပေ။

တက်မုဆရာတော်သည် ရှေ့သို့ ဟစ်လှမ်းတိုးလာပြီး....

'တော်လောက်ပါပြီ၊ တော်လောက်ကြပါပြီ၊ သိုင်းလောကအရှင့်အမှာ ပုဂ္ဂိုလ်ကြီးတွေက သူငယ်နှပ်စား ကလေးလေးတွေလို မလုပ်ကြပါနဲ့၊ ဒကာကြီးတို့ နှစ်ယောက်ရဲ့ လောင်းကြေးကစားတာကို ကျုပ်ကော၊ ညီတော်ဖုန်မူကော၊ ဒကာကြီး ကွမ်းစန်စင်ကော၊ ဟောဟိုက ဒကာကြီး ဝမ်ကန်းကော ဘယ်သူမှ အသိအမှတ် မပြုနိုင်ပါဘူး၊ ဘယ်သူမှလဲ သက်သေအတည်မခံနိုင်ပါဘူး၊ ခင်ဗျားတို့ ဦးခေါင်းဖြတ်တမ်း လောင်းကစားတာဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့အတွက် ပယ်ဖျက်လိုက်ပါ၊ ကဲ....ပြောနေကြတယ်၊ ကျုပ်ကလဲ ကျန်လုဂိုဏ်းချုပ်ကြီးကို တွေ့ချင်တာကြာပြီ၊ ကျန်လုဂိုဏ်းချုပ်ကြီးကဟိုမှော်တဝေမလေးကို ဘယ်လိုဖမ်းမနုသလဲဆိုတာ သွားကြည့်ကြစို့၊ အကူအညီလိုနေရင်လဲ ပေးနိုင်တာပေါ့ဗျာ'



ထန်ရှင်နှင့် ဖေကုံးလျှန်တို့မှာ တက်မုဆရာတော်၏စကားကို ငြင်းပယ်ရန် ခက်သွား၏။

ဆရာတော်က ဆက်ပြောသည်။

'တကယ်လို့ မှော်တဝေမလေးကို ဖမ်းမိခဲ့ရင်လဲ ကျုပ်တို့အဆိပ်မိနေတာ ပြေပျောက်သွားအောင် အဆိပ်ပြေဆေးကို တောင်းရဦးမယ်'

တက်မုဆရာတော်စကားမှာ ပညာရှိ ထန်ရှင်နှင့် ဝါဆန်းတောင်မှ ဝါစဉ်ကြီးသိုင်းဆရာကြီး ဖေကုံးလျှန်တို့၏ လောင်းကြေးစကားထက် ပို၍တန်ဖိုးရှိသည်။

အကျိုးရှိသည်။

ထန်ရှင်နှင့် ဖေကုံးလျှန်တို့ ခေတ္တ ပြေငြိမ်းလိုက်ကြရလေတော့၏။

ထန်ရှင်က ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ရယ်ရယ်မောမော ပြော၏။

'သိုင်းလောကသားတွေက ကျုပ်ကို ပညာရှိထန်ရှင်လို့ခေါ်ကြတယ်၊ အခုအချိန်မှာ တကယ်ပညာရှိတာက တက်မု ဆရာတော်ပဲ၊ ကျုပ်တို့လောက် မိုက်တဲ့လူ ရှိဦးမလားဗျ၊ ခေါင်းနှစ်ဖက် ဘယ်သူမှ အကျိုးမရှိတဲ့အလုပ်ကိုလုပ်ဖို့ ကြံနေကြတာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကတော့ ကျုပ်ကိုယ်တိုင် အဆိပ်မိထားတယ်လို့ လုံးဝ မထင်မှတ်သေးဘူးဗျာ'

ထန်ရှင်က ပြုံး၍ပြောသည်။

'လုံမလေးဝန်ကို ဖမ်းမိတဲ့အခါ မေးကြည့်တာပေါ့လေ'

တက်မှုဆရာတော်က ချက်ချင်း ဝင်ပြောသည်။

'ဒီကောင်တွေ့ အလကား အချိန်ဖြုန်းမနေကြပါနဲ့၊ ကျုပ်ရဲ့ မိတ်ဆွေကြီးကို တွေ့ချင်လှပြီ၊ ခုပဲ သွားကြရအောင်'

ဆရာတော်သည် စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ထွက်တော့ရာ ကျန်လူများလည်း မနေသာတော့ဘဲ နောက်မှလိုက်ကြရတော့၏။

ကွမ်းစန်စင်နှင့် ထန်ရှင်တို့က 'စောင့်နေရစ်ကြ'ဟု ပြောခဲ့သည့်နေရာတွင် ကျန်လူဂိုဏ်းသား ခုနစ်ယောက်ခန့် စောင့်ဆိုင်းနေသည်ကို ထူးထူးခြားခြား တွေ့မြင်လိုက်ကြရ၏။

တက်မှုဆရာတော်တို့ကမူ ယင်းဂိုဏ်းသားများသည် ယခင်ကတည်းက ပါလာသူများဟု ထင်မှတ်နေ၏။

ကျန်လူဂိုဏ်းသားများသည် ထန်ရှင်နှင့် ကွမ်းစန်စင်တို့အား လက်သီးနှစ်ဖက်ဆုပ်လျက် ဦးညွှတ်ဂါရဝပြုကြသည်။

ကွမ်းစန်စင်က....



'ဂိုဏ်းချုပ်ကြီး ဘယ်မှာရှိနေသလဲ'

'မြစ်ကမ်းနံဘေးမှာ စောင့်နေပါတယ်'

ထန်ရှင်က မျက်မှောင်ကြုတ်၍ မေးလိုက်၏။

'မင်းတို့က ဗိသုတင်းပို့ဖို့ လာကြတာလား'

'ဟုတ်ပါတယ်ဆရာကြီး၊ ဂိုဏ်းချုပ်ကြီးက စေလွှတ်လိုက်လို့ပါ၊ စောစောကတည်းက ဘုရားကျောင်းပျက်ထဲ ဝင်မလို့ပါပဲ၊ ဒီမှာစောင့်နေတဲ့ နောင်တော်က မဝင်နဲ့ အမိန့်ပေးထားတယ်ဆိုလို့ ဒီမှာစောင့်နေကြတာပါ'

ထန်ရှင် မျက်နှာပျက်သွားသည်။

'ထပ်မပြောနဲ့တော့၊ မြန်မြန်လမ်းပြကြ'

မြင်းရထားမောင်းသမား ကျန်လူ ဂိုဏ်းသားသည် မြင်းရထားကို ထန်ရှင်၏ဘေးနားသို့ မောင်းလာ၏။

'ဆရာကြီး....ကြွပါ'

ထန်ရှင်သည် ရှုတ်တရက်မဝင်သေးဘဲ တက်မှုဆရာတော် အပါအဝင် အားလုံးကို ဦးညွှတ်ဂါရဝပြုသည်။

'ဆရာတော်....တပည့်တော်ကို ခွင့်လွှတ်ပါ၊ ဒီမြင်းရထားနဲ့ မသွားလို့ဘူးဆိုရင် ဆရာတော်တို့ ကိုယ်ဖော့ပညာသုံးပြီး ပြေးကြတဲ့အခါ တပည့်တော်က နောက်ဆုံးမှာ ကျန်ရစ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



တက်မုဆရာတော်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

သိုင်းလောက၌ ကျော်ကြားလှသည့် ထန်ရှင်သည် သိုင်းပညာ လုံး၀ မတတ်ချေဘကား။

ထိုအခါကျမှ ထန်ရှင်၏မျက်လုံးထဲ၌ အတွင်းအား သိုင်းပညာ၏ အရိပ်အယောင် လုံး၀မရှိခဲ့သည်ကို တက်မု၊ ဖန်မုနှင့် ဖေကူးလျှန်တို့ ပြန်လည်သတိပြုမိလာကြတော့သည်။

တက်မုဆရာတော်က လက်ကိုဝှေ့ယမ်းပြပြီး...

'ကျုပ်တို့ နားလည်ပါပြီ ဒကာကြီး၊ ဒကာကြီး မြင်းရထားနဲ့ပဲသွားပါ၊ ကျုပ်တို့အဖို့ကတော့ ဘာမှ အပန်းမကြီးပါဘူး၊ ဒီလောက် ခရီးကလေးက ဘာမှ မပြောပလောက်ပါဘူး'

ကွမ်းစန့်စင်နှင့် ဝမ်ကန်းတို့မှာမူ မြင်းမစီးဘဲ တက်မုဆရာတော်တို့နှင့် ပြေးလိုက်၏။

ပညာရှိထန်ရှင်၏မြင်းရထားသည် သူတို့ရှေ့မှ တစ်ရှိန်ထိုးမောင်းနှင်သွားလေတော့၏။

ကွမ်းတစ်ယာညက်ခန့် အချိန်အတွင်းမှာပင် သိုင်းသမားကြီးများအားလုံး မြစ်ကမ်းနဖူးသို့ ရောက်ရှိသွားလေတော့၏။



မြစ်ကမ်းနဖူးတွင် အဖာအထေး တင်းကြမ်း ပြည့်နေသော်လည်း အဝါရောင်တောက်ပနေသည့် ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားပြီး လက်ပိုက်ရပ်ကြည့်နေသော ကျွန်လု ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကို တွေ့လိုက်ကြရသည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် သူ့နောက်၌ သိုင်းသမားအုပ်စုကြီး ရောက်လာသည်ကို သတိမပြုမိချေ။

သတိမပြုမိလောက်သည့်အခြင်းအရာများက သူ့ရှေ့ မြစ်တွင်း၌ ဖြစ်ပျက်နေသည်မဟုတ်ပါလား။

ကမ်းစပ်နှင့်သိပ်မကွာသောရေထဲတွင် တပင်တိုင် ရွက်လှေကြီး ကျောက်ချထား၏။

ထိုလှေကြီးနှင့် ကမ်း၏အလယ်စပ်ကြား၌ လှေငယ်တစ်စင်းရှိနေသည်။

လှေငယ်ဆိုသော်လည်း လူဆယ်ယောက်ခန့် ချောင်ချောင်ချိချိစီးနိုင်သည်။

ထိုလှေပေါ်တွင် လူငယ်တစ်ဦး မတ်တတ်ရပ်နေ၏။

ထိုလူငယ်ကား ဆန်ကွမ်းချီပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရေစပ်တွင် ရေစိုနေသည့် ကျွန်လုဂိုဏ်းသား ရှစ်ယောက်ကို အခြားဂိုဏ်းသားများက ချီပိုးသယ်မ၍ ယူလာနေကြသည်။

မုံစံအရ ထိုဂိုဏ်းသား ရှစ်ဦးသည် ဆန်ကွမ်းချီနှင့် တိုက်ခိုက်ရာမှ ရေထဲလိမ့်ကျသွားကြသည့်ပုံမျိုးဖြစ်နေသည်။

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီးအနီးသို့ချဉ်းကပ်သွားပြီး ဂါရဝပြုလေ၏။

ထန်ရှင်ရောက်လာသည်ကိုတော့ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ရိပ်မိ၏။

'နောင်ကြီး ထန်ရှင်လား'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ အခြေအနေအတော်ဆိုးနေသလား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏မျက်နှာမှာ အလွန်ဘရာတည်ကြည်လေးနက်နေ၏။

ထို့နောက် ခပ်တိုးတိုးပြော၏။

'အဲဒီရပ်နေတဲ့ သူငယ်ကို ကျုပ်တို့ရဲ့ စည်းကမ်းထိန်းသိမ်းရေးမှူး ရှစ်ယောက်စလုံး အရှုံးပေးလိုက်ရတယ်၊ ဆယ်ကွက်တောင် မခံနိုင်ကြဘူး'



ထန်ရှင်၏မြင်းရထားကို မောင်းသည့် ကျွန်လုဂိုဏ်းသားသည် ဂိုဏ်းချုပ်ကြီးနှင့် ထန်ရှင်တို့အနီးသို့ တိုးကပ်လာတာ ဂါရဝပြုလေ၏။

ထန်ရှင်က....

'ဘာကိစ္စလဲ'

'ကျွန်တော် စမ်းကြည့်ချင်ပါတယ်'

'မစမ်းပါနဲ့၊ စည်းကမ်းထိန်းသိမ်းရေးမှူး ရှစ်ယောက်တောင်ရှုံးနေမှပဲ'

ထိုဂိုဏ်းသား နောက်ဆုတ်သွားရတော့သည်။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီး၊ ရှောင်လင်ကျောင်းတော်က တက်မုဆရာတော်၊ ဖန်မုဆရာတော်နဲ့ ဝါဆန်းတောင်ဆရာကြီး မေကု ရောက်လျှန်တို့ပါလာကြပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ထိုအခါကျမှ ကပျာကယာ နောက်သို့ပြန်လှည့်သည်။

ဆရာတော်နှစ်ပါးထံသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာတော်တို့ ရောက်လာကြမှကိုး၊ မတွေ့တာတောင် အတော်ကြာပြီနော်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကျန်းခံ့သာလို့ မာပါရဲ့လား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် လက်အုပ်ချီရင်း နှုတ်ဆက်မေးလျှောက်လေ၏။

ဆရာတော်နှစ်ပါးကလည်း စမ်းမြောက်ဝမ်းသာ လက်အုပ်ချီကြသည်။

'ကောကြီးကိုမတွေ့တာကြာလို့ တွေ့ချင်ဇောနဲ့ ပြေးလာခဲ့ကြတာပဲ၊ ဝမ်းသာလိုက်ပါတိတော့တယ်'

ဂိုဏ်းချုပ်ကြီးအို့ယန်ထု သည် ဖေကုံးလျှန်ဘက်သို့ လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုသည်။

'ဝါဆန်းတောင်က နောစ်ကြီးဖေကုံးလျှန် ကြိုဆိုပါတယ်ဗျာ၊ ကျုပ်ရဲ့ဌာနချုပ်မဟုတ်တော့လို့ သိပ်ညှော်ဝတ်မကျေနိုင်ဘူးပေါ့'

ဖေကုံးလျှန်က ပြန်လည်ဂါရဝပြု၏။

'ဂိုဏ်းချုပ်ကြီးနဲ့ ကျုပ်နဲ့ မတွေ့ရတာ ငါးနှစ်လောက်ရှိသွားပြီဗျာ၊ ခုလိုပြန်တွေ့ရတဲ့အတွက် ကျုပ်လဲ ဝမ်းသာပါတယ်'



ဖေကုံးလျှန် အနေဖြင့် ဤသို့ ပြောမည်ဆိုလျှင် ပြောနိုင်လောက်ပေသည်။

အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင် ကျန်လုဂိုဏ်းချုပ်ကြီး၏ အသက်အရွယ်လောက် ရှိနေပြီး ဝါဆန်းတောင်၌ ဝါစဉ်ကြီးသိုင်းသမားတစ်ဦး ဖြစ်နေသောကြောင့်တည်း။

သိုင်းသမားကြီးများ ဂိုဏ်းချုပ်ကြီးအနီးသို့ ရောက်ရှိလာချိန်တွင် သံမဏိကိုယ်ရံတော်နှစ်ဦးဟု အမည်တွင်သည့် ကျိုးတာကြည်နှင့် ပေါ့ကုန်းပေါင်တို့ နှစ်ဦးသည် ဂိုဏ်းချုပ်ကြီးနောက်နားသို့ ရောက်ရှိလာကြသည်။

တက်မုဆရာတော်သည် သံမဏိကိုယ်ရံတော်နှစ်ဦးအား မသိသော်လည်း ထိုသူနှစ်ဦး၏ အမူအရာများကို ကြည့်ခြင်းဖြင့် ကျန်လုဂိုဏ်းချုပ်ကြီးအား စောင့်ရှောက်နေကြသူမှန်း ရိပ်မိသည်။

*

သူသည် ပေါ့ကုန်းပေါင်ကို တစ်ချက်ကြည့်ပြီး ဂိုဏ်းချုပ်ကြီး အို့ယန်ထု အား လှမ်းမေးလေ၏။

'လေ့ငယ်ပေါ်က လူငယ်ဟာ တကယ် သိုင်းပညာပြည့်တဲ့ လူငယ်ပဲဖြစ်ပါတယ်၊ သိပ်လဲ ကြောက်စရာ ကောင်းပါတယ်'

'ဆရာတော် ဘယ်လိုလုပ်သိသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်ဓဂဟာကြီးထဲမှာ သူ့ပညာကို မြင်ခဲ့ဘူးပါတယ်၊ ကျ... ရဲ့ ရိုက်ချက်တစ်ချက်ကို သူ ခံယူခဲ့တယ်၊ ကျုပ်ပဲ နောက်ဆု... ခဲ့ရတယ်'

ထန်ရှင်က ခေါင်းညိတ်၍ ပြောသည်။

'မှန်ပါတယ်၊ ဒီသူငယ်ဟာ ထူးခြားတဲ့ သိုင်းပညာကိုတော... တတ်ကျွမ်းထားတာ မှန်နေပြီ၊ သူ့မျက်နှာကတော့ တစ်မျိုး... ဖြစ်နေတယ်၊ ရုပ်ဖျက်ထားပုံရတယ်၊ သာ်းရေတု မျက်နှာတော... ဟုတ်ဟန်မတူဘူး'

ထိုစဉ်....

ကျိုးတာကြည်က ဂိုဏ်းချုပ်ကြီးထံ ခွင့်ပန်လေ၏။

သူသည် သံမဏိကိုယ်ရံတော်နှစ်ဦးထဲမှ တစ်ဦးသာ ဖြ... သည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျား ဒီလူငယ်ရဲ့ပညာကို ကျွန်တော် စမ်း... သပ်ကြည့်ချင်ပါတယ်'

ဂိုဏ်းချုပ်ကြီးက ပြုံး၍ပြောသည်။

'မစမ်းပါနဲ့၊ မင်းတို့ ကိုယ်ရံတော် နှစ်ယောက်စလုံးထ... ပညာသာတယ်ဆိုတာ မင်းတို့ မခန့်မှန်းနိုင်ကြဘူးလား'



'ကျွန်...ကျွန်တော် ဂိုဏ်းချုပ်ကြီးနဲ့ တရုတ်ပြည်အနှံ့အပြား လိုက်ခဲ့တာပဲဗျာ'

'မင်း ဘာပြောချင်လို့လဲ'

'ကျွန်...ကျွန်တော် ရန်သူအတော်များများနဲ့ တွေ့ဖူးခဲ့တာ ပါပဲ၊ ဒီသူငယ်လောက်တော့ ရေထဲကျသွားအောင် ကျွန်တော် လုပ်ပစ်နိုင်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့ဂိုဏ်းရဲ့ သိက္ခာ ကိုလဲ ဆည်ရင်းပေါ့'

ကျိုးတာကြည်က စည်းကမ်းထိန်းသိမ်းရေးမှူး ရှစ်ယောက် ထဲကျပြီး ဒ်ဏ်ရာရကုန်သည့် အချက်များကို ရည်ညွှန်းပြော ဆိုနေလေ၏။

ထန်ရှင်ကရယ်ရင်း....

'သိုင်းလောကရဲ့ စကားပုံ တစ်ခုကို မကြားဖူးဘူးလား၊ မြင့်သောတောင်တစ်တောင်ထက် ပို၍မြင့်သော တခြားတောင် တစ်တောင်သည်ရှိ၏ ဆိုတဲ့ စကားပုံလေ၊ သိုင်းလောကမှာ တစ်ယောက်ယောက်ကိုရှုံးသွားတဲ့အတွက် ဘာမှသိက္ခာကျစရာ မရှိဘူး၊ နောင်တစ်ချိန်မှာ သူ့ကိုနိုင်ဖို့ပဲလိုတယ်၊ ထိပ်တန်းရောက်အောင် ကြိုးစားဖို့ပဲလိုယောက် ဖြစ်ဖို့ရန်လည်း'

ကျိုးတာကြည် ခေါင်းငုံ့သွားလေ၏

'ဆရာကြီး ထန်ရှင်၊ ကျွန်တော် ကိုယ် သိုင်းဂိုဏ်းချုပ်ကြီးများ သွားမတိုက်လိုတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှင်က ခေါင်းညိတ်ပြလေ၏။

မြစ်ကမ်းနဖူး၌ ထိုသို့ ကောင်းပြောနေကြစဉ် တစ်ပင်တ[illegible] ရှက်လှေကြီး၏ ကုန်းပတ်ပေါ်သို့ လူအချို့ တက်လာကြကြော[illegible] တွေ့ရလေ၏။

တက်မှုဆရာတော်က ဂိုဏ်းချုပ်ကြီးအို ထန်ထုံအား ရှင်း[illegible] နေလေ၏။

'ဂိုဏ်းချုပ်ကြီး ဤသူငယ်ဟာ လုံမလေးဘက်က ကာကွ[illegible] နေခဲ့သူ ဖြစ်ပါတယ်၊ ဒါပေမယ့် ဝမ်ဂေဟာထဲကလူ မဟုတ[illegible] ပါဘူး၊ အပြင်လူစိမ်းတစ်ယောက်ပဲ ဖြစ်ပုံရပါတယ်၊ ကြည့[illegible] ဟာ လုံမလေးဝန်ရဲ့ အဆိပ်တစ်မျိုးမျိုး အမိခံထားရတဲ့ပုံမျ[illegible] ဖြစ်နေပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုံ ခေါင်းညိတ်၏။

'ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ဂိုဏ်းက လေကျင့်ရေးမှူးကြီး[illegible] လဲ ဝမ်ဂေဟာထဲက အဖြစ်အပျက်တွေကို ပြန်ပြောထား[illegible] သဲ[illegible]ကြည့်ပါ[illegible]ဟာ ဝမ်ဂေဟာထဲမှာ ထူးထူးခြားခြား ဖြစ်ခဲ့[illegible] ယူဆထားခဲ့ပါတယ်'

ဂိုဏ်းချုပ်ကြီးက

'မစမ်းပါနဲ့၊ မင်းတို့ အိုယန်ထုံ၊ လုံမလေးဝန် မှော်ပေ[illegible] ညွှာဆာတယ်ဆိုတာ [illegible]'



ဂိုဏ်းချုပ်ကြီး အိုယန်ထုံမှာ အလွန်နှိမ့်ချတတ်သူဖြစ်သည်။

သို့ရာတွင် ယခု မျက်နှာပျက်သွားသည်။

'နောင်ကြီးဖေကုံးလျှန်၊ မယုံကြည်ရင် ကိုယ်တိုင် လှေပေါ်တက်ကြည့်သင့်တယ်'

အိုယန်ထုံသည် ကျွန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်သည်။

ကျွန်လုဂိုဏ်းသည် ရှောင်လင်ဂိုဏ်း၊ ဟူဟာန်ဂိုဏ်း၊ နန်းလှန် ဂိုဏ်းများကဲ့သို့ တရုတ်ပြည်၌ နှစ်ပေါင်းများစွာ တည်တံ့လာ ခဲ့သည့် သိုင်းဂိုဏ်းကြီး ဖြစ်သည်။

ကျွန်လု ဂိုဏ်းသားများသည် တရုတ်ပြည် အနှံ့အပြား၌ ထောင်သောင်းချီ၍ ရှိ၏။

ရှိရှိသမျှသော သိုင်းဂိုဏ်းကြီးများထက် ကျွန်လုဂိုဏ်းက ဂိုဏ်းသားအရေအတွက် များ၏။

ထို့ကြောင့်....

ကျွန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်ဖို့ရန်လည်း မလွယ်ပေ။

ကျွန်လုဂိုဏ်းချုပ်ကြီးကို မည်သည့်သိုင်းဂိုဏ်းချုပ်ကြီးများ ကမဆို လေးစားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဖေကုံးလျှန်သည် ဝါစဉ်ကြီးသိုင်းသမားဖြစ်သည်မှာ မှန်၏။

အသက်အရွယ်သည်း မတိမ်းမယိမ်းရှိ၏။

သို့သော်....

သူသည် ဂိုဏ်းချုပ်ကြီးမဟုတ်ပေ။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား အမည်တပ်၍ မခေါ်သင့်ပေ။

ဂိုဏ်းချုပ်ကြီးဟုသာ ခေါ်သင့်သည်။

ထို့ပြင် မယုံမကြည် မေးလိုက်သလို ဖြစ်နေ၍ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား စော်ကားသလို ဖြစ်သွားပေသည်။

ထို့ပြင် အော်ဟစ်မေးမြန်းလိုက်ခြင်းကလည်း ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား စော်ကားသလို ဖြစ်နေပြန်သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ၏ တုံ့ပြန်စကားသံက ဖေကုံးလျှန်အား နောင် ဤသို့အပြောမျိုး၊ ဤသို့သော လေသံမျိုး မပြောနှင့်ဟု သတိပေးသယောင် ရှိနေလေ၏။

ဖေကုံးလျှန်ကလည်း ငါတည်းဟူသော အတ္တဖြင့် အမောက်တထောင်ထောင် ရှိနေသူဖြစ်ရာ အခြေအနေကို ရိပ်မိသည်နှင့် အေးစက်စက်ရယ်လေ၏။



'ကျုပ်...အဲဒီလှေကြီးပေါ်မှာ လုံမလေးဝန်ကို တက်ရှာမယ်'

ကွမ်းစန်စင်သည် သူတို့၏ဂိုဏ်းချုပ်ကြီးအား အမည်တပ်၍ ခေါ်ဝေါ်လိုက်ကတည်းက သူတို့ဂိုဏ်းအား စော်ကားသည်ဟု ခံစားလိုက်ရသူ ဖြစ်၏။

'နောင်ကြီးဖေကုံးလျှန်၊ ခင်ဗျားကိုယ် ခင်ဗျား ပိုင်တယ်ထင်ရင် လှေကြီးပေါ်မတက်ခင် ဟိုကြားထဲက လှေငယ်ကလေးပေါ်ပဲ တက်နိုင်အောင် ကြိုးစားကြည့်ပါဦး'

ကွမ်းစန်စင်၏ စကားသည် ဖေကုံးလျှန်၏အချိုက်ကို ထိသွား၏။

'ကျုပ်ဟာ ဝါဆန်းတောင်ပေါ်က မဆင်းခဲ့တာ ငါးနှစ်ရှိနေပြီ၊ အပျင်းကြီးတဲ့ ဖားပြုတ်ကြီးလို ဖြစ်နေပြီ၊ ဒီလှေငယ်ပေါ် ကျုပ်တက်ပြပါမယ်'

ဖေကုံးလျှန်သည် မြစ်ကမ်းနဖူးမှ ရေစပ်သို့ ပြေးဆင်းသွားလေ၏။

သူသည် ပြေးဆင်းရင်း အော်ပြောသွားသေးသည်။

'တောဒီသူငယ် လှေပေါ်မှာ နောက်ထပ် ရပ်နိုင်ဦးမယ်လို့တော့ ကျုပ်မယုံဘူးဗျို့'

www.burmeseclassic.com

www.burmeseclassic.com



ဖေကုးလျှန်သည် ရေစပ်၌ ပေါ်နေသော ကျောက်ဆောင် တစ်တုံးကို ခရီးတစ်ထောက် ထောက်ကာ လှေငယ်ပေါ်သို့ ပေါ့ပါးစွာ လှမ်းခုန်သွားလေ၏။

ကမ်းနဖူးမှ ကြည့်နေကြသည့် သိုင်းသမားအားလုံးက ဖေကုးလျှန်၏ ကိုယ်ဖော့သိုင်းပညာ စွမ်းအား ကောင်းပုံကို စိတ်ထဲကကျိတ်၍ ချီးကျူးကြလေ၏။

ထန်ရှင်ကမူ ပြုံး၍ မှတ်ချက်ချ၏။

'ဝါဆန်းတောင်ရဲ့ ဝါစဉ်ကြီးသိုင်းသမားကြီးပဲ၊ ဗီလော တော့ ရှိမှာပေါ့'

ဖေကုးလျှန်သည် လှေကလေးပေါ်သို့ လွယ်လွယ်ကူကူပင် ရောက်ရှိသွားသည်။

ဆန်ကွမ်းချီသည် သူ့အား လှေပေါ်မတက်မီ ဖြတ်၍ မတိုက်ခိုက်ပေ။

ပထမ စည်းကမ်းထိန်းသိမ်းရေးမှူးနှစ်ဦး တိုက်ခိုက်စဉ်က ဤသို့ အခွင့်အရေးမပေးပေ။

ပထမနှစ်ယောက်သည် လှေနံရံကို ခြေမနင်းရမီ ရေထဲသို့ ကျပြီး ဒဏ်ရာရသွားခဲ့သည်။

ကျန်ခြောက်ဦးသည် လှေပေါ်ရောက်အောင် တက်နိုင်သော် လည်း မကြာမီပင် ရေထဲသို့ တစုန်းစုန်းပြုတ်ကျကုန်တော့သည်။



ဖေကုးလျှန်ကိုမူ မည်သည့်စိတ်ကူးဖြင့် လှေပေါ်တက်ခွင့် ပြုသည် မသိသေးပေ။

ဖေကုးလျှန်သည် တဟဲဟဲရယ်ရင်း ဆန်ကွမ်းချီအား လက်ဝါးဖြင့် ဝင်ရိုက်သည်။

ဆန်ကွမ်းချီက ခါထုတ်ပြီး ခြေထောက်နှင့်ကန်သည်။

ဖေကုးလျှန်က ဆန်ကွမ်းချီ၏ခြေထောက်ကိုပုတ်ထုတ်သည်။

သူတို့နှစ်ဦး၏တိုက်ပွဲမှာ အလွန်ကြည့်ကောင်းသည်။

ဖေကုးလျှန် ဖိတိုက်သောအခါ ဆန်ကွမ်းချီ တဖြည်းဖြည်း ဆုတ်သွားရာ လှေဦးသို့ရောက်သွားပြီး ဆက်၍မဆုတ်နိုင်သည့် အဆင့်သို့ ရောက်သွားသည်။

ထိုအခါ ကြုံ့ကြုံ့ခံပြီး အပြင်းအထန်ပြန်တိုက်ရာ ဖေကုး လျှန် နောက်သို့ဆုတ်ပေးရပြန်လေ၏။

လှေပဲ့သို့ရောက်ပြီး ဆက်မဆုတ်နိုင်သည့်အခါ ဖေကုးလျှန် က တစ်ခါပြန်ထိုးစစ်ဆင်ပြန်သည်။

ဆန်ကွမ်းချီ နောက်ဆုတ်ပေးရပြန်သည်။

ဤသို့ တိုက်နေသည်ကပင် ကွမ်းတစ်ယာညက်ခန့် ကြာသည်။

တက်မှုဆရာတော်က မှတ်ချက်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာကြီး ဖေကုံးလျှန် ပညာသိပ်ကောင်းတယ်၊ ဟို သူငယ်က ပညာကုန် မသုံးသေးလို့လားတော့ မသိဘူး'

ထိုစဉ် မြစ်ပြင်၌ လေတဟူးဟူး တိုက်ခတ်လာရာ ယခင်က ငြိမ်သက်နေသော ရေပြင်သည် မှုန်ယိုသော ဆင်ကွဲသို့ လှိုင်းထ သောင်းကျန်းလာလေတော့၏။

တိုက်ပွဲဆင်နေသည့် လှေကလေးမှာလည်း လှိုင်းကြောင့် ပို၍လှုပ်ရှားလာရာ တိုက်ပွဲဝင်သူ နှစ်ဦးစလုံး ပညာကုန်ထုတ် သုံးရတော့သည်။

## အခန်း (၆၂)

## မြစ်ယံတွင်းတိုက်ပွဲ

ဆန့်ကွမ်းချီ၏ တိုက်ကွက်များသည် တဖြည်းဖြည်း ပြင်းထန် လာ၏။

ဖေကုံးလျှန်မှာ မတတ်သာဘဲ နောက်ဆုတ်ပေးလာရတော့ သည်။

ဤသို့ဖြင့် ပဲ့အစွန်းသို့ ရောက်ရှိလာ၏။

ဆန်ကွမ်းချီ၏ တိုက်ကွက်အားသည် လျော့ပါးမသွားပေ ပို၍ ပို၍ ပြင်းထန်လာသည်။

ဖေကုံးလျှန် မည်သို့လုပ်မည်နည်း။

ရေထဲအကျခံပြီး အရှုံးကွဲခံတော့မည်လော။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖေကုံးလျှန်ထံမှ မာန်သွင်းသံ ထွက်ပေါ်လာပြီး လေထဲသို့ မြောက်တက်သွားသည်။

ဖေကုံးလျှန်သည် ဆန်ကွမ်းချီ၏ ဦးခေါင်းပေါ်မှ တစ်ပတ်ကျွမ်းထိုးကာ လှေဦးပိုင်းသို့ ရှောင်ထွက်သွားသည်။

မြစ်ကမ်းနဖူး၌ ကြည့်နေသူများသည် ဝါရင့်သိုင်းသမားကြီးများဖြစ်၍ ဖေကုံးလျှန်အနေဖြင့် ဤမျှမရှောင်လျှင် မဖြစ်နိုင်တော့ဟု သဘောပေါက်ထားကြသဖြင့် လုံးဝ အံ့သြခြင်း မရှိကြပေ။

သို့သော် ဆန်ကွမ်းချီ၏ တုံ့ပြန်မှုမှာ အလွန်တရာ အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်သည်။

စွန်ရဲ၏ လှုပ်ရှားမှုမျိုးဖြင့် လှေဦးသို့ ရောက်ရှိလာသည် ဖေကုံးလျှန်ကို ပြန်တိုက်၏။

ဖေကုံးလျှန်မှာ မတတ်သာဘဲ လှေဦးမှ တစ်ပတ်ကျွမ်းထိုး၍ ခုန်ရှောင်ရပြန်၏။

ဤသို့ဖြင့် အကြိမ်ကြိမ် ရှောင်တိမ်းနေကြရသောအခါ ဖေကုံးလျှန်မှာ အရှက်ကြောင့် ချွေးများသီးလာရတော့၏။

'ဒီလူငယ်ကို ငါသတ်မှ ဖြစ်တော့မယ်၊ ဘယ်နည်းနဲ့မဆို သတ်မှဖြစ်တော့မယ်၊ တကယ်လို့ ငါမသတ်နိုင်ရင် ကျန်လူတို ကို တစ်သက်လုံး မျက်နှာပြရဲတော့မှာ မဟုတ်တော့ဘူး'



ဖေကုံးလျှန် ရှောင်တိမ်းရင်း ဤသို့ တွေးနေသော်လည်း သူ မည်သို့သတ်ရမည်မှန်း ယခုအထိ နည်းလမ်းမတွေ့သေးပေ။

ဆန်ကွမ်းချီ၏တိုက်ကွက်များမှာမူ အလွန်အံ့သြဖွယ်ကောင်းသည်။

လက်ဝဲဘက် တိုက်ကွက်နှင့် လက်ယာဘက် တိုက်ကွက်တို့ လုံးဝမတူညီပေ။

ဤသို့ တိုက်ခိုက်နိုင်သူမျိုးမှာ သိုင်းလောက၌ မရှိသလောက်ပင် ရှားသည်။

မည်သူမျှ ဆန့်ကျင်ဘက်နှစ်ခုကို အကွက်ကျကျ ထိမိအောင် ကျင့်ကိုင်နိုင်မည် မဟုတ်ပေ။

ထိုအချက်ကို မြစ်ကမ်းနဖူးမှ သိုင်းသမားကြီးများ ကောင်းစွာ သတိပြုမိကြ၏။

သူတို့ သတိပြုမိကြောင်းကို ကုပ်တွန့်နေသည့် မျက်ခုံးကြီးများက သက်သေပြလျက် ရှိနေပေသည်။

လေထဲ၌ ကျွမ်းထိုးရှောင်တိမ်းရသည်ကိုစွမှာ လွယ်ကူလှသည့်အလုပ် မဟုတ်ပေ။

သွန်စွာ အတွင်းအား ကုန်ခန်းသောအလုပ်မျိုးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေကုံးလျှန်သည် တစ်ကြိမ်တွင် လေထဲ၌ ခုန်ရှောင်ရင်း ဆန်ကွမ်းချို၏ လည်ပင်းကို စွန်လက်သည်းကုပ် သိုင်းပညာဖြင့် ဖမ်းဆွဲလိုက်ရာ ဆန်ကွမ်းချိုသည် ထိုတိုက်ကွက်ကို ရှောင်တိမ်း လိုက်ရ၏။

ထိုတဒင်္ဂအချိန်လေးကြောင့် ဖေကုံးလျှန် ပဲ့ပိုင်း၌ ခြေ တင်ရပ်ခွင့်ရသွား၏။

အို့ယန်ထုံ၊ ထန်ရှင်၊ ကွမ်းစန်စင်၊ တက်မုဆရာတော်၊ ဖန် ဆရာတော်၊ ဝမ်ကန်း စသူတို့သည် လှင်ငယ်၏ သိုင်းပညာစွမ်း အံ့မခန်း အံ့ဩနေကြ၏။

သိုင်းလောက၏ လျှို့ဝှက်ချက်များကိုလည်း တဖြည်းဖြည်း ကြောက်ရွံ့လာကြသည်။

သူတို့အားလုံးသည် သိုင်းပညာ ကျွမ်းကျင် ထက်မြက်လာ လို့လစီရိယနှင့် အချိန်တို့ကို အများကြီး အသုံးပြုခဲ့ရ၏။

'ရှက်ပုန်းသီး ပညာရှင်များအား သတိပြု'ဟူသော အ တစ်ရပ်သည် သိုင်းလောက၌ ရှေးမဆွကပင် တည်ရှိခဲ့သည်

ရှေး ဆရာ့ဆရာကြီးများသည် အသက်ငယ်ငယ်ရွယ်ရွယ် သမားရိုးကျရှေးဆရာကြီးများကို လက်ရည်တူတိုက်ခိုက်နိုင်သော ကျွံကဲ့သို့သောလူငယ်မျိုးကို သူတို့၏ အတွေ့အကြုံအရဆုံးဆည် ခဲ့ဖူးဟန်တူပေသည်။



တပင်တိုင် ရှက်လှေကြီး၏ ကုန်းပတ်ပေါ်၌ ရပ်နေသူများ ကား အခြားလူစိမ်းများ မဟုတ်ပေ။

လုံမလေးဝန်၊ တုထန်တို၊ ယွမ်ရှောက်နှင့် လုံမလေးခန်း၏ ဘက်တော်သားများပင် ဖြစ်တော့သည်။

သူတို့သည် လှေကြီး၏ ကုန်းပတ်၌ မတ်တတ်ရပ်၍ တိုက်ပွဲ ကို အကဲခတ်နေကြ၏။

လှေငယ်ကလေးပေါ်တွင်မူ အသက်ကြီးကြီး အဘိုးကြီး တစ်ယောက်နှင့် လူငယ်တစ်ယောက်တို့သည် လှိုင်းလေများ အကြား အနိုင်မခံ အရှုံးမပေးဘဲ တိုက်ခိုက်နေကြ၏။

ကျွမ်းပြင်းထန်သောတိုက်ပွဲ၌ နှစ်ပေါင်း လေးဆယ်ကျော်မျှ ကျော်ကြားခဲ့သည့် ဖေကုံးလျှန်ဟူသော အမည်သည် နိမ့်ပါး ကျဆုံးရတော့မည်လော။

သူတို့သည် တိုက်ကွက်ပေါင်း တင်ရာကျော်မျှ တိုက်ခိုက်ခဲ့ ပြီးကြလေပြီ။

တက်မုဆရာတော်က သက်ပြင်းချပြီး ညည်းညူသလို လေ သံမျိုးဖြင့် လှမ်းပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးအို ယန်ထု ၊ ခကာကြီးလဲ သိုင်းလောကထဲမှာ ကျင်လည်ခဲ့တာကြာပါပြီ၊ ဒီလိုသိုင်းပညာ တိုက်ကွက်မျိုး တွေ့ဖူးကြုံဖူးခဲ့ပါသလားဗျာ'

ဂိုဏ်းချုပ်ကြီး အို ယန်ထု ခေါင်းခါ၏။

'မတွေ့ဖူး မကြုံဖူးပါဘူးဗျာ၊ ဒီလူငယ်ရဲ့ တိုက်ကွက်တွေက ဆန်းကြယ်လွန်းလှပါတယ်၊ ရှောင်လင်ကျောင်းတော်ရဲ့ လက်သီးတိုက်ကွက်တွေပါသလို ဟူတန်းဂိုဏ်းရဲ့ခြေကွက်တွေကိုလဲ လက်သီးသိုင်းသဘောမျိုး သုံးထားတယ်၊ ခက်ရခက်ဆစ်ကို ရောစွက်ပြီးသုံးနေတာကိုက လက်ဖျားခါလောက်စရာ ဖြစ်နေပါတယ်'

တက်မုဆရာတော်သည် နှုတ်ဆိတ်သွားပြီး တိုက်ပွဲကို အကဲခတ်ကြည့်နေသည်။

ဂိုဏ်းချုပ်ကြီး အို ယန်ထု က မှတ်ချက်ချ၏။

'အကယ်၍များ လုံမလေးဝန်ရဲ့ လက်အောက်မှာ နောက်ထပ် ဒီလိုသိုင်းသမားမျိုး နှစ်ယောက်ရှိရင် ဒီနေ့တိုက်ပွဲဟာ နှစ်ဦးနှစ်ဖက် အထိနာမယ့်တိုက်ပွဲကြီး ဖြစ်ပြီ'

ဂိုဏ်းချုပ်ကြီးအို ယန်ထု သည် ဖေကုံးလျှန်နှင့် လူငယ်တို့၏ တိုက်ပွဲကို အကဲခတ်ပြီးပြီဖြစ်၍ ဖေကုံးလျှန် ရှုံးတော့မည်ဟု သတ်မှတ်ပြီး ဖြစ်သည်။



ဖေကုံးလျှန်သည် ယခုပင်လျှင် အတွင်းအား အတော်ကုန်နေပေပြီ။

တက်မုဆရာတော်က ရုတ်တရက်ပြောလေ၏။

'အာပဲဖြစ်ဖြစ်၊ ခကာကြီးဖေကုံးလျှန် နိုင်ပါစေလို့ပဲကျုပ်တော့ ဆုတောင်းနေပါတယ်'

မှန်သည်။

ဤသို့ပင် အားလုံး ဆုတောင်းရပေလိမ့်မည်။

ယခုအခါတွင် ဖေကုံးလျှန်သည် အထက်လမ်းဂိုဏ်းသားများကို ကိုယ်စားပြု တိုက်ခိုက်နေရသူဖြစ်ပေသည်။

သူတို့မသိသောလူငယ်မှာ မဖွယ်မရာ လုပ်ငန်းကြီး တစ်ခုကို လုပ်ကိုင်နေသည်ဟု ယူဆရသော လုံမလေးဝန်၏ အကျင်းသမား ဖြစ်နေခဲ့သည်။

ဤလူငယ်ရှုံးလျှင် လုံမလေးဝန်ဆိုသည့် မကောင်းဆိုးရွားမကလေးကို ဖမ်းနိုင်မည်။

ကွန်လုံဝမ်၏ ဇာတိဇာစ်မြစ်ကို စစ်ဆေးနိုင်မည်။

ထုန်ရှုံက ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း....

'မှန်ပါတယ်၊ ဖေကုံးလျှန်နိုင်မှ အားလုံးအတွက်အဆင်ပြေပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖန်မှုဆရာတော်က သူ့နှောင်တော်အား စော
ပန် လိုက်သည်။

'နှောင်တော်၊ ဒီလောက် အရေးကြီးနေတဲ့အချိန်မှာ
တော် ဝင်မကူသင့်ဘူးလား၊ ဝင်ကူပါရစေ'

'မဝင်နဲ့ ညီတော်၊ ညီတော် ဝင်ကူရင် ဖေကုံးလျှန်အ
တစ်ရှက်ကနှစ်ရှက်ဖြစ်သွားလိမ့်မယ်၊ နောက်ပြီး ဖေကုံးလျှ
က အုပ်မတန်ဒေါသကြီးတယ်၊ ညီတော်ဝင်ကူတာကို သူ လ
ခံ လိမ့်မယ်မထင်ဘူး'

မြစ်ကမ်းနှဖူး၌ အခြေအတင်စကားပြောနေကြစဉ် ဖေ
လျှန် အော်ပြောသည့်အသံကို ရုတ်တရက် ကြားလိုက်ရသည

'ငါ့လက်ဝါးကို ကြည့်စမ်း'

ဖေကုံးလျှန်က လက်ဝါးကို မြှောက်ပြနေသည်။

ဖေကုံးလျှန်၏ လက်ဝါးသည် တဖြည်းဖြည်း အရေ
ပြောင်းလာ၏။

သိုင်းလောက၌ ကျော်ကြားသော သံလက်ဝါးတည်း

ဖေကုံးလျှန်၏လက်ဝါးသည် နေရောင်အောက်၌ ထူး
သောအရောင် တောက်ပလျှက်ရှိသည်။

တက်မှုဆရာတော်က မှတ်ချက်ချသည်။



'ဖေကုံးလျှန်ဟာ သံလက်ဝါးသိုင်းကိုအခုလောက်အရောင်
ပြောင်းအောင် ကျင့်ထားနိုင်ပြီ ဆိုရင် ဟိုလူငယ်ကို သိပ်
ကြောက်စရာ မလိုတော့ဘူး'

မြစ်ကမ်းနှဖူးမှ သိုင်းသမားများ၏ ဆုံးဖြတ်ချက်သည်
တဒင်္ဂအတွင်း ဇောက်ထိုးမိုးမျှော် ပြောင်းလဲသွားကြပြန်လေ
၏။

သံလက်ဝါးသိုင်းဖြင့် ဖေကုံးလျှန်သည် သူ့ သိက္ခာကိုဆည်
နိုင်တော့မည်ဟု အားလုံး ယုံကြည်သွားသည်။

သို့သော် လူငယ်ကမူ သံလက်ဝါးသိုင်းကို ဂရုစိုက်ဟန်
မရှိပေ။

သူ့ ဓားကို ဆန့်တန်းပြီး ဖေကုံးလျှန်ကို လက်ညှိုးဖြင့်
ထိုးချိန်လိုက်သည်။

'ဗုဒ္ဓေါ…သူ့ရဲ့ကောင်းကြီး ဖေကုံးလျှန်တော့ ဒုက္ခရောက်
တော့မယ်'

ဖန်မှုဆရာတော်သည် ရုတ်တရက် ရေရွတ်လိုက်မိ၏။

အဘယ်မှာလျှင် မရေရွတ်ဘဲခံနိုင်ပါမည်နည်း။

လူငယ်ထိုးချိန်လိုက်သည့်လက်ညှိုးပုံသဏ္ဌာန်မှာ သိုင်းလော
က၌ ပျောက်ကွယ်လုလု သိုင်းပညာတစ်ရပ်ဖြစ်သော တာ

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးဟုခေါ်သည့် ကြောက်မက်ဖွယ်ကောင်းသော သိုင်းပညာတစ်ရပ် ဖြစ်နေသောကြောင့်ပေတည်း။

သူတို့စိုးရိမ်နေစဉ်ကာလအတွင်းမှာပင် သဲလက်ဝါး သိုင်းနှင့် တာရာလက်ညှိုးတို့ ထိပ်တိုက်တွေ့ဆုံကြလေတော့၏။

❀

'ဝှန်း....'

ဖေကုံးလျှန် လွင့်စဉ်ထွက်သွားသည်။

ကံကောင်းထောက်မသဖြင့် ရေထဲမကျပေ။

ဖေကုံးလျှန်သည် ချက်ချင်းပင် အတွင်းအားကျင့်စဉ်လေ့ကျင့်ခလေတော့၏။

တက်မုဆရာတော်နှင့် ဖန်မုဆရာတော် တို့သည် အရေးတကြီးပင် ရေစပ်သို့ပြေးဆင်းသွားပြီး ကျောက်တုံးမှဘာစ်ဆင့်လှေငယ်ပေါ်သို့ ပေါ့ပါးစွာ ခုန်တက်သွားကြလေ၏။

တက်မုဆရာတော်သည်ဖေကုံးလျှန်၏ ကျောပြင်သို့ လက်ဝါးဖြင့်ကပ်ကာ အတွင်းအားဖြည့်သွင်းပြီး ကူညီ၏။



အတန်ကြာသော် ဖေကုံးလျှန် မျက်လုံးပွင့်လာသည်။

'ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဒီလူငယ်က တာရာလက်ညှိုးအတတ်ကို တတ်ထားတာကိုး၊ တပည့်တော် ရှုံးတာ သိပ်မဆန်းလှပါဘူး'

တက်မုဆရာတော်မှာ လွန်စွာအံ့အားသင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် အလွန်တရာ ဒေါသကြီးသည်ဟု ကျော်ကြားသည့် ဖေကုံးလျှန်က သူ၏ရှုံးနိမ့်မှုကို လွယ်လွယ်ကူကူ ကျေကျေနပ်နပ် ချက်ချင်း ဝန်ခံလိုက်သောကြောင့် ပေတည်း။

ဆရာတော်က နှစ်သိမ့်မှုပေးသည်။

'သိုင်းသမားရဲ့ဘဝဟာ ဒီလိုပါပဲ၊ အရှုံးနဲ့အနိုင်ဟာ ဗုံလုံးတစ်လှည့် ငါးပျံတစ်လှည့်ဆိုတာလို တစ်ခုနဲ့တစ်ခု အထက်အောက် ပြောင်းပြန်ဖြစ်နေကြတာပဲ'

ဖေကုံးလျှန်က ခေါင်းညိတ်ရင်း....

'မှန်ပါ....သူ့ လက်ညှိုးကို မြင်ကတည်းက တပည့်တော် သတိထားလိုက်ပါတယ်၊ ဒါကြောင့် လက်ညှိုးထိလိုက်ပေမယ့် ဒဏ်ရာက သိပ်မပြင်းထန်လှပါဘူး၊ တကယ်လို့သာ ဒီလက်ညှိုးအကြောင်း မသိဘဲ ရဲရဲတင်းတင်း တိုက်မိရင်တော့ အခုအချိန်မှာ တပည့်တော် စကားပြောနိုင်မှာ မဟုတ်တော့ဘူး၊ သူ့

www.burmeseclassic.com



လက်ညှိုးက သိင်းလောကမှာ ပျောက်ကွယ်ပြီလို့ ပြောနေကြတဲ့ တာရာလက်ညှိုးပဲ'

ထိုအချိန်တွင် ကျွန်လုဂိုဏ်းချုပ်ကြီးသည်လည်း လှေခေါင်သို့ ခုန်တက်လာသည်။

လှေဦးတွင် ဆန်ကွမ်းချီသည် ခေါ့ကြောင်ကြောင်ရပ်နေ၏။

ဂိုဏ်းချုပ်ကြီးအို့ယန်ထုံသည်ဆန်ကွမ်းချီကိုလည်းကောင်း ဖေကူးလျန်ကို လည်းကောင်း ဂရုမစိုက်ချေ၊ တပင်တိုင်ရှက်လှေကြီးရှိ ကုန်းပတ်ပေါ်သို့ ဂါရဝပြုရင်း လှမ်းပြောနေသည်။

'ကျုပ်ကတော့ ကျွန်လုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ ဖြစ်ပါတယ်၊ လှေအုပ်စုထဲက ခေါင်းဆောင်ရှိရင် ထွက်ခဲ့ပါ၊ စကားစမြီ နည်းနည်းပြောချင်ပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် သူတစ်ပါးကို အလွန်တလေးစားတတ်သူဖြစ်၍ ထိုလှေကြီးပေါ်၌ လုံမလေးဝန်သာ ခေါင်းဆောင်ဖြစ်မှန်း သိလျက်နှင့် တမင်ပင် လေးလေးစားစား ပြောဆိုနေပေသည်။

အကျီအဖြူရောင်ဝတ်ဆင်ထားသည့်မိန်းကလေးသည် ရှေ့သို့ တစ်လှမ်းထွက်လာ၏။



သူမသည် သိုင်းလောက၏ လောကဝတ်ဖြစ်သည့် ဂါရဝပြုခြင်း အမှုကိုပင်မပြုဘဲ ရိုင်းရိုင်းစိုင်းစိုင်းပင် စတင်စကားပြောလေတော့၏။

'ဩော်...လက်စသတ်တော့ ကျွန်လုဂိုဏ်းချုပ်ကြီးကိုယ်တိုင် လိုက်လာတာကိုး'

'ဟုတ်ပါတယ်၊ ကျုပ်...ကျွန်လုဂိုဏ်းချုပ်ကြီးပါပဲ'

'ဂိုဏ်းချုပ်ကြီး ကို ကျွန်မ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ကျွန်မဖခင်ကြီး အသက်ထင်ရှား ရှိစဉ်ကတည်းက ခဏခဏ ပြောနေလို့ ကြားဖူးနားဝတော့ ရှိနေပါတယ်'

'မိန်းကလေးက လုံမလေး ဝန်ဆိုတာသင်တယ်၊သူ့ရဲ့ကောင်းကြီး ဝမ်ကျုံးထန်ရဲ့ သမီးတော ဟုတ်ရဲ့လား'

ထိုစကားကို ကြားလိုက်ရသောအခါ မိန်းကလေးသည် တစျုးရှုုး တရှားရှားဖြင့် ဒေါသပွားသွားလေတော့၏။

'ဘာလဲရှင့်...ဝမ်ကျုံးထန်ရဲ့ သမီးမဟုတ်ရင် လုံးဝစကားမပြောတတ်တော့ဘူးလား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက ပြုံး၍ပြောလေသည်။

'ဩော်...ကျုပ်နဲ့ သူ့ရဲ့ကောင်းကြီးဝမ်ကျုံးထန်ဟာ ရင်းနှီးမှုရှိပါတယ်၊ တကယ်လို့ ဝမ်ကျုံးထန်ရဲ့သမီး ဖြစ်နေမယ်ဆိုရင် ကျုပ်ရဲ့ ဌာနချုပ်ကို အလည်အပတ် ဖိတ်ခေါ်မလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက သခင်ကြီး ဝမ်ကျုံးထန်ရဲ့ သမီးရင်းပဲ'

'ဒါဆိုရင် ဖိတ်ခေါ်ပါတယ်'

'မလိုက်ဘူးဆိုရင် ဘာဖြစ်မလဲ'

'မိန်းကလေး မလိုက်လိုက်အောင် ဖိတ်ခေါ်ရမှာပဲ'

'ဘယ်ပြီး လေလုံးကြီးတာပဲ၊ ရှင်ခေါ်ချင်တိုင်း ခေါ်လို့ရမယ် ထင်သလား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် မိန်းကလေး၏ဘေး၌ မတ်တတ်ရပ်နေသည့် တုထန်ဟိုအား တွေ့လိုက်ရသောအခါ အံ့ဩသွားသည်။

သူသည် တုထန်ဟိုအား တိဗက်မှ ကျော်ကြားသော ကျောပွတ် သိုင်းပညာရှင်အဖြစ် သိရှိထားပြီးဖြစ်၏။

ကွမ်းစန်စင် ပြောပြထားသဖြင့် မြေအောက်ခန်းများမှ လွတ်ကင်းရန် တုထန်ဟို ကူညီခဲ့ကြောင်းကိုလည်း သိရှိပြီးဖြစ်၏။

သို့သော် သူ့နှုတ်မှ ကျယ်ကျယ်လောင်လောင် ပြောကြားလိုက်သည့် စကားကမူ...

'အလို...တိဗက်က ဝါစဉ်ကြီး သိုင်းဆရာကြီးက ဘယ်နှယ် မဟုတ်မဟပ် မိန်းကလေးရဲ့ အစေအပါး ဖြစ်နေရတာလဲ၊ ဒါလဲ အံ့တစ်ပါးပဲ'



တုထန်ဟိုမှာ ကျွန်လုဂိုဏ်းချုပ်ကြီး၏ စကားများကြောင့် အခံရခက်သွား၏။

သူ့၌ မည်သို့သော ရည်ရွယ်ချက်ရှိကြောင်း ဖော်ထုတ် ပြောပြလိုက်ချင်သည်။

သို့သော် ပြော၍မဖြစ်ပေ။

ထို့ကြောင့် မကြားသယောင် ဟန်ဆောင်လိုက်လေ၏။

တက်မှုဆရာတော်က ဂိုဏ်းချုပ်ကြီးအို့ယန်ထုံအား တီးတိုး ပြောသည်။

'ဂိုဏ်းချုပ်ကြီး....ဒီမိန်းကလေးနဲ့ ဆက်ပြီး စကားမပြောပါနဲ့၊ လုပ်သင့်တာကို ဆက်လုပ်သွားရင် ကောင်းမယ်ထင် ပါတယ်'

'ဆရာတော်က ဘယ်လိုလုပ်ချင်သလဲ'

'ဒီလူငယ်ကို အနိုင်တိုက်ပြီး မိန်းကလေးကို အမိဖမ်းသင့် တယ်လို့ ထင်ပါတယ်၊ ညီတော် ဖန်မုအနေနဲ့ ဟိုလူငယ်ကို ရင်ဆိုင်နိုင်ပါလိမ့်မယ်'

'သူ့ တစ်ပါးတည်းနဲ့တော့ ရမယ်မထင်ဘူး'

'ဘာဖြစ်သလဲ၊ ကျုပ်တို့လဲ ဝင်ပါတာပေါ့၊ သိုင်းလောက ကြီးအတွက် စွန့်ဖက်ရတာပဲလေ'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အိုးယွန်ထုံသည် ခေါင်းညိတ်ပြပြီး ပဲ့ပိုင်းသို့ ဆုတ်သွားလေ၏။

ဖန်မုဆရာတော်သည် နောင်တော် တက်မုဆရာတော်ထံမှ အခွင့်ရသောအခါ ဆန်ကွမ်းချီနှင့် ရင်ဆိုင်လေတော့၏။

ထိုစဉ် ဆန်ကွမ်းချီ၏ မျက်လုံးထဲ၌ ကြည်လင်နေသော အခြေအနေကို ချက်ခြင်း တွေ့လိုက်သဖြင့် ကမန်းကတန်း မေးမြန်းလိုက်သည်။

'ဒကာလေး....မင်းရဲ့နာမည် ဘယ်သူလဲ'

'ကျုပ်ကို မေးတာလား'

အဖြေက ကောင်းသည်။

မေးခွန်းကို နားလည်ကြောင်း သက်သေပြနေသည်။

ဖန်မုဆရာတော် အားတက်သွား၏။

'ဟုတ်ပါတယ်၊ ဒကာလေးကို မေးနေတာပါ'

ဆန်ကွမ်းချီသည် ခေတ္တမျှ စဉ်းစားပြီး....

'မှတ်မိပြီ...မှတ်မိပြီ၊ ကျုပ်နာမည် ဆန်ကွမ်းချီတဲ့'

တက်မုဆရာတော်က နောက်မှနေ၍ သတိပေးလိုက်၏။



'ညီတော်...သူမိထားတဲ့ အဆိပ်ဆေး ပြယ်နေပုံ ရပြီ၊ သေသေချာချာမေးစမ်း'

ဖန်မုဆရာတော်က ခေါင်းညိတ်ပြီး....

'ဒကာလေး....ဝမ်ဇေဟာထဲက အဆိပ်ဆေး သောက်ခဲ့မိသလား'

လှေကြီးပေါ်မှ အကဲခတ်နေသည့် မိန်းကလေးသည် ဆန်ကွမ်းချီနှင့် ဖန်မုတို့ အပြန်အလှန် စကားပြောနေသည့်ကို တွေ့သောအခါ အခြေအနေမဟန်တော့သည်ကို ရိပ်စားမိလိုက်၏။

ထို့ကြောင့် သူမ၏ဓားကို ဆွဲထုတ်ပြီး တဝှီးဝှီးမြည်အောင် ဝှေ့ယမ်းပြီး အမိန့်ပေးလေတော့၏။

'အပိုစကားတွေ ပြောမနေနဲ့၊ ရှင့်ရှေ့မှာရှိနေတဲ့ တရုတ်ဘုန်းကြီးကို သတ်ပစ်လိုက်ပေတော့'

ဆန်ကွမ်းချီ၏ မျက်လုံးများ ညိုမှောင်သွားပြီး လှေကြီးပေါ်သို့ လှည့်ကြည့်၏။

'ဘာလှည့်ကြည့်နေတာလဲ၊ ရှေ့က တရုတ်ဘုန်းကြီးကိုသတ်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွမ်းချီသည် ဖန်မုဆရာတော်အား တရကြမ်းတိုက်ခိုက်ခေတ့်သည်။

မိန်းကလေးသည် ခါးကို မရပ်မနား ဝှေ့ယမ်းရင်း အရူးလို အော်ဟစ်နေ၏။

'သတ်....သတ်...အသေသတ်'

'သတ်....သတ်... အသေသတ်'

ဖန်မုဆရာတော်သည် ပြောင်းလဲသွားသည့် အခြေအနေကြောင့် အထူးလုံ့လဝီရိယထား၍ ခုခံတိုက်ခိုက်ရသည်။

ဆန်ကွမ်းချီ၏ တိုက်စစ်ဆင်မှု ပြင်းထန်သောကြောင့် ဖန်မုမှာ ခံစစ်ဖြင့်သာ ခုခံနေရခေတ့်သည်။

'အင်း....ငါတစ်သက်မှာ ဒီလောက်ပညာကောင်းတဲ့ ရန်သူမျိုး မတွေ့ဖူးသေးဘူး၊ သူ့ကို မရှုံးအောင် ကြိုးစားရမယ်၊ သူ့ကိုရှုံးရင် ရှောင်လင်ကျောင်းတော်ပါ သိက္ခာကျသွားလိမ့်မယ်'

ဖန်မုဆရာတော်သည် သူ့အသက်ထက် ရှောင်လင်ကျောင်းတော်၏ အရှက်ကို ကာကွယ်ရန် အရေးကြီးသည်ဟု ခံယူထားသည့်အလျောက် ဆန်ကွမ်းချီအား တရကြမ်းခုခံခေတ့်သည်။

သူ၏သေဘေးကိုပင် ဂရုမစိုက်ဘဲ ခုခံတိုက်ခိုက်သဖြင့် ဆန်ကွမ်းချီမှာ တဖြည်းဖြည်း အခက်အခဲတွေ့လာရသည်။



'သတ်...သတ်...အသေသတ်'

'သတ်...သတ်...အသေသတ်'

အင်္ကျီဖြူမိန်းကလေး၏ အော်သံကလည်း မြစ်ထဲ၌ လွင့်ပျံ့နေသည်။

သို့သော်....

ဆန်ကွမ်းချီသည် ဖန်မုဆရာတော်အား မိန်းကလေးလိုချင်သလို မသတ်နိုင်ဘဲရှိနေ၏။

ဖန်မုဆရာတော်သည် တက်မုဆရာတော်ကဲ့သို့ပင် ရှောင်လင်ကျောင်းတော်၏ ဝါစဉ်ကြီးဆရာတော်တစ်ပါး ဖြစ်၏။

သိုင်းပညာလည်း ကောင်းသည်။

အကယ်၍ ဆန်ကွမ်းချီကသာ တာရာလက်ညှိုးသိုင်းကွက်ကို သုံးပါက တစ်မျိုးဖြစ်ကောင်းဖြစ်နိုင်သည်။

သို့တိုင်....

ဖန်မုဆရာတော်တို့၏ ရှောင်လင် ကျောင်းတော်ကြီးသည် သိုင်းတက္ကသိုလ်ကြီး ဖြစ်၏။

ထိုကျောင်းတော်၌ တာရာလက်ညှိုးသိုင်းပညာ မဟုတ်သော်လည်း အခြားသော လက်ညှိုးတိုက်ကွက်များကို ဖန်မုသင်ယူခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတစ်ယာညက်ခန့် ကြာသည်အထိ ဖန်မုဆရာတော်နှင့် ဆန်ကွမ်းချီတို့ အပြန်အလှန်တိုက်ခိုက်နေကြသည်။

ထိုစဉ် မိန်းကလေးထံမှ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

'ဟဲ့...လက်ညှိုးသိုင်းကွက်ကို သုံးပါလား၊ ဘာဖြစ်လို့ ပွဲရှည်အောင် လုပ်နေသလဲ'

ထိုအမိန့်ပေးသံသည် ဖန်မုဆရာတော်အတွက် သေမင်းခေါ်သံပင်ဖြစ်တော့သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက အရေးတကြီး သတိပေး...၏။

'ဆရာတော် လက်ညှိုးကို မပြိုင်ပါနဲ့၊ ရှောင်ပါ၊ တ...တော် ဝင်ကူမယ်'

'ဂွိ...'

တာရာလက်ညှိုးဖြင့် ထိုးခိုက်ရှု ဖန်မုဆရာတော်က ...ခက်ခဲခဲရှောင်တိမ်းသွားနိုင်သည်။

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီးအို့ယန်ထုံနှင့် မျက်နှာချင်း...ဆိုင် ဖြစ်သွားလေတော့၏။

'သတ်...သတ်၊ အဲဒီ အဝါရောင်အင်္ကျီဝတ်ထားတဲ့ အ...ကြီးကိုပါသတ်'



ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံကိုပါ တိုက်ခိုက်တော့သည်။

အို့ယန်ထုံသည် ဆန်ကွမ်းချီအား ပြန်လှန်တိုက်ခိုက်ခြင်း မပြုပေ။

တတ်နိုင်သမျှ ရှောင်တိမ်းသည်။

နောက်ထပ် ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ဆန်ကွမ်းချီမှာ အသက်ရှူပြင်းထန်လာပြီး နဖူးမှ ချွေးသီး ချွေးပေါက်များ ကျဆင်းလာတော့၏။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် လုံးဝ ပေါ်ဆခြင်းမရှိဘဲ ရှောင်တိမ်းသည်။

'ဒီလူငယ်ဟာ တကယ့်ကြောက်စရာကောင်းတဲ့ သိုင်းပညာရှင်ပဲ၊ ဒါပေမယ့် နောင်ကြီး မဖုကုံးလျှန်နဲ့ ဖန်မုဆရာတော်တို့ကို တိုက်လိုက်ရတဲ့အတွက် သူ့ အတွင်းအားတွေကို တော်တော်များများ သုံးစွဲခဲ့ရဖြီးပြီ၊ သူ့ကို အားကုန်အောင် လုပ်နိုင်ရင် အများကြီး အဆင်ပြေနိုင်တယ်'

လှေကြီးပေါ်မှ တုထန်ဟိုနှင့် ယွမ်ရှောက်တို့သည် ဆန်ကွမ်းချီအတွက် စိုးရိမ်ကြီးစွာ စောင့်ကြည့်နေကြသည်။

အသက်အန္တရာယ် ကြုံတွေ့မည်ဆိုပါက အချိန်မီဝင်ကယ်နိုင်ရန် အသင့်ပြင်ထားမိကြသည်။

ဆန်ကွမ်းချီ၏တိုက်ကွက်မှာ ပို၍ပို၍ ပြင်းထန်လာသည်။ ပို၍ပို၍ ဆန်းကြယ်လာသည်။

သို့သော်...

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ မျာပျာသလဲမဖြစ်ချေ။

www.burmeseclassic.com



လုံခြုံမှုကို အဓိကထားပြီး ရေရှည်ဆွဲ၍ တိုက်ပွဲဆင်ပါမှ ဆန်ကွမ်းချီအနေဖြင့် မီးစာကုန်ဆီခန်း အခြေအနေသို့ ဆိုက်ရောက်မည်ဟု ဂိုဏ်းချုပ်ကြီး အို့ယန်ထု ယူဆထားသည်မဟုတ်ပါလား။

တက်မုဆရာတော်ကမူ ဆန်ကွမ်းချီ၏ သိုင်းပညာစွမ်းဆိုအတိုက်အခံလျောက်သိထားရာမှ ယခုကဲ့သို့ လျှမ်းလျှမ်းတောက်အစွမ်းထက်နေခဲ့ကြောင်း ကိုယ်တွေ့မျက်မြင် သိလိုက်ရသောအခါတွင်မူ သိုင်းလောကအတွက် ရင်လေးသွား၏။

ဤကဲ့သို့လူမျိုး နှစ်ယောက်လောက်ကိုသာ လုံမလေးဝန်ထိန်းချုပ်သွားနိုင်ပါက သိုင်းလောကရှိ ထိပ်သီးသိုင်းဂိုဏ်းကြီးများ အကြီးအကျယ် ဒုက္ခရောက်မည်မှာ သေချာနေသည်။

ယခုမင်လျှင် သေချာသလောက် ဖြစ်နေသည်။

ဆန်ကွမ်းချီအား အလွန်ခင်မင်လှသော ရုပ်ဆိုးဆိုးလူငယ်ကလေး၏ သိုင်းပညာသည်လည်း ထိုဆန်ကွမ်းချီလောက်မင်သိုင်းပညာထက်မြက်နေကြောင်း ခန့်မကြီးထဲမှ အခတွေ့အကြုံအရ သိရှိခဲ့ရပြီးပြီ မဟုတ်ပါလော။

ဆန်ကွမ်းချီသည် အရှိန်ရသွားသည့်ဘီးပမာ အဆက်မပြတ်ထိုးနှက်တိုက်ခိုက်နေတော့သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်သုံမှာ တစ်ချိန်ထက်တစ်ချိန် ပို၍ဂရုစိုက်နေရတော့သည်။

တစ်ချက်မှားသည်နှင့် ဆန်ကွမ်းချီ၏လက်ချက်ဖြင့် ကြီးစွာသော အတွင်းဒဏ် ရရှိသွားနိုင်သည်။



တက်မုဆရာတော်၊ ဖန်မုဆရာတော်နှင့် ဖေကုလျှန်တို့သည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု၏ပရိယာယ်ကို ရိပ်မိကြသည်။

သို့ရာတွင် ဆန်ကွမ်းချီ အားပကုန်မီ ဂိုဏ်းချုပ်ကြီးအို့ယန်ထု အနေဖြင့် အကြီးအကျယ်ဒဏ်ရာရနိုင်သဖြင့် ဂိုဏ်းချုပ်ကြီးဘက်မှ ဝင်ကူရန် ဟန်ပြင်နေကြတော့၏။

ထိုအချိန်မှာပင် အဝေးဆီမှ ပလေ့ွသံသဲ့သဲ့ ပျံ့လွင့်လာ၏။

သာယာလှသော ပလေ့ွသံသည် တောလှိုင်းကို ခိုစီးလျက်မြစ်ယံဘဲ၌ တိုက်ပွဲဆင်နေသူများဆီသို့ တအေးအေး တငြိမ့်ငြိမ့် ပျံ့လွင့်လာသည်။

သိုင်းသမားအားလုံးအတွက် မယုံနိုင်စရာအဖြစ် သူတို့ရှေ့မှောက်၌ ချက်ချင်းဖြစ်ပေါ်လာတော့၏။

အပြင်းအထန် တရကြမ်းတိုက်ခိုက်နေသော ဆန်ကွမ်းချီ၏လှုပ်ရှားမှုသည် ချက်ချင်း ရပ်ဆိုင်းသွား၏။

ထိုသို့ရပ်ဆိုင်းသွားသဖြင့် ဂိုဏ်းချုပ်ကြီးအို့ယန်ထု အသက်ရှူချိန် ရသွားခြင်း ဖြစ်ပေတော့သည်။

အို့ယန်ထုသည် ငေးကြောင်သွားသော ဆန်ကွမ်းချီ၏ရင်ဝသို့ ရိုက်ချရန် လက်ဝါးနှစ်ဖက်ကိုပူး၍ သူ့ရင်ဝ၌ လက်အုပ်ချီသလို ပူးလိုက်သည်။

ဆန်ကွမ်းချီမှာမူ ဂိုဏ်းချုပ်ကြီး အို့ယန်ထုကို မြင်ဟန်မတူ။

သေထဲ၌ ပျံ့လွင့်လာသည့် ပလေ့ွသံကိုသာ လိုက်၍နားထောင်နေသည်။

သေတော့မည်။

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အို့ယန်ထု တစ်ချက် ရှိက်လိုက်သည်နှင့် ဆန်ကွမ်းချီ သွေးပွက်ပွက် အန်သွားတော့မည်။

'မလုပ်နဲ့၊ ကျုပ်အစ်ကိုကြီးကို မလုပ်နဲ့'

ယွမ်ရှောက်သည် သူ့အစ်ကိုကြီးကိုကာကွယ်ရန် ဂိုဏ်းချုပ် အို့ယန်ထု နှင့် ဆန်ကွမ်းချီတို့၏အကြားသို့ ခုန်ဝင်လာ၏။

ယွမ်ရှောက်ရောက်ရှိလာသည့်တိုင် ဂိုဏ်းချုပ်ကြီးအို့ယန်ထု မတိုက်ခိုက်ပါ။

အို့ယန်ထု သာတိုက်ခိုက်လျှင် ယွမ်ရှောက်လည်း ကာကွယ်နိုင်မည်မဟုတ်ပါ။

ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေဖြင့် မိမိအား လုံးဝမတိုက်တော့သည့်လူတစ်ဦးအား အဘယ်မှာလျှင် ရက်ရက်စက်စက် သတ်ဖြတ်ရက်ပါမည်နည်း။

ပလေ့သံကမူ လေထဲ၌ ဝဲပျံလျက်ရှိနေသေးသည်။

ဆန်ကွမ်းချီလည်း ငေးငိုင်မြဲ ငေးငိုင်နေဆဲ။

မြစ်ကမ်းတစ်လျှောက် ကျန်လုဂိုဏ်းသားများနှင့် ရေလုနှင်းပေါ်၌ ရပ်နေကြသည့် သိုင်းသမားများအားလုံးသည် ထိုပလေ့သံ မည်သည့်အရပ်က လာနိုင်သည်ကို ခန့်မှန်းနေကြ၏။



ခန့်မှန်းချင်း ပလေ့သံထဲ၌ နစ်မျောကုန်ကြတော့သည်။

လူအားလုံး ငြိမ်သက်သည်တော့မဟုတ်ပါ။

ဆော့ဆော့ခုန် ဒေါသထွက်နေသည့် လူတစ်ယောက်တော့ ရှိနေသည်။

ထိုလူမှာ အကျီအဖြူရောင်ဝတ်ဆင်ထားသည့် လုံမလေး ခန်သာ ဖြစ်တော့သည်။

'ရှင်...ဘာလုပ်နေတာလဲ'

မိန်းကလေးသည် စူးရှသောအသံဖြင့် လှမ်းအော်သည်။

ဆန်ကွမ်းချီသည် မိန်းကလေးအော်သံကို မကြားချေ။

ပလေ့သံကိုသာ နားထဲ၌ ကြားနေသည်။

ပလေ့သံကိုခေးစိုက်နားထောင်နေသည့် ပုံစံက မိန်းကလေးအား ပို၍ဒေါသထွက်စေတော့သည်။

'ရှင်၊ ဘယ်လိုဖြစ်နေတာလဲ၊ ရှင့်ရှေ့မှာရပ်နေတဲ့ အဝါရောင်ဝတ်ရုံရှည်ကြီး ဝတ်ထားတဲ့ အဘိုးကြီးကို သတ်လေ'

ဆန်ကွမ်းချီ ငေးဝိုင်နေဆဲ။

သူမသည် လက်ထဲမှဓားကို တဂွီးဂွီးဝှေ့ယမ်းလျက် ထပ်မံအော်ဟစ်ပြန်၏။

'သတ်...သတ်...မြန်မြန်သတ်'

'သတ်...သတ်...မြန်မြန်သတ်'

ဆန်ကွမ်းချီ၏မျက်လုံးများသည် စက်ဝိုင်းသဏ္ဍာန် ဝန်းနေသည့် မိန်းကလေး၏ဓားအား ငေးကြည့်နေသည်။

သို့သော် လူကတော့ မလှုပ်ရှားပေ။

www.burmeseclassic.com

www.burmeseclassic.com



ပလေ့သံသည် ကြေကွဲဖွယ်ရာအဖြစ်အပျက်တစ်ခုကို ပြောပြနေသည့်အလား ဆွေးမြည့်ဖွယ်ရာ ပေါ်ထွက်မြဲပေါ်ထွက်နေသည်။

ထိုမိန်းကလေးမှအပ လူအားလုံး ပလေ့သံကြောင့် ငေးငိုင်သွားကြသည်။

လူအားလုံးငေးငိုင်နေခိုက် ဆန်ကွမ်းချီ၏ရှေ့၌ ကာကွယ်ထားသည့် ယွမ်ရှောက်သည် အလန့်တကြား ထအော်တော့သည်။

'အဘဆရာကြီး....အဘဆရာကြီး'

သူသည် ထိုစကားနှစ်ခွန်းကို အော်ဟစ်ပြီးနောက် လှေငယ်ပေါ်မှ ကျောက်တုံးပေါ်သို့၊ ထိုမှတစ်ဆင့် ကမ်းစပ်သို့ ခုန်ထက်ကာ ထွက်ပြေးပျောက်ကွယ်သွားတော့သည်။

လူလိုလို မျောက်လိုလိုနှင့် ရုပ်ဆိုးလှသော ဤလူငယ်သည် ယွမ်ရှောက်ဟု အမည်တွင်သည်။

လူငယ်အပေါ်၌ အလွန်ဘရာ သံယောဇဉ်ကြီးလှကြောင်း တက်မုံ၊ ဖန်မုံ၊ ကွမ်းစန်စင်နှင့် ဖေကုံးလျှန်ပင် သိရှိကြသည်။

ဤမျှသံယောဇဉ်ကြီးပါလျက် ယခု ပလေ့သံကြားရသောအခါမှ အဘယ်ကြောင့် အလန့်တကြား ပြေးထွက်သွားရပါသနည်း။

သူတို့ သဘောပေါက်ခြင်း၊ နားလည်ခြင်း မရှိကြပေ။

ထိုအချိန်အတွင်း အလွန်ဘရာ ခေါ်ပါးစွာ ထွက်ပြေးပျောက်ကွယ်သွားသည်။



ထိုရုပ်ဆိုးဆိုးလူငယ်လေး၏ကိုယ်ဖော့ပညာ ထက်မြက်ပုံကို မှ သူတို့ နားလည်သဘောပေါက်လိုက်ကြသည်။

ပလေ့သံသည် ထိုတော၌ပင် ရပ်ဆိုင်းသွားသည်။

သို့သော် ပဲ့တင်သံအရှိန်အဟုန်ကမူ မြစ်အတွင်း၌ ပျံ့လွင့်နေဆဲ ရှိသေးသည်။

တက်မုံဆရာတော်သည် လှုပ်ထစ်ပြက်ခုန်ဝင်သွားပြီး ဆန်ကွမ်းချီ၏သွေးကြောကို ထိုးပိတ်လိုက်၏။

ပါးစင်ကလည်း အရေးတကြီး လှမ်းပြောသည်။

'ဂိုဏ်းချုပ်ကြီးနဲ့ နောင်ကြီးဖေကုံးလျှန်၊ ဒီမိန်းကလေးကို လွှတ်ပေးလို့မဖြစ်ဘူး၊ အမြန်ရတုန်းဝင်ဖမ်းကြပါ'

ဖေကုံးလျှန်က ချက်ချင်းထောက်ခံ၏။

'ဟုတ်တယ်၊ သူ့ကိုလွှတ်ပေးလို့မဖြစ်ဘူး'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက....

'နောင်ကြီး ဖေကုံးလျှန်၊ မိန်းကလေးကို ဖမ်းဖို့ကိစ္စကို ခင်ဗျားပဲတာဝန်ယူလိုက်ပါဗျာ'

ဖေကုံးလျှန်က ခေါင်းညိတ်၏။

'စိတ်ချ... ကျုပ်ပဲတာဝန်ယူလိုက်ပါမယ်'

ဖေကုံးလျှန်သည် လှေကြီးပေါ်သို့ လွှားခနဲခုန်တက်သွားလေတော့၏။

ထိုအချိန်မှာပင် လောင်းလှေကလေး ဆယ့်နှစ်စင်းသည် မြစ်ပြင်အနှံ့မှထွက်ပေါ်လာပြီး တပင်တိုင်ရွက်လှေကြီးရှိရာသို့ လှော်ခတ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကို ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ မှလွဲ၍ မည်သူမျှသတိမပြုမိကြပေ။

မိန်းကလေးသည် ဖေကုံးလျှန် ခုန်ဘက်လာသည်ကို မြင်သောအခါ အေးအေးဆေးဆေးပင် ရင်ဆိုင်သည်။

သည့်မိန်းကလေး သွေးအေးသည်ကတော့ အမှန်ပင် ဖြစ်တော့သည်။

'ရှင်ဟာ ဝါဆန်းတောင်က ဆရာကြီး ဖေကုံးလျှန် ဟုတ်ရဲ့လား'

ဖေကုံးလျှန်သည် ရှိန်းရှိန်းစိုးစိုး ဆက်ဆံဘက်ပြီး ဆိုးညစ်သော စိတ်သားရှိသူ ဤမိန်းကလေးအား သိုင်းလောကထုံးစံအတိုင်း နှုတ်ဆက်ခြင်းပင် မပြုတော့ချေ။

'ဟုတ်တယ်...ငါ ဖေကုံးလျှန်ပဲ'

သူမသည် နောက်ဘက်သို့လှည့်၍ တုထန်ဟိုအား အမိန့်ပေးလိုက်သည်။

'တိဗက်သိုင်းဆရာကြီး၊ လှေဝမ်းထဲက ချင်းချန် ဓားနှစ်ဖော်ကို အပြင်ထုတ်ခဲ့စမ်း'

တုထန်ဟိုသည် လှေဝမ်းထဲသို့ ခုန်ဝင်သွား၏။

သူ့အနေဖြင့် ဆေးမိထားသူပမာ ဟန်ဆောင်ထားသဖြင့် ခိုင်းသည့်အတိုင်း လုပ်နေရမည်သာ ဖြစ်သည်။

ခိုင်းသည့်အတိုင်းမလုပ်ပါက သူ့အပေါ် သံသယဝင်သွားပေလိမ့်မည်။

မိန်းကလေးသည် တုထန်ဟို ခုန်ဝင်သွားသည်ကို ကျေနပ်စွာကြည့်ပြီး ခေါင်းညိတ်၏။



ထို့နောက် ဖေကုံးလျှန်ဘက်သို့ မျက်နှာ ပြန်လှည့်သည်။

'ရှင်က ကျွန်မကို ဖမ်းနိုင်မယ် ထင်နေသလား'

'ဟား...ဟား...ဟား...မင်းမှာ ဘာသိုင်းပညာ ရှိသိုလဲ၊ မြွေနွေးလို ကောက်ကျစ်တဲ့ ဉာဏ်နိဉာဏ်နက်ပဲ ရှိတာဥစ္စာ၊ ငါက အာဘူပြစ်လို့မဖမ်းနိုင်ရမှာလဲ၊ မင်းကိုဖမ်းပြီး [illegible]ရာတွေ စစ်ဆေးရမယ်'

'ဟင်း...ဟင်း...ရယ်စရာကောင်း ကောင်းသေး၊ ကျွန်မကို ဖမ်းမယ့်အစား ရှင့်ကိုယ်ရှင်လုံခြုံအောင်သာလုပ်ပါ၊ ကျွန်မက ရှင့်ကို ပြန်ဖမ်းရမယ့်အဖြစ်မျိုး မရောက်ပါစေနဲ့'

ထိုအချိန်မှာပင် ချင်းချန်ဓားနှစ်ဖော်သည် မိန်းကလေးဘေးသို့ ရောက်လာတော့၏။

ဆေးမိထားသူများဖြစ်၍ ငိုင်စနေကြသည်။

မိန်းကလေးသည် သူ့ခါးကြားမှခါးကို ဆွဲထုတ်ပြီး ချင်းချန် ဓားနှစ်ဖော်ရှေ့၌ ဝှေ့ယမ်းပြလိုက်၏။

'ဝှိး...ဝှိး...ဝှိး'

'ရှင်တို့ကို ကျွန်မ အမိန့်ပေးနေတယ်၊ ဟောဒီက ဝါဆန်းတောင်က ဖေကုံးလျှန်ကို သတ်ကြစမ်း၊ အသားတခြား အရိုးတခြား ဖြစ်အောင်လုပ်ပြီး သတ်စမ်း'

ချင်းချန် ဓားနှစ်ဖော်သည် အမိန့်ပေးသံ ကြားလိုက်သည်နှင့် သူတို့၏ ဓားများကို ဆွဲထုတ်ကာ ဖေကုံးလျှန်ဆီသို့ ခုန်ဝင်သွားလေတော့၏။

ဖေကုံးလျှန်သည် ချင်းချန် ဓားနှစ်ဖော်အား ဂါရဝပြုခြင်း နှုတ်ဆက်ခြင်း မပြုလုပ်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာ ဓားစက်ဝိုင်း နှစ်ခုကို လွတ်အောင် ရှောင်တိမ်းနေရတော့သည်။

ချင်းချန်ဂိုဏ်း၏ ဓားသိုင်းမှာ ဟွာတန်ဂိုဏ်း၏ ဓားသိုင်း လောက် မထက်မြက်ဟု ဆိုသော်လည်း ဤအတိုးကြီး နှစ်ဦး ပူးပေါင်းတိုက်ခိုက်ကမူ အမှန်တကယ် ထက်မြက်လှသည်။

တက်မုဆရာတော်သည် အကျပ်အတည်း ကြုံနေရသည့် ဖေကုံးလျှန်ကို လှမ်းမြင်နေရသဖြင့် ချက်ချင်း အော်ခေါ်သည်။

'နောင်ကြီး ဖေကုံးလျှန်..., ဒီလှေပေါ်ကို ပြန်ဆင်းခဲ့ပါ၊ ဒီမှာ ပြင်ဆင်ချိန် ရနိုင်ပါတယ်'

ဖေကုံးလျှန်သည်တတ်သာတော့သဖြင့် တက်မုဆရာတော် အကြံပေးသည့်အတိုင်း လှေကြီးပေါ်မှ လှေငယ်ပေါ်သို့ ပြန်လည် ခုန်ဆင်းလာရသည်။

ဖန်မုဆရာတော်သည် လှေငယ်အတွင်းမှ တွေ့ရသည့် ဓား တစ်ချောင်းကို ကောက်ယူပြီး ဖေကုံးလျှန်ထံသို့ ပစ်ပေးလိုက်သည်။

ဖေကုံးလျှန်က လျင်မြန်စွာ ဖမ်းယူပြီး လှေကြီးပေါ်သို့ ပြန်လည်ခုန်တက်သွား၏။

ချင်းချန် ဓားနှစ်ဖော်သည် ဖေကုံးလျှန် ကုန်းပတ်ပေါ်သို့ မရပ်နိုင်အောင် ညှပ်ပူးညှပ်ပိတ် ဝိုင်းတိုက်ကြသည်။

'သတ်....သတ်....မြန်မြန်သတ်'

'သတ်....သတ်....မြန်မြန်သတ်'

မိန်းကလေး၏ အမိန့်ပေးသံကလည်း စည်းချက်လိုက်သလို မြန်မြန်ပေါ်ထွက်နေသည်။



ဖေကုံးလျှန်၏ပညာသည် အလွန်ကောင်းသဖြင့် နှစ်ယောက်နှင့်တစ်ယောက် အကြိတ်အနယ် ယှဉ်ပြိုင် တိုးခုက်နေနိုင်သည်။

ထိုစဉ်မှာပင် အဝေးမှ ထွက်ပေါ်လာသည့် လောင်းလှေငယ်များသည် တပင်တိုင် ရှက်လှေကြီးအား စက်ဝိုင်းပမာ လှည့်ပတ်နေတော့၏။

လှေတစ်စင်းစီတွင် အဖြာအထေး ဗရပွပါရှိသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော ကျန်လုဂိုဏ်းသား လေးယောက်စီ ပါရှိသည်။

မိန်းကလေးသည် လှေဆယ်နှစ်စင်း ဝန်းရံထားသည့်အဖြစ်ကို တွေ့မြင်လိုက်ရသည်နှင့် ချက်ချင်း အော်ဟစ်အမိန့်ပေးလေတော့သည်။

'ကျင်းရှောင်ဟို.... လောင်းလှေဆီက လူတွေ ဒီလှေပေါ် တစ်ယောက်မှ ခြေမချစေနဲ့'

ကျင်းရှောင်ဟိုသည် ချက်ချင်းပင် လှေဝမ်းထဲသို့ ဝင်သွားသည်။

သူပြန်ထွက်လာသောအခါ ဝတ်စုံနက် ဝတ်ဆင်ထားသည့် ဓားသမား ဆယ့်နှစ်ယောက် ပါလာသည်။

ထိုလူများသည် လှေကြီး၏ ကုန်းပတ် ပတ်ပတ်လည်တွင် နေရာယူလိုက်ကြ၏။

တက်လာသည့် လူမှန်သမျှကို သူတို့ တိုက်ခိုက်ခုတ်ထစ်ပေတော့မည်ဖြစ်သည်။

တက်မုဆရာတော်သည် သူတို့ပတ်သည်၌ လောင်းလှေ ဆယ့်နှစ်စင်း စက်ဝိုင်းပမာ လှည့်ပတ်နေသည်ကို ကောင်းစွာရိပ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



လှေပေါ်၌ ပါလာသူများကို အကဲခတ်ပြီးနောက် ဂိုဏ်းချုပ်ကြီး အို့ယန့်ဆုံအား မေးမြန်းမိတော့သည်။

'အခု ဝိုင်းပတ်ထားတဲ့ လောင်းလှေပေါ်က လူတွေဟာ ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံရဲ့ တပည့်တွေ ဟုတ်ပါရဲ့လား'

ဂိုဏ်းချုပ်ကြီး အို့ယန့်ထုံက ခေါင်းညိတ်ပြ၏။

'ဟုတ်ပါတယ် ကျုပ်တပည့်တွေပါ၊ သူတို့ကို ရေသူရဲလေးဆယ့်ရှစ်ဖော်လို့ ခေါ်ဝေါ်ကြပါတယ်'

'ကျုပ်လဲ ကြားဖူးပါတယ်၊ ဒီရေသူရဲ လေးဆယ့်ရှစ်ဖော်ဟာ ဗျူဟာခုနစ်မျိုး တတ်မြောက်ထားတဲ့အပြင် တစ်ဦးချင်းလဲ သိုင်းပညာ ထူးချွန်တယ်လို့ ကြားသိခဲ့ရဖူးပါတယ်'

'အဲဒီသောက်တော့ မဟုတ်သေးပါဘူးဗျာ'

ထိုစဉ် ကမ်းပေါ်မှ ထန့်ရှင်က အနီရောင် အလံကလေး တစ်ခု လွှင့်ပြနေသည်။

အို့ယန့်ထုံသည် ဖျတ်ခနဲ လှည့်ကြည့်ပြီး တက်မုဆရာတော်အား မှာကြားသည်။

'ဒီလှေပေါ်မှာတော့ ဆရာတော်ပဲ ဦးဆောင်ကွပ်ကဲပါ၊ တပည့်တော်ကတော့ နောင်ကြီးထန့်ရှင်နဲ့ ပြန်ညှိနှိုင်းရဦးမယ်'

'ကောင်းပါပြီ၊ ကျုပ် အကောင်းဆုံး ဆောင်ရွက်ထားလိုက်ပါမယ်'

အို့ယန့်ထုံသည် ကမ်းပေါ်သို့ ပြန်လည်ခုန်တက်သွားတော့သည်။

ထန့်ရှင်၏အနီးတွင် ကွမ်းစန်စင်ရှိနေသည်။



ကွမ်းစန်စင်သည် လှေတုန်းပတ်ပေါ်၌ ရပ်နေသည့် ခါးသမား ဆယ့်နှစ်ဖော်ကို လက်ညှိုးတထိုးထိုးဖြင့် ရှင်းပြနေသည်။

ထိုအချိန်တွင် ဖေကျုံးလျှန်သည် ချင်းချန် ဓားနှစ်ဖော်၏ တိုက်စစ်အတွင်း၌ ခေါင်းမဖော်နိုင်အောင် ရှိနေတော့၏။

တက်မုဆရာတော်က ဖန်မုဆရာတော်အား....

'ညီတော်... ဒကာကြီး ဖေကျုံးလျှန် ဒုက္ခရောက်နေပြီ၊ နောင်တော်သွားပြီး ကူလိုက်ဦးမယ်၊ နှစ်ယောက် နှစ်ယောက် ချင်းဆိုရင် ချင်းချန်ဓားနှစ်ဖော် ဒီလောက် တိုက်စစ်ဆင်နိုင်မှာ မဟုတ်ဘူး'

'စိတ်ချပါ နောင်တော်၊ ဒီမှာ ဘယ်သူမှမရှိဘဲ၊ ဆန်ကွမ်းချီကိုထိန်းထားဖို့ တာဝန်ပဲရှိတယ်၊ နောင်တော်ပဲသွားကူလိုက်ပါ'

တက်မုဆရာတော်သည် လှေကြီး၏ ကုန်းပတ်ပေါ်သို့ ခုန်တက်သွားလေတော့၏။

ထိုအခါကျမှ ဖေကျုံးလျှန် အသက်ရှူပေါက် ချောင်သွားသည်။

ထိုအချိန်မှာပင် လုံခြုံသားဝန်သည် သွေ့ကြီးပေါ်မှ ဆန်ကွမ်းချီရှိရာသို့ လျှပ်တစ်ပြက် ခုန်ချလာ၏။

ဖန်မုဆရာတော်သည် ချက်ချင်းပင် လက်ဝါးဖြင့် ရိုက်ချသည်။

သို့သော်....

မိန်းကလေး၏သိုင်းပညာက မခေဖြင့် ရေထဲကျအောင် ရိုက်နိုင်တဲ့ ဖြစ်သွားသည်။

www.burmeseclassic.com



အတွင်းအားပညာချင်း ကွာခြားသဖြင့် ချုံးနိမ့်တော့မည့်ကဲ့သို့ ဖြစ်လာ၏။

သူမ၏တိုက်ကွက်များမှာ အလွန်တရာဆန်းသစ်၏။

သို့သော်....

အတွေ့အကြုံရင့်ကျက်သည့် ဖန်မုဆရာတော်က ကျင်လည်စွာ ဖြိုခွဲနိုင်ခဲ့သည်။

လုံမလေးဝန်သည် ရုတ်တရက် ဆန်ကွမ်းချီကို သတိရသွားသည်။

BURMESE CLASSIC

ဟုတ်ပြီ၊ သူ့အကြောပွင့်သွားပြီပဲ၊ သူ့ကို အမိန့်ပေးစေခိုင်းလို့ရပြီ။

လုံမလေးဝန်သည် ချက်ချင်းပင် ခါးကြားမှခွားကို ဆွဲထုတ်လိုက်သည်။

ဖန်မုဆရာတော်အား ထိုခွားနှင့်ပင် တိုက်ခိုက်သည်။

လေတိုးသံသည် လေထဲ၌ တဝှီးဝှီး ထွက်ပေါ်လာသည်။

'ဒီတရုတ်ဘုန်းကြီးကို တိုက်စမ်း'

သွေးကြောပွင့်သွားသဖြင့် အနားယူနေသော ဆန်ကွမ်းချီသည် ရုတ်တရက် ခုန်ထကာ ဖန်မုဆရာတော်အား လက်ဝါးဖြင့် ရိုက်ချလိုက်လေ၏။

'ဝုန်း'



တစ်ကြိမ်တွင် လုံမလေးဝန်သည် ဆန်ကွမ်းချီဘက်သို့ ရောက်သွားရာ လက်ညှိုးလက်ခလယ်ဖြင့် ဆန်ကွမ်းချီ၏ သွေးကြောကို ထိုးဖွင့်လိုက်၏။

ဖြီးလျှင်ပြီးချင်း ဖန်မုဆရာတော်နှင့် ရင်ဆိုင်သည်။

ဖန်မုဆရာတော်သည် လုံမလေးဝန်က ဆန်ကွမ်းချီ၏ သွေးကြောအား ထိုးဖွင့်သည်ကို မြင်ရသောအခါ တရကြမ်းတိုက်ခိုက်တော့သည်။

လုံမလေးဝန်က ဘယ်ဘက်လက်ချောင်းကလေး ငါးချောင်းဖြင့် ဖန်မုဆရာတော်၏ လက်ကောက်ဝတ်ကို ကုတ်ဆွဲ၏။

လက်ယာဘက်လက်ဖြင့် ရင်ဝသို့ ထိုးစိုက်သည်။

ဖန်မုဆရာတော်က သူ့လက်ကိုရုပ်ပြီး ခန္ဓာကိုယ်စောင်း၍ ရှောင်သည်။

လုံမလေးဝန်အား ခြေထောက်ဖြင့် လှမ်းကန်သည်။

ရေထဲလေထဲ၌ အသီးသီးတိုက်ခိုက်နေသည့် တိုက်ပွဲများအား စောင့်ကြည့်နေသူမှာ တုထန်ဟိုသာ ဖြစ်၏။

သူသည် လုံမလေးဝန်ဘက်မှ တဘ်နိုင်သမျှ ဝင်မကူဘဲနေသည်။

လုံမလေးဝန်မှာ သူ့အာရုံနှင့်သူဖြစ်နေ၍ တုထန်ဟိုကို လုံးဝဂရုမစိုက်နိုင်ပေ။

သို့ရာတွင်....

သူမသည် ဖန်မုဆရာတော်ကို ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မရှိပေ။

www.burmeseclassic.com



ဖန်မှုဆရာတော်မှာ ကဗျာကယာ ခုခံလိုက်ရ၏။

ပြင်းထန်သော ထိခိုက်သံကြားလိုက်ရပြီး ဖန်မှုဆရာတော်မှာ နောက်သို့ ခြေသုံးလှမ်းဆုတ်သွားရ၏။

လှသည် ရေထဲသို့ ကျမသွားသော်လည်း လှေဦးအစွန်း၌ ခွေခွေကလေး ရပ်နေရတော့၏။

စာစဉ် ၄ ပြီး၏။

(စာစဉ် ၅ ဆက်လက်ဖတ်ရှုပါရန်။)

BURMESE CLASSIC

www.burmeseclassic.com